ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့ (15-9-2013) (၇၆၀၄)

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

**မှတ်သားဖွယ်ရာမိုးရေချိန်များ**

၁၄-၉-၂၀၁၃

| | | | | |
|---|---|---|---|---|
| မြိတ် | ၄ | ဒသမ | ၅၃ | လက်မ |
| လောင်းလုံ | ၃ | ဒသမ | ၇၄ | လက်မ |
| ကျောက်ထု | ၃ | ဒသမ | ၃၂ | လက်မ |
| မင်းတပ် | ၃ | ဒသမ | ၀၇ | လက်မ |
| တောင်ကုတ် | ၂ | ဒသမ | ၀၉ | လက်မ |
| မြင်းခြံ | ၁ | ဒသမ | ၇၉ | လက်မ |
| ဆော | ၁ | ဒသမ | ၆၅ | လက်မ |

# အသွင်ကူးပြောင်းရေးကာလတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို

## အမြော်အမြင်ရှိရှိ သဘောထားကြီးကြီး ပါဝင်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၄**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဦးမင်းကိုနိုင် ဦးဆောင်သော (၈၈)မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း) အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ တောင်သူပညာပေး ဇေ (၅၀၀) စက်မှုလယ်ယာစံပြစိုက်ခင်း အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးတင်နိုင်သိန်း၊ ဦးအုန်းမြင့်၊ ဦးခင်ရီတို့ တက်ရောက်ကြပြီး (၈၈)မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)မှ ဦးမင်းကိုနိုင်၊ ဦးကိုကိုကြီး၊ ဦးမင်းဇေယျ၊ ဦးငွေးကြွယ်၊ ဦးဂျင်မီ၊ ဒေါ်နီလာသိန်း၊ ဦးမာကီး၊ ဦးအောင်သူ၊ ဦးသက်ဇော်၊ ဦးဇော်မင်း၊ စမ်းချောင်း ဦးကိုကိုကြီးတို့ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဓာတ်အားပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားဦးစီးဌာနနှင့်မြန်မာနိုင်ငံသားပိုင် Myanmar Lighting ကုမ္ပဏီတို့သည် မော်လမြိုင်(ငန်းတေး)သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ (၂၃၀)မဂ္ဂါဝပ် စီမံကိန်းကို BOT စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူညီမှုပဋိညာဉ်စာချုပ် (MOA) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၌ စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အဆိုပါ စီမံကိန်းပြီးစီးပါက မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီးများသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးနိုင်မည်ဖြစ်ပြီး ပိုလျှံသောဓာတ်အားများကို နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ ပို့လွှတ်၍ ကျန်တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ဧရာဝတီမြစ်ရေနှင့် ဝေါန်မြစ်ရေ စိုးရိမ်ရေမှတ်သို့ရောက်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၄**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့၌ ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၂၆ စင်တီမီတာ (သုည ဒသမ ၉ ပေခန့်)တွင် ရောက်ရှိနေကာ ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၅၈ စင်တီမီတာ (၂ ပေခန့်) တွင် ရောက်ရှိနေကာ ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၂၆ စင်တီမီတာ (သုည ဒသမ ၉ ပေခန့်)တွင်ရောက်ရှိနေကာ ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှုဝန်ကြီးဌာနမှ တင်ပြသည့်

### ဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားနှင့် Stage ဇာတ်ခုံအခြေခံ ပြင်ဆင်မှု တစေ့တစောင်း

စာမျက်နှာ ၆

**ပါးကွက်တစ်ခြမ်း...ကုဋေတစ်သန်း တန်သူလေး**

ကျွန်မကလားရှိုးမြို့မှ အထက်တန်းပြဆရာမတစ်ဦးပါ။ ကျွန်မအသားအရေမှာ မိတ်ကပ်နှင့် လုံးဝမတည့်ပါ။ ပွဲတက်ရတဲ့အခါများမှာလည်း မိတ်ကပ်အကောင်းစားသုံးပြီးပြုပြင်ပေးမယ့် နာရီဝက်လောက်ကြာရင် အဆမတန်အဆီပြန်လာပြီး ယားယံလာပါတယ်။ ယခင်က သနပ်ခါးကိုကျောက်ပျဉ်နဲ့ သွေးလိမ်းရတဲ့အတွက် အချိန်ကြန့်ကြာခြင်း၊ သနပ်ခါးဆိုပြီး လိမ်ရောင်းတဲ့အခေါက်နဲ့မိပြီး အသားအရေပိုပျက်စီးခြင်းများကို ကြုံတွေ့ခဲ့ရပါတယ်။ ယခုရွှေပြည်နန်း သနပ်ခါးဘူးလေးတွေက အားလုံးတာဝန်ယူလိုက်ပါပြီ။ သွားလေရာမှာ ဆရာမအသားကဝင်းနေတာပဲ။ လျှို့ဝှက်ချက်ကိုပြောပြဖို့ တောင်းဆိုခံရပါတယ်။ ကျွန်မက မျက်နှာနဲ့လည်ပင်းကို ကုံကော်ဝတ်ဆံသနပ်ခါး အမြဲလိမ်းပြီး ခန္ဓာကိုယ်နဲ့လက်ကိုတော့ ရွှေပြည်နန်းရှင်မတောင် အမြဲလူးကြောင်း ရွှေပြည်နန်းကထုတ်တဲ့ မြန်မာ့သနပ်ခါးစစ်စစ်ကသာ မြန်မာမိန်းကလေးတွေအတွက် မိခင်မြေကပေးတဲ့ အမွေအစစ်ဖြစ်ကြောင်းရှင်းပြရပါတယ်။ မြန်မာတိုင်းရင်းသူများသာမက ပြည်ခြားက မမ-များပါ စွဲလမ်းတာတော့ ရွှေပြည်နန်းသနပ်ခါးဆိုတာ ကိုယ်တွေ့ပါပဲ။

ဒေါ်နန်းဆိုင်တိန်း၊ အထက်တန်းပြ (ငြိမ်း)၊ A.M.K ဆေးဆိုင်၊ 32(A)၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊
ထပ်ဆင့်ထောက်ခံအပ်ပါသည်၊ ၊ မသီဂီရွှေစင်၊ CKE ကုမ္ပဏီလီမိတက်၊ အမှတ် (၁၂၆)ပထမထပ်၊ ဗိုလ်ကလေးဈေးလမ်း၊ ဗိုလ်တထောင်၊

**မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု**

## ကြေးမုံစာတည်းရှုထောင့် ၁၅-၉-၂၀၁၃၊ တနင်္ဂနွေနေ့

# နှစ်ပင်လိမ်

"ကိုယ့်ကိုယ်ကိုယ်လေးစားမှု၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုက ကိုယ့်ဘဝ တိုးတက်ရေးမှာ အရေးကြီးဆုံး အချက်ဖြစ်သည်" ဟူသော အဆိုအမိန့်တစ်ခု၊ မိဘတိုင်း ဆရာတိုင်းအလေးထားသင့်သည့် ဤစကားစု။ မိမိတို့ တပည့်သားသမီးများအား ပုံသွန်းထုဆစ်ရာတွင် ဦးတည်ချက်ထားသင့်သည့် အဆိုအမိန့်တစ်ရပ်ဖြစ်သည်။

လူလားမြောက်ပြီး လောကကြီးကိုရင်ဆိုင်လာရချိန်တွင် ဤကလေးများ၏ ကိုယ့်ကိုယ်ကိုယ်လေးစားတတ်မှု၊ ယုံကြည်မှုကသူတို့လေးတွေဘဝ၏ အတက်အကျကို အဆုံးအဖြတ်ပေးလာပါလိမ့်မည်။

အထူးသဖြင့်အသက် (၅) နှစ်မှ (၂၀) ကျော်အရွယ်အထိ ကလေးများကို အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမရမည့် မဟာတာဝန်ကြီးနှစ်ရပ်သည် အာစရိယ ဆရာများ၏ ပခုံးပေါ်မှာ လုံးလုံးလျားလျားကျရောက်နေသည်။ ကလေးတို့ သဘာဝ ဖယောင်းလိုပျော့ပျောင်းပုံသွန်းရလွယ်သည့် အရွယ်လေးများ၊ အတုမြင် အတတ်သင်လွယ်သည့် အရွယ်လေးများ။ စာကိုလည်းသင် လူကိုလည်းပြင်ကြရသည့် ဆရာများသည် ကျောင်းတွင်းမှာ မြင်ကွင်းကောင်းစေရုံနှင့် မပြီးသေး။ ကျောင်းနှင့်ဝန်းကျင်ကိုလည်း ရှင်းရလင်းရသေးသည်။ ကလေးများအတွက် အန္တရာယ်ဖြစ်စေမည့် အရာဟူသမျှ ကျောင်းဝန်းကျင်မှာမရှိစေရေးဌာနဆိုင်ရာဥပဒေနှင့် တားဆီးကာကွယ်လာနေသည်။ အခြေခံပညာကျောင်းများအနီး ကိုက် ၁၀၀ အတွင်းဆေးလိပ်၊ ကွမ်းယာ မရောင်းချရ။ သတင်းထုတ်ပြန်တားမြစ်လာနေရသည်။ ဆေးလိပ်နှင့်ကွမ်းသည် မိမိတို့နိုင်ငံသားများအတွက် အကျွမ်းတဝင် ရင်းနှီးနေပြီးသားဖြစ်ပြီး အကျိုးယုတ်စေသော၊ ငွေကုန် ရောဂါရနှင့် လူလုံးမလှဖြစ်စေသော အန္တရာယ်အသုံးအဆောင်နှစ်ခုဖြစ်သည်။ ယနေ့လူငယ်များကြားမှာ ပျံ့နှံ့နေရာဝင်ယူလာနေသည်။ အလယ်တန်း၊ အထက်တန်းကျောင်းသားလေးများ စီးကရက်လက်ကြားညှပ်၊ လက်ဖက်ရည်ဆိုင် ထိုင်တတ်လာကြသည်။ ကွမ်းတံတွေးတပျစ်ပျစ်နှင့် အရွယ်နှင့်မလိုက်အောင် သွားတွေညိုညစ်၊ အရွယ်ကို အိုမင်းရင့်ရော်လာစေသည်။ တာဝန်ယူနေရသည့် ဆရာများ ကျောင်းပြင်ပအဝန်းအဝိုင်းထိ ရှင်းလင်းလာနေရသည်။

တစ်ဖက်မှာ ကွမ်းနှင့်ဆေးလိပ်ရောင်းသည့်ဆိုင်များကို ရှင်းလင်းသလို ဤကွမ်းနှင့်ဆေးလိပ်၏ဆိုးပြစ်ကိုလည်း ကလေးများနားဝင်အောင်အထိ နှလုံးသားထိစွဲငြိအောင် မိမိတို့ဆရာများ ရှင်းပြနိုင်ကြရပါမည်။ ကွမ်းမစားရ၊ ဆေးလိပ်မသောက်ရတားမြစ်ခြင်းမျိုးမဖြစ်စေဖို့လည်း သတိပြုသင့်ပါသည်။ မိမိတို့နိုင်ငံ၏ အထင်ကရပညာရှင်တစ်ဦးမိန့်ကြားသလို ကလေးများကို ပညာသင်ကြားပေးရာတွင် သိတတ်သောသူက မသိနားမလည်သော ကလေးများကို ပညာသင်ပေးသည်ဟုမခံယူဘဲ အသိရှိသောကလေးများကို အချင်းချင်းအသိတရား ဖလှယ်နိုင်ရန်နှင့် ပညာသင်ယူချင်သောစိတ်ရှိအောင် မွေးမြူပေးရန်သာဖြစ်နေသင့်ပါသည်။ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်း၏ ဆိုးပြစ်များကိုမသိဘဲ ဒါမလုပ်ရ စည်းကမ်းအစား မလုပ်သင့်ကြောင်းကို မိမိတို့ကျိုးကြောင်းရှင်းပြနိုင်ကြရပါမည်။

ကွမ်းနှင့်ပတ်သက်လျှင် ကွမ်းကြောင့် ပါးစပ်ကင်ဆာ၊ လည်ချောင်းကင်ဆာဖြစ်စေနိုင်ကြောင်း၊ သွားများညစ်ညမ်းကာ အရွယ်ကိုအိုမင်းရင့်ရော်စေကြောင်း၊ မိမိတို့နိုင်ငံတွင် ပါးစောင်ကင်ဆာနှင့် လည်ချောင်းကင်ဆာဖြစ်ပွားမှု ၁၈ ရာခိုင်နှုန်းသည် ကွမ်းစားကြ၍ဖြစ်ကြောင်း ကွမ်း၏ဆိုးပြစ်များကိုရှင်းပြ၍ရသည်။

ဆေးလိပ်ကပို၍ကြောက်စရာကောင်းသည်။ မသောက်သုံးပါဘဲလျက် သောက်သုံးသူများထံမှထုတ်လွှတ်သည့် ဆေးလိပ်မီးခိုးငွေ့ကို ရှူရှိုက်မိခြင်းကြောင့် ကမ္ဘာတွင် နှစ်စဉ်သေဆုံးနေရသူ ခြောက်သိန်းကျော်ထိရှိနေသည်။ ကမ္ဘာပေါ်တွင်ဆေးလိပ်သောက်ခြင်းကြောင့် ခြောက်စက္ကန့်လျှင်လူတစ်ယောက်နှုန်းနှင့် တစ်နှစ်တွင်လူခြောက်သန်း သေဆုံးနေရသည်။ ထိုသေဆုံးမှု၏ လေးပုံသုံးပုံသည်မိမိတို့နိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်နေသည်။

ဆေးလိပ်သောက်ခြင်းကြောင့် သွေးကြောများကျဉ်းသွားကာ နှလုံးရောဂါ၊ လေဖြတ်ခြင်း၊ အဆုတ်ကင်ဆာရောဂါ၊ နာတာရှည်ရောဂါများကို ဖြစ်ပွားစေသည်။ မိမိတို့နိုင်ငံတွင်အမျိုးသားများ သေဆုံးမှု၏နံပါတ်တစ်သည် လေဖြတ်ခြင်းကြောင့်ဖြစ်သည်။ ကမ္ဘာတွင် ကင်ဆာရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံစာရင်းတွင် မိမိတို့နိုင်ငံသည် ဒုတိယအဆင့်တွင်ရှိနေသည်။ ဤဖြစ်စဉ်များတွင် ဆေးလိပ်၏ဆိုးပြစ်များက အများဆုံးသက်ရောက်မှုရှိနေမည် အမှန်ဖြစ်သည်။

ဆေးလိပ်နှင့်ကွမ်းနှစ်ပင်လိမ်အန္တရာယ်စက်ကွင်းမှ မိမိတို့ ကလေးများ ကင်းဝေးစေရေး ကျောင်းနှင့်ဝန်းကျင်ကို ဥပဒေများနှင့်ရှင်းလင်းဆောင်ရွက်သလို အခြားတစ်ဖက်တွင်လည်း ဤကလေးများအား ဤကွမ်း ဤဆေးလိပ်များ၏ ဆိုးပြစ်ကိုသိစေ၊ နှလုံးသားထိစွဲမြဲစေရေး ဟန်ချက်ညီတစ်ပြိုင်တည်း ဆောင်ရွက်ပေးနိုင်ဖို့လိုအပ်ကြောင်းပါ။ ။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၅-၉-၂၀၁၃ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၅ | မေတ္တာပို့ |
| ၇း၂၅ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၅ | စိုက်ပျိုးသုတ |
| ၁၁း၄၀ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -သူပျော်ပါစေ |
| ၁း၁၉ | မြန်မာသံစဉ်ချိုနားဝင် |
| ၁း၃၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂျက်စီဘယ် (အပိုင်း-၄) |
| ၄း၃၅ | သီဆိုဖြေဖျော်တစ်ကိုယ်တော် |
| ၄း၅၅ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| ၅း၂၀ | ဒိဗိုင်နာတို့ရဲ့ ဒိဗိုင်း |
| ၆း၁၀ | ဘဝကြေးမုံ |
| ၆း၃၅ | ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ |
| ၇း၀၀ | ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ချိုမြိန်သောဘဝ" (အပိုင်း-၄၈)(ဇာတ်သိမ်း) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **"Last Resort "** (အပိုင်း-၁၂) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်ခြင်းဖြင့်ဖန်ဆင်းသော ဟင်းလျာ" (အပိုင်း-၃၆) |

## ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန်လှူဒါန်းနိုင်

ဂေါတမမြတ်စွာဘုရားအလောင်းတော် ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနတို့ တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့်သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန်(နေပြည်တော်ကောင်စီဝင်) ဖုန်း ၀၆၇-၄၀၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင် သာယာရေးကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး(အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း ၀၆၇-၄၁၄၂၀၂၊ ၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း ၀၉-၆၄၀၀၃၉၄ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(ကြေးမုံ)**

## ကိုရီးယားနှင့်ဂျပန်နိုင်ငံတို့မှ လေ့လာရေးအဖွဲ့များ နေပြည်တော်စက်မှုလယ်ယာစိုက်ကွင်းများ လှည့်လည်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၁၄**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ KOICA Myanmar မှ Chief Resident Representative, Mr. Shin Man-Shik ဦးဆောင်သော အဖွဲ့နှင့် စက်တင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်ကိုရီးယားနိုင်ငံ(KOICA) တို့ပူးပေါင်း၍ လယ်ယာသုံးစက်ကိရိယာများ လေ့ကျင့်ရေးသင်တန်းကျောင်း တည်ဆောက်ရန်နှင့် နေပြည်တော်ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာတွင် လယ်မြေဧက ၁၀၀ အား စက်မှုလယ်ယာစနစ်ကူးပြောင်းရေး အကူအညီပေးမည့်ကိစ္စများအား ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီး ပြည်ထောင်စုဝန်ကြီးနှင့် KOICA မှ ကိုယ်စားလှယ်များသည် ဇမ္ဗူသီရိမြို့နယ် ငလိုက်ဆည်ရေသောက် တဲကြီးကုန်းရွာအနီးရှိ စပါးသုတေသနစိုက်ကွင်း၌ ကိုရီးယား မူရင်းစပါးမျိုးများ ဖြစ်ထွန်းအောင်မြင်နေမှုနှင့် ချိုင်းကျေးရွာအနီးရှိ လယ်ယာသုံးစက်ကိရိယာ သိုလှောင်ရုံ၌ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များ၊ လယ်ထွန်စက်ကြီးများ၊ ဘက်စုံ ၁၀ မျိုးသုံး လက်တွန်းထွန်စက်များ၊ ခေတ်မီကောက်စိုက်စက်များနှင့် လယ်ယာသုံးစက်ကိရိယာအမျိုးမျိုးတို့ကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ဦးခင်ဇော်တို့သည် ဂျပန်နိုင်ငံ လယ်ယာ၊ သစ်တောနှင့်ရေလုပ်ငန်းဝန်ကြီးဌာန (MAFF)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ ယူတာကဆူမိတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စက်တင်ဘာ ၁၂ ရက် နံနက် ၇ နာရီခွဲတွင် ဥတ္တရသီရိမြို့နယ် စက်စက်ယို ဆည်ရေသောက်ဧက ၉၀၀ စိုက်ကွင်းရှိ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းများ၊ နာနတ်စိုက်ခင်းများနှင့် ကြက်ဥပိန်းစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ ထုပ်ပိုးထားရှိသည့် အအေးခန်း၊ စက်ရုံအဆောက်အအုံ၊ တစ်နေ့တန် ၇၀ ကျ ဆာတာကေးဆန်စက်နှင့် ဒက္ခိဏသီရိမြို့နယ်ရှိ ငလိုက်ဆည်ရေသောက် ဂျပန်မူရင်းစပါးမျိုး ဟီတိုမိဘိုရီ၊ ဟီနိုမိကာရီ၊ ဆာဆာနီရှီကီ၊ မာနာဆူမိတို့အား ရိတ်သိမ်းကြိတ်ခွဲပြီးစီးမှု၊ ချိုင်းကျေးရွာအနီး၌ ဂျပန်မူရင်းစပါးမျိုးများ အအေးခန်းဖြင့် သိုလှောင်ထားမှု၊ အော်ဂဲနစ်သီးနှံစိုက်ခင်းများ၊ အဆင့်မြင့် နို့စားနွား မွေးမြူရေးခြံများ၊ ပျဉ်းမနားမြို့နယ်ရှိ ပုလဲသွယ်မိုးစပါးဧက ၅၀၀ စိုက်ခင်းဖြစ်ထွန်းအောင်မြင်နေမှု၊ ဒက္ခိဏသီရိမြို့နယ်ရှိရန်အောင်မြင် ဆည်ရေသောက် ပုလဲသွယ်မိုးစပါးဧက ၃၀၀၀ စိုက်ကွင်းများသို့ လှည့်လည်ကြည့်ရှုကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဂျပန်လေ့လာရေးအဖွဲ့တို့သည် မြန်မာနိုင်ငံ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် JICA မှ အကူအညီပေးမည့် အစီအစဉ်များနှင့် ဂျပန်နိုင်ငံ စားသုံးသူဈေးကွက်သို့ မြန်မာ့လယ်ယာထွက်ကုန်များကို ခိုင်မာသောဈေးနှုန်းဖြင့် အရည်အသွေးမြှင့်တင်ပြီး တင်ပို့ရောင်းချနိုင်ရေး တိုးမြှင့်အကောင်အထည်ဖော်မည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

❖ **ရွှေဖုံးမှ**

တွေ့ဆုံစဉ် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်၍ ပြည်တွင်းငြိမ်းချမ်းရေး၊ အားလုံးပါဝင်နိုင်သော နိုင်ငံရေးဖြစ်စဉ်တစ်ခုပေါ်ပေါက်ရေး၊ တွေ့ဆုံဆွေးနွေးအဖြေရှာသည့် နိုင်ငံရေးယဉ်ကျေးမှုသစ်အား ရှင်သန်အောင် ဆောင်ရွက်ရေး၊ ဒီမိုကရေစီ အမြစ်တွယ်ရှင်သန်ရေး၊ လူမှုစီးပွားဘဝမြှင့်တင်ဆောင်ရွက်ရေး၊ အသွင်ကူးပြောင်းရေးကာလတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို အမြော်အမြင်ရှိရှိ သဘောထားကြီးကြီး ပါဝင်ဆောင်ရွက်ရေး၊ လယ်ယာမြေကိစ္စများ၊ နိုင်ငံရေးအကျဉ်းသားကိစ္စများ၊ သဘောထားရပ်တည်ချက် မတူညီသူများ အတူတကွ လက်တွဲအလုပ်လုပ်နိုင်ရေး၊ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် အစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ လွှတ်တော်ပြင်ပရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပါအဝင် တိုင်းရင်းသားအင်အားစုများ၊ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ ပါဝင်နိုင်စေရေး ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဦးမင်းကိုနိုင် ဦးဆောင်သော (၈၈) မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း) အဖွဲ့တို့ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ကမ်ပိုအားကစားနည်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၄**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ကမ်ပိုအားကစားနည်း (Test Match 2013) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအားကစား ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အရှေ့တောင်အာရှ ကမ်ပိုအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အင်ဒိုနီးရှားနိုင်ငံ ကမ်ပိုအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. KUSUMO နှင့် နည်းပြဒါရိုက်တာ Mr. INDRA၊ မြန်မာနိုင်ငံ ကမ်ပိုအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ကမ်ပိုအားကစားပြိုင်ပွဲကျင်းပရခြင်းဖြင့် ကမ်ပိုအားကစား ပိုမိုတိုးတက်လာစေရေး မြင့်မားသော ခြေလှမ်းတစ်လှမ်းလည်းဖြစ်ကြောင်း၊ မြန်မာ ကမ်ပိုအသင်းအနေဖြင့် ဇွန် ၂၈ ရက်မှ ၃၀ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ BOGOR 2013 ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် လေးခု ရရှိကာ ပြိုင်ပွဲကျင်းပပုံနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားများကို လေ့လာသိရှိခဲ့ရကြောင်း၊ ယခုကျင်းပသည့်ပြိုင်ပွဲမှ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ပိုမိုကောင်းမွန်သောအတွေ့အကြုံကောင်းများ ရရှိမှာဖြစ်ကြောင်း၊ ကမ်ပိုအားကစားနည်းသည် အားကစားသမားများ၏ စွမ်းရည်တိုးတက်မှု၊ စိတ်ဓာတ်မြင့်မားမှုများအတွက် များစွာ အရေးပါ၍ စစ်မှန်သော အိုလံပစ်စိတ်ဓာတ်ကို ဖန်တီးနိုင်မည်ဖြစ်ပါကြောင်းပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒိုင်လူကြီးများနှင့် အားကစားသမားများက သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး ပြိုင်ပွဲဝင် အသင်းများအား ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လိုက်လံနှုတ်ဆက်ကြသည်။

ပထမနေ့ပြိုင်ပွဲများကို ပွဲစဉ်အလိုက် စတင်ကျင်းပရာ အမျိုးသားအမျိုးသမီး Mixed Kumi Embu (Artistic) Pair Kyu-Kenshi (အညိုအဆင့်) အပြေပြိုင်ပွဲတွင် အင်ဒိုနီးရှားက ပထမ၊ တီမောက ဒုတိယ၊ ဗီယက်နမ်က တတိယရရှိသွားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆုများပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အမျိုးသားနှစ်ယောက်တွဲ (အညိုအဆင့်) အပြေပြိုင်ပွဲ Mem Kumi Embu (Artistic) Pair Kyu-Kenshi တွင် ပထမရ တီမော၊ ဒုတိယရ အင်ဒိုနီးရှားနှင့် တတိယရ မြန်မာတို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ ကမ်ပိုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်မိုးနိုင်က အမျိုးသမီး လေးယောက်တွဲ (အညိုအဆင့်)အပြေပြိုင်ပွဲ Women Group Embu (Artistic) 4-KENSHI တွင် ပထမရ တီမော၊ ဒုတိယရ အင်ဒိုနီးရှား နှင့် တတိယရ မြန်မာတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲတွင် မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ တီမောနှင့် လာအိုငါးနိုင်ငံယှဉ်ပြိုင်ကြပြီး အားကစားသမား ၆၁ဦး ပါဝင်ယှဉ်ပြိုင်ကြကာ စက်တင်ဘာ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ အားကစားနည်းခုနစ်မျိုးကျင်းပမည့် အားကစား ပြိုင်ပွဲရုံနှင့် အားကစားကွင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ကမ်ပိုအားကစားနည်း (Test Match 2013) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ကမ်ပိုအားကစားနည်း သရုပ်ပြယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၅-၉-၂၀၁၃ (တနင်္ဂနွေနေ့)

| | |
|---|---|
| ၅း၄၀ | "ပဏ္ဍိတသာပဏောဝတ္ထု" တရားတော် (ဆရာတော် ဘဒ္ဒန္တကုန္တက) |
| ၆း၂၀ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "မျက်နှာဖုံးချစ်သူ" (အပိုင်း-၇၃) |
| ၈း၅၅ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးမှုကမ္ဘာ" (အပိုင်း-၅၄) |

**Spain Laliga** ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၄း၃၀ | Granada - Espanyol | (Star Sports) |
| ၉း၃၀ | Getafe - Osasuna | (Star Sports) |
| ၁၁း၃၀ | Malaga - Rayo Vallecano | (Star Sports) (MRTV-4) |

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁း၃၀ | Real-Betis - Valencia | (Star Sports) |

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

# မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် စက်တင်ဘာ ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ကွန်ပျူတာဌာနစု၌ ကမ်းဝေးငါးဖမ်းရေယာဉ်များ စောင့်ကြည့်ထိန်းချုပ်ရေးစနစ် လက်တွေ့အသုံးပြုနေမှု၊ မင်္ဂလာဒုံမြို့နယ် လေးထောင့်ကန်ကျေးရွာ နှင်းဆီလမ်းရှိ နို့ထွက်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်း ငွေဇင်ပုလဲ မွေးမြူရေးခြံ၌ နို့စားနွားမွေးမြူထားရှိမှု၊ နွားနို့ပြုပြင်ထုတ်လုပ်ရောင်းချမှုများနှင့် ရောဂါပိုးမွှားစစ်ဆေးသည့် အသေးစားဓာတ်ခွဲခန်း အသုံးပြုမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ဆီးရီးယားနိုင်ငံ၏ ဓာတုလက်နက်များအရေး ဆွေးနွေးပွဲ၌ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး ဂျွန်ကယ်ရီ၊ အာရပ်သံတမန် ဘရာဟီမီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ် တို့အား တွေ့ရစဉ်။

# ဆီးရီးယားဓာတုလက်နက်အရေး အမေရိကန်နှင့်ရုရှား သဘောတူညီ

ဂျီနီဗာ စက်တင်ဘာ ၁၄

**ရုရှားနှင့်အမေရိကန်ပြည်ထောင်စုတို့က ၎င်းတို့သည် ဆီးရီးယားနိုင်ငံ၏ ဓာတုလက်နက်များဖယ်ရှားရေးအတွက် အခြေခံသဘောတူညီမှုရရှိပြီဖြစ်ကြောင်း စနေနေ့တွင် ကြေညာသည်။**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်တို့၏ ကြေညာချက်တွင် ဆီးရီးယားအစိုးရလိုက်နာရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို သတ်မှတ်ပေးထားသည်။

ဆီးရီးယားအစိုးရသည် ၎င်းတို့ သိုလှောင်ထားသည့် ဓာတုလက်နက်စာရင်းအပြည့်အစုံကို သီတင်းတစ်ပတ်အတွင်း တင်ပြရမည်။ နိုင်ငံတကာစစ်ဆေးရေးအဖွဲ့သည် စစ်ဆေးရမည့်နေရာဒေသသို့ နိုဝင်ဘာလထက် နောက်မကျဘဲ ရောက်စေရမည်ဟု ကယ်ရီကပြောသည်။

ဆီးရီးယားသည် ဓာတုလက်နက်များ ဖယ်ရှားရေးလုပ်ငန်းစဉ်များကို လိုက်နာရန်ပျက်ကွက်ပါက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်တွင် စစ်ရေးခြိမ်းခြောက်မှုပါဝင်မည်ဟုဆိုသည်။

ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏ အခန်း(၇)အောက်တွင် ပြဋ္ဌာန်းထားသောနည်းလမ်းများကို လိုက်နာကျင့်သုံးမည်ဟု ကယ်ရီကပြောသည်။

ဆီးရီးယားက လိုက်နာခြင်းမပြုခဲ့လျှင် အင်အားသုံးစွဲရေး စဉ်းစားနိုင်ရန် လုံခြုံရေးကောင်စီကို အခန်း(၇)က နောက်ဆုံးဖြစ်နိုင်ခြေ ဖွင့်ပေးထားခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့သည် ဆီးရီးယားသမ္မတ ဘာရှာအဲလ်အာဆတ်အစိုးရ ပိုင်ဆိုင်သော ဓာတုလက်နက်အမျိုးအစားနှင့် အရေအတွက်တို့အပေါ် အကဲဖြတ်ခြင်းအား အသိပေးကြရန် သဘောတူညီခဲ့ကြသည်ဟု ကယ်ရီကပြောကြားသည်။

နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် သုံးရက်ကြာ ဆွေးနွေးပြီးမှ ဤသဘောတူညီချက်သတင်း ထွက်ပေါ်လာခြင်းဖြစ်သည်။ **စီအင်န်အင်န်။**

## တစ်လဝင်ငွေဒေါ်လာ ၅၀၀၀၀ ရှိ ဟက်ကာ အာဂျင်တီးနားရဲတပ်ဖွဲ့ ဖမ်းဆီး

**ဗျူးနို့စ်အေးရီးခ် စက်တင်ဘာ ၁၄**

အာဂျင်တီးနားနိုင်ငံတွင် နိုင်ငံတကာငွေကြေးလွှဲပြောင်းခြင်းနှင့် လောင်းကစားဝက်ဘ်ဆိုက်တို့မှ ငွေများခိုးယူလျက်ရှိသော ဟက်ကာဂိုဏ်းတစ်ခု၏ ခေါင်းဆောင်အဖြစ် စွပ်စွဲ၍ အသက်(၁၉)နှစ်ရှိ လူငယ်တစ်ဦးကို ရဲတပ်ဖွဲ့က ထိန်းသိမ်းလိုက်ကြောင်း မကြာသေးမီက ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

စူပါဟက်ကာဟု နာမည်ပြောင်းပေးထားခြင်းခံရသော အဆိုပါဆယ်ကျော်သက်သည် ဗျူးနို့စ်အေးရီးခ်ရှိ ၎င်း၏ အိမ်ခန်းအတွင်း၌ပင် အလုပ်လုပ်၍ တစ်လလျှင် ဝင်ငွေအမေရိကန်ဒေါ်လာ ၅၀၀၀၀ ရှာဖွေနိုင်သည်ဟု ရဲတပ်ဖွဲ့က ပြောသည်။

ဖမ်းဆီးမှုပြုလုပ်စဉ် အရေးပါသောအချက်အလက်များကို ဖျက်ပစ်ခြင်းမပြုနိုင်ရန်အတွက် ရပ်ကွက်တစ်ခုလုံးကို လျှပ်စစ်မီးဖြတ်တောက်ထားခဲ့သည်။

ရဲတပ်ဖွဲ့က ၎င်းတို့သည် စူပါဟက်ကာကို ဖမ်းဆီးရမိရန် အချိန်တစ်နှစ်မျှကြာခဲ့သည်ဟုပြောသည်။ **ဘီဘီစီ။**

# အတိုက်အခံ ဘီဂျေပီပါတီမှ နာယန်ဒရာမိုဒီ ဝန်ကြီးချုပ်ရာထူး ယှဉ်ပြိုင်အရွေးချယ်ခံမည်

နယူးဒေလီ စက်တင်ဘာ ၁၄

**လာမည့်နှစ်တွင် ကျင်းပရန်ရှိသည့် အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ်ရွေးချယ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အဓိကအတိုက်အခံပါတီဖြစ်သည့် ဘီဂျေပီပါတီမှ အငြင်းပွားမှုများ အများအပြားရှိနေသည့် နိုင်ငံရေးသမား နာယန်ဒရာမိုဒီအား ရွေးချယ်လိုက်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။**

၂၀၀၁ခုနှစ် ကတည်းကစ၍ ဂူဂျာရတ်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် မစ္စတာမိုဒီသည် ဟင်ဒူအမျိုးသားရေးဝါဒီပါတီဖြစ်သည့် ဘာရာတီယာဂျနာတာပါတီတွင်း၌ သက်တမ်းရှည်သည့် အထင်ကရခေါင်းဆောင်တစ်ဦးလည်းဖြစ်သည်။

ဇွန်လအတွင်းက ကျင်းပသော ပါတီတွင်းရွေးကောက်ပွဲ အကြိုလှုပ်ရှားမှုတွင် ၎င်းက ဦးဆောင်နေခဲ့သည်။

မစ္စတာမိုဒီသည် ၎င်း၏အုပ်ချုပ်မှုအောက်၌ ဂူဂျာရတ်ပြည်နယ်အား အိန္ဒိယ၏အကြွယ်ဝအချမ်းသာဆုံးပြည်နယ်တစ်ခုဖြစ်အောင် လုပ်ဆောင်ခဲ့သူအဖြစ် ဂုဏ်ပြုခံခဲ့ရသည်။

သို့သော် ယင်းပြည်နယ်၌ ၂၀၀၂ခုနှစ်ကဖြစ်ပွားခဲ့သော မွတ်စလင်ဆန့်ကျင်ရေး အဓိကရုဏ်းငယ်ကို အကြောင်းပြု၍ လူတစ်ထောင်ကျော် သေဆုံးခဲ့ရသည်အထိဖြစ်ပွားခဲ့မှု၌ ၎င်းတွင် တာဝန်ရှိသည်ဟူသော စွပ်စွဲမှုများကို မစ္စတာမိုဒီက အစဉ်တစိုက် ငြင်းဆန်ခဲ့သည်။

စက်တင်ဘာ ၁၃ရက်က နယူးဒေလီမြို့ရှိ ဘီဂျေပီပါတီဌာနချုပ်ရုံးအရှေ့တွင် ၎င်းအားထောက်ခံကြသည့် လူစုလူဝေးကြီးက မစ္စတာမိုဒီအား ဝန်ကြီးချုပ်ရာထူးနေရာတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် တရားဝင်သတင်းထုတ်ပြန်မှုအား ဝမ်းမြောက်ဝမ်းသာ အားပေးခဲ့ကြသည်။ **ဘီဘီစီ။**

## အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းတွင် အင်အားပြင်းထန်သောဗုံးပေါက်ကွဲ

**အင်ဖာ စက်တင်ဘာ ၁၄**

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းရှိ တည်ငြိမ်မှုမရှိသောနေရာတွင် အင်အားပြင်းဗုံးတစ်လုံးပေါက်ကွဲရာ လူကိုးဦးထက်မနည်း သေဆုံး၍ ၂၁ဦး ဒဏ်ရာရရှိကြောင်း စက်တင်ဘာ ၁၄ရက်တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။

မဏိပူရပြည်နယ် မြို့တော်အင်ဖာမြို့စွန်ရှိ လူစည်ကားရာနေရာတစ်ခုတွင် စက်တင်ဘာ ၁၃ရက်က ဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း၊ ယာယီရွက်ဖျင်တဲအတွင်း ပေါက်ကွဲခြင်းဖြစ်ကြောင်း၊ အင်အားပြင်းထန်ကြောင်း မဏိပူရပြည်နယ် ရဲတပ်ဖွဲ့အကြီးအကဲ အမ်ကေဒပ်စ်၏ပြောကြားချက်ကို ကိုးကား၍ အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

ဒဏ်ရာရရှိသွားသူများအား ဒေသဆိုင်ရာဆေးရုံများသို့ တင်ပို့ကုသပေးလျက်ရှိကြောင်း၊ နှစ်ဦးမှာ ဒဏ်ရာအလွန်ပြင်းထန်သဖြင့် သေရေးရှင်ရေးနှင့် ရင်ဆိုင်နေရကြောင်း ဆရာဝန်များက ပြောကြားသည်။

သေဆုံးမှုနှင့် ဒဏ်ရာရရှိသူများမှာ ကိုလ်ကတ္တားအခြေစိုက်ကုမ္ပဏီမှ ရွှေ့ပြောင်းလုပ်သားများဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် မည်သည့်အုပ်စု၏လက်ချက်ဖြစ်သည်ကို မသိရသေးပေ။ **အေအက်ဖ်ပီ။**

# ကိုလိုရာဒိုရေဘေး သေဆုံးသူဦးရေမြင့်တက် လူထောင်ပေါင်းများစွာအား ပြောင်းရွှေ့ရန်သတိပေး

**ဝါရှင်တန် စက်တင်ဘာ ၁၄**

အမေရိကန်ပြည်ထောင်စု ကိုလိုရာဒိုပြည်နယ်တွင် ပြင်းထန်သောရေလွှမ်းမိုးမှုဖြစ်ပွားလျက်ရှိရာ ရေဘေးကြောင့် သေဆုံးသူအရေအတွက်မှာ လေးဦးထိ တိုးမြင့်လာကြောင်း ဘော်လ်ဒါနှင့် အစွန်အဖျားဒေသများမှ လူထောင်ပေါင်းများစွာတို့အား ဘေးလွတ်ရာသို့ပြောင်းရွှေ့ကြရန် အာဏာပိုင်များက သတိပေးချက်များထုတ်ပြန်ထားကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

စက်တင်ဘာ ၁၂ ရက်တွင် ရေနစ်မြုပ်နေသည့် မော်တော်ယာဉ်နှင့်အတူ အဝေးသို့ မျောပါသေဆုံးသွားသည့် အမျိုးသမီးတစ်ဦး၏ ရုပ်အလောင်းကို တွေ့ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဘော်လ်ဒါစီရင်စုတွင် ရက်အတန်ကြာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားက ထိခိုက်ပျက်စီးမှုများစွာဖြစ်ပေါ်ခဲ့ရပြီး လူပေါင်း ၂၅၀၀ ကျော်ကို ကယ်တင်ခဲ့ရကြောင်း ယင်းစီရင်စုတာဝန်ရှိသူက ပြောကြားသည်။

ယင်းဒေသ၌ ရက်သတ္တတစ်ပတ်အတွင်း ရွာသွန်းခဲ့သော မိုးရေချိန်မှာ ၁၅ လက်မ(၃၈ စင်တီမီတာ)ဖြစ်ပြီး ယင်းပမာဏမှာ ထိုဒေသ၏ တစ်နှစ်ပတ်လုံးရွာသွန်းသည့် မိုးရေချိန်ပမာဏထက်ဝက်နီးပါးဖြစ်ကြောင်း အမျိုးသားမိုးလေဝသဌာနက ဖော်ပြသည်။ **ဘီဘီစီ။**

ကိုလိုရာဒိုပြည်နယ်တွင် ရေလွှမ်းမိုးလျက်ရှိရာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

# မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ဒုတိယအကြိမ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

**မြန်မာနိုင်ငံ စာရေးဆရာအသင်း ဒုတိယအကြိမ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံရှိ မြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။(အပေါ်ပုံ)**

ရှေးဦးစွာ မြန်မာနိုင်ငံ စာရေးဆရာအသင်းသက်သာချောင်ချိရေးနှင့် ကျန်းမာရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ စာရေးဆရာအသင်း အတွင်းရေးမှူး ဦးမောင်မောင်အေး( မောင်ဟေမာ)က ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးထိုက်(မောင်စိုးထိုက်-သုံးဆယ်)တို့က ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ခြောက်ဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ခြောက်ဦးနှင့် သုံးဘာသာ ဂုဏ်ထူးရှင် လေးဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက်အလှူရှင်များ ဖြစ်ကြသော ပြန်ကြားရေးဝန်ကြီးဌာနက ငွေကျပ် ၁၀ သိန်း၊ ဦးမောင်မောင်တင်(မန်နေဂျင်းဒါရိုက်တာ၊ Farmar Phoyarzar)က ငွေကျပ် ၂၅ သိန်း၊ အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့က ငွေကျပ်ငါးသိန်း၊ ဒေါက်တာသာထွန်းဦး(တူဒေးစာအုပ်တိုက်)က ငွေကျပ် သုံးသိန်းနှင့်ငွေကျပ် ၉၉၀၀၀ တန်ဖိုးရှိ တူဒေးစာအုပ်တိုက်ထုတ် T-Club မဂ္ဂဇင်းများ၊ ဒေါ်နန်းအိအိဇာက ငွေကျပ် သုံးသိန်းတန် ဆုတံဆိပ်များ၊ ဗိုလ်မှူး သက်ထွန်း(ငြိမ်း) - ဒေါ်သီသီဆွေက ငွေကျပ် နှစ်သိန်းအပါအဝင် အလှူရှင်များက အလှူငွေကျပ် ၄၈၅၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နယ်မှဂုဏ်ထူးရ နှစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦးတို့အား ဂုဏ်ပြုဆုများကို မြန်မာနိုင်ငံစာရေးဆရာအသင်းမှ အိမ်အရောက်ပို့သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

MOECAF UNEP

အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့

၂၀၁၃ခုနှစ်စက်တင်ဘာလ၁၆ရက်

International Day for the Preservation of the Ozone Layer

16th September 2013

အနာဂတ်အတွက် တို့လိုအင် ကျန်းမာသန့်စင် လေထုပင်

*A healthy atmosphere, the Future We Want*

# ဝန်ထမ်းများ၏ စွမ်းရည်တိုးမြှင့်ရေးသင်တန်းများ ဖွင့်လှစ်နိုင်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၄**

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ နယ်စပ်ဒေသများရှိ ကျေးရွာ များနှင့် မြို့များဖွံ့ဖြိုးတိုးတက်ရေး၊ ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် သင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်း၊ နိုင်ငံခြားပညာတော်သင်စေလွှတ်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ နိပ္ပွန်ဖောင်ဒေးရှင်းမှ အမှုဆောင်ဒါရိုက်တာ Mr.Shuichi Ohno ဦးဆောင်သော အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင် ဦးဆောင်သော ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် လာရောက်တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ဦးစီးဌာနများမှဝန်ထမ်းများ၏ ခေါင်းဆောင်မှု စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စင်ကာပူနိုင်ငံ Lee Kyan Yew School of Public Policy နှင့်ပူးပေါင်းဖွင့်လှစ်သင်ကြားပေးမည့် ခေါင်းဆောင်မှု စွမ်းရည်တိုးမြှင့်ရေးသင်တန်းများ ဆက်လက်ဖွင့်လှစ်နိုင်ရေး၊ အဆင့်မြင့်အရာရှိများအား အရည်အချင်းမြှင့်တင်ပေးနိုင်မည့် အဆင့်မြင့်အရာရှိများ စွမ်းရည်တိုးမြှင့်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ ရခိုင်ပြည်နယ်အတွင်း မူလတန်းကျောင်း ၁၀၀ ဆောက်လုပ်လှူဒါန်းနိုင်ရေး၊ နယ်စပ်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် မီးလင်းရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၅-၉-၂၀၁၃ (တနင်္ဂနွေနေ့)**

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၂၅ ကျန်းမာဖို့အတူ ကစားစို့
- ၈း၄၅ "စည်းကမ်းလိုက်နာဘေးကင်းမှာ"
- ၉း၂၀ လွင်မိုးခရီးသွားနေသည် "ချင်းပြည်နယ်"
- ၁၀း၁၀ ဂီတတံခါးလေးဖွင့်ပါဦး
- ၁၂း၂၅ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
- ၃း၁၅ "ဇမ္ဗူဒီပါမှာထွန်းတဲ့ကျွန်း"
- ၄း၄၅ "ဗီယက်နမ်ရိုးရာမှအရှေ့တောင်အာရှသို့ ထိုးဖောက်လာသော ဗိုဗီနမ်အားကစား"
- ၅း၁၅ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၂၀ ကာတွန်းအစီအစဉ် "လီယိုကိုလျှို့ဝှက်သင်္ကေတ"
- ၆း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "နေရောင်အောက်ကသတို့သမီး" (ဒုတိယတွဲ)(အပိုင်း-၃၈)
- ၈း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း
- ၈း၅၀ ကြယ်ပွင့်များရဲ့ အထင်ကရတေးများ -တစ်မျက်နှာတစ်ကွက်စာ "ဖြေဆေးမရှိ" (ထွန်းထွန်းကို၊ ဂျူးဂျူးကေ) [ဒါရိုက်တာ-မေတင် (MMG)] -ရင်ခုန်လက်ကမ်း တေးသစ်လမ်း

CHERRY OO

THEIN PHYU BRANCH Sales Promotion

27th SEA GAMES MYANMAR 2013 NAY PYI TAW
OFFICIAL SPONSOR

၆.၈.၂၀၁၃ မှ ၅.၉.၂၀၁၃ အထိကျင်းပခဲ့သော THEIN PHYU BRANCH နာရီအရောင်းပွဲတော်တွင် ကံထူးရှင်ရွေးချယ်ပွဲမှ ကံထူးခဲ့ကြသော ကံထူးရှင်များအား ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဖော်ပြအပ်ပါသည်။

LED 42" TV (၁ဆု)
၀၀၁၇ -ဒေါ်အေးအေးသန်း

ရေခဲသေတ္တာ2door(၁ဆု)
၀၀၀၇ - ဦးတျာလ်လှယ်ထန်းအာ

အဝတ်လျှော်စက် (၂ဆု)
၀၀၅၇ - မသီတာခိုင်၊ ၀၀၇၃ -ကိုပိုက်ထွေး

Rice Cooker (၁၀ဆု)
၀၀၅၉ - ကိုမင်းကိုနိုင် ၊ ၀၀၇၉ - ယဉ်မေဇင်ဟန်
၀၁၁၀ - ဦးစံရင် ၊ ၀၁၂၄ - နော်ဝေးဝါး
၀၁၃၉ - ကိုအောင်ပြည့်အောင်၊ ၀၁၈၅ - စိုးရတနာ
၀၁၉၀ - မလစ္စဒူး ၊ ၀၁၉၁ - ဦးမျိုးလှိုင်
၀၂၀၂ - မခင်အေးမြင့် ၊ ၀၂၁၂ - မတင်အေးခိုင်

DVD (၁၀ဆု)
၀၀၁၀ - သက်လွင်ညွန့် ၊ ၀၁၀၃ - ဦးမင်းလွင်
၀၀၃၉ - မဖူးလှိုင်အေး ၊ ၀၀၄၅ - ကိုကျော်စိုးဦး
၀၁၀၇ - မလဲ့ရည်မျိုး ၊ ၀၁၃၅ - ဒေါ်မာလာ
၀၁၆၄ - ကိုအောင်အောင် ၊ ၀၁၈၀ - သီဟအောင်
၀၁၈၉ - မထက်ထက်ဝေ ၊ ၀၁၉၄ - မညိုမီစံ

IRON (၁၀ဆု)
၀၀၅၁ - မေချစ် ၊ ၀၀၀၈ - ဦးခင်မောင်
၀၀၈၀ - တင်နီလာအောင် ၊ ၀၀၈၁ - ကိုပိုက်ထွေး
၀၁၀၂ - မစန်းသက်မွန် ၊ ၀၁၀၉ - ဒေါ်ယဉ်ယဉ်
၀၁၂၅ - ဒေါ်ဇင်မာအောင် ၊ ၀၁၄၁ - ကိုမျိုးလှိုင်ဝင်း
၀၁၈၆ - ဒေါက်တာမြင့်သန်း ၊ ၀၂၁၀ - မဥမ္မာဝင်း

လိပ်စာ - အမှတ်(၄၀၈)၊ သိမ်ဖြူလမ်း၊ မီးပွိုင့်ထောင့်အနီး (ယခင်သိမ်ဖြူဈေးဟောင်းရှေ့)၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း-၀၁-၂၀၀၁၉၀၊ ၂၀၀၂၉၀

# ဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားနှင့် Stage ဇာတ်ခုံ အခြေခံပြင်ဆင်မှု တစေ့တစောင်း

## ယဉ်ကျေးမှုဝန်ကြီးဌာနမှ တင်ပြသည်

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို ကျင်းပရာတွင် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာကျင်းပရေးသည်လည်း အရေးကြီးသော အခန်းကဏ္ဍတစ်ရပ် ဖြစ်လာသည်။

လွန်ခဲ့သော နှစ်နှစ်ကျော်က သဘောတူလက်ခံခဲ့သော ဆီးဂိမ်းအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရေးကို ယနေ့အကောင်အထည်ဖော်နေခြင်း ဖြစ်ပါသည်။ မူလက အခြေခံသတ်မှတ်ပေးခဲ့သော ပြိုင်ပွဲကစားကွင်း၊ ကစားရုံ၊ အားကစားရွာ၊ လမ်း၊ မီး၊ ရေ ပန်းခြံများအပါအဝင် အခြေခံနှင့် အပေါ်ထပ်အဆောက်အအုံများ တည်ဆောက်ရေးအပိုင်း၊ ပြိုင်ပွဲကြီးကို လက်ခံကျင်းပပြီး ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရေးနှင့် အနိုင်ရရှိရေးအပိုင်း၊ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးအပိုင်းဟူ၍ အပိုင်းကြီးသုံးပိုင်းဖြင့် လုပ်ငန်းစဉ်ချမှတ်ဆောင်ရွက်ခဲ့သည်။

ဖွင့်ပွဲ၊ ပိတ်ပွဲနှင့်ပတ်သက်၍ တရုတ်နိုင်ငံမှ ကုမ္ပဏီတစ်ခုဖြစ်သော CAEG ကို တာဝန်ပေးထားကြောင်း ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် စတင်အတည်ပြုပါသည်။ အဆိုပါကုမ္ပဏီသည် အနုပညာနှင့် နည်းပညာဆိုင်ရာ ကပြဖျော်ဖြေရေးကုမ္ပဏီဖြစ်သည်။ ဘာသာရပ်အထူးပြုတာဝန်ကို ယူပါသည်။ ဇာတ်စင်များ တည်ဆောက်ခြင်း၊ မီးအလင်းပေးမှုဆိုင်ရာ၊ အသံအားပြည့်မှုဆိုင်ရာ၊ ဗီဒီယိုပေါင်းစပ်ဆောင်ရွက်မှု၊ ဂီတပေါင်းစပ်ဆောင်ရွက်မှု၊ မီးရှူးမီးပန်းလွှတ်တင်မှု စသည့် ခေတ်မီ IT နည်းပညာနှင့် အင်ဂျင်နီယာ(ဇာတ်ခုံ၊ အသံ၊ အလင်း၊ ဂီတ) ပညာဘာသာရပ်များကို မိမိတို့တောင်းဆိုတတ်သည့် တောင်းဆိုထားသည့်အပေါ်တွင် အပြည့်အဝ ပွင့်ပွင့်လင်းလင်း ခေါင်းညိတ်ခြင်း ခေါင်းခါခြင်းပြုပါသည်။ ငွေကြေးကိစ္စမပါပါ။ မိမိတို့က တောင်းဆိုဆွေးနွေးချက်ကို တာဝန်ခံယဉ်ကျေးမှုဌာနက တွက်ချက်ပြီး ဘတ်ဂျက်ခွင့်ပြု၍ CAEG သို့ ချပေးသည်ထင်ပါသည်။

စာချုပ်ပြီးသည့်အခါ သဘောတူညီချက်အတိုင်း မည်သည့်လတွင် မည်သည့်ကိုယ်စားလှယ်အဖွဲ့လာပြီး မည်သည့်ပညာရှင်များနှင့် ဆွေးနွေးလိုသည်ကို တိတိကျကျ လုပ်ပေးသည်။ မိမိတို့ဘက်ကမူ လူနည်းနည်းလေး၊ ဖွဲ့စည်းမှုသေးသေးလေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို အခြေခံထားပြီး ဆွေးနွေးကြည့်ရသည်ဖြစ်ရာ ကောင်းတာလည်းရှိသလို မစေ့စပ်တာလည်းရှိသည်။ သူတို့အဖွဲ့ကတော့ စာချုပ်ပါ တာဝန်များအတိုင်း (စာအထောက်အထားဖြင့်သာ) ညှိနှိုင်းလုပ်ဆောင်ပေးကြပါသည်။ ကြာတော့လည်း မိမိတို့ပုံစံဝင်လာပြီး နားလည်မှု၊ လိုက်လျောမှု၊ ပြောင်းလွယ်ပြင်လွယ်မှုများကို အဖြစ်နိုင်ဆုံး လိုက်လုပ်ပေးသည်ကို တွေ့ရပါသည်။

မိမိတို့အလေ့အထအရ နေ့ဘက်ဇာတ်ခုံတွင်သာ ကပြ၊ မြင်ကြ၊ ခံစားကြ၊ ပုံဖော်ကြသည်မှာ အကျင့်ဖြစ်နေရာ ဇာတ်ခုံနှင့် ဖျော်ဖြေရမည့် အနေအထားပြောင်းနေသည်ကို လေ့ကျင့်ရေးနည်းပြ ခေါင်းဆောင်ဆရာမကြီးများ (ယဉ်ကျေးမှုဝန်ကြီးဌာန)ကို အမြဲသတိပေးရပါသည်။ အဝတ်အစားအရောင်များ ရွေးချယ်တာပင်လျှင် နေ့အမြင် အလင်းရောင်အမြင်ဖြင့် ရွေးကြရာ အသုံးပြုမည့် ရောင်စုံဆလိုက်မီးများ (တောဘက်အခေါ်အဝေါ်ပါ)နှင့် ဆိုပါက အရောင်တွေ ပြောင်းသွားလိမ့်မည်ဆိုတာ ဆီးဂိမ်းဖွင့်ပွဲ သုံးခါကြည့်ဖူး၊ လေ့လာဖူးသော ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးက စစ်ဆေးတိုင်း သတိပေးရပါသည်။

ကပြရမည်မှာ စင်မြင့် ဇာတ်ခုံ၌ မဟုတ်ပါ။ ဘောလုံးကွင်း မြေပြင်၌ ၈ ပေ×၄ ပေအကျယ်၊ အမြင့် ၆ လက်မရှိ ခုံငယ်ပေါင်း ၂၅၅၀ကို ပူးကပ်ဆက်ထားပြီး စောင်ကတ္တီပါစ တစ်ထပ်ခင်းဖိ ကပ်ထားမည်ဟု ဆိုပါသည်။ ကတ္တီပါ




မူလအဆိုပြုဒီဇိုင်းအရ ဖွင့်ပွဲအခမ်းအနားတွင် အသုံးပြုမည့် ဇာတ်ခုံဒီဇိုင်း။

အခင်းပေါ်တွင် အရိပ်ထိုးရန်(ဇာတ်ဝင်ခန်းနှင့် နောက်ခံအလှဖော်များ) အဖြူစခင်း၍ တင်းရင်း ပြန့်ပြူးနေအောင် တစ်ဆင့် ခင်းထားပါသည်။ အဆက်နေရာများတွင် ကပြသူများ ခလုတ်မထိမိစေရန် ညီညာ ပိရိနေအောင် အချိန်ယူပြီး ရာသီဥတုပြောင်းလဲခြင်းမှအစ တွက်ချက်၍ ပြင်ဆင်ကြမှာ ဖြစ်ပါသည်။

နောက်ခံစင်မြင့်နှင့် နောက်ခံ LED ကြီးရှိပါသည်။ မူလက စင်မြင့်ဒီဇိုင်းကို အခြေခံအားဖြင့် မြန်မာအင်ဂျင်နီယာများ၏ အကူအညီဖြင့် Xenon Co., Ltd. က စိတ်ကူးပုံဖော်ခဲ့ရာ တရုတ်ဗိသုကာ ဇာတ်ခုံပညာရှင်တို့က လိုအပ်ချက်အရ ဆက်လက်ပုံစံထုတ် အတည်ပြုကြသည်။ အပေါ်မှမြင်ရသော စနစ်ပုံအရဆိုလျှင် ကဏန်းကောင်ကြီးနှင့်တူပါသည်။ ခြေတံလက်တံများ ဆန့်ထားရာ ကပြသူများက ဇာတ်ဝင်ခန်းအရ အဆိုပါ ခြေတံ၊ လက်တံများက တက်၊ ဆင်းနိုင်ရန် ဖြစ်သည်။ ဇာတ်ခုံပေါ်တွင် အလျားလိုက် မြရတနာကျောက်ပွင့်ပုံစံ LED ခြောက်ချပ်ကို တစ်ဖက်သုံးချပ်ဆင့်ပြီး နေရာချထားသည်။ နောက်ခံ LED ကြီး၏ အကျယ်မှာ ၅၅ မီတာ × ၁၂ မီတာရှိသည်။ ဇာတ်ခုံဧရိယာသည် ၅၀ မီတာ × ၇ မီတာ၊ အမြင့် ၃ ဒသမ ၄ မီတာ၊ ဇာတ်ခုံမှ အထူးတန်း ပွဲကြည့်စင်၊ ကွင်းလယ်ထဲတွင် စိန်တုံး (Diamond Shape) မှောက်ပုံစံ ၁၄ မီတာ × ၇ မီတာ ကျယ်၍ ၂ မီတာ မြင့်သော ရှေ့နောက်ရွေ့လျားစတိတ်ကို ပေါင်းစပ်ထားပါသည်။ မူလကဟု ဆိုရခြင်းမှာ တကယ်စတင်တည်ဆောက်သောအခါ အဆိုပါကွင်းတွင် ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပရန်ရှိ၍ Stage ဇာတ်ခုံကြီး၏ ပမာဏကို မီတာ ၄၀၀ ပြေးလမ်းပြိုင်ပွဲ ပြုလုပ်နိုင်ရန် ကျုံ့လိုက်ရပါသည်။ ဇာတ်ခုံဒီဇိုင်းကြီးကိုကြည့်ပြီး နှမြောစိတ် ဖြစ်မိပါသည်။

မီးအလင်းပိုင်းနှင့်ပတ်သက်၍ Moving Head Light ၄၀၀၊ စပေါ့လိုက် ၁၀၀၊ Beam Moving Head Light ၁၂၀၊ ရောင်စုံ Moving Head Light ၄၀၀၊ Follow Spot ၁၂ လုံး၊ ပရိုဂျက်တာ ၆၀၊ LED မော်နီတာ ၂၀ အပါအဝင် မိမိတို့ကဲ့သို့ ဇာတ်ရုံနည်းပညာဆိုင်ရာ သာမန်အသိသာရှိသူတို့ မသိသောပစ္စည်းစုံ ပါရှိပါသည်။ မီးရှူးမီးပန်းသုံး Equipment အပါအဝင် ပမာဏသည် ပေ ၂၀ ကွန်တိန်နာလေးလုံးဖြင့် သယ်ယူရမည်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဖွင့်ပွဲတွင်အသုံးပြုမည့် ဇာတ်ခုံနှင့် LED များ၊ ဆလိုက်မီးများသည် အင်ဒိုနီးရှားဆီးဂိမ်းထက်များပါသည်။

၎င်းတို့၏ ပြင်ဆင်မှုစာရင်း၊ ဇာတ်ခုံအနေအထား သိပြီးသောအခါ မိမိတို့ယဉ်ကျေးမှုဝန်ကြီးဌာနက တင်ဆက်သော ကပြသူအရေအတွက်၊ ဇာတ်ခုံသုံးမည့်အရေအတွက်၊ အဝတ်အစားဒီဇိုင်း၊ အရောင်၊ ကပြပုံစံများကို အချိန်မီပြန်လည်ပြုပြင်လေ့ကျင့်ရပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် အဆိုပါကဏ္ဍများမပါ၊ အတီးနှင့်အက ဖျော်ဖြေတင်ဆက်မှုကိုးခု၊ စစ်ရေးပြအပါအဝင် သုံးနာရီခန့်ရှိပါသည်။ ပိတ်ပွဲတွင် နောင်အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စင်ကာပူနိုင်ငံ၏ အစီအစဉ်အပါအဝင် ခြောက်ခု စစ်ရေးပြအပါအဝင် နှစ်နာရီခန့်ရှိပါသည်။ ကပြသူအင်အား ဖွင့်ပွဲတွင် စုစုပေါင်း ၈၀၀၀ နှင့် ပိတ်ပွဲတွင် စုစုပေါင်း ၄၀၀၀ ရှိပါသည်။

မိမိတို့ဘက်က ကပြမှုများအတွက် ယဉ်ကျေးမှုဝန်ကြီးဌာနကဦးစီး၍ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များက ပါဝင်စည်းရုံးဆောင်ရွက်ကြပါသည်။ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာရှင်များ၊ တပ်မတော်သား အားမာန်စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ယဉ်ကျေးမှုအဖွဲ့များက ကပြကြပါမည်။ ဇာတ်ညွှန်းနှင့် ဇာတ်သွင်၊ ဇာတ်ပို့ အနုပညာအဆင်များကို အကယ်ဒမီစင်ရော်မောင်မောင်၊ အကယ်ဒမီမောင်တင်ဦးနှင့်အဖွဲ့က အင်အားဖြည့်တင်းပေးပါသည်။ အောင်မြင်မှု၊ အနုပညာရသမြောက်မှု၊ ခမ်းနားထည်ဝါမှု၊ အကွက်စေ့မှု၊ အတတ်ပညာဖွဲ့စည်းမှု၊ အသေးစိတ်လေ့ကျင့်မှုတို့အတွက် မည်သူ၊ မည်သည့်အဖွဲ့အစည်းက အဓိက လုပ်နေသည်ဆိုတာမရှိဘဲ အားလုံးစိတ်ညီညွတ်စွာ နားလည်မှုထား၍ စေတနာစိတ်ဖြင့် ဆောင်ရွက်ကြပါသည်။

စိတ်ဝင်စား၊ တက်ကြွသူ၊ စေတနာရှင်ဝါသနာရှင်တစ်ဦးက ပြောပါသည်။ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတာဝန်ခံများသည် ဘောလုံးပွဲစကားဖြင့် ပြောရပါက သရေ၊ အရှုံးဖြစ်ပါသည်ဟု ဆိုပါသည်။ ဟာကွက်မရှိ အောင်မြင်လျှင် သရေဖြစ်ပြီး မအောင်မြင်လျှင် အရှုံးဟု ဆိုခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မိမိဘာသာ ဒိုင်လူကြီးလုပ်သော ဘောလုံးပွဲတွင် နောက်ဆုံးအချိန်ပိုင်း၌ ဂိုးသမားမရှိသော ဂိုးပေါက်အတွင်း ကိုယ့်ဒိုင်လူကြီး၏ အချက်ပေးအဆိုင်း ပယ်နယ်တီဘောကန်သွင်းရန် တန်းစီနေပြီဖြစ်ပါသည်။ အနုပညာနှင့် အတတ်ပညာသည်များ၊ အုပ်ချုပ်သူများအားလုံးက ကိုယ်စီသွင်းယူသမျှ ဘောလုံးအားလုံးဂိုးဝင်ရမှာ ဖြစ်ပါတော့မည်။ နိုင်ငံတော်၏ ဂုဏ်ကို ယဉ်ကျေးမှုအနုပညာ၊ အတတ်ပညာ၊ IT နည်းပညာ၊ စီမံခန့်ခွဲမှုပညာတို့ဖြင့် ထိန်းသိမ်းမြှင့်တင်ရပါမည်။ ကျွန်ုပ်တို့၏ ဘဝများ၊ အခွင့်အရေးများ၊ အသက်များထက် ပိုမိုကြီးမြတ်၍ တန်ဖိုးမဖြတ်နိုင်သော နိုင်ငံတော်၏ဂုဏ်ဖြစ်ပါသည်။ ။

## ပြည်တွင်းရေးရာ

# သောင်တူးလုပ်ငန်းများအပါအဝင် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်

**ရန်ကုန် စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံတွင် ရေအရင်းအမြစ်များ ကြွယ်ဝသော်လည်း အချို့နေရာများတွင် ရေကြီးခြင်း၊ မိုးခေါင်ရေရှားခြင်း ပြဿနာများရှိနေကြောင်း၊ နိုင်ငံ၏စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ မြို့ပြနှင့်ကျေးလက်ဒေသတို့၏ ရေလိုအပ်မှုပမာဏ တိုးတက်လျက်ရှိကြောင်း၊ နိုင်ငံ၏ အဓိကရေအရင်းအမြစ်များဖြစ်သည့် မြစ်ချောင်းများကို ထိန်းသိမ်းရန်၊ ရေကြီးမှုကာကွယ်ရန်၊ မြစ်ရေကိုပိုမို ထိရောက်စွာသုံးစွဲနိုင်ရန်နှင့် မြစ်၏ရေလမ်းကြောင်းများ အတွင်း ရေယာဉ်များသွားလာနိုင်ရန် လုံလောက်သော ရေအနက်ရှိစေရန်အတွက် သောင်တူးလုပ်ငန်းများ အပါအဝင် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယခုလွှဲပြောင်းသော ရေယာဉ်သစ်များသည် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ နန်းသီတာဆိပ်ကမ်း၌ ကျင်းပသည့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဝယ်ယူထားသည့် သောင်တူး ရေယာဉ်နှင့် အထောက်အကူပြုရေယာဉ်သစ်များ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Yang Hou Lan က ယခုရေယာဉ်သစ်များကို အသုံးပြု၍ မြန်မာနိုင်ငံ၏ ရေကြောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်လာမည်ဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ရေယာဉ်များ ဝယ်ယူရခြင်းနှင့်စပ်လျဉ်း၍ သောင်တူး ရေယာဉ်နှင့် အထောက်အကူပြုရေယာဉ် ဝယ်ယူရေး စာချုပ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ CATIC ကုမ္ပဏီနှင့် ၂၀၁၀ ခုနှစ် ဒီဇင်ဘာလအတွင်း ချုပ်ဆိုခဲ့ကြောင်း၊ ၎င်းဦးစီး ဌာနတွင် ယခင်ကသောင်တူးရေယာဉ် ၁၀ စင်းရှိခဲ့ရာမှ ယခုအခါ သောင်တူးရေယာဉ်သစ် ခုနစ်စင်းနှင့် အထောက် အကူပြုရေယာဉ်သစ် ၁၂ စင်းတိုးလာသဖြင့် မြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက် နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CATIC ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ Mr. Li Jin မှ ရေယာဉ် တည် ဆောက်ခြင်းလုပ်ငန်းနှင့် အာမခံကာလအတွင်း ရေယာဉ် များ ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ပေးမည့် ကိစ္စတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သောင်တူးရေယာဉ်၊ အထောက်အကူပြုရေယာဉ်သစ်များနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦး ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးနှင့် CATIC ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ပြီး ပြည်ထောင်စုဝန်ကြီးက လွှဲပြောင်းရေယာဉ်သစ်များကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ သောင်တူးရေယာဉ်နှင့် အထောက်အကူပြုရေယာဉ်သစ်များပေါ်သို့ တက်ရောက် ကြည့်ရှုကြသည်။

**(သတင်းစဉ်)**

# ကော့သောင်းအကျဉ်းထောင်၌ ထောင်ဖောက်ထွက်ပြေးရန် ကြိုးပမ်းမှုဖြစ်ပွား အချိန်မီဟန့်တားထိန်းသိမ်းနိုင်ခဲ့သဖြင့် ထွက်ပြေးလွတ်မြောက်သူမရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ကော့သောင်းမြို့ အကျဉ်းထောင်၌ ယမန်နေ့ ညပိုင်းက ထောင်ဖောက် ထွက်ပြေးရန် ကြိုးပမ်းမှုတစ်ခုဖြစ်ပွား ရာ တစ်ဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း၊ ထောင်ဖောက်ထွက်ပြေး ရန် ကြိုးပမ်းမှုအား အချိန်မီ ဟန့်တား ထိန်းသိမ်းနိုင်ခဲ့သဖြင့် ထွက်ပြေးလွတ် မြောက်သူ မရှိကြောင်း သိရှိရသည်။

ကော့သောင်းမြို့နယ် တရားရုံးမှ ယမန်နေ့တွင် ခိုက်ရန်ဖြစ်ပွားမှုဖြင့် ထောင်ဒဏ်တစ်နှစ်နှင့် ခြောက်လစီ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ရဲကိုလှိုင် နှင့် ညီညီလှိုင်တို့ ညီအစ်ကိုနှစ်ဦးနှင့် အကျဉ်းသား ထွန်းထွန်းကို (ခ) ထွန်း ထွန်းမြင့်တို့ ည ၈ နာရီခွဲခန့်တွင် စကား များပြီး ရန်ဖြစ်ရာမှ အစပြု၍ ကော့ သောင်းအကျဉ်းထောင် အမျိုးသား နှစ်ထပ်အိပ်ဆောင်(၁) အပေါ်ထပ်ရှိ အခန်း (၄)အတွင်း ရုန်းရင်းဆန်ခတ် ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း။

ယင်းသို့ ဖြစ်နေသည်ကို အခွင့် ကောင်းယူ၍ အိပ်ဆောင်(၁) အခန်း (၃) နှင့် (၄)တို့ရှိ အကျဉ်းသားများက ဆူပူမှုဖြစ်အောင် ဖန်တီးခဲ့ကြကြောင်း၊ တာဝန်ရှိသူများက ဥပဒေနှင့်အညီ နေထိုင်ကြရန်၊ ဆူပူမှု မပြုလုပ်ရန် လက်ကိုင်အသံချဲ့စက်ဖြင့် ထိန်းသိမ်း နေစဉ် အကျဉ်းသားအချို့က ခေါင်မိုး (အမိုးသွပ်)အား ဖောက်ထွက်ခြင်း၊ အိပ်ဆောင်တံခါးများအား ဖျက်ဆီး ခြင်း၊ အိပ်ဆောင်(၁) အပေါ်ထပ်ရှိ ကော်ရစ်တာ၊ အိပ်ဆောင်(၂) အောက် ထပ်ရှိ ကော်ရစ်တာတို့အား မီးရှို့ခြင်း၊ လျှပ်စစ်မီးဆလိုက်များအား ခဲဖြင့် ပစ်ခွဲခြင်းတို့ကို ပြုလုပ်ခဲ့ပြီး အိပ်ဆောင် အတွင်းမှ ဖောက်ထွက်၍ အကျဉ်းထောင် ဆူပူမှုကို အရှိန်မြှင့်ကာ ထောင်ဖောက် ရန် ကြိုးစားခဲ့ကြကြောင်း သိရသည်။

အချုပ်သား/အကျဉ်းသားများက အကျဉ်းထောင်တာဝန်ရှိသူတို့၏ ထိန်း သိမ်းမှုကို လိုက်နာခြင်းမရှိဘဲ ခဲများ၊ ပစ္စည်းများဖြင့် ပစ်ပေါက်ခဲ့ကြကြောင်း၊ ထို့နောက် အိပ်ဆောင် ခေါင်မိုးအား ဖျက်ဆီးဖောက်ထွက်ပြီး အကျဉ်းထောင် အတွင်းဘက် အုတ်ရိုးအထိ ရောက်ရှိ လာသဖြင့် အကျဉ်းထောင်လုံခြုံရေး အဖွဲ့က ဒသမ ၃၀၃ ရိုင်ဖယ်နှင့် ဘီအေ ၅၂ စတင်းတို့ဖြင့် သတိပေးပစ်ခတ် ထိန်းသိမ်းခဲ့ကြကြောင်း သိရသည်။

ည ၉နာရီခွဲခန့်တွင် ဖြစ်စဉ်နေရာသို့ ကော့သောင်းခရိုင် အုပ်ချုပ်ရေးမှူး၊ ခရိုင် ရဲတပ်ဖွဲ့မှူးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိ ပြီး အကျဉ်းထောင်လုံခြုံရေးအဖွဲ့နှင့် အတူ ပိတ်ဆို့ထိန်းသိမ်းနိုင်ခဲ့ပြီး အိပ် ဆောင်ပြင်ပသို့ ရောက်ရှိနေသော အကျဉ်းသားများအား ပြန်လည်စုစည်း ၍ မီးငြိမ်းသတ်နိုင်ခဲ့ကာ အကျဉ်း ထောင်အား ငြိမ်သက်အောင် ဆောင် ရွက်နိုင်ခဲ့ကြောင်း၊ လျှပ်စစ်မီးများလည်း ပြန်လည်ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် အချုပ်သား တစ်ဦး သေဆုံးခဲ့ပြီး အချုပ်သား နှစ်ဦးနှင့် ထောင်သားငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား ကော့သောင်း မြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသ ပေးလျက်ရှိကြောင်းနှင့် ထောင်ဆူပူမှု ဖြစ်စေရန် ဖန်တီးပြီး ထောင်ဖောက် ထွက်ရန် ကြိုးစားခဲ့သူများအား ဖော် ထုတ်ပြီး ဆက်လက်အရေးယူ အပြစ် ပေးသွားမည်ဖြစ်ကြောင်း သိရှိရ သည်။

**(သတင်းစဉ်)**

# တီမောလက်စ်တေဝန်ကြီးချုပ်နှင့်ဇနီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ရောက်ရှိလေ့လာ

**နေပြည်တော် စက်တင်ဘာ ၁၄**

တီမောလက်စ်တေဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကေရာလာ ဇာနာနာဂူစ်မာအိုနှင့်ဇနီး မစ္စစ် ကာစ်တီဆဝဒ်ဂူစ်မာအိုတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ပိုင်းက မန္တလေးမြို့မှ ညောင်ဦးမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

ဧည့်သည်တော်ဝန်ကြီးချုပ်နှင့်အဖွဲ့ သည် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ ရွှေစည်းခုံစေတီတော်၊ ထီးလိုမင်းလိုဘုရား(**အပေါ်ပုံ**)၊ အာနန္ဒာ ဘုရား၊ မြင်းကပါဂူပြောက်ကြီးဘုရား တို့ကို လှည့်လည်လေ့လာခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယွန်းပညာ ကောလိပ်၌ ယွန်းထည်ပစ္စည်းအဆင့် ဆင့်ဆောင်ရွက်နေမှုနှင့် ယွန်းပြတိုက် အတွင်းရှိ ရှေးဟောင်းယွန်းထည် လက်ရာပစ္စည်းများကို ကြည့်ရှုလေ့လာ ကြပြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ငွေက ဧည့်သည်တော်ဝန်ကြီး ချုပ်နှင့်ဇနီးတို့အား ယွန်းကညစ် ဆွမ်းအုပ်ကို အမှတ်တရလက်ဆောင် အဖြစ် ပေးအပ်ခဲ့သည်။

ညနေပိုင်းတွင် ပုဂံရှေးဟောင်း သုတေသနပြတိုက်၌ ပုဂံခေတ် ယဉ်ကျေးမှု သမိုင်းဝင်ပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ထားမှု၊ ပုဂံ ခေတ် လက်မှုအနုပညာပြခန်းနှင့် ပုဂံခေတ် စာပေပြခန်းတို့ကို ကြည့်ရှု လေ့လာကြပြီး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ဧည့်သည်တော်ဝန်ကြီးချုပ်နှင့်အဖွဲ့ အား ရွှေချည်ထိုး ရုပ်သေးရုပ်နှင့် ပြတိုက်အမှတ်တရ စာအုပ်များကို အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။

ထို့ပြင် ဧည့်သည်တော်ဝန်ကြီးချုပ် နှင့်အဖွဲ့သည် ပုဂံမြို့သစ် ခန့်လတ် ရပ်ကွက် ခရေလမ်းရှိ ဦးဘငြိမ်းယွန်း ထည်ပစ္စည်းဆိုင်၌ ယွန်းထည်ပစ္စည်း များ ထုတ်လုပ်ရောင်းချနေမှုကို ကြည့်ရှုလေ့လာပြီး ယွန်းထည်ပစ္စည်း များ ဝယ်ယူအားပေးခဲ့ကြကြောင်း သိရသည်။

ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ညပိုင်းတွင် လေကြောင်း ခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြပြီး ချက်ထရီယမ်ဟိုတယ်၌ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တွေ့ဆုံကာ တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**○ ညောင်ဦးမှ**

ဇက်တစ်စင်းတို့ဖြင့် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါကျေးရွာတွင် အိမ်ခြေ ၂၂၈ အိမ်၊ အိမ်ထောင်စု ၂၄၇ စု၊ လူဦးရေ ၁၁၀၀ ခန့်ရှိပြီး နွားကောင်ရေ ၃၀၀၊ ဝက်ကောင်ရေ ၂၀ တို့ရှိကြရာ ၎င်းတို့ အတွက် ညောင်ဦးမြို့နယ် တောင်ဘီ ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီး ကျောင်း ငါးကျောင်းတွင် ယာယီ ကယ်ဆယ်ရေးစခန်းများ ထားရှိ ဆောင်ရွက်လျက်ရှိပြီး ယာယီ ကယ်ဆယ်ရေးစခန်းများဖြစ်သည့် ရွှေ ကျောင်းဘုန်းတော်ကြီးကျောင်းတွင် အိမ်ထောင်စု ၃၅ စု၊ ကျား ၆၀၊ မ ၄၉ ဦး ပေါင်း ၁၅၄ ဦးနှင့် နွား ၄၉ ကောင်၊ ကမ္မဘုန်းတော်ကြီး ကျောင်းတွင် အိမ်ထောင်စု ၄၄ စု၊ ကျား ၅၅ ဦး၊ မ ၆၄ ဦး ပေါင်း ၁၁၉ ဦးနှင့် နွား ၄၅ ကောင်၊ မြသီတာ ကျောင်းတွင် အိမ်ထောင်စု ၁၂ စု၊ ကျား ၁၂ ဦး၊ မ ၂၄ ဦး ပေါင်း ၃၆ ဦးနှင့် နွား ၁၄ကောင်၊ ရတနာ မာန်အောင်ကျောင်းတွင် အိမ်ထောင်စု ခုနစ်စု၊ ကျား ၁၇ ဦး၊ မ ၁၉ ဦး ပေါင်း ၃၆ ဦးနှင့် နွားငါးကောင်၊ မြို့ထောင် ကျောင်းတွင် အိမ်ထောင်စု နှစ်စု၊ ကျား လေးဦး၊ မ နှစ်ဦး ပေါင်း ခြောက်ဦးနှင့် နွားသုံးကောင်တို့ဖြစ်ရာ စုစုပေါင်း အိမ်ထောင်စု ၁၀၀၊ ကျား ၁၄၈ ဦး၊ မ ၂၀၃ ဦး ပေါင်း ၃၅၁ ဦးနှင့် နွား ၁၁၆ ကောင်တို့အား ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ညောင်ဦးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ အစီအစဉ် ဖြင့် တောင်ဘီ၊ မြင်းကပါကျေးရွာနှင့် ဈေးဆိပ်ကမ်းရှိကျေးရွာသူ ကျေးရွာ သားများက ရေဘေးသင့်ပြည်သူများ အား ထမင်းထုပ်များ ဝေငှပေးခဲ့ ကြောင်း၊ တိုင်းဒေသကြီး အစီအစဉ် အရ ရေဘေးသင့်အိမ်ထောင်စု ၁၀၀ အား တစ်အိမ်ထောင်လျှင် ဆန် လေးပြည်နှုန်းဖြင့် ဆန်အိတ်များ ဝေငှ ပေးခဲ့ကြောင်း၊ ညောင်ဦးခရိုင် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေး ဝန်ထမ်းများကလည်း ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေး လျက်ရှိကြောင်း၊ ကျန်ရှိနေသည့် အိမ်ထောင်စုဝင်များနှင့် တိရစ္ဆာန် များအား ရေလွတ်ရာသို့ ပြောင်းရွှေ့ နိုင်ရေးအတွက် ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်(ညောင်ဦး)**

ပါရမီဆေးရုံ
PARAMI General Hospital
ပါရမီအထွေထွေရောဂါကုဆေးရုံ
Parami General Hospital

အရိုးအဆစ် ဒူးဆစ်ကျောရိုးဆိုင်ရာ ခွဲစိတ်ကုသခြင်းအစီအစဉ်

ပါရမီဆေးရုံသို့ လစဉ်ပုံမှန်လာရောက်ကုသပေးနေသော တောင်ကိုရီးယားနိုင်ငံမှ အရိုးအထူးကုဆရာဝန်ကြီးသည် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၂၀) မှ (၂၂)ရက်နေ့ အထိ လာရောက်မည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးနိုင်ပါပြီ။

အမှတ် (၆၀) (ဂျီ - ၁)၊ ပါရမီလမ်းသစ် (ဈေးတွင်းကုန်းမီးပွိုင့်အနီး)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၆၆၀၀၈၃၊ ၆၅၁၆၇၄၊ ၆၅၇၂၂၆၊ ၆၅၇၂၂၈၊ ၆၅၇၂၃၀၊ ၆၅၇၂၃၁၊ ၆၅၇၂၃၂

✰ ကျောဖုံးမှ

"နိုင်ငံရေးအရ အပြောင်းအလဲရှိတဲ့ နိုင်ငံ၊ စစ်ရေးအရ ပဋိပက္ခရှိတဲ့နိုင်ငံများမှ မီဒီယာလုပ်ငန်းတွေကို (IMS) က ကူညီခဲ့ပါတယ်။ မြန်မာနိုင်ငံအခြေအနေက ထူးခြားခဲ့ပြီး လွတ်လပ်ခြင်းတို့ဖြင့် လွန်ခဲ့တဲ့ ၁၈ လ ကျော်ကျော်ကတည်းက ပြောင်းလဲခဲ့ပြီး အပြောင်းအလဲတွေကလည်း မြန်နှုန်းမြင့်နေပါတယ်၊ ဒီနေ့ဆိုလျှင် မီဒီယာသမားများ၊ နိုင်ငံရေးပါတီများအတွက် အရေးကြီးတဲ့အချိန်ရောက်နေပြီ၊ ဒါကြောင့် ယနေ့အနှစ်နယ်သံအရမ်းရုံက တက်ရောက်လာတဲ့ ကိုယ်စားလှယ်များ ပွင့်ပွင့်လင်းလင်းဆွေးနွေးဖို့ မိတ်ခေါ်လိုပါတယ်"ဟု ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာပါတီစံ ဒီမိုကရေစီအစီအစဉ်မှ မြန်မာနိုင်ငံဆိုင်ရာ ညှိနှိုင်းရေးမှူး ဒေါ်ခင်သစ်ထွေး၊ ရွေးနှိုင်မှ ဦးခင်မောင်လေး(ခ) ဖိုးသောကြတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက အမှာစကားပြောကြားရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြဋ္ဌာန်းပေးထားသည့် တာဝန်များ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေဖြင့် ပေးအပ်ထားသော တာဝန်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ယခင် ဆောင်ရွက်ချက်များကို ပြန်လည်လေ့လာသုံးသပ်ပြီး အမှားပြင် အမှန်ပွားသည့်စနစ်ဖြင့် စွမ်းရည်ပြည့်ဝသော ကော်မရှင်တစ်ခုဖြစ်အောင် ဆောင်ရွက်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာ၌ ကျင့်သုံးနေသော ရွေးကောက်ပွဲဥပဒေများစနစ်များ၊ အတွေ့အကြုံများကို လေ့လာပြီး မြန်မာနိုင်ငံနှင့်ကိုက်ညီသောစနစ်များကို မြန်မာမှုပြုကျင့်သုံးနိုင်ရေးကိုလည်း လေ့လာဆောင်ရွက်နေပါကြောင်း၊ ၂၀၁၃ ခုနှစ်ကို လေ့လာသုံးသပ် စီမံချက်ရေးဆွဲသည့်နှစ်၊ ၂၀၁၄ ခုနှစ်ကို လေ့ကျင့်ပညာပေးသည့်နှစ်၊ ၂၀၁၅ ခုနှစ်ကို အနီးကပ်ကြီးကြပ် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပပေးမည့်နှစ်များအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များ၊ လက်စွဲစာစောင်များ၊ ထုတ်ပြန်ခဲ့သည့် အမိန့်/ညွှန်ကြားချက်များကိုလည်း ပြန်လည်လေ့လာပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်း၊ ပယ်ဖျက်ခြင်းတို့ဖြင့် နောက်ဆုံးအခြေအနေနှင့်ကိုက်ညီအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် I F E S (International Foundation for Electoral System)နှင့် ပူးပေါင်းပြီး မဟာဗျူဟာစီမံချက်(Strategic Plan) တစ်ခုရေးဆွဲနေပါကြောင်း၊ ထိုစီမံချက်သည် ၂၀၁၅ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပေးနိုင်ရန် ရည်ရွယ်ရေးဆွဲခြင်း ဖြစ်ပါကြောင်း၊ နောင်(၅)နှစ်တစ်ကြိမ် ကျင်းပမည့် ရွေးကောက်ပွဲများကိုလည်း ယခုရေးဆွဲခဲ့သော မဟာဗျူဟာစီမံချက်ကို အခြေခံနောက်ဆုံးအနေဖြင့် ကိုက်ညီအောင်ဆောင်ရွက်ပြီး နောင်ကျင်းပမည့် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပပေးနိုင်အောင်လည်း ရည်ရွယ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရေးဆွဲနေသည့် ဥပဒေ/နည်းဥပဒေများ မဟာဗျူဟာရည်မှန်းချက်များကိုလည်း ပါတီများနှင့် CSO များကို ချပြပြီး အကောင်းဆုံး၊ လက်အခံနိုင်ဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဥပဒေ/နည်းဥပဒေ/ညွှန်ကြားချက်/လုပ်ထုံးလုပ်နည်းများနှင့်အညီ လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲများကျင်းပပေးနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရန် တည်ထောင်ခွင့်ပြုထားခဲ့သော ပါတီများ၏ ပူးပေါင်းဆောင်ရွက်မှုများသည်လည်း အထူးအရေးပါလှပါကြောင်း၊ ပါတီများသည် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုသော ပုဂ္ဂိုလ်များကို စုစည်းဖွဲ့စည်းထားသည့်အဖွဲ့ဖြစ်သကဲ့သို့ ယင်းပါတီများသည် လူထုကို စည်းရုံးပြီး မြို့နယ်/တိုင်းဒေသကြီး/ပြည်နယ်များနှင့် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသော အဖွဲ့အစည်းများဖြစ်ကြပါကြောင်း၊ ပါတီများ၏ ဝါဒ/သဘောထားကြေညာချက်များသည်လည်း ပြည်သူကိုစည်းရုံး နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ပါတီများသည် လူထုကို ထာဝရစည်းရုံးပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် မြန်မာနိုင်ငံတော်ကြီးဖြစ်အောင် စည်းရုံးတည်ဆောက်နေရန် လိုပါကြောင်း။

လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နိုင်ရန် လူမှုရေးအဖွဲ့အစည်း CSO များနှင့် သတင်းမီဒီယာများ၏ အခန်းကဏ္ဍသည်လည်း လွန်စွာအရေးပါလှပါကြောင်း၊ ယင်းလူမှုရေးအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများသည် ထုတ်ပြန်ထားသော ဥပဒေ/နည်းဥပဒေများကို ကျေညက်စွာနားလည်အောင် လေ့လာထားရန်လည်းလိုပါကြောင်း၊ ထိုသို့နားလည်မှုလည်း ကော်မရှင်အဖွဲ့ဝင်များ၊ မဲရုံမှူးနှင့် အဖွဲ့ဝင်များကို ဥပဒေနှင့်အညီဆောင်ရွက်ရန်၊ ဘက်မလိုက်ရန်၊ မှန်မှန်ကန်ကန်ဆောင်ရွက်ရန် တည့်မတ်ထိန်းကျောင်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတူ ပါတီများလုပ်ဆောင်မှု/စည်းရုံးဆောင်ရွက်နေမှုကိုလည်း ထုတ်ပြန်ပြောဆိုရေးသားနေခြင်းကြောင့် ပြည်သူလူထုများအနေဖြင့် အကဲဖြတ်လေ့လာနိုင်မည်ဖြစ်ပြီး လူထုနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသောပါတီများ ဟုတ်/ မဟုတ် ဆုံးဖြတ်ရွေးချယ်နိုင်မည်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတော်အရေးကို ထဲထဲဝင်ဝင် ဆောင်ရွက်မည့်ပါတီများ၊ ပါတီဝင်များကို မှန်မှန်ကန်ကန်ရွေးချယ်နိုင်ရေးနှင့် အရည်အချင်းရှိသော လူတော်လူကောင်းများ၊ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးချယ်နိုင်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်သည့်အတွက် လူမှုရေးအဖွဲ့အစည်းနှင့် သတင်းမီဒီယာများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးလှပါကြောင်း။

နိုင်ငံတော်၏အရေးမှာ လူထုကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ပေးရမည့် အသက်(၁၈)နှစ်ပြည့်ပြီးသော ပြည်သူလူထုဟာ အဓိကပင်ဖြစ်ပါကြောင်း၊ အဓိကဖြစ်သည့် ပြည်သူလူထုကို ရွေးကောက်ပွဲမှာ ပါဝင်ပြီး မဲပေးပုံနည်းစနစ် မှန်မှန်ကန်ကန်ဖြင့် ပယ်မဲများမဖြစ်ရလေအောင် မဲပေးတတ်ရန် ရွေးကောက်ပွဲကော်မရှင်မှ နည်းမျိုးစုံသုံး ပညာပေးလေ့ကျင့်ရန်လိုအပ်ပါကြောင်း၊ ထို့အတူ ပါတီများအနေဖြင့်လည်း မိမိစည်းရုံးထားသည့် မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းမှာ ပါရှိရေး၊ ရွေးကောက်ပွဲတွင် မှန်မှန်ကန်ကန် ပယ်မဲများမဖြစ်အောင် မဲပေးတတ်ရေး ပါဝင်ပူးပေါင်းဆောင်ရွက်သွားရန် အထူးလိုအပ်ပါကြောင်း၊ သတင်းမီဒီယာများနှင့် CSO များအနေဖြင့် ပြည်သူလူထုတစ်ရပ်လုံးအား မဲစာရင်းတွင် ပါဝင်စေရန်၊ မှန်မှန်ကန်ကန် မဲပေးတတ်စေရန်၊ လူထုကိုယ်စား နိုင်ငံတော်ကိစ္စအဝဝကို ဆောင်ရွက်ကြမည့် လူထုကိုယ်စားလှယ် လူတော်လူကောင်းများကို မှန်မှန်ကန်ကန် ရွေးချယ်ပေးနိုင်စေရန်နှင့် သတင်းများ မှန်မှန်ကန်ကန် ထုတ်ပြန်ပေးရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် ဥပဒေပြုရေး/အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကို အသုံးပြုပြီး နိုင်ငံတော်ကိစ္စအဝဝကို ဆောင်ရွက်သော လွှတ်တော်အသီးသီးမှ လူတော်လူကောင်းများ ပါဝင်တာဝန်ယူနိုင်ရေးအတွက် အဓိကကျသည့် ရွေးကောက်ပွဲများတွင် ပြည်ထောင်စုရွေးကောက်ပွဲအပြင် ပြည်သူလူထု၊ ပါတီ၊ လူမှုရေးအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများပါဝင်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ စုပေါင်းညီညာအောင်ကြောင်းဖြာဆိုသည့် ဆောင်ပုဒ်နှင့်အညီ အဓိကအခန်းကဏ္ဍမှာရှိသော ပြည်သူလူထုအား ကော်မရှင်၊ ပါတီများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများမှ ပံ့ပိုးပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ကြီးဖြစ်လာအောင် တည်ဆောက်နိုင်ရေး လူတော်လူကောင်း လူထုကိုယ်စားလှယ်ရွေးချယ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲတွင် နိုင်ငံတကာ မီဒီယာထောက်ပံ့ရေးအဖွဲ့ (IMS)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းမီဒီယာများက မီဒီယာနှင့် ဒီမိုကရက်တစ်ပါတီများအခန်းကဏ္ဍ၊ ဒီမိုကရေစီ လူ့အဖွဲ့အစည်းရှိ နိုင်ငံရေးပါတီများ အခန်းကဏ္ဍ၊ အခြားနိုင်ငံများရှိ နိုင်ငံရေးပါတီများနှင့် မီဒီယာအကြား ဆက်နွယ်မှု အခန်းကဏ္ဍ၊ မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီများနှင့် မီဒီယာတို့၏ ဆက်နွယ်မှု၊ ဆက်ဆံရေးအခန်းကဏ္ဍ ခေါင်းစဉ်အလိုက် အကြံပြုချက်၊ သုံးသပ်ချက်များကို ဆွေးနွေးမေးမြန်းခဲ့ကြသည်။

ယင်းနှီးနှောဖလှယ်ပွဲသို့ နိုင်ငံတကာ မီဒီယာထောက်ပံ့ရေးအဖွဲ့ (IMS) မှ တာဝန်ရှိသူများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မီဒီယာအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံနှင့် နိုင်ငံတကာမီဒီယာထောက်ပံ့ရေးအဖွဲ့(IMS) ကို ၂၀၁၃ ခုနှစ် မေလတွင် စတင်ရုံးစိုက်ခဲ့ပြီး (၃)နှစ်စီမံကိန်းဖြင့် မြန်မာမီဒီယာသမားများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယခုကျင်းပသည့် နှီးနှောဖလှယ်ပွဲသည်(IMS)နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး နောင်တွင်လည်း အလားတူ ဆက်လက်ကျင်းပသွားမည်ဟု သိရသည်။

နိုင်ငံရေးပါတီများနှင့် မီဒီယာနှီးနှောဖလှယ်ပွဲ (၂၀၁၃)ခေတ္တရပ်နားချိန်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် ကော်မရှင်၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

**ဇီ ဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့**
**သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့**

## ကေအိုင်အေအဖွဲ့က တိုက်ပွဲအတွင်း ဒုတိယရာရအရာရှိအား ဖမ်းဆီးသတ်ဖြတ်

**နေပြည်တော် စက်တင်ဘာ ၁၄**

ပူတာအိုခရိုင် မချမ်းဘောမြို့နယ် အတွင်းတွင် နယ်မြေခံတပ်ရင်းမှ တပ်စုတစ်စုသည် မချမ်းဘောမြို့ဝန်းကျင် အတွင်းပိုင်းနယ်မြေအတွင်း နယ်မြေစိုးမိုးရေး၊ စည်းရုံးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ထမ်းဆောင်ရန်အတွက် ဩဂုတ် ၂၈ ရက်တွင် မလွတ်ဒမ်းကျေးရွာမှ ထွက်ခွာလာခဲ့ရာ ကေအိုင်အေအဖွဲ့ အင်အား ၂၀ ခန့်က အသင့်စောင့်ကြို တိုက်ခိုက်မှု နှစ်ကြိမ်ပြုလုပ်ခဲ့ပါကြောင်း၊ ဖြစ်စဉ်တွင် တပ်မတော်မှ အရာရှိတစ်ဦးနှင့် စစ်သည်တစ်ဦး လူစုကွဲပျောက်ဆုံးသွားခဲ့ပြီး ဖြန့်ခွဲရှာဖွေခဲ့ရာ စက်တင်ဘာ ၁ ရက်တွင် စစ်သည်အား ပြန်လည်ရှာဖွေ တွေ့ရှိခဲ့ကြောင်း သိရှိရသည်။

ပျောက်ဆုံးအရာရှိအား ဆက်လက်ရှာဖွေစဉ် သတင်းစိစစ်ဖော်ထုတ်ချက်အရ ကေအိုင်အေအဖွဲ့ တပ်ရင်း (၇)မှ တပ်စုမှူး တန်ခမ်ဦးစီးအင်အား ၂၀ ခန့်သည် ဩဂုတ် ၂၇ ရက်တွင် အင်ခန်ဂါးကျေးရွာသို့ ရောက်ရှိလာခဲ့ပြီး ၂၈ ရက်တွင် တပ်အား အသင့်စောင့်ကြို နှစ်ကြိမ်တိုက်ခိုက်ခဲ့ကြောင်း၊ ၂၉ ရက်တွင် ကေအိုင်အေအဖွဲ့ အင်ခန်ဂါးကျေးရွာမှ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း၊ ၃၀ ရက်တွင် ပျောက်ဆုံးအရာရှိသည် ဘယ်ဘက်လက်မောင်းတွင် လက်နက်ငယ်ဒဏ်ရာဖြင့် အင်ခန်ဂါးကျေးရွာသို့ ရောက်ရှိလာရာ ယင်းကျေးရွာရှိ ကေအိုင်အေအဖွဲ့နှင့် အဆက်အသွယ်ရှိသူတစ်ဦးက သွားရောက်သတင်းပို့ခဲ့သဖြင့် ကေအိုင်အေအဖွဲ့မှ လာရောက်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း၊ ဖမ်းဆီးခံအရာရှိအား ပြန်လည်ရရှိရေး ဆောင်ရွက်နေစဉ် စက်တင်ဘာ ၅ ရက်တွင် ရွာသားနှစ်ဦး၏ သတင်းပေးချက်အရ အင်ခန်ဂါးရွာ၏ မြောက်ဘက်ရှိ တောင်စောင်းတစ်နေရာတွင် မြေပုံတစ်ခုအား တွေ့ရှိခဲ့ပြီး တူးဖော်ကြည့်ရာ ကေအိုင်အေအဖွဲ့က ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည့် အရာရှိအား ရက်စက်စွာ ဦးခေါင်းဖြတ် သတ်ဖြတ်ပြီး မြှုပ်နှံထားသည်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

တပ်မတော်အနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များအား အလေးအနက်ထား လုပ်ဆောင်လျက်ရှိပြီး တွေ့ကြုံရသည့် အခက်အခဲ၊ သဘောထားကွဲလွဲမှုနှင့် နားလည်မှုလွဲမှားသော ပြဿနာများအား သဘောထားကြီးမားစွာဖြင့် ထိန်းသိမ်းဖြေရှင်းမှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်မှ ထိုသို့ဆောင်ရွက်လျက်ရှိသော်လည်း ကေအိုင်အေအဖွဲ့အနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု ကြိုးပမ်းဆောင်ရွက်စဉ် အချိန်တွင်ပင် ဖမ်းဆီးရမိသည့် အရာရှိအား ရက်စက်စွာသတ်ဖြတ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ဖမ်းဆီးထားသော အရာရှိအား ရက်စက်စွာ သတ်ဖြတ်ခဲ့ကြသည့် လူသတ်မှုကျူးလွန်သူ ကေအိုင်အေအဖွဲ့တပ်ရင်း(၇)မှ တပ်စုမှူးတန်ခမ်နှင့်အဖွဲ့အား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး မချမ်းဘောမြို့နယ် ရဲတပ်ဖွဲ့စခန်းတွင် သက်ဆိုင်ရာမှ အမှုဖွင့်လှစ်ထားရှိကြောင်း သိရှိရသည်။ **(မြဝတီ)**




## အဘိဓမ္မာ(၇)ကျမ်း(အာဂမ+သဘာဝ)စာပြန်ပွဲတော် ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၄**

ယနေ့ နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အဘိဓမ္မာရတနာယူရ ဗိမာန်တော်ကြီး၌ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးမှ ကြီးမှူးကျင်းပသည့် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး(၄၆)ကြိမ်မြောက် အဘိဓမ္မာ(၇)ကျမ်း( အာဂမ+ သဘာဝ) စာပြန်ပွဲတော် အခမ်းအနားကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသအမှူးပြုသော နိုင်ငံတော်သံဃနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး ဩဝါဒါစရိယ သီတဂူဗုဒ္ဓတက္ကသိုလ်အဓိပတိချုပ် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ(Ph.D, D. Litt)နှင့် စာထောက်စာမ ဆရာတော်များ၊ စာဖြေသံဃာတော်များနှင့် သီလရှင်၊ လူပုဂ္ဂိုလ်များ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် တာဝန်ရှိသူများ၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး ဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ အလှူရှင်များတက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာကြားကြကာ ဆရာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်အလှူရှင်များက အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး အတွက် ငွေကျပ်သိန်းသုံးရာကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့်အသင်းဥက္ကဋ္ဌတို့က လက်ခံကြသည်။

ဆက်လက်၍ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ဥက္ကဋ္ဌက အဘိဓမ္မာစာတော်ပြန်ပွဲအကြောင်း အစီရင်ခံစာအား ဖတ်ကြားလျှောက်ထားပြီး သီတဂူဗုဒ္ဓတက္ကသိုလ် အဓိပတိချုပ် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ (Ph.D,D. Litt)က ဩဝါဒကထာကိုမြွက်ကြားတော်မူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးအမှူးပြုသော ပရိသတ်တို့က ပလ္လက်ာဘိသေက မင်္ဂလာပြုကြသည်။

ထို့နောက် စာပြန်ပုဂ္ဂိုလ်တို့အားပင့်ဆောင်၍ ဓမ္မာသနပလ္လင်တော် အပ်နှင်းပြီး အဘိဓမ္မာစာတော်ပြန်ပွဲကြီး စတင်ကျင်းပသည်။

အဆိုပါစာတော်ပြန်ပွဲတွင် စာတော်ပြန်သံဃာတော် ၂၃၅ ပါး၊ သီလရှင် ၁၈၄ ပါး နှင့်လူပုဂ္ဂိုလ် အမျိုးသမီး အမျိုးသား ၅၉၁ ဦး စုစုပေါင်း ၁၀၁၀ ဝင်ရောက်စာတော်ပြန်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## သတင်းစာပျံ့နှံ့မှုကို နယ်စပ်ဒေသအထိ လွှမ်းခြုံနိုင်ဖို့အတွက် လုပ်ဆောင်ရင်း ပြည်သူတွေရဲ့ယုံကြည်စိတ်ချရမှုနဲ့ အားထားရမှုတွေ ပိုမိုရရှိနိုင်ရန် မျှော်မှန်း

**ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နယ်သတင်းထောက်များ အရည်အသွေးမြှင့်တင်ရေး ရက်တိုမွမ်းမံသင်တန်းကို စက်တင်ဘာ ၁၃ ရက်က ရန်ကုန်မြို့တွင် ဖွင့်လှစ်ခဲ့ကြောင်း သတင်းအရ မြန်မာ့အသံမှ တာဝန်ရှိသူများက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးရဲနိုင်အား ဆက်သွယ်မေးမြန်းခဲ့ပါသည်-**

**မေး။ ။မင်္ဂလာပါခင်ဗျာ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နယ်သတင်းထောက်များ အရည်အသွေးမြှင့်တင်ရေး ရက်တိုမွမ်းမံသင်တန်းဖွင့်လှစ်ခဲ့မှုအပေါ် မြန်မာ့အသံပရိသတ်တွေ သိရှိနိုင်ဖို့ ပြောကြားပေးပါဦးခင်ဗျာ။**

ဖြေ။ ။ဟုတ်ကဲ့ပါ။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နယ်သတင်းထောက်များ အရည်အသွေးမြှင့်တင်ရေး ရက်တိုမွမ်းမံသင်တန်းကို ရန်ကုန်မြို့ သိမ်ဖြူလမ်းမှာရှိတဲ့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးခွဲ)မှာ စက်တင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ မြန်မာနိုင်ငံအောက်ပိုင်းမှ သင်တန်းတက်ရောက်နိုင်တဲ့ နယ်သတင်းထောက် ၄၅ ဦးကို သင်ကြားပေးရန် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပါတယ်။

**မေး။ ။ဒီသင်တန်းမှာ ဘယ်လိုအကြောင်းအရာတွေ ပို့ချပေးမယ်ဆိုတာ ပြောပြပေးပါခင်ဗျာ။**

ဖြေ။ ။ဒီသင်တန်းမှာ စာနယ်ဇင်းကျင့်ဝတ်(Ethics)နဲ့ လုပ်ငန်းစည်းမျဉ်း(conduct) တွေ၊ စာနယ်ဇင်းနဲ့ပတ်သက်တဲ့ ဥပဒေ(Law)တွေ၊ သတင်းစာလုပ်ငန်းရဲ့ အခြေခံသဘောသဘာဝ(practive)တွေ၊ သတင်းလိုက်နည်းလို့ခေါ်တဲ့ (News Follow Up)လုပ်တာတွေ၊ သတင်းရေးနည်းဖြစ်တဲ့ (Reporting) တွေ၊ သတင်းပေးပို့မှုပုံစံသစ် (News Report Programme) တွေ၊သတင်းဆက်ဆံရေး (Communication) တွေ၊ သတင်းစာဆရာတွေနဲ့ ခံယူချက်(Journalist and belief )တို့ကို အဓိကထား ပို့ချပေးသွားမှာဖြစ်ပါတယ်။

**မေး။ ။ဒီသင်တန်းမှာ ဘယ်သူတွေက ပို့ချပေးမယ်ဆိုတာလည်း သိပါရစေ။**

ဖြေ။ ။ဒီသင်တန်းကို အများပြည်သူဝန်ဆောင်မှုသတင်းစာအုပ်ချုပ်ရေးအဖွဲ့(Governing Body)မှ အဖွဲ့ဝင်တွေ၊ ပြင်ပမှ သတင်းစာပညာရှင်တွေ၊ မြန်မာ့အလင်း၊ ကြေးမုံနဲ့ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်မှ စာတည်းမှူးချုပ်တွေက သင်ကြားပို့ချပေးမှာဖြစ်ပါတယ်။

**မေး။ ။ဒီလိုပို့ချရခြင်းရဲ့ ရည်ရွယ်ချက်နဲ့ ဘယ်လိုအကျိုးကျေးဇူးတွေ ရနိုင်တယ်ဆိုတာကိုလည်း ပြောပြပေးပါခင်ဗျာ။**

ဖြေ။ ။ယခင်က သတင်းထောက်(Reporter)၊ စာတည်း(Editor) တစ်ယောက်ဖြစ်ဖို့ဆိုတာ စာပေဗဟုသုတကြွယ်ဝမှုအပြင် သတင်းစာပညာကို အချိန်များစွာ လေ့လာသင်ယူပြီးမှ လုပ်ဆောင်ခဲ့ကြတာဖြစ်ပေမယ့်လည်း ယခုအခါမှာတော့ အင်္ဂလိပ်စာ အနည်းငယ်တတ်ကျွမ်းပြီး ကွန်ပျူတာ တတ်ကျွမ်းတာနဲ့ ကျင့်ဝတ်(Ethics) နဲ့ လုပ်ငန်းစည်းမျဉ်း(conduct) တွေ၊ စာနယ်ဇင်းနဲ့ပတ်သက်တဲ့ ဥပဒေ(Law)တွေ လေ့လာမှုအားနည်းပြီး ဖောက်ဖျက်လုပ်ဆောင်မိရာကစပြီး မလိုလားအပ်တဲ့ တိုင်ကြားခံရမှုနဲ့ တရားစွဲဆိုခံရတာတွေကို ပြုလုပ်လာကြတာ တွေ့မြင်ကြားသိနေရပါတယ်။ နိုင်ငံပိုင်သတင်းစာတွေအနေနဲ့လည်း ခေတ်စနစ်နဲ့အညီ အများပြည်သူဝန်ဆောင်မှုသတင်းစာများအဖြစ် ပြောင်းလဲနိုင်ရန် ဦးတည်ဆောင်ရွက်နေရာမှာ အလားတူချွတ်ယွင်းအားနည်းချက်တွေ၊ ပြဿနာတွေမဖြစ်ပွားစေဖို့ကြိုတင်ကာကွယ်နိုင်ရန် ဖြစ်ပါတယ်။ စာနယ်ဇင်းသမားတွေအတွက်ရော စာဖတ်ပရိသတ်ပြည်သူတွေအတွက်ပါ အကျိုးရှိပြီး နှစ်ဦးနှစ်ဖက်စလုံး(Win Win)ရရှိစေမှာဖြစ်ပါတယ်။

**မေး။ ။ယခုလိုသင်တန်းတွေထပ်မံဖွင့်လှစ်ဖို့ရော အစီအစဉ်ရှိ/မရှိ သိပါရစေ။**

ဖြေ။ ။ယခုလို နယ်သတင်းထောက်များ အရည်အသွေးမြှင့်တင်ရေး ရက်တိုမွမ်းမံသင်တန်းကို မန္တလေးမြို့မှာရှိတဲ့ မန္တလေးကိုယ်ပွားသတင်းစာတိုက်မှာ စက်တင်ဘာ ၂၀ ရက်မှ ၂၃ ရက်အထိနဲ့ နေပြည်တော် ပျဉ်းမနားမြို့မှာရှိတဲ့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှာ ရှေ့လ အောက်တိုဘာ ၇ ရက်မှ ၉ ရက်အထိ အထက်မြန်မာနိုင်ငံမှ နယ်သတင်းထောက်များကို ဆက်လက်ပို့ချပေးရန် စီမံထားရှိပြီးဖြစ်ပါတယ်။ ဒါ့အပြင် ပြည်တွင်းက သတင်းစာပညာရှင်များသာမကဘဲ ပြည်ပကသတင်းစာပညာရှင်တွေနဲ့လည်း ဆက်သွယ်ညှိနှိုင်းပေါင်းစပ်ပြီး သတင်းစာပညာ၊ ဓာတ်ပုံပညာစတဲ့ ဘာသာရပ်တွေအလိုက်သင်တန်းတွေခွဲခြားပြီး အဆက်မပြတ် ဖွင့်လှစ်ပို့ချပေးနိုင်ဖို့ စီမံဆောင်ရွက်နေပါတယ်။

**မေး။ ။ သီးခြားပြောပြလိုတာများ ရှိပါသလားခင်ဗျာ။**

ဖြေ။ ။သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှာရှိတဲ့ သတင်းစဉ်နဲ့သတင်းစာတိုက်များအနေနဲ့ ပြည်တွင်းမှာသတင်းမျိုးစုံ ဖြစ်ပေါ်တတ်ချိန်မှာ ပြည်သူတွေသတင်းမှန်သိရှိနိုင်ဖို့နဲ့ မြန်ဆန်မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေချနိုင်ဖို့၊ အစွန်းရောက်တဲ့သတင်းတွေ ရှောင်ရှားပြီး ရေးသား/ထုတ်ပြန်ပေးနိုင်ဖို့၊ ယဉ်ကျေးသိမ်မွေ့ပြီး ရိုးသားဖြောင့်မတ်တဲ့သတင်းတွေထုတ်ပြန် ဖော်ပြပေးနိုင်ဖို့နဲ့ သတင်းစာပျံ့နှံ့မှုကို နယ်စပ်ဒေသအထိ လွှမ်းခြုံနိုင်ဖို့အတွက် လုပ်ဆောင်ရင်း ပြည်သူတွေရဲ့ယုံကြည်စိတ်ချရမှုနဲ့ ယုံကြည်အားထားရမှုတွေ ပိုမိုရရှိနိုင်ရန် မျှော်မှန်းဆောင်ရွက်နေပါတယ်။ အဲဒီမျှော်မှန်းချက်တွေကို ပြည်သူတွေပိုမိုရရှိနိုင်အောင် မြှင့်တင်ပေးနိုင်ဖို့အတွက်လည်း အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းကို လွှတ်တော်သို့ပြုစုတင်ပြထားပြီးဖြစ်ပါတယ်။ အဲဒီဥပဒေအတည်ပြုပြဋ္ဌာန်းပြီးရင်တော့ ပြည်သူ့အကျိုးစီးပွားဖော်ဆောင်ပေးနိုင်မယ့်လုပ်ငန်းတွေ ပိုမိုပီပြင်စွာနဲ့ အကောင်အထည်ဖော်နိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားလိုပါတယ်။




## စာရိတ္တဂုဏ်ရည် ဒီမိုကရေစီ

❑ ဥပဒေကို
ရိုသေလေးစား၊ သိထားနားလည်
ညီညွတ်လိုက်နာ၊ ကျင့်သုံးကာလျှင်
ချမ်းသာ လုံခြုံရှိကြစေ။

❑ သမစိတ္တ
မျှစွာတွေးခေါ်၊ မော်မြင်ကျင့်ကြံ
ပြောဆိုမှန်စွာ၊ နာလိုသာလို
ထိုထိုအစွဲ ကင်းကြစေ။

❑ ငါစွဲဖယ်ရှား
အများဆန္ဒ၊ အများအကြိုက်
လိုက်လျောညီညာ၊ လက်ခံကာလျှင်
ကြည်သာချိုမြ ရှိကြစေ။

❑ သူ့ဘက်ကိုယ့်ဘက်
နှစ်ဘက်မျှစဉ်းစား၊ သဘောထားကြီး
ရင်းနှီးပြန်လှန်၊ ဆက်ဆံလိမ္မာ
ခိုင်မာ ယှဉ်တွဲ မြဲမြံစေ။

❑ သူ့တာကိုယ့်စည်း၊ ထိန်းစောင့်စည်းလျက်
စည်းကမ်းလိုက်နာ၊ ဘေးကွာရန်ကင်း
အပြုံးချင်းပြိုင်၊ တွဲလက်ခိုင်စွာ
နိုင်ငံကြီးသား ပီသစေ။

❑ ငါးပါးသီလမြဲမြံကြသို့
စာရိတ္တဂုဏ်ရည်၊ ထိုငါးလီကို
ယုံကြည်လေးမြတ်၊ စောင့်ထိန်းတတ်မှ
တို့မြတ်နိုးပေ၊ ငါတို့မြေတွင်
ပင်ပျို ဒီမိုကရေစီ၊ ရှင်သန်မည်တည့်
ညီညာဖြိုးဖြိုး၊ သူကစ၍
ငါကအားလုံး၊ တူပေါင်းရုံးလျက်
ကျင့်သုံး ဆောက်တည်နိုင်ကြစေ။

❑ အနုလက်နှင့်
ရွှေခွက်နှိုက်ရန်၊ မထိုက်တန်ပေ
အမှန်တရား၊ မေ့မထားနှင့်
စပါးစိုက်မှ၊ စပါးရမည်
ပေါင်းမြက်စိုက်က၊ မြက်သာရမည်
ကိုယ်စိုက်သည်သာ
နှောင်ခါကာလ၊ ရိတ်သိမ်းရမည်
ယုံကြည်စွဲမှတ်၊ သတိချပ်လျက်
ငါးရပ်ဂုဏ်ရည်၊ စောင့်ထိန်းတည်ရင်း
ဒီမိုကရေစီ၊ ပန်းတိုင်ဆီသို့
လှမ်းချီမျက်မှောက် ပြုနိုင်စေ။
လမ်းမှန်ကိုလျှောက် ရောက်ပါစေ။
[အပြည်ပြည်ဆိုင်ရာ
ဒီမိုကရေစီနေ့ကိုဂုဏ်ပြုလျက်]

ဇော်မင်းမင်းဦး

**လူကုန်ကူးသူ အမြစ်မကျန် အားလုံးပါဝင်တွန်းလှန်ရန်**

# လူသားအကျိုးပြု လူမှုကရုဏာလုပ်ငန်း

လူသားတို့ဖြင့် ဖွဲ့စည်းတည်ဆောက်တည်ရှိနေသော ဤကမ္ဘာကြီးသည် လူမှုသောက၊ ဒုက္ခအကြောင်းတရားများဖြင့် ပဋိပက္ခအသွင်မှသည် တစ်ဖက်နှင့်တစ်ဖက်၊ တစ်ပြည်နှင့်တစ်ပြည် ရန်ပွဲများမှ ရပ်စဲသွားကြ ပြီးနောက် လေပြည်လေညင်းကျ သကဲ့သို့ တည်ငြိမ်အေးချမ်းသော အခါသမယတွင် လူမှုရေးအသွင်သို့ ကူးပြောင်းလာခဲ့ပြီး ငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးသော အဖွဲ့အစည်းများ ပေါ်ထွန်းလာပါတော့သည်။

အင်္ဂလန်နိုင်ငံ၏ ကရိုင်းမီးယားစစ်ပွဲကြီးသည် အလွန်မှ ကြီးမားပြီး အရှိန်အဟုန်ပြင်းထန်ခဲ့ပါသည်။ စစ်မြေပြင်၏ ဆိုးရွားကြောက်မက်ဖွယ်အဖြစ်မှာ ဒဏ်ရာရသူများအား ပြုစုကုသပေးမည့်၊ သူနာပြုမည့်သူတို့မှာ မနိုင်မနင်းဖြစ်ခဲ့ရသည်။ ဤကဲ့သို့သော အခြေအနေတွင် စေတနာကရုဏာရှင် မီးအိမ်ရှင်မတစ်ဦးသည် ထိုစစ်ပွဲကြီး၏ အနိဋ္ဌာရုံကို ညသန်းခေါင်ကျော်အထိ မီးအိမ်တစ်လုံးဖြင့် လိုက်လံပြုစုကုသမှုကို ပြုခဲ့ခြင်းကြောင့် ဖလော်ရင့်နိုက်တင်ဂေးဟု လူသိများသည့် စွမ်းဆောင်ရှင်တစ်ဦး ပေါ်ပေါက်လာပြီး လူမှုရေးအဖွဲ့အစည်းတစ်ခု ပေါ်ပေါက်ခဲ့ပါသည်။ ယနေ့ ကမ္ဘာမှာ အထင်ကရဖြစ်သော သူနာပြုအသင်းကြီး ဖလော်ရင့်နိုက်တင်ဂေးမီးအိမ်ရှင်မဆိုကို ချီးမြှင့်ပေးလျက်ရှိသည်။

ထို့အတူပင် ကမ္ဘာကျော်စစ်ပွဲကြီးတစ်ခုဖြစ်သော ဗိုးဝါးစစ်ပွဲကြီးသည် တောင်အာဖရိကတိုက်ရှိ မက်ဖကင်းမြို့အား ရန်သူဗိုးဝါးတပ်ကြီးသည် (၁၈၉၉-၁၉၀၀) ခုနှစ်အတွင်း ခုနစ်လခန့် ဝိုင်းထားစဉ် ခုခံစစ်ကို အလေးထားလျက် ကာကွယ်စောင့်ရှောက်ခဲ့သော တပ်ကိုကွပ်ကဲသူ ဗိုလ်မှူးကြီး ရောဗတ်ဗေဒင်ပိုဝယ်သည် သူ၏ဦးနှောက်ထဲတွင် သည်လောက်ကာလကြာမြင့်သည့် ရန်သူတွေ ဝိုင်းပိတ်ထားသော နေရာကလေးမှာပင် လူငယ်လူရွယ်များ လေလွင့်မှု၊ တလွဲပျက်သုဉ်းသွားကြမည့်အရေးမှ ကာကွယ်သည့်သဘောဖြင့် လူငယ်လေ့ကျင့်ပျိုးထောင်ရေး၊ လူငယ်လူရွယ်များအား လူကောင်းလူတော်၊ လူရည်ချွန်လူရည်မွန်ဖြစ်ရန် အကျင့်စာရိတ္တမြင့်မားအောင် ကလေးများအား မွေးထုတ်ပေးနိုင်ခဲ့ပေ၏။

ဤကင်းထောက်လုပ်ငန်းကို စတင်ပျိုးထောင်ပေးခဲ့သည့် ကင်းထောက်တို့၏ ဖခင်ကြီးဖြစ်လာရပါလေသည်။ လူငယ်ကလေးများအား ကင်းထောက်လုပ်ငန်းဖြစ်သော တစ်ကိုယ်ကောင်းစိတ်ပယ်ရှားရေး၊ လူ့ကျင့်ဝတ်ကို သိနားလည်ရေး၊ စာပို့သတင်းပို့လုလင်များ၊ ရှေးဦးသူနာပြုကလေးများ၊ ကင်းထောက်လုလင်ကောင်းများအဖြစ် သင်ကြားပေးခဲ့လေသည်။ ရောဗတ်ဗေဒင်ပိုဝယ်သည် ယင်းမက်ဖကင်းမြို့အား ခုခံကာကွယ်ပေးနိုင်ခြင်းကြောင့် ဒုတိယဗိုလ်ချုပ်ကြီးရာထူးသို့ တိုးမြှင့်ခန့်ထားခံရပြီး ၁၉၂၉ ခုနှစ်မှစ၍ စစ်သူရဲကောင်းဆုမဲရွှန်ဘွဲ့ ချီးမြှင့်ခြင်းခံခဲ့ရသလို စစ်ဗျူဟာနှင့်ဆိုင်သော စာအုပ်အနည်းငယ်နှင့် ကင်းထောက်လုလင် လူမှုရေးလုပ်ငန်းစာအုပ်ကို ထုတ်ဝေခဲ့ခြင်းကြောင့် ၁၉၃၇ ခုနှစ်တွင် အော်ဒါအော့မဲရစ်ဘွဲ့တံဆိပ်၊ လူမှုလှုပ်ရှားမှုဘွဲ့တို့ ရရှိခဲ့ပါတော့သည်။ ယင်းဗေဒင်ပိုဝယ်ကို တစ်ကမ္ဘာလုံး၏ ကင်းထောက်ဖခင်ကြီးအဖြစ် ကျော်ကြားခဲ့ပါတော့သည်။

ထိုနည်းတူစွာပင် ဩစတြီးယန်းနှင့် ပြင်သစ်က တစ်ဖက်၊ ဩစတြီးယားကတစ်ဖက် ဖြစ်ပွားခဲ့သော ၁၈၅၉ ခုနှစ် အီတလီမြောက်ဘက်ပိုင်း လွင်ဘာဒီဒေသ၌ ဖြစ်ပွားခဲ့သော ဆိုဖာရီနိုစစ်ပွဲကြီးကား မီးခိုးတွေက အလိမ်းလိမ်း၊ သွေးများက ချောင်းသဖွယ် ညနေ နေဝင်ရီတရောမှာ ဒဏ်ရာရသူစစ်သည် ၄၀၀၀၀ ကျော်၏ညည်းညူအော်မြည်ငိုကြွေးသံကို ဂျုံစိုက်ခင်းနှင့်ဂျုံစက်ရုံများတည်ထောင်သူ ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့်သည် မိမိ၏ စီးပွားရေးအတွက် ဂျုံစိုက်မြေများလိုက်လံဝယ်ယူရာ မြင်းလှည်းပေါ်မှကြားသိရကာ လူနာများ၏ အော်မြည်ငိုကြွေးသံများကို ဖေးမကူညီပေးခြင်း၊ ဒဏ်ရာရသူတို့အား ပြုစုပေးခြင်း ရှေးဦးသူနာပြုလုပ်ငန်းများကို ဆောင်ရွက်ပေးရာ ယင်း၏ စီးပွားရေးလုပ်ငန်းကိုပါ ပစ်ပယ်ပြီး စစ်၏အနိဋ္ဌာရုံများ၊ ဆိုဖာရီနိုသတိရဖွယ်ရာစာအုပ်ကို ရေးသားထုတ်ဝေခဲ့ပြီး ရှေးဦးသူနာပြုလုပ်ငန်းများ(ကြက်ခြေနီ)လူမှုကရုဏာလုပ်ငန်းကို စတင်မွေးဖွားပေးခဲ့လေသည်။ လူမှုကယ်ဆယ်ရေးလုပ်ငန်းတစ်ခု ကမ္ဘာပေါ်၌ ကြက်ခြေနီကရုဏာရှင်လုပ်ငန်းကို ယနေ့အချိန်အထိ ကျယ်ပြန့်စွာ ဆောင်ရွက်နေကြရပေသည်။

ထို့ကြောင့် စေတနာ၊ ကရုဏာ၊ ဝါသနာ၊ အနစ်နာခံကာ ပြုစုဆောင်ရွက်ကြသော လူမှုကရုဏာလုပ်ငန်းအားလုံးတို့သည် ကြောက်မက်ထိတ်လန့်ဖွယ်ရာစစ်တလင်းများ၊ စစ်ပွဲကြီးများမှ ပေါက်ဖွားလာကြောင်း လေ့လာတွေ့ရှိရပါသည်။

ကရုဏာလူမှုရေးလုပ်ငန်းများဖြစ်ကြသော ဖလော်ရင့်နိုက်တင်ဂေး(မီးအိမ်ရှင်မ)၏ သူနာပြုလုပ်ငန်း ကရိုင်းမီးယားစစ်ပွဲမှာ ပေါ်ပေါက်လာခဲ့ရသလို ဗိုးဝါးစစ်ပွဲကြီး၏ သူရဲကောင်း ဒုဗိုလ်ချုပ်ဗေဒင်ပိုဝယ်၏ လူငယ်လူရွယ်များ မလေလွင့်စေရန် လူကောင်း၊ လူချွန်၊ လူရည်မွန်ဖြစ်စေသော ကင်းထောက်လုပ်ငန်းနှင့်ဆိုဖာရီနို အနိဋ္ဌာရုံစစ်မြေပြင်မှစတင်ခဲ့သော ကရုဏာကြက်ခြေနီရှေးဦးသူနာပြုလုပ်ငန်းတို့သည် စစ်မြေပြင်မှတစ်ဆင့် ငြိမ်းချမ်းအေးမြသော လူမှုကရုဏာလုပ်ငန်းများကို ဖြစ်တည်ပေါ်ထွန်းလာရခဲ့ရပါတော့သည်။

ဤကဲ့သို့သော လူမှုကရုဏာလုပ်ငန်းတို့သည် ဤခေတ် ဤအခါမှ ပေါ်ထွန်းလာရခြင်းဖြစ်သည်မှာ မှန်ကန်သော်လည်း ထိုကရုဏာလုပ်ငန်းကို ဗုဒ္ဓဘုရားရှင်လက်ထက်တော်ကတည်းက ရှိနှင့်ပြီးဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဂေါတမဗုဒ္ဓမြတ်စွာဘုရားသည် သာဝတ္ထိတိုင်း ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်က တပည့်သားသံဃာတော်တို့မှာ ဘုရားကိုရှိခိုးပူဇော်ကြည်ညိုကြရာ မြတ်စွာဘုရားက ရဟန်းသံဃာတော်တို့အား ငါ့ကိုကြည်ညိုပူဇော်နေခြင်းနှင့် ဂိလာနရဟန်းတို့အား ပြုစုစောင့်ရှောက်ခြင်းသည်ကား အတူတူပင်ဖြစ်ခြင်းကြောင့် နာမကျန်းသော ရဟန်းသံဃာတော်တို့အား စောင့်ရှောက်ပြုစုကြကုန်လော့ဟု မိန့်မှာကာ ဘုရားကိုယ်တော်တိုင်လည်း ဂိလာနရဟန်းတော်တို့အား ပြုစုစောင့်ရှောက်ခြင်းတည်းဟူသော လူမှုကရုဏာလုပ်ငန်းသည် လွန်လေပြီးသောနှစ် ၂၆၀၀ ကျော်ကတည်းက ရှိနေခဲ့ကြောင်း လေ့လာမှတ်သားတင်ပြရပါပေသည်။

အချုပ်အားဖြင့်ဆိုရပါလျှင် ကမ္ဘာပေါ်၌ ကရုဏာလုပ်ငန်းအားလုံးတို့သည် စစ်ပွဲများအပေါ် အခြေခံကာ လူမှုသောကဒုက္ခများမှ ကယ်တင်နိုင်ရေးအတွက် ဖွဲ့စည်းထားခဲ့သော အဖွဲ့များဖြစ်ကြသော်လည်း ဗုဒ္ဓဂေါတမမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ လူမှုကရုဏာလုပ်ငန်းများမှ ငြိမ်းချမ်းသောကာလ၊ တည်ငြိမ်အေးချမ်းသည့်ကာလအခါကတည်းကရှိခဲ့ကြောင်း ကမ္ဘာပေါ်ရှိ လူမှုကရုဏာလုပ်ငန်း၏ဖြစ်တည်လာမှုအား ရေးသားဖော်ညွှန်းတင်ပြလိုက်ရပါတော့သတည်း။

**(ရွှေတိုင်လွင်)**

# ပြည်သူများပူးပေါင်းပါဝင်မှုရှိသော အောက်ခြေမှ စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၄

**ပြည်သူများပူးပေါင်းပါဝင်မှုရှိသော အောက်ခြေမှစီမံကိန်းရေးဆွဲခြင်းဆိုင်ရာလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က စီမံကိန်းများ ရေးဆွဲရာတွင် ခေတ်အဆက်ဆက် Top-Down နည်းလမ်းဖြင့် ရေးဆွဲအကောင်အထည်ဖော်ခဲ့ရာမှ ယခုအခါ Bottom-Up နည်းလမ်းဖြင့် စီးပွားရေးမူဝါဒများ၊ ဦးတည်ချက်များကို အောက်ခြေအဖွဲ့အစည်းများမှ မည်ကဲ့သို့ အကောင်အထည်ဖော်ရေးဆွဲမည်ကို တင်ပြကြရန်ဖြစ်ကြောင်း။**

အမျိုးသား ဖွံ့ဖြိုးတိုးတက်မှု ပထမ(၅) နှစ် စီမံကိန်းကို ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု (People Centered Development)အဖြစ် အကောင်အထည်ဖော်နေပြီဖြစ်၍ စွမ်းဆောင်ရည်မြှင့်မားရေး(Capacity Building)၊ အသိပညာဖလှယ်ရေး(Klowledge Sharing) များပြုလုပ်ရန် လိုအပ်ကြောင်း၊ ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုတွင် တကယ်လိုအပ်နေသော အရာများကို ဖြည့်ဆည်းနိုင်ရန်အတွက် မည်ကဲ့သို့ အကောင်အထည်ဖော်မည်ကို စဉ်းစားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မိမိတို့တွင် Capacity များရှိပြီးဖြစ်၍ Attitude,Opinion များ ပြောင်းလဲပြီးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စီမံကိန်းများ ရေးဆွဲရာတွင် ကန့်သတ်ချက်၊ သတ်မှတ်ချက်များကို အကောင်းဆုံးနည်းလမ်းဖြင့် ရွေးချယ်အသုံးပြုရန်နှင့် အားနည်းချက်များတွေ့လျှင် Option ရအောင်ရှာပြီး ဖြေရှင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အောင်မြင်သော နိုင်ငံများနှင့် အအောင်မြင်ဆုံး နိုင်ငံများကို ဥပမာယူ၍ စီမံကိန်းများကို ရေးဆွဲကြရန်ဖြစ်ကြောင်း၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ သယ်ယူပို့ဆောင်ရေး ကဏ္ဍများစသော ဦးစားပေးကဏ္ဍများကို လမ်းညွှန်ချက်ရရှိပြီးဖြစ်၍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဖြေရရှိ၊ ရောက်ရှိနိုင်အောင် ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ Action Aid (Myanmar)အဖွဲ့မှ မစ္စတာ တူဟာစ် အိုင်ဘင်ဖာရစ်က ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များနှင့် ပူးပေါင်းကူညီဆောင်ရွက်မည့်အစီအစဉ်များအားလည်းကောင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင့်က ဝန်ကြီးဌာန၏ ဘုံမျှော်မှန်းချက်အပေါ် မူတည်၍ မည်သူက မည်သည့်အဆင့်တွင် ပူးပေါင်းကူညီနိုင်ရန် စိတ်ပါဝင်စားမှုကို ဖော်ထုတ်ခြင်းအားလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထန်ဒိုးကျင့်က မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသော နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် စီမံကိန်းရေးဆွဲခြင်းများအားလည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်သီတာမြင့်က အနာဂတ်လုပ်ငန်းအစီအစဉ်များအားလည်းကောင်း ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို Action Aid (Myanmar)၏ နည်းပညာအကူအညီဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# လေပြင်းတိုက်၍ မြန်မာ့မီးရထား ဝန်ထမ်းအိမ်ရာ သစ်ပင်ပိ

**မြစ်ငယ် စက်တင်ဘာ ၁၄**

စက်တင်ဘာ ၁၃ ရက် ညနေ ၄ နာရီက အမရပူရမြို့နယ် မြစ်ငယ်မြို့တွင် လေပြင်းတိုက်မှုကြောင့် အိမ်ပေါ် သစ်ပင်ပြိုကျမှုတစ်ခုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ မြစ်ငယ်မြို့ အောင်မင်္ဂလာ

ရပ်ကွက် မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံမြစ်ငယ်ဝန်ထမ်းအိမ်ရာတွင် နေထိုင်သော ဝန်ထမ်းဖြစ်သူ ဦးချမ်းသာ၏ နေအိမ်ပေါ်သို့ လေပြင်းတိုက်ခတ်မှုကြောင့် သရင်းကြီး တစ်ပင်ပြိုလဲကျရာတွင် အဆိုပါအခန်းတွင် နေထိုင်သော လူ၊ တိရစ္ဆာန်များ တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း သိရသည်။ အလားတူ လေပြင်းတိုက်ခတ်မှုကြောင့် မြစ်ငယ်မြို့ အောင်ချမ်းသာ ရပ်ကွက်နေ ဦးသန်းမောင်ဆိုသူ၏ နေအိမ်ပေါ်သို့ တမာပင်တစ်ပင် ပြိုကျမှုပါဖြစ်ပွားခဲ့သည်။ "မြစ်ငယ်မြို့မှာ အခုတလော မီးဘေးရော၊ရေဘေးရော၊ လေဘေးပါ ကြုံတွေ့နေရတယ်"ဟု သစ်ပင်လဲရာတွင် လာရောက်ကြည့်သူတစ်ဦးက ပြောသည်။

**(မောင်မောင်စိုး-မြစ်ငယ်)**

## နည်းပညာသတင်း

TIKILA

# တစ်နာရီလျှင် မိုင် ၃၁၀ နှုန်းဖြင့် အမြန်ရထားပြေးဆွဲမည့် ဂျပန်နိုင်ငံ

နေ့စဉ်တိုးတက်လျက်ရှိသော အာရှ၏နည်းပညာအင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံသည် ပြီးခဲ့သည့် ရက်သတ္တပတ်က မြန်နှုန်းမြင့်ကျည်ဆန်ရထားတစ်မျိုးကို စမ်းသပ်မောင်းနှင်မှုတစ်ခုပြုလုပ်သွားခဲ့သည်။ အဆိုပါ အမြန်ရထားကို ဂျပန်နိုင်ငံအခြေစိုက် Central Japan Railway လုပ်ငန်းမှ တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ပြီး အဆိုပါမြန်နှုန်းမြင့်မီးရထားပို့ဆောင်ရေးလုပ်ငန်းများကို ၅၂ ဘီလီယံတန်ဖိုးခန့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသည်ဟု သိရသည်။ ယင်းအမြန်ရထားသည် လျှပ်စစ်သံလိုက်စွမ်းအင်ဖြင့် မောင်းနှင်မည်ဖြစ်ပြီး ယခုအချိန်တွင် စမ်းသပ်တည်ဆောက်ဆဲကာလဖြစ်သည်ဟု သိရသည်။ အဆိုပါအမြန်ရထားကို L-Zero Maglev Train ဟု အမည်ပေးထားပြီး တစ်နာရီလျှင် မိုင် ၃၁၀ နှုန်းအထိ ပြေးဆွဲနိုင်ရန်လည်း စီစဉ်လျက်ရှိကြောင်းသိရသည်။ အဆိုပါ မြန်နှုန်းမြင့်ရထားသည် မြို့တော်တိုကျိုမှ နာဂိုယာအထိ ခရီးမိုင်အကွာအဝေး ၁၇၇ မိုင်ကို အချိန်မိနစ် ၄၀ မျှဖြင့် ရောက်ရှိနိုင်ကြောင်းကို ယခုစမ်းသပ်တည်ဆောက်ဆဲကာလ အကြိုပြေးဆွဲမှုပြုလုပ်ရာတွင် ပြသနိုင်ခဲ့သည်ဟု ဂျပန်နိုင်ငံ၏ ပြန်ကြားရေးစာမျက်နှာများတွင် တွေ့ရှိရသည်။ မြန်နှုန်းမြင့်ရထားကြီးကို တည်ဆောက်နေရခြင်းသာမက အဆိုပါ ရထားပြေးဆွဲရန်အတွက် ပြေးလမ်းကြောင်းများဖြစ်သည့် လျှပ်စစ်သံလိုက်လမ်းကြောင်းများကိုလည်း ရထား၏ အမြန်နှုန်းနှင့် အလေးချိန်ကိုပါ ခံနိုင်ရည်ရှိစေရန် တည်ဆောက်နေရခြင်းကြောင့် လာမည့် ၂၀၂၇ ခုနှစ်မှသာ တရားဝင် ပြေးဆွဲမှုပြုလုပ်နိုင်မည်ဖြစ်ကြောင်းကိုလည်း အဆိုပါစာမျက်နှာများတွင် တွေ့ရှိရသည်။ တရုတ်နိုင်ငံတွင် တစ်နာရီလျှင် မိုင် ၂၀၀ နီးပါးခန့်မြန်နှုန်းမြင့် အမြန်ရထားပြေးဆွဲမှုစတင်ချိန်မှာပင် ဂျပန်နိုင်ငံ၏ ထိပ်တန်းမြန်နှုန်းမြင့်ရထားလုပ်ငန်းမှ တစ်နာရီလျှင် မိုင် ၃၁၀ ဖြင့် ပြေးဆွဲနိုင်ရန် အစီအစဉ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံတွင် တည်ဆောက်လျက်ရှိသော အဆိုပါမြန်နှုန်းမြင့်ရထား L-Zero သာ အမှန်တကယ်ပြေးဆွဲနိုင်ခဲ့ပါက ကမ္ဘာ့အမြန်ဆုံးရထားတစ်စီး ဖြစ်လာနိုင်ဖွယ်ရှိသည်ဟုလည်း သိရှိရသည်။ ၎င်းတို့တည်ဆောက်လျက်ရှိသော ရထား၏မြန်နှုန်းကို လိုက်ပါစီးနင်းသူခရီးသည်များ အဆင်ပြေမှုရှိစေရန်လည်း ရထားအတွင်းပိုင်းတွင် ဆန်းပြားသည့်နည်းပညာများ ထည့်သွင်းတည်ဆောက်သွားရန်လည်း စီစဉ်လျက်ရှိနေကြောင်း သိရှိရသည်။ ၎င်းမြန်နှုန်းမြင့်ရထားကို လေယာဉ်ပျံများကဲ့သို့ သံလိုက်စွမ်းအားဖြင့် လေထဲတွင်ပျံသန်းနေရသကဲ့သို့ ပြေးလမ်းများပေါ်တွင် လျှပ်စစ်သံလိုက်လမ်းကြောင်းများနှင့် ထိန်းချုပ် အာရုံခံစနစ်များလည်း တပ်ဆင်တည်ဆောက်သွားမည်ဟု သိရှိရသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများ လျှော့ချပေးနိုင်ရန်အတွက် အဆိုပါလျှပ်စစ်သံလိုက်စွမ်းအင်စနစ်ကို အသုံးပြုမောင်းနှင်စေခြင်းဖြစ်သည်ဟု အဆိုပါ မြန်နှုန်းမြင့်ရထားတည်ဆောက်ရေးလုပ်ငန်းက တာဝန်ခံအင်ဂျင်နီယာတစ်ဦးက စာမျက်နှာများတွင် ရေးသားဖော်ပြထားသည်ကိုလည်း တွေ့ရှိရသည်။

# တရားမဝင်ကျွန်းသစ်များ ဖမ်းဆီးရမိ

**ရန်ကုန် စက်တင်ဘာ ၁၄**

၇ခ/--- (နစ်ဆန်း အက်တလက်၊ အဖြူရောင်အပြာစင်း) ယာဉ်သည် စက်တင်ဘာ ၁၂ ရက် ညနေ ၄ နာရီတွင် တရားမဝင်ကျွန်းသစ်ခွဲသားနှင့် ကျွန်းတံခါးများ သယ်ဆောင်လာကြောင်း သတင်းရရှိ၍ မှော်ဘီမြို့ သစ်တောဦးစီးအရာရှိ ဦးမြင့်ထွန်း ဦးဆောင်သောအဖွဲ့က ရွှေမြယာလမ်းဆုံတွင် တားဆီးစစ်ဆေးရာ ရပ်တန့်ခြင်းမရှိဘဲ မှော်ဘီမြို့ဘက်သို့ မောင်းနှင်သွားပြီး မြောင်းတကာစက်မှုဇုန်ဝင်ပေါက်မှ တိုက်ကြီးမြို့ဘက်သို့ ပြန်လှည့်မောင်းပြေးသဖြင့် တိုက်ကြီး သစ်တောဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြားပြီး မှော်ဘီမြို့နယ် သစ်တောဦးစီးဌာန ဖမ်းဆီးရေးအဖွဲ့က ထပ်ကြပ်မကွာ လိုက်လံဖမ်းဆီးခဲ့သည်။

တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ် ဦးဆောင်သောအဖွဲ့က တိုးဂိတ်နှင့် တိုက်ကြီး-ဖောင်ကြီးလမ်းဆုံတွင် အဖွဲ့နှစ်ဖွဲ့ဖြင့် စောင့်ဆိုင်းပိတ်ဆို့ခဲ့ရာ ကားမှာရပ်တန့်ခြင်းမရှိဘဲ အရှိန်ပြင်းစွာဖြင့်တိုးဂိတ်ကတ္တားပေါ်မှ မောင်းနှင်သွားရာ တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်သစ်တောအဖွဲ့များ ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးရာ တိုက်ကြီးမြို့လယ် ကားဂိတ် (သဟာယကဖီး) ရှေ့ ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ် (၄၈/၅)ဖာလုံအနီး ညနေ ၆ နာရီတွင် ဖမ်းမိခဲ့သည်။ အဆိုပါ ယာဉ်ပေါ် ပါလာသူနှစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်ခဲ့ရာ မှော်ဘီ၊ တိုက်ကြီး သစ်တောဝန်ထမ်းများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းပါဝင်ဖမ်းဆီးခဲ့ပြီး ရဲစခန်းသို့ အပ်နှံကြောင်း သိရသည်။

အဆိုပါ ယာဉ်ပေါ်တွင် ကျွန်းခွဲသား အချောင်း ၉၀ (၁ဒသမ ၆၁၇၆ တန်)၊ ကျွန်းတံခါးရွက် ၁၂၄ ချပ်(၂ ဒသမ ၂၀၉၀ တန်)စုစုပေါင်း၃ ဒသမ ၈၄၆၆ တန်နှင့်အတူ ယာဉ်မောင်း၊ ယာဉ်ပိုင်ရှင်၊ သစ်ပိုင်ရှင်မှာ ဦးတိုးနိုင် (၄၂)နှစ် ရွှေထည်(၁)ကွက်သစ် ပေါင်းတည်မြို့နှင့် ယာဉ်ပေါ်ပါ ဦးသိန်းဝင်း (၃၈)နှစ် မင်းကွက်(၃)ရပ်ကွက် ပေါင်းတည်မြို့မှ ဖြစ်ကြောင်း သိရသည်။ ယာဉ်ပေါ်ပါ ကျွန်းခွဲသားနှင့် ကျွန်းတံခါးရွက်များအား နဝင်းရပ်ကွက် ပြည်မြို့ရှိ ဂိုထောင်တစ်ခုမှ သယ်ဆောင်လာကြောင်း သိရသည်။ အဆိုပါ ပစ္စည်းများနှင့် သယ်ဆောင်လာသူများအား သစ်တောဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ်က တိုက်ကြီးမြို့ ရဲစခန်းသို့ အမှု ဖွင့်တိုင်ကြားရာ ရဲစခန်းက (ပ) ၂၆၆/ ၁၃၊ ပပက(၁)ဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ယာဉ်စည်းကမ်းနှင့် ရေယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီစည်းဝေး

**နေပြည်တော် စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ယာဉ်စည်းကမ်း/ရေယာဉ် စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီတွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမောင်မောင်ဝင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်းနှင့် တာဝန်ရှိသူများက ယာဉ်စည်းကမ်း/ရေယာဉ်စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အားကစားမြင့်တင် စိတ်လန်းရွှင်**

**ဆန့်ကျင် မူးယစ်ဆေး**

# ချင်းပြည်နယ်တွင် တောခွေးများသောင်းကျန်းသဖြင့် ဖမ်းဆီးနိုင်သူအား ကျပ်ငွေတစ်သောင်းဆုချီးမြှင့်မည်

**တီးတိန် စက်တင်ဘာ ၁၄**

ချင်းပြည်နယ် ကျေးရွာအချို့တွင် တောခွေးများသည် အိမ်မွေးတိရစ္ဆာန်များအား ကိုက်ဖြတ်စားသောက်မှုများရှိနေသဖြင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်လိုသည့်ဆန္ဒဖြင့် တောခွေးတစ်ကောင်သတ်ဖြတ်ဖမ်းဆီးနိုင်သူအား ကျပ်ငွေတစ်သောင်းနှုန်း ဆုချရန် ယခုစက်တင်ဘာလမှစ၍ ချင်းပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများထံ အသိပေးထားကြောင်း သိရသည်။

ချင်းပြည်နယ်အတွင်း ဒေသခံများသည် အဓိကအားဖြင့် နွားနောက်၊ ကျွဲ၊ နွား၊ မြင်း၊ ဆိတ်၊ ဝက်နှင့် ကြက်များကို မိသားစုတစ်ပိုင်တစ်နိုင်မွေးမြူကြပြီး မြေခွေးများသည် ကျေးရွာအနီးပတ်ဝန်းကျင်ရှိ သစ်ခေါင်း၊ ကျောက်ဂူများတွင် ခိုအောင်း၍ အိမ်မွေးခွေး၊ ဝက်ပေါက်စနှင့် ကြက်များအား ကိုက်သတ်နေကြကြောင်း သိရသည်။

**ဇိုဟေဆာ(ချင်းတောင်ခြေ)**

# အခြေခံ ကရာတေးသင်တန်းဆင်း

**မန္တလေး စက်တင်ဘာ ၁၄**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)၏ အခြေခံကရာတေးသင်တန်းဆင်းပွဲနှင့် စွမ်းရည်ပြပွဲကို စက်တင်ဘာ ၆ရက် ညနေ ၃ နာရီခွဲက အဆိုပါ တက္ကသိုလ်၌ ကျင်းပရာ စိတ်ပါဝင်စားသူ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးကြသည်။

ယင်းစွမ်းရည်ပြပွဲတွင် သင်တန်းဆင်း သင်တန်းသားများက ကရာတေးအခြေခံကစားကွက်များ၊ အခြေခံခတများနှင့် အခြေခံခုခံတိုက်ခိုက်ချက်များ၊ ခါးစည်းမြင့်ကျောင်းသားများနှင့် ဆရာများက အဆင့်မြင့်ခတများနှင့် အဆင့်မြင့် ခုခံတိုက်ခိုက်ချက်များကို သရုပ်ပြသကြကြောင်း သိရသည်။ **(သွား/ဆေး)**


**BENAMIDAR ဖြစ်သူလင်ဖုန် (ခ) ဒေါ်ကြည်ကြည်မြစိန် (၁၃/တယန (နိုင်)၀၀၀၁၂၅)နှင့် ရှောက်တုန် (ခ) ကိုကျော်နိုင်ဝင်း (၁၃/တယန (နိုင်)၀၀၀၂၁၇)နှင့် အများခပ်သိမ်းသိရှိရန်ကြေညာချက်**

ကျွန်ုပ်တို့၏ အမှုသည်များဖြစ်ကြသော Mr. ANDREW YIN (ခ) ဦးအောင်မြင့် (Passport No. 300134257)နှင့် ဇနီးဒေါ်ဝါဝါမိုး(၉/မကန (နိုင်)၁၃၈၀၀၀)ပိုင်ရှင်၊ကြယ်စင်ဝိုင်းအထည်ချုပ်စက်ရုံ-အမှတ်(၅)၊(၆)၊(၇)၊ (၈)၊မြစ်ကြီးနားလမ်း၊ စက်မှုဇုန်(၁)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြားသိစေအပ်သည်မှာ-

တရုတ် (တိုင်ပေ) TAIWAN နိုင်ငံရှိ YINEX CO., Ltd . ပိုင်ရှင် Mr. ANDREW YIN သည် မြန်မာနိုင်ငံတွင်စီးပွား ရေးလုပ်ငန်းများ လုပ်ကိုင်လိုသောကြောင့် ဖော်ပြပါလိပ်စာ ရှိ ဂရန်မြေကွက်(၄)ကွက်နှင့် မြေပေါ်ရှိယခင် WINNER WORLD အထည်ချုပ်စက်ရုံနှင့် စက်ပစ္စည်းများကို မူလပိုင်ရှင် ရန်မေကြူ (ခ) ဒေါ်မိုးမိုးအေးထံမှ ကာလတန်ဖိုး USD 100000/-(အမေရိကန်ဒေါ်လာတစ်သိန်းတိတိ)ကို (၆)ရစ်ခွဲ၍ နိုင်လုံသောအထောက်အထားများဖြင့် ဝယ်ယူခဲ့ပြီးနောက်၊ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ ရင်းနှီးမြှုပ်နှံသူMr. ANDREW YIN သည် နိုင်ငံခြားသားဖြစ်နေသောကြောင့် ရန်ကုန်မြို့စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ ရေစစ္စတြီစာချုပ်အမှတ် - (၄၀၀၇/ ၂၀၀၄) (၁၇-၁၂-၂၀၀၄) တွင် အစ်မအရင်းဖြစ်သူ ဧည့်နိုင်ငံသားလင်ဖုန်အားအမည်ငှားဝယ်ယူသူ BENAMIDAR အဖြစ်ယုံကြည်အပ်နှံ လျက်အမည်ခံစာချုပ်ချုပ်စေခဲ့ခြင်းဖြစ်ပါသည်။

သို့ပါ၍ ကျွန်ုပ်တို့အမှုသည်များ၏ လက်ရှိပိုင်ဆိုင်အမည်ပေါက် စီးပွားလုပ်ကိုင်နေသော ဖော်ပြပါစက်ရုံနှင့် မြေဥပစာများ၏အကျိုးကျေးဇူးနှင့် လုံးဝမသက် ဆိုင်သော လင်ဖုန်နှင့် ရှောက်တုန်တို့ထံမှ ဖော်ပြပါ ဥပစာများ၏ပိုင်ဆိုင်ခွင့် စာရွက် စာတမ်းများကို မည်သူကမဆိုလွှဲပြောင်းဝယ်ယူခြင်းမပြုပါရန်နှင့် မည်သည့် လွှဲပြောင်းမှုမဆိုပြုလုပ်ပါက ဥပဒေအရ မူလကပင် ပျက်ပြယ်ခြင်း ( ANNULMENT AND VOID) ဖြစ်သည့်အပြင်၊ နိုင်ငံပိုင်သတင်းစာမှ ယခုအတိအလင်းကြေညာပါလျက် ဤကြေညာချက်ကိုမသိရှိပါဟူသော အကြောင်းပြချက်ဖြင့် ဥပဒေ၏ အကာအကွယ်ကိုရလိမ့်မည်မဟုတ်ပါကြောင်း သူခပ်သိမ်းသို့ကြားသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**

**Mr.ANDREW YIN ၊ ဒေါ်ဝါဝါမိုး**

ကြယ်စင်ဝိုင်းအထည်ချုပ်စက်ရုံ
အမှတ် (၅)၊ (၆)၊ (၇)၊ (၈)မြစ်ကြီးနား လမ်း၊
စက်မှုဇုန် (၁)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း -၀၉ ၅၁၅၈၄၅၆၊ ၀၁၅၉၅၁၇၆။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးသိုက်ထွန်း**
MA (BUSINESS LAW),
MA (ANTHROPOLOGY,Part-1)
BA,(GEOG.),RL,HGP,DBL,DIL,DAE,
CIP-WIPO (SWITZERLAND)

**ဒေါ်မြင့်မြင့်စိန်**
MA (Business Law),
LLB,DA,DBL,BIL,DML,Global English,
DL (101)(201)(WIPO)-GENEVA

**တရားလွှတ်တော်ရှေ့နေများ**

အမှတ်-၁၀/၁၂၊အခန်း(၀၀၄-အေ)၃၅-လမ်းအောက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၉၇၃၀၈၇၆၂၂၊ ၀၉-၅၀၇၈၇၂၀

**အရပ်ရပ်ကြော်ငြာစာ**

**အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ**

**လျှောက်ထားကြောင်းအကြောင်းကြားစာ**

**(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ-အက်ဥပဒေပုဒ်မ-၃၇၃)**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌**

**၂၀၁၃ခုနှစ်၊ တရားမအထွေထွေအမှုအမှတ်-၁၇၁**

ကွယ်လွန်သူ ဦးစိန်သန်း ကျန်ရှိရစ်သော ပစ္စည်းအကြောင်း

ဒေါ်ခင်လေးဝင်း လျှောက်ထားသူ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ မေတ္တာလမ်း၊ အိမ်အမှတ် (၅၂၂) တွင် နေထိုင်သူ ဒေါ်ခင်လေးဝင်းက ကွယ်လွန်သူ ဦးစိန်သန်း၏ ဇနီးဖြစ်သူဟူ၍ ရန်ကုန်မြို့၊ မြဝတီဘဏ်ရုံးချုပ်၊ ရန်ကုန်တွင် ကွယ်လွန်သူ ဦးစိန်သန်း၏ စုဆောင်းငွေကျပ် (၅၀,၃၈၄,၄၁၆/၁၉ ပြား) ကို ထုတ်ယူနိုင်ရန်နှင့် ကျန်ရှိရစ်သောပစ္စည်းရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ-အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးစိန်သန်းမှာ ကျန်ရှိသော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ(၂၆)ရက် (၁၃၇၅ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်ခင်လေးဝင်း၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ်၊ စက်တင်ဘာလ(၁၂)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

ဝါဝါထွန်း
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

# ကျရာဇာတ်ရုပ်ကို အပီပြင်ဆုံးဖြစ်အောင် သရုပ်ဆောင်နိုင်ခဲ့သည့် မြန်မာ့ရုပ်ရှင်လောက၏ နာမည်ကျော် ရုပ်ရှင်သရုပ်ဆောင်ဒေါ်မြလေး

ဇာတ်ကားကောင်းတစ်ကားဖန်တီးရာတွင် မင်းသား၊ မင်းသမီး၊ ဒါရိုက်တာ စသည်တို့ချည်းသက်သက်သာ တစ်ဦးကောင်း တစ်ယောက်ကောင်း လုပ်၍ မရဘဲ ဇာတ်ပို့ဇာတ်ရံကောင်းများ၏ အကူအညီအထောက်အပံ့သည်လည်း များစွာလိုအပ်ပါသည်။

အထူးသဖြင့် မြန်မာ့ရုပ်ရှင်လောက၏ ခေတ်ဦးဟုပင်ဆိုရလောက်သည့် အသံတိတ်ရုပ်ရှင်ဇာတ်ကားများ ပြသစဉ်ကတည်းက မင်းသား၊ မင်းသမီးများကို တစ်ဦးကောင်းတစ်ယောက်ကောင်း အစွဲထားပြီးရိုက်ကူးခြင်းမျိုးမဟုတ်ဘဲ ဝါရင့်ဇာတ်ပို့ပညာရှင်ကြီးတွေက မင်းသားငယ်၊ မင်းသမီးငယ်များပင်ဖြစ်စေကာမူ ၎င်းတို့ကဘေးမှ ဝိုင်းဝန်းဖေးမကာ ဇာတ်ကို အကောင်းဆုံးသရုပ်ဆောင်သွားနိုင်ခဲ့ကြပါသည်။

ခေတ်ဟောင်းမြန်မာ့ရုပ်ရှင်လောကမှ ဖြစ်သော်လည်း ယနေ့ထက်တိုင် လူသိများကြသည့်ဇာတ်ပို့တစ်ဦးမှာ 'မပြောချင်ဘူး၊ ပြောကိုမပြောချင်ဘူး' ဟူသော လက်သုံးစကားကို နှာသံလေးနှင့် နှစ်လိုဖွယ်ပြောတတ်သူ ရုပ်ရှင်သရုပ်ဆောင် ဒေါ်မြလေးပင်ဖြစ်ပါသည်။

ရုပ်ရှင်သရုပ်ဆောင် ဒေါ်မြလေး၏ အမည်ရင်းမှာ မသိန်းမြဖြစ်ပါသည်။ ရုပ်ရှင်လောကသို့ ဝင်ရောက်ကာမှ မမြလေးဟု အမည်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ဒေါ်မြလေးသည် တစ်ခေတ်တစ်ခါက အရေးပါသော အမျိုးသမီးဇာတ်ဆောင်တစ်ဦးဖြစ်ပြီး နောက်ပိုင်းတွင် ရုပ်ရှင်သရုပ်ဆောင်ကောင်းတို့၏ ခံယူချက်အတိုင်း ကျရာဇာတ်ရုပ်ကို မညည်းမညူ အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်နိုင်ခဲ့သူတစ်ဦးဖြစ်သည်။

'တောမြိုင်စွန်းက လွမ်းအောင်ဖန်' ဇာတ်ကားမှ စတင်ကာ ဒေါ်မြလေးနာမည်ရလာခဲ့ပြီး လန်ဒန်အတ်ရုပ်ရှင်ကုမ္ပဏီ၏ ရတနာပုံဇာတ်ကားတွင် ဏ္ဍန္ဒြေအပြည့်နှင့် ကျောင်းဆရာမလေး မအေးမြင့်အဖြစ် တည်ငြိမ်စွာ သရုပ်ဆောင်ခဲ့သည်။

ဒေါ်မြလေးသည် အစောပိုင်းဇာတ်ကားများတွင် တည်တည်တံ့တံ့ သရုပ်ဆောင်ခဲ့ရသော်လည်း လွတ်လပ်ရေးရပြီး နောက်ပိုင်း ၁၉၆၀ ပြည့်နှစ်လောက်တွင် စုန်း၊ တစ္ဆေ၊ နတ်သမိုင်းဇာတ်ကားများခေတ်စားလာသည့်အခါ ဒေါ်မြလေးက ကဝေမကြီးအဖြစ် ပင်တိုင်အဖြစ် ပရိသတ်အမုန်းခံကာ ဗီလိန်အဖြစ်သရုပ်ဆောင်ခဲ့သည်။ စစ်မဖြစ်မီကာလတွင် မိန်းမကြမ်းမြလေးဟု ခေါ်ဝေါ်ကြပြီး လူကြမ်း ဦးလှမောင်ကြီးနှင့် ဒေါ်မြလေးတို့မှာ ထိုခေတ်ထိုအခါက အလွန်အတွဲညီခဲ့ကြသူများ ဖြစ်ကြသည်။

ထို့အပြင် အောင်မြင်ရုပ်ရှင်မှရိုက်ကူးပြီး ယနေ့ခေတ်လူငယ်များအထိ ကြားဖူးနားဝရှိနေခဲ့သော ရုပ်ရှင်မင်းသမီးစန္ဒာ နှစ်ကိုယ်ခွဲ ပါဝင်သရုပ်ဆောင်ထားသည့် 'နှစ်မြွာအသည်း' ရုပ်ရှင်ကားတွင် ဒေါ်မြလေး၏ လက်သုံးစကားဖြစ်သည့် 'မပြောချင်ဘူး၊ ပြောကိုမပြောချင်ဘူး' ဟူသော စကားလေးမှာ အရပ်ထဲသို့ပင် ပျံ့နှံ့ခဲ့ပါသည်။

ဇာတ်ကား၏အဓိကဇာတ်ဆောင် မင်းသား၊ မင်းသမီးများကို အကောင်းဆုံးဇာတ်ပို့ပေးနိုင်ခဲ့သူ ရုပ်ရှင်သရုပ်ဆောင် ဒေါ်မြလေးပါဝင်သရုပ်ဆောင်ခဲ့သည့်ရှေးဟောင်းဇာတ်ကားများမှာ ဒေဝီမောင်၊ မောင့်ဒေဝီ၊ နန်းတွင်းမာယာ၊ တစ်ပြည်သူ၊ တစ်ပြည်သား၊ မြနန္ဒာ၊ သီရိရတနာ၊ သုံးပန်လှ၊ ကျိုက်ထီးရိုးသမိုင်း၊ ဒေါင်းဒင်္ဂါး၊ ဒေါင်းအလံ၊ မိန်းမလှ၊ မေဓာဝီ စသည့် ဇာတ်ကားတို့ဖြစ်သည်။

ပရိသတ်၏အမုန်းကိုရရှိမည်သိသော်လည်း မိမိကျရာဇာတ်ရုပ်ကို အပီပြင်ဆုံးဖြစ်အောင် သရုပ်ဆောင်နိုင်ခဲ့သည့် မြန်မာ့ရုပ်ရှင်လောက၏ နာမည်ကျော်လူကြမ်း၊ ဟာသသရုပ်ဆောင်ဒေါ်မြလေးသည် ၁၉၇၄ ခုနှစ်တွင် စိန်ရုပ်ရှင်ထုတ်လုပ်ရေးမှရိုက်ကူးခဲ့သည့် 'အဆိပ်ပန်းနှင့် မေတ္တာ' ဇာတ်ကားရိုက်ကူးနေစဉ်အတွင်း တင်ပဆုံရိုးကျိုးသွားခဲ့သဖြင့် နေအိမ်၌ အနားယူနေစဉ် ၁၉၇၅ ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသည်။

အနုပညာလောကအတွင်း လှုပ်ရှားနေစဉ်ကာလတွင် ဇာတ်ဆောင်မင်းသမီးအဖြစ်လည်းကောင်း၊ စုန်း၊ ကဝေဇာတ်ကားများတွင် မဲ့ကာရွဲ့ကာဖြင့် ပရိသတ်အမုန်းခံ၍လည်းကောင်း၊ နောက်ပိုင်းတွင် ဟာသသရုပ်ဆောင်အဖြစ်လည်းကောင်း ဇာတ်ကားတစ်ကား အကောင်းဆုံးဖြစ်ရေးအတွက်ကိုသာ အဓိကထားပြီး ကျရာနေရာစုံ၊ ထောင့်စုံမှ ပါဝင်ပံ့ပိုးပေးနိုင်ခဲ့သည့် ရုပ်ရှင်သရုပ်ဆောင် ဒေါ်မြလေးအား မှတ်တမ်းတင်ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**မေစန္ဒာ**

# Psy ၏ ခြေရာနင်းမည့် Crayon Pop ဂီတအဖွဲ့

ဆယ်ကျော်သက်အမျိုးသမီးငယ်ငါးဦးပါဝင်သည့် Crayon Pop ဂီတအဖွဲ့က စက်တင်ဘာ ၉ ရက်က Bba Bba Bba 2.0 အမည်ရှိ တေးသီချင်းဗီဒီယိုကို ၎င်းတို့၏ တရားဝင်ယူကျူချန်နယ်၌ လွှင့်တင်ပြသခဲ့ရာ သုံးရက်အတွင်း ကြည့်ရှုသူပရိသတ်ပေါင်း ခုနစ်သိန်းရှစ်သောင်းကျော်ရရှိခဲ့ပြီး ထိပ်ဆုံးမှရပ်တည်နေသည့်အတွက် ၎င်းတို့အဖွဲ့အား တောင်ကိုရီးယား၏ ဒုတိယ Psy ဖြစ်လာနိုင်ဖွယ်ရှိကြောင်း ဂီတပညာရှင်များက မှတ်ချက်ပြု ပြောဆိုခဲ့ကြသည်။

ယခုလက်ရှိတွင် အဆိုပါအဖွဲ့သည် တောင်ကိုရီးယား ကေပေါ့ပ်ဇယားဘေလ်ဘုတ်၌ နံပါတ်တစ်နေရာတွင် ရပ်တည်လျက်ရှိပြီး ပြီးခဲ့သည့်လက Good Morning America အစီအစဉ် တွင်ပါဝင်ခဲ့သည့် ၎င်းတို့အဖွဲ့၏ စွမ်းရည်ကို အကဲဖြတ်ပြီး အမေရိကန်ပေါ့ပ်ဂီတပညာရှင်များက Psy နောက်ကေပေါ့ပ်မျိုးဆက်သစ်အဖွဲ့ဟု အမည်ပေးထားပြီး ယခုလက်ရှိတွင် တောင်ကိုရီးယားပေါ့ပ်ပရိသတ်၏ အထူးအာရုံစိုက်ခံနေရသည့်အဖွဲ့တစ်ဖွဲ့ဖြစ်လာခဲ့သည်။

အဆိုပါ Bba Bba Bba 2.0 တေးသီချင်း ဗီဒီယိုထုတ်လုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံတကာဂီတလောကသို့ အကဖြင့်ထိုးဖောက်လိုက်ခြင်းဖြစ်ပြီး ယင်းသီချင်းသည် မူရင်းသီချင်းနှင့် များစွာကွာခြားခြင်းမရှိကြောင်း၊ Psy ၏ ဂမ်နမ်စတိုင်လ်တေးသီချင်းသည် နိုင်ငံခြားသားများ အဖို့ လိုက်ဆိုရန် အခက်အခဲ အနည်းငယ်ရှိနိုင်ပြီး Crayon Pop အဖွဲ့၏ သီချင်းမှာ နိုင်ငံခြားသားများလည်း အလွယ်တကူ လိုက်ဆိုနိုင်မည်ဖြစ်ကြောင်းနှင့် ယင်းသီချင်းကို ဆိုးလ်မြို့၏ နေရာအနှံ့တွင် ရိုက်ကူးထားသဖြင့် ကြည့်ရှုသူများအနေဖြင့် ဆိုးလ်မြို့၏ အလှအပများကိုလည်း ခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးစန္ဒာမြင့် စုစည်းရေးသားသည်**

# ကင်ဆာရောဂါဝေဒနာရှင်များအတွက် အလှူငွေများလှူဒါန်းခဲ့သည့် မင်းသမီး ကလာရာ

တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် ကလာရာက ကင်ဆာရောဂါဝေဒနာရှင်လူနာများနှင့် ခွဲစိတ်ကုသပြီး အနားယူနေရသောလူနာများအတွက် တောင်ကိုရီးယားဝမ် ၁၅ ဒသမ ၇ သန်းကို Community Chest of Korea သို့ စက်တင်ဘာ ၁၃ ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အပြင် မင်းသမီး ကလာရာက အဆိုပါအဖွဲ့အစည်းအား ဖေ့စ်ဘွတ်ခ်နှင့် တွစ်တာတို့ကဲ့သို့သော လူမှုကွန်ရက်များ တည်ထောင်နိုင်ရေးအတွက် လိုအပ်သည့် ငွေကြေးထောက်ပံ့မှုများလည်း ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ယင်းအပြင် ကလာရာအနေဖြင့် အခြားသော လုပ်အားပေးလူငယ်များအနေဖြင့်လည်း ယင်းအဖွဲ့အစည်းတွင် တစ်တပ်တစ်အားပါဝင်ကူညီဆောင်ရွက်ပေးနိုင်စေရန် ကူညီပေးသွားမည်ဖြစ်ကြောင်းနှင့် နှစ်ပေါင်းများစွာ အောင်မြင်မှုပေးခဲ့သည့် ပရိသတ်ကြီးကို ကျေးဇူးဆပ်သည့်အနေဖြင့် ယခုကဲ့သို့ ပရဟိတလုပ်ငန်းများတွင် ကူညီပေးခြင်းဖြစ်ပါကြောင်း ၎င်းက ထုတ်ဖော်ပြောကြားခဲ့သည်။

## အသိပေးကြေညာချက်

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)အတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ဆောင်ပေးလျက်ရှိသည့် မိုဘိုင်းတယ်လီဖုန်းများနှင့် ပတ်သက်၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းလိုပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းမန်နေဂျာရုံးတွင် ဖွင့်လှစ်ထားရှိသည့် Mobile Complain Centre ဖုန်း ၀၅၃-၂၆၃၃၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်မြို့။**

ငွ လွယ်ကူလေ့လာ
# သင်္ချာကမ္ဘာ
ဆရာဘိုကြီး

သင်္ချာသုဉ္ဉာလေးများကို တွက်ချက်ရင်း မိမိ၏ သင်္ချာစွမ်းရည်များ တိုးတက်လာစေရန်အတွက် ရည်ရွယ်ပါသည်။ မူလတန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူများအတွက် ကျောင်းပြင်ပလေ့လာမှုအတွက် များစွာ အထောက်အကူပြုပါသည်။

အခက်အခဲတွေကို ကျော်လွှားပြီး အောင်မြင်မှု ရှာဖွေတတ်သော ထက်မြက်သော လူငယ်များအတွက် ရည်ရွယ်ပါသည်။ ဆရာဘိုကြီး၏ ပထမစာအုပ်ဖြစ်သော သင်္ချာကစားကွင်း(ရှင်မြူးလေ့လာ ဥာဏ်စမ်းသင်္ချာစာအုပ်လည်း ဖြန့်ချိထားပါသည်။)

CityMart, TabBook Center, Ocean နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်တိုင်းတွင် မေးဝယ်ပါ။
မဇ္ဈိမစာပေ-အမှတ်(၂၃၇)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း-၃၉၂၈၃၅၊၀၉၅၀၅၆၈၄၃၊၀၉၇၃၀၅၉၈၃၅

## အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့၊ အထက (၂)၊ နဝမတန်း(H)တွင် ပညာသင်ယူလျက်ရှိသော (ဘ)ဦးမြင့်ကြည်၏သမီး အမည်မှန်မှာ မနီလာအောင် ဖြစ်ပါသည်။

**မနီလာအောင်**

## ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့၊ အထက (၂)၊ ဒသမတန်း(D)တွင် ပညာသင်ယူလျက်ရှိသော မောင်သန်းတိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်မောင် ဖြစ်ပါသည်။

**ဦးမြင့်မောင်**

**သွေးသည် အသက်**

# ဂါရတ်ဘေးလ်ထက် စီရိုနယ်လ်ဒို ဝင်ငွေပိုမိုရရှိမည်

ပေါ်တူဂီတောင်ပံကစားသမား ခရစ္စတီယာနိုရိုနယ်လ်ဒိုသည် ကမ္ဘာ့အပြောင်းအရွှေ့ဈေးကွက်တွင် ဈေးနှုန်းအများဆုံးကစားသမား မဟုတ်ခဲ့သော်လည်း စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုခဲ့ပါက ဝင်ငွေအများဆုံးကစားသမားတစ်ဦးဖြစ်လာလိမ့်မည်ဆိုသည်နှင့် ပတ်သက်၍ ကြေညာချက်တစ်ရပ်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒိုသည် စက်တင်ဘာလမကုန်မီတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ချုပ်ဆိုမည် ဖြစ်ကြောင်းလည်း သိရသည်။

စပိန်လာလီဂါကလပ်ရီးယဲလ်မက်ဒရစ်အသင်းသည် တောင်ပံကစားသမား ဂါရတ်ဘေးလ်အား ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့သော်လည်း ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒိုကိုသာလျှင် စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒိုအား ၂၀၁၈ ခုနှစ်အထိ ဘာနေဗျူးတွင် ဆက်ရှိနေမည့် ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ချုပ်ဆိုမည်ဖြစ်ရာ လုပ်ခလစာသည် ယူရို ၁၅ သန်း ထပ်တိုးရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

ပေါ်တူဂီတောင်ပံကစားသမား စီရိုနယ်လ်ဒို၏ လက်ရှိစာချုပ်သက်တမ်းသည် ၂၀၁၅ ခုနှစ်တွင် ကုန်ဆုံးတော့မည်ဖြစ်သည်။ ထို့ကြောင့် ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် စီရိုနယ်လ်ဒိုအား ယခုလကုန်ပိုင်းတွင် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုလိမ့်မည်ဟု ယုံကြည်ထားကြောင်း သိရသည်။

ထို့အပြင် တောင်ပံကစားသမား စီရိုနယ်လ်ဒိုသည် ဆန်တီယေဂိုဘာနေဗျူးတွင် ဆက်ရှိနေမည်ဖြစ်သည့်အပြင် ကမ္ဘာတွင် အကောင်းဆုံးကစားသမားတစ်ဦးဖြစ်၍ လုပ်ခလစာအများအပြားရရှိရန် ဆန္ဒရှိနေကြောင်း သိရသည်။

# ရှိုင်ကိန်းကဲ့သို့ စွမ်းဆောင်နိုင်မည့်ကစားသမားဖြစ်လာရန် ဆန္ဒရှိကြောင်း ကွင်းလယ်ကစားသမား ဖယ်လိုင်နီဖွင့်ဟ

မန်ယူအသင်းက အပြောင်းအရွှေ့ရာသီပိတ်သိမ်းလုနီးပါးအချိန်တွင် စာချုပ်ချုပ်ဆိုခေါ်ယူခဲ့သော ကွင်းလယ်ကစားသမားဖယ်လိုင်နီသည် ရှိုင်ကိန်းကဲ့သို့သော မန်ယူအသင်းအတွက် အကောင်းမွန်ဆုံးစွမ်းဆောင်ပေးနိုင်သည့် ကစားသမားတစ်ဦး ဖြစ်လာရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား ဖယ်လိုင်နီသည် အဲဗာတန်အသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၂၇ ဒသမ ၅ သန်းဖြင့် မန်ယူအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး စက်တင်ဘာ ၁၄ ရက်တွင် ခရစ္စတယ်ပဲလေ့နှင့် ယှဉ်ပြိုင်ကစား မည့်ပွဲစဉ်တွင် လူစားလဲမည့်ကစားသမားအဖြစ်ပါဝင်လာခဲ့သည်။

အိုင်ယာလန်အသင်း၏ အားထားရသော ကစားသမားတစ်ဦးဖြစ်သည့် ရှိုင်ယန်ကိန်းသည် မန်ယူအသင်းတွင် ၁၉၉၃ ခုနှစ်မှစတင်ကာ ၂၀၀၅ ခုနှစ်အထိ ပါဝင်ကစားပေးခဲ့ရာတွင် ပရီမီယာလိဂ်ဖလားကို ခုနစ်ကြိမ်အထိ ဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ ထို့အပြင် ချန်ပီယံလိဂ်ဖလားတစ်ကြိမ်၊ အက်ဖ်အေဖလားလေးကြိမ်နှင့် ကွန်မြူနတီဒိုင်းလေးကြိမ် စသည်ဖြင့် အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် ကွင်းလယ်ကစားသမား ဖယ်လိုင်နီအနေဖြင့် မန်ယူအသင်းသို့ရောက်ရှိလာချိန်တွင် ရှိုင်ကိန်းကဲ့သို့ မန်ယူအသင်းအတွက် စွမ်းဆောင်ပေးနိုင်သည့် ကစားသမားတစ်ဦးဖြစ်လာရန် ဆန္ဒရှိနေခြင်းဖြစ်ကြောင်း ဖယ်လိုင်နီက ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ဖယ်လိုင်နီသည် လက်ရှိမန်ယူအသင်းနည်းပြ ဒေးဗစ်မိုယက် အဲဗာတန်နည်းပြဘဝတွင် ကွင်းလယ်ကိုသာ ဦးစားပေးကစားခဲ့သော်လည်း မန်ယူအသင်းတွင်မူ ရှိုင်ကိန်းကဲ့သို့ အရေးပါသောနေရာတွင် ပါဝင်ကစားမည်ဟု ဆိုသည်။

# အာဆင်နယ် အသင်းအတွက် ဗာမေလန် ပြန်လာတော့မည်

အာဆင်နယ်အသင်း၏ အားထားရသော ဗဟိုနောက်ခံကစားသမားတစ်ဦးဖြစ်သည့် ဗာမေလန်သည် စက်တင်ဘာ ၁၇ ရက်တွင် မာဆေးလ်အသင်း ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၁)တွင် အာဆင်နယ်အသင်းတွင် ပါဝင်နိုင်ရန် အာဆင်နယ်အသင်းသို့ ပြန်လာတော့မည်ဖြစ်ကြောင်းသိရသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ဘယ်လ်ဂျီယံကြယ်ပွင့် ဗာမေလန်သည် ဒဏ်ရာပြဿနာကြောင့် လေးလကြာအနားယူခဲ့ရသူဖြစ်ပြီး လက်ရှိတွင်မူ အာဆင်နယ်အသင်းနှင့်အတူ ပြန်လည်ပွဲထွက်ကစားတော့မည်ဖြစ်ကြောင်း အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားခဲ့သည်။

ငွေကြယ်

Green Tour Travel &Tour Agency
Travel.Eat.Pray & Love
Date start from, Sep 14 & Sep 28
ဗန်ကောက်-ပတ္တရား (၃ည၊၄ရက်) 460$
ဗန်ကောက်-အယုဒ္ဓယ-ပတ္တရား (၅ည၊၆ရက်) 620$
ဗန်ကောက်-ကမ္ဘောဒီးယား-အန်ကောဝပ်-အယုဒ္ဓယ-ပတ္တရား (၈ည၊၉ရက်) 1400$
မေတ္တာလက်ဆောင်အနေဖြင့် ခရီးစဉ်တွင်ဝင်ရောက်လိုက်ပါမည့်သူများအား
SAMSUNG S4 smart phone
များမဲဖေါက်ပေးသွားမည်ဖြစ်ပါသည်။
Ph-09450025 330,09-450067 677,09-421040 178,09-421040 177

ဘာစာမျှမရှိသူများအတွက်...
ဦးတင်ဦး
အာဝေးသင်
ရုပ်ဖေဒ
ဒုတိယနှစ်၊တတိယနှစ်
အနီးကပ်နေ့စဉ်တက်
(၁၆-၉-၂၀၁၃) နေ့စမည်။
အမှတ်(၃၃)၊ပထမထပ်၊တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး၊(စ)ရပ်ကွက်၊ တာမွေမြို့နယ်။ ၀၉ ၆၆၃၁၈၂၉

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
၁။မြောက်ဒဂုံ၊(၄၂)ရပ်ကွက်၊
ဗိုလ်မှူးဗထူးလမ်းမဖေမးတင်
၄၀'x ၆၀'၊ရေမီးစုံ၊ဂရန်၊
မြေကွက်။(၃၃၀၀သိန်း)၊
၆၈၇၆၀၅၊၀၉.၇၃၁၈၄၅၉၀

## ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ်(၇၀၅) အမည်ပေါက် ဦးစိန်မောင်၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်နုယဉ် [၁၂/ပဇတ(နိုင်)၀၀၂၅၄၃]မှ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ် ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

## မြန်မာနိုင်ငံဓာတ်ပုံအသင်း
## အသင်းသူ၊ အသင်းသားများသို့မေတ္တာရပ်ခံချက်

နိုင်ငံတကာသို့တိုက်ရိုက်လွှင့်ထုတ်မည့် (၂၇)ကြိမ်မြောက် SEA Game ဖွင့်ပွဲနှင့်ပိတ်ပွဲအခမ်းအနားများတွင် နောက်ခံ LED Screen ကြီးပေါ်၌ပြသရန်အတွက် ဓာတ်ပုံအယူအဆ၊ အရောင်အသွေး၊ ကြည်လင် ပြတ်သားကောင်းမွန်သည့် အောက်ဖော်ပြပါ ဓာတ်ပုံများအလိုရှိနေပါသည်။

၁။ ပုဂံဒေသ၏ရှုခင်းဓာတ်ပုံများ၊ (ပုဂံစေတီပုထိုးရှုခင်းများ၊ ဧရာဝတီမြစ်ရှုခင်း၊ နေဝင်နေထွက်၊ နန်းတော်၊ သရပါတံခါး၊ ပွဲတော်များစသည်)တို့ကို3:2/16:9/Panorama format)ဖြင့် ရိုက်ကူးထားသည်များ
၂။ ပုပ္ပါးတောင်ကလပ် Panorama ရှုခင်း၊ တောင်မကြီးရှုခင်း စသည်များ
၃။ ဧရာဝတီမြစ်စတင်ရာ မြစ်ဆုံမှသည် မြစ်ကျဉ်းများ၊ မြစ်ရိုးတစ်လျှောက်၊ Landmark များ၊ ဧရာဝတီလင်းပိုင်၊ စစ်ကိုင်းတောင်၊ ပြည်အကောက်တောင်စသည်မှ မြစ်လက်တက်များစတင်ခွဲဖြာရာ ဧရာဝတီတိုင်းအထိ
၄။ တိုင်းရင်းသားလူမျိုးစုများ၊ရိုးရာပွဲလမ်းသဘင်များ၊ အလေ့အထများ ယင်းတို့နေထိုင်ရာ ဒေသများ၏ လှပသောရှုခင်းများ
၅။ ဆင်များနှင့်မြန်မာလူမျိုးတို့၏ဘဝများ(ဆင်ဖြင့်ရှင်ပြုပုံ၊ လယ်ထွန်ပုံ)၊ လုပ်ငန်းလုပ်ပုံ၊ ဘုရားပင့်ပုံ)
၆။ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ထင်ရှားသော **Landmark** များ
၇။ စိမ်းလန်းသာယာလှပသောရှုခင်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သော မှတ်တမ်းရှုခင်းများ။
၈။ လမ်းများ၊ အားကစားကွင်းများ၊ပွဲတော်များတွင် အမျိုးသားအားကစားအဖြစ် ခြင်းဝိုင်းခတ်ကစားနေကြပုံများ၊ ရိုးရာဖန်ခုန်၊ ထုတ်စည်းတိုးစသည့်ကစားနေပုံများ
၉။ ပုဂံ၊ ရွှေဘို၊ အင်းဝ၊ မန္တလေးနန်းတော်၊ ကမ္ဘောဇသာဒီနန်းတော်စသည်များ

စသည်တို့ကို အမြင့် **12'' (Panorama format** ဖြစ်လျှင် အရှည်ဆုံး **12'' x 73''** အထိ **100ppi (Jpeg)**ဖြင့် **CD/DVD** တွင်ထည့်ပြီး မိမိအမည်၊ အသင်းဝင်အမှတ်၊ နိုင်ငံသားကတ်အမှတ်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ E-mail စသည်တို့အပြင်၊ ရိုက်ကူးထားသည့် အကြောင်းအရာများကို ပြည့်စုံစွာဖော်ပြ၍ အမှုဆောင်အဖွဲ့၊ မြန်မာနိုင်ငံဓာတ်ပုံအသင်း၊ အမှတ်(၂၇-၂၉) ၃၅လမ်း(အောက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၀၁-၃၇၃၁၆၇သို့ လိပ်မူပြီး ၃၀-၉-၂၀၁၃ ရက်အရောက် ပေးပို့လှူဒါန်းခြင်းဖြင့် နိုင်ငံတော်၏ဂုဏ်၊ အသင်း၏ဂုဏ်ကို ကူညီမြှင့်တင်ပေးကြပါရန် မေတ္တာရပ်ခံပါသည်။

## သေမှုသေခင်းများ ဖွင့်လှစ်စစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကနက်သီရိကျေးရွာ ပင်လယ်ကမ်းခြေ၌ စက်တင်ဘာ ၁၂ ရက်က ကနက်သီရိကျေးရွာအခြေခံ ပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသား ခုနစ်ဦး၊ ကျောင်းသူနှစ်ဦး စုစုပေါင်း ကိုးဦးတို့ ရေချိုးနေစဉ် သက်နိုင်ထွန်း (၁၀)နှစ်ပါ ကျောင်းသား သုံးဦး၊ ကျောင်းသူနှစ်ဦးတို့ ရေနစ်သဖြင့် ဆယ်ယူခဲ့ရာ ကျောင်းသားနှစ်ဦးနှင့် ကျောင်းသူနှစ်ဦးတို့၏ အလောင်းများအား ပြန်လည်တွေ့ရှိခဲ့ပြီး စတုတ္ထတန်း ကျောင်းသား မောင်အောင်မြတ်ဦးမှာ ရေနစ်ပျောက်ဆုံးလျက်ရှိသဖြင့် ဆက်လက်ရှာဖွေလျက်ရှိပြီး ဝင်းဝနယ်မြေ ရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၇/၂၀၁၃)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျွန်းကုန်းကျေးရွာနေ မသီရိစိုး (၂၁)နှစ်သည် စက်တင်ဘာ ၁၂ ရက်က နေအိမ်နောက်ဖေး သြဇာသီးခြံအတွင်းရှိနေစဉ် မိုးကြိုးပစ်ခံရကြောင်းသိရှိရသဖြင့် ကြို့ပင်ကောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ မသီရိစိုးအား ဝမ်းဗိုက်၊ ယာရင်အုံ၊ ဝဲလက်မောင်း/လက်ဖျံတို့တွင် အရေပြားပွန်းပဲ့ဒဏ်ရာများဖြင့် သေဆုံးနေကြောင်းတွေ့ရှိ၍ ကြို့ပင်ကောက်ဆေးရုံသို့ ပို့ဆောင်ကာ ဓမ္မတာ အတိုင်းသေဆုံးခြင်းဟုတ်၊ မဟုတ် ကြို့ပင်ကောက်မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၁၀/၂၀၁၃)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

## ကုန်တင်တွဲရေယာဉ် ခါးကျိုးပြီးနစ်မြုပ်

**နေပြည်တော် စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် ဆူးလေ အမှတ်(၄)ဆိပ်ခံတံတားတွင် ဆိုက်ကပ်ထားသော ဗီယက်နမ်နိုင်ငံပိုင် Mr.Truong Minh Star သင်္ဘောပေါ်မှ ဘိလပ်မြေအိတ်များအား မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် အင်းကျားရွာနေ ဦးဝင်းကြည်(၆၀)နှစ်မောင်းနှင်လာသော "လင်းသီမောင်"ဆွဲရေယာဉ်ဖြင့် တွဲထားသည့် အလျား ပေ ၁၄၀၊ အနံ ပေ ၃၀၊ ရေစူး ခုနစ်ပေရှိ ကုန်တင်တွဲရေယာဉ် သံ-၀၂၆ ပေါ်သို့ တင်နေရာမှ ဘိလပ်မြေအိတ် ၁၀၀၀၀ ခန့် တင်ပြီးချိန်တွင် တွဲရေယာဉ်မှာခါးကျိုးပြီး ရေများဝင်လာသဖြင့် သင်္ဘောကြီးများ၏ ရေလမ်းကြောင်းလွတ်ရာသို့ မောင်းနှင်ထွက်ခွာစဉ် ဒလမြို့နယ် ကမာကဆစ်ရပ်ကွက်ရှေ့ ပေ ၁၅၀ ခန့်အကွာတွင် နစ်မြုပ်သွားခဲ့သည်။ ရေယာဉ်နစ်မြုပ်မှုကြောင့် ကုန်တန်ဖိုးငွေကျပ်သိန်း ၅၀၀ တွဲတန်ဖိုးငွေကျပ်သိန်း ၁၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၁၅၀၀ ဆုံးရှုံးသွားခဲ့သောကြောင့် ရေယာဉ်မောင်း ဦးဝင်းကြည်အား ဆိပ်ကမ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## ဆိုင်ကယ်နှစ်စီး တိုက်မိမှုကြောင့် လူလေးဦးသေဆုံး

**သရက်ချောင်း စက်တင်ဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ကျောက်မြောင်းရပ်ကွက် ၁၆ မိုင် တစ်ဖာလုံအနီး၌ စက်တင်ဘာ ၁၂ ရက် ညနေ ၃ နာရီ မိနစ် ၂၀ တွင် ကိုကျော်စွာထိုက် အသက်(၂၀) ၃၄ယ/. . . မောင်းနှင်လာသည့်ဆိုင်ကယ်နှင့် မမီးအေး မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးတို့ တိုက်မှုဖြစ်ပွားရာ ငါးဦးတွင် လေးဦး သေဆုံးခဲ့သည်။ ထိုသေဆုံးသူများမှာ ဖိုးထော်ကလေး အသက်(၂၁)နှစ် (ဥတ္တုကျေးရွာ)၊ မဌေးရီ အသက် (၅၈)နှစ် (ပန်းတောရပ်ကွက်)၊ မမီးငယ် အသက် (၃၃)နှစ် (ပန်းတောရပ်ကွက်)၊ မမီးအေး အသက် (၄၃)နှစ် (ပန်းတောရပ်ကွက်) တို့ ဖြစ်ကြသည်။

သရက်ချောင်းမြို့နယ် ဆေးရုံကြီးတွင် ကိုကျော်စွာထိုက်အား အတွင်းလူနာအဖြစ် ဆေးကုသလျက်ရှိကြောင်း သိရသည်။

**သရက်ချောင်း(ပြန်/ဆက်)**

## မီးရထား သံလမ်းဘေးထိုင်နေသူတစ်ဦး ထိတ်လန့်ပြီး ချောင်းအတွင်း ခုန်ချ

**ရန်ကုန် စက်တင်ဘာ ၁၄**

မြောက်ဥက္ကလာပမြို့နယ်တွင် မြို့ပတ်ရထား သံလမ်းဘေး၌ ထိုင်နေသည့် အဘိုးအိုတစ်ဦး မီးရထား မောင်းနှင်လာစဉ် ထိတ်လန့်ပြီး အနီးရှိ ချောင်းလက်တက်အတွင်း ခုန်ချခဲ့မှု ဖြစ်ပွားကြောင်းသိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၉ ရက် ညနေ ၃ နာရီခန့်က မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် မြို့ပတ်ရထား သံလမ်းဘေးမိုင်တိုင် အမှတ် (၇၁)အနီးတွင် ထိုင်နေသည့် ဦးစိုးမြိုင် (၇၀)နှစ် တံတားကြီးရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေသူသည် ရန်ကုန်မှ မင်္ဂလာဒုံဘက်သို့ စက်ခေါင်းမောင်း ဦးထွန်းထွန်းဦး မောင်းနှင်လာသည့် စက်ခေါင်းအမှတ် DD-940 မြို့ပတ်ရထား ဇီယာ(၇) ဖြတ်သန်းမောင်းနှင်လာစဉ် ထိတ်လန့်၍ အနီးရှိ ငမိုးရိပ်ချောင်းလက်တက်အတွင်း ခုန်ချခဲ့ရာ ၎င်းတွင် နောက်စေ့ဖူးရောင်၊ အောက်နှုတ်ခမ်းစုတ်ပြဲ၊ ကျောပွန်းပဲ့ဒဏ်ရာများရရှိသဖြင့် မြောက်ဥက္ကလာပဆေးရုံသို့ တင်ပို့ထားရပြီး အတွင်းလူနာ (မစိုးရိမ်ရ)ဖြင့် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ဇော်ကြီး(ပဏ္ဍိတ)**


# နိုင်ငံတကာ သတင်းဂျာနယ်

ကမ္ဘာ့ နိုင်ငံရေး ဇာတ်ခုံအကြောင်း ဇာတ်စုံသိချင်ပါသလား။
တစ်စောင်တည်းနှင့် ပြည့်စုံစေမှာ နိုင်ငံတကာသတင်းဂျာနယ်ပါ။

- ဆီးရီးယားနှင့် ဇာခန်းဆီးနောက်ကွယ်မှ ကမ္ဘာ့နိုင်ငံရေး
- ဆီးရီးယားကိုတိုက်မည့် အမေရိကန်အတွက် ဆင်ခြင်စရာ လေးချက်
- ပါကစ္စတန်က ပြည်တွင်းရှိ တာလီဘန်တို့နှင့် ဆွေးနွေးမည်
- အလုပ်မဖြစ်သည့် ဂျီ-၂၀ ဆွေးနွေးပွဲ
- ရောင်းရင်းလေးများ
- အလုံးစုံသြဇာတိက္ကမကြီးသော တပ်မတော်တစ်ရပ်၏ခေတ် ကုန်ဆုံးတော့မှာလား
- အိန္ဒိယ၏ ရိက္ခာဖူလုံမှု ထောက်ပံ့ရေးဥပဒေသစ်အပေါ် ရှုမြင်ချက်များ
- နိုင်ငံလုံခြုံရေးအတွက် ဒေါ်လာဘီလီယံများစွာ နှစ်စဉ်သုံးစွဲမည့် အမေရိကန်
- ဗဟိုအာဖရိကသမ္မတနိုင်ငံ၏ နိုင်ငံရေးအခြေအနေ
- ပြည်ပအနုပညာသတင်းများ စသည့် နိုင်ငံတကာသတင်းသုံးသပ်ချက်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် တနင်္လာနေ့တိုင်း ထွက်ရှိလာပြီ။

ကြော်ငြာနှင့် ဖြန့်ချိရေး ဖုန်း - ၂၉၁၈၃၃၊ ၂၉၂၈၃၀၊ ၂၉၉၄၂၇


## မိုင်းဖြတ်၌ ဘိန်းဖြူဘလောက်တုံးများ သိမ်းဆည်းရမိ

**မိုင်းဖြတ် စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင် ရဲတပ်ဖွဲ့ဝင်များသည် ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဟိုနားကျေးရွာ၌ ကျိုင်းတုံဘက်မှ အားဟော်စီးနင်းလာသောယာဉ်အမှတ် ၁၉ယ/--- YAMAHA DT ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ အားဟော်၏ ခါးတွင်ပတ်ထားသော ကြက်သွေးရောင် ခရီးဆောင် ခါးပတ်အိတ်အတွင်းမှ အလေးချိန် ၃၀၀ ဂရမ်ရှိ ဘိန်းဖြူ ဘလောက်တုံးတစ်တုံး (ကာလတန်ဖိုး ငွေကျပ် သိန်း ၁၅၀)၊ မြန်မာငွေကျပ် ၄၂၀၀၊ ထိုင်းဘတ်ငွေကျပ် ၁၁၄၀ နှင့် CDMA အမျိုးအစား HTC အညိုရောင် ဖုန်းတစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် အားဟော်(၂၉)နှစ် ကျိုင်းတုံမြို့နေသူအားမိုင်းဖြတ်ရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းဇော်(မိုင်းဖြတ်)**


## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

၁၅-၉-၂၀၁၃ ရက်တွင် ကျရောက်သော ချစ်ဇနီး မစီစီညွှန့် (ရတနာဆင့်ရွှေဆိုင်၊ မော်လမြိုင်မြို့)၏ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် မိသားစုနှင့်အတူ အမျိုးဘာသာ၊ သာသနာအကျိုး ထမ်းဆောင်နိုင်ပြီး လိုအင်ဆန္ဒများပြီးပြည့်စုံ၍ ဘဝနှင့်ဆန္ဒ တစ်ထပ်တည်းကျ၍ အစဉ်ထာဝရ ကျန်းမာပျော်ရွှင်စွာဖြင့် အောင်မြင်မှု ဘဝပန်းတိုင်သို့ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ချစ်ခင်ပွန်း - ဒေါက်တာခင်မောင်ဝင်း
(ဒု-ဥက္ကဋ္ဌ မွန်ပြည်နယ် ရွှေလုပ်ငန်းရှင်များအသင်း)
သားကြီး - မောင်တင်ကိုကိုဝင်း **(B.E con) (Eco)**
သားလတ် - ဒေါက်တာ အောင်ကိုကိုဝင်း **(M.B.,B.S MGY)**
သမီးထွေး - မလှဖြိုးဝေဝင်း **B.Sc (PHYSIC) L.C.C.I (Level II)**

ရွှေလမ်းခရီး ...မှ အဘထွက်ရပ်ပူဇော်ပွဲသို့
* အဘအောင်မင်းခေါင်ထွက်ရပ်ပူဇော်ပွဲ၊ ပုပ္ပါးအိပ်။ (19/ 20-9-2013)ထွက်မည်။
* အဘပွဲ(ပုပ္ပါးအိပ်)၊ ပုဂံ(ရွှေစည်းခုံ)၊ (ပြည့်ငါးပြည့်)၊ ညောင်ဦး၊ ဘုရားစုံ။
* အဘပွဲ(ပုပ္ပါးအိပ်)၊ တောင်ကြီး(မွေတော်ကက္ကူ)၊ (ထမ်းစမ်းလှိုင်ဂူ)၊ အင်းလေး၊ ပင်းတယ။
* အဘပွဲ(ပုပ္ပါးအိပ်)၊ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ် (ရွှေလီ၊ ဝမ်တိန်)။
* အဘပွဲ(ပုပ္ပါးအိပ်)၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ။
371317,095124678,098627170

September 19 , 20 ရက် နေ့ Park Royal Hotel ခန်းမတွင်
Nice Fare Travel Co.Ltd IATA ၏အထူး Promotion
ရှိပါသဖြင့် လာဖြစ်အောင်လာခဲ့ပါနော်..... ဖုန်း - ၀၉-၅၁၃၉၂၄၃ ၊ ၀၉-၅၀၀၅၉၀၀ ၊ ၀၉-၇၃၀၃၀၂၆၇ ၊၀၁-၃၉၃၀၈၈ (Hunt Line)

မြို့လယ်နေရာကောင်း
မြေညီ တိုက်ခန်းကျယ်
ရောင်းမည်
၂၅ပေ×၅၈ပေ၊ ၄၉ လမ်း။
ဖုန်း ၀၉-၄၂၁၁၇၈၅၀၀

ဧမ္ဗူဒေကျော်
Sept-19
09-73177727,09-5194608

မြန်မာ့ကောင်းကင်ကြယ် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း
အဘထွက်ပွဲ ၊ ပုပ္ပါး ၊ ပုဂံ ၊ ပခုက္ကူ ၂၀.၉.၂၀၁၃ (ည -၇:၀၀)
အဘထွက်ပွဲ နှဲ့ပျော်ပူဇော်ရင်း နတ်တို့ပျော်စံရာ ပုပ္ပါးတောင်မြတ် မဟာပေါ်မှ အလယ်ပိုင်း အိုအေစစ်အလှကို ရှုမျှော်စံစားကာ ပုဂံအလှရှာပုံတော်ဖွင့်မို့ "မြန်မာ့ကောင်းကင်ကြယ်" နဲ့ခရီးသွားစို့။
ဖုန်း- ၀၉-၇၃၂၃၄၀၀၉၊ ၀၉-၅၉၃၄၉၀၀၁၊ ၀၉-၅၃၁၀၄၂၀၀

ဦးအောင်အောင်
B.A Econ; MPA; ACCA(II), DA(UK); Dip in Stats; DMAc
LCCI Level I + II , III
ဖပြီးပြေ တန်းခွဲများအားလုံး
SUN 8 : 11 am 27.10.13
WED - THU 4 : 6 pm 6.11.13
THU - FRI 6 : 8 pm 14.11.13
MON-TUE 1 : 3 pm 17.11.13
25% Discount
၂၃၉၊ တတိယထပ်၊ ဘားလမ်း(အထက်) ကျောက်တံတား - ၀၉ ၅၁၀ ၃၀၀၂

The Oasis No.83 ဆိုင်ပေါ်ရောက်ပြီ
၀၉-၄၂၀၀၃၆၃၆၃
၀၉-၄၂၀၂၉၂၆၀
▶▶ရခိုင်တစ်မျိုးသားလုံးကိုတောင်းပန်လိုက်တဲ့မြင့်မြတ် ▶▶ မမှားတဲ့အတွက်ဘယ်သူ့ကိုမှတောင်းပန်မှာမဟုတ်ဘူးဇာတ်ညွှန်းသည်ခေတ်နေ ▶▶ ရဲတိုက်အပြီးစင်တင်ပြန်တဲ့ ဆာတိုရိရဲမှင်းသား "ဒေါင်း" ▶▶ နောင်ဥက္ကဋ္ဌသက်တမ်းအတွက်စဉ်းစားနေတဲ့လူမင်း ▶▶ သူငယ်ချင်းတစ္ဆေနဲ့ဖိုးကျော် ▶▶ HipHopကိုမုန်းနေမယ့်အစားကိုယ့်ဂီတကိုသာအခြေခိုင်အောင်လုပ်ကြပါဂျောက်ဂျက် ▶▶ ရဲရင့်အောင်ရဲ့ Facebook ▶▶ သစ္စာအလှနဲ့မေတ္တာမျှခဲ့ကြတဲ့မင်းအုပ်စိုးနဲ့သက်ထားစိုး ▶▶ ဖြူဖြူကျော်သိန်း၊ နန်းဆုရတီစိုး၊ အိုင်းရင်းဇင်မာမြင့်နဲ့ သန္တာဗိုလ်တို့ရဲ့သတင်းများ ▶▶ ခင်ဝင့်ဝါပြောတဲ့SexyPose ဆိုတာ

ကိုဝင်းနိုင်ဦးစီးသော
ရွှေဒေါင်းမင်း ၁၉- ၉- ၂၀၁၃
Ph . 09 - 425355758 , Ph . 09 - 425355736

ထုံကျဉ် ကိုက်ခဲလျှင် လိမ်း
မူးဝေ ရင်တုန်လျှင် ရှူ
ဆင်ဖြူတော်
အကြောပြေအာကျေလိမ်းဆေး

ပျောက်ဆုံးကြောင်း
Myat Zin & Friends Machinery Co.Ltd ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ်-၁၅၆၂/၀၄-၀၅/၉-၂-၂၀၀၅ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၁-၃၇၈၉၀၂**

CitiAvenue Travels & Tours
အားလပ်ရက်တွင်ပြည်ပခရီးလှည့်ပတ်ချင်သူများအတွက်
အောက်တိုဘာသီတင်းကျွတ်ခရီးစဉ်များ
ဖန်ကောက် - အယုဒ္ဓယ - ပတ္တရား (၆ရက်/၅ညအိပ်)
ကွမ်ကျိုး - ကျူဟိုင် - မကာအို - ဟောင်ကောင် - ရှန်းကျန့် (၈ရက်/၇ညအိပ်)
◆ အဆင့်မြင့် 4Star ဟိုတယ်ကြီးများ
◆ ဘူဖေး အစီအစဉ်များ
ဖန်ကောက်ခရီးစဉ် (Oct 19 - 24)
ဟောင်ကောင်ခရီးစဉ် (Oct 20 - 27)
01 211609, 09 31200550, 09 31153344
အမှတ် (၁၃၉/အေ) ၊ အောက်ကြည့်မြင်တိုင်လမ်း ၊ အလုံမြို့နယ် ၊ ရန်ကုန်။

## ပြည်တွင်းရေးရာ

# ကွန်ပျူတာစနစ်ဖြင့် ဓာတ်အားခများကောက်ခံ

**ရမည်းသင်း စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် လျှပ်စစ်ရုံးမှ ဓာတ်အားခငွေများကို မြို့နယ်လျှပ်စစ်ရုံးဝန်ထမ်းများလိုက်ပါလျက် ကားနှင့်ကွန်ပျူတာဘေလ်ဖြတ်ပိုင်းပေးသောစနစ်ဖြင့် မြို့နယ်ရပ်ကွက်များအတွင်း မိမိတို့အိမ်ရှေ့အရောက် လာရောက်ကောက်ခံမှုကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီမှစတင်၍ ဆောင်ရွက်လျက်ရှိရာ လုပ်သားပြည်သူများ အချိန်မကုန် လူသက်သာ၍ ရက်လွန်ကြေးကင်းဝေးပြီး ဓာတ်အားခများပေးဆောင်ရာ ကွန်ပျူတာဖြတ်ပိုင်း ချက်ချင်းရရှိပြီး လွယ်လင့်တကူဆောင်ရွက်ပေးသည့်အတွက် အဆင်ပြေချောမွေ့ကြောင်း သိရသည်။ **တင်ဦး(ရမည်းသင်း)**

# မြစ်ရေကြီးမှုကြောင့် ရေနစ်မြုပ်သည့်နေအိမ်များအား ရေလွတ်ရာသို့ပြောင်းရွှေ့နေရာချထားပေးလျက်ရှိ

**ထီးချိုင့် စက်တင်ဘာ ၁၄**

ထီးချိုင့်မြို့တွင် စက်တင်ဘာ ၈ ရက်က မိုးရေချိန် ၁ ဒသမ ၄၇ လက်မအထိ ရွာသွန်းခဲ့ပြီး ဧရာဝတီမြစ်ရေသည် ယင်းမြို့၏စိုးရိမ်ရေအမှတ် ၈၉၇ စင်တီမီတာအောက် ၈၄၆ စင်တီမီတာသို့ ရောက်ရှိခဲ့သဖြင့် ထီးချိုင့်မြို့ အမှတ်(၃)ရပ်ကွက် သရက်မှော်ရပ် တောင်စောင်းအောက် ကမ်းနားလမ်းသည် အရှည်ပေ ၁၅၀ ခန့် မြေများအိကျကာ မြေပြိုကျနိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။ အဆိုပါနေရာသို့ ထီးချိုင့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအေးဆွေနှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးကြည့်ရှုခဲ့ပြီး အနီးပတ်ဝန်းကျင်တွင် နေထိုင်သည့် နေအိမ် ၁၅ လုံး အိမ်ထောင်စု ၁၆ စုမှ လူဦးရေ ၆၉ ဦးတို့အား စက်တင်ဘာ ၈ ရက် ညနေပိုင်းတွင် ဘေးလွတ်ရာ ဆွေမျိုးများ၏ နေအိမ်များသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။ ထီးချိုင့်မြို့၏ ဧရာဝတီမြစ်ရေသည် စက်တင်ဘာ ၉ ရက် ညနေ ၅ နာရီတိုင်းတာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ် ၈၉၇ စင်တီမီတာအောက် ၈၇၇ စင်တီမီတာသို့ ရောက်ရှိလျက်ရှိသည်။

အလားတူ ကသာမြို့၏ ဧရာဝတီမြစ်ရေသည် စက်တင်ဘာ ၉ ရက် ညနေ ၅ နာရီအချိန်တိုင်းတာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၄၀ စင်တီမီတာအထက် ၁၁၃၃ စင်တီမီတာသို့ ရောက်ရှိနေသဖြင့် ကသာမြို့နယ် ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ ချောင်းဝ၊ မိုးတားလေး၊ ကျောက်ထုံးကြီး၊ အင်းရွာ စသည့် ကျေးရွာအုပ်စု ၂၅ စု၏ စိုက်ပျိုးမြေကွင်းပေါင်း ၈၉ ကွင်းမှ တောင်သူ ၁၁၈၃ ဦးပိုင်သော မိုးစပါး ၅၄၁၉ ဧကမှာ ရေကြီးနစ်မြုပ်လျက်ရှိသည်။ ထို့ကြောင့် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ မြို့နယ်စီမံခန့်ခွဲရေးကော်မတီရုံး၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးဇော်ဟိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ထွန်း၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီး ဧရာဝတီမြစ်ကမ်း တစ်လျှောက်ရှိ ကျောက်ပုံကျေးရွာ၊ ဧရာဝတီမြစ်လယ်ကျွန်းနေ အိမ်ထောင်စု ခြောက်စုမှ လူဦးရေ ၂၆ ဦးနှင့် ဝက်အကောင် ၂၀ အား ကျောက်ပုံကျေးရွာအနီးသို့လည်းကောင်း၊ ဒေါင့်ကြီးကျေးရွာမှ နွားအကောင် ၁၂၀ ၊ ကျွဲ ၁၅ ကောင်တို့အား သံပုရာကျေးရွာသို့လည်းကောင်း၊ ပုလွေရွှေကျေးရွာမှ ကျွဲ၊ နွားအကောင် ၂၀ ကို အင်းဒရန့်ကျေးရွာသို့လည်းကောင်း ရေလွတ်ရာနေရာများသို့ အသီးသီးပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# စာအုပ်၊နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပ

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း မဟာဆောင်ခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းသိန်းက လူကုန်ကူးမှုတိုက်ဖျက်ရေးအကြောင်းကိုလည်းကောင်း၊ မြို့နယ်တွဲဖက်တရားသူကြီးဦးကျော်ကျော်က တရားဥပဒေနှင့်လူကုန်ကူးမှုအကြောင်းကိုလည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီတာအောင်က စာပေထဲက အသိပညာအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။ **(မော်ကျွန်း-မြင့်အောင်)**

# ရမည်းသင်းမြို့တွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ရမည်းသင်း စက်တင်ဘာ ၁၄**

သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းကို စက်တင်ဘာ ၁၁ ရက် ညနေ ၃ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ဝါတိုးရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိနှင့်မီးသတ်ဝန်ထမ်းများ၊ ဝါတိုးရပ်ကွက်ကြီးအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးနှင့် အထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဘုန်းရ်အဲက သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များ၊ ဝန်ကြီးဌာန၏ လမ်းညွှန်မှုများ၊ မီးသတ်ဆေးဘူးများ ထားရှိရေး၊ ရေပြင်အသက်ကယ်အင်္ကျီ အသုံးပြုပုံနှင့်ကြိုတင်ပြင်ဆင်ထားရှိရမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မီးသတ်ဦးစီးဌာနတပ်ကြပ်ကြီး ထွန်းလင်းအောင်ကလည်း မီးဖိုချောင်မီးစနစ်တကျ သုံးစွဲရေးနှင့် ပေါ့ဆမီးကြောင့်ဖြစ်တတ်သော မီးဘေးအန္တရာယ်များကို ပြောကြားသည်။**(ယာပုံ)**

ဆက်လက်၍ ရေပြင်အသက်ကယ်အင်္ကျီဝတ်ဆင်အသုံးပြုပုံကို ဝန်ထမ်းများက ဝတ်ဆင်သရုပ်ပြသပြီး မီးသတ်ဆေးဘူး အမျိုးမျိုးတို့၏ ထိရောက်မှု၊ အသုံးချပုံနည်းစနစ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို လက်တွေ့ပစ္စည်းများဖြင့် သရုပ်ပြသခဲ့သည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

## အစိုးရ/စီးပွားရေးကြော်ငြာ

**ပို့ဆောင်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် ပစ္စည်းတစ်မျိုးချင်းစီအတွက် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

အိတ်ဖွင့်တင်ဒါအမှတ်- 162/Q / DD /13-14

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1. | MS Plate | 1 Lot |
| 2. | Checker Plate | 1 Lot |
| 3. | MS Angle | 1 Lot |
| 4. | Welding Electrode | 1 Lot |
| 5. | Shackles | 1 Lot |
| 6. | Fire Extin guisher | 64 Nos |
| 7. | Battery | 50 Nos |
| 8. | Marine Paint | 1 Lot |
| 9. | Life Buoy/Life Jacket | 1 Lot |
| 10. | Nylon Rope | 6000 Fts |
| 11. | Canvas(or)Tarpaulin | 700 Yds |

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ(၁၅.၁၀.၂၀၁၃)ရက်နေ့ မွန်းတည့် ၁၂:၀၀ နာရီ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဒေါပုံ-သဘော်ကျင်း၊ ဒေါပုံမြို့နယ်တွင် သတင်းစာကြော်ငြာပါသည့်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၅၅၉၇၉၃၊ ၅၅၉၇၉၅ တို့ကိုစုံစမ်းနိုင်ပါသည်။

ဈေးနှုန်းစိစစ်ကြပ်မတ်ရေးကော်မတီ
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

**Seven စံ**

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင် ပိုင်း ဆိပ်ကမ်းရှိ မြေကွက်များ ရောင်းလိုဝယ်လိုသူများ ဆက်သွယ်နိုင်ပါသည်။ ပွဲခပေးရန်မလိုပါ။ အိမ်အရောက် ငွေပေးချေသည်။ **ဖုန်း-၀၁-၂၀၅၇၄၈၊ ၀၉-၇၃၁ ၁၉၀၉၉၊ ၀၉-၃၁၇၁၅၂၄၇**

**ပို့ဆောင်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ရန်ကုန်မြို့ ၊ သဘော်ကျင်း-ဒေါပုံရှိ အလုပ်ရုံနှင့် အဆောက်အအုံများအားအမိုးသွပ်ပြားလဲလှယ်ခြင်းနှင့်ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်- 163/Q / DD /13-14

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၆.၉.၂၀၁၃
တင်ဒါပုံစံပိတ်ရက် - ၁၅.၁၀.၁၃ ၊၁၆:၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဒေါပုံ-သဘော်ကျင်း ၊ ဒေါပုံမြို့နယ်တွင် သတင်းစာကြော်ငြာပါသည့်နေ့မှစတင်၍ရုံးချိန် အတွင်း ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၅၅၉၇၉၃၊ ၅၅၉၇၉၅ တို့ကိုစုံစမ်းနိုင်ပါသည်။

ဈေးနှုန်းစိစစ်ကြပ်မတ်ရေးကော်မတီ

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Battery, Tyre & Tube | ၁၁ မျိုး |
| (ခ) | စက်ဆီ/ချောဆီ | ၅ မျိုး |
| (ဂ) | စာရေးကိရိယာ | ၂၃ မျိုး |

၂။ တင်ဒါပိတ်သိမ်းမည့်နေ့မှာ ၁၅-၁၀-၂၀၁၃ရက်(အင်္ဂါနေ့)ညနေ ၁၆:၃၀နာရီဖြစ်ပြီး၊ တင်ဒါပုံစံများကို ၂၄-၉-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာန၊ ဖုန်း-၀၆၇-၄၁၄၀၈၃သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း**

**စက်မှုဝန်ကြီးဌာန**
**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စက်မှုဝန်ကြီးဌာန ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းအား (CIF, YGN)နိုင်ငံခြားငွေ US$ (သို့) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| ပစ္စည်းအမျိုးအမည် | အရေအတွက် | တင်ဒါအမှတ် |
|---|---|---|
| Fluid Bed Dryer Including Lifting device (Germany-Glatt) | 1 Set | ၂၀၁၃-၂၀၁၄ /Phf(YGN)(1)/ |

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် ၁၆-၉-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် ၃၀-၉-၂၀၁၃ရက်

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်ဖော်ပြပါစက်ပစ္စည်း၏ (Technical Specification) အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။**
**ဖုန်းနံပါတ် ၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆**
**Fax No.၀၆၇-၄၀၈၁၉၅**

လုပ်ငန်းလိုအပ်ချက်နှင့်ကိုက်ညီသော Database တစ်ခုကို
စနစ်တကျ Design ချ၍
အကောင်အထည် ဖော်လိုသူများအတွက်

SQL Server 2008

**Database Design & Development**

ပြည်တွင်းပြည်ပတွင် Database Specialist လုပ်လိုသူများအပြင်၊ NGO များ၊ စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများတွင် Database နှင့် သက်ဆိုင်သော Information Officer လုပ်နေသူများပါ တက်ရောက်သင့်ပါသည်။

ဤသင်တန်းပြီးဆုံးပါက Microsoft မှ စစ်ဆေးသော 70-433 Exam ကို ဝင်ရောက်ဖြေဆိုနိုင်မည်ဖြစ်ပြီး ၊ အောင်မြင်ပါက နိုင်ငံတကာ အသိအမှတ်ပြု Microsoft Certified Technology Specialist (MCTS: SQL Server 2008 ) ဖြစ်လာမည်ဖြစ်သည်။

Gusto
QUALITY EDUCATION & SOLUTION

No. 26, 14 th Street (lower Block )
Lanmadaw Tsp; Yangon.
Ph: 01- 224496, 09- 73031302

# ကျုံ့ဒိုးမြို့ ဟောင်သရောလမ်းအား အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်ပေးစေချင်

**ကျုံ့ဒိုး စက်တင်ဘာ ၁၄**

ကျုံ့ဒိုးမြို့သည် ကရင်ပြည်နယ်၏ အဓိက အလယ်ဗဟိုတွင် တည်ရှိပြီး ဘားအံ၊ အိန္ဒူ၊ ကော့ကရိတ်၊ မြဝတီ စသည့် မြို့များသို့သွားလာရာတွင် ကျုံ့ဒိုးမြို့ကိုဖြတ်ကျော်ပြီးမှ သွားရသောမြို့ဖြစ်သည်။ ကျုံ့ဒိုးမြို့သည် ရေလမ်း၊ ကုန်းလမ်းများဖြင့် သွားလာကူးသန်းရောင်းဝယ်လျက်ရှိသော မြို့တစ်မြို့ဖြစ်သည်။ ကျုံ့ဒိုးမြို့နှင့် ကပ်လျက်ရှိ ကျေးရွာမြောက်မြားစွာတို့သည် နွေရာသီနှင့် ဆောင်းရာသီတွင် ကုန်းလမ်းခရီးကိုအဓိကအားထားရပြီး မိုးရာသီတွင် ရေလမ်းခရီးဖြင့် ရောင်းဝယ်ဖောက်ကားသက်ဝင်လှုပ်ရှားလျက်ရှိသည်။ ကုန်သွယ်မှုစီးဆင်းသော ကုန်ပစ္စည်းအမျိုးမျိုးတို့သည် ကုန်းလမ်းနှင့် ရေလမ်းတို့ဖြင့် ဖောက်ကားရောင်းဝယ်လျက်ရှိရာ ကုန်းလမ်းတွင် အဓိက လမ်းဖြစ်သော ဂျိုင်း-ကော့ကရိတ်တံတားကို အားကိုးနေရပြီး ရေလမ်းတွင် ကျုံ့ဒိုးမြို့ ဟောင်သရောမြစ်ကို အခြေပြုပြီး ကုန်သွယ်မှုစီးဆင်းလျက်ရှိသည်။

ခြုံငုံပြီးကြည့်မည်ဆိုလျှင် ကုန်းလမ်းနှင့် ရေလမ်းသည် အခြေခံလူတန်းစားများအဖို့ ရေလမ်းသည်သာ မိမိတို့ဘဝ၏ စားဝတ်နေရေးကိုများစွာအထောက်အကူပြုနေသည်ကိုတွေ့ရှိရသည်။ ရေလမ်းခရီးကြောင့်အလုပ်သမားများ အလုပ်သမားရုံးတွင် အလုပ်ရခြင်း၊ အလုပ်ရှိခြင်းကြောင့် မိမိမိသားစုစားဝတ်နေရေးကို ပြေလည်အောင်ဆောင်ရွက်နိုင်ကြသည့်အပြင် ရေလမ်းခရီးသည် ကုန်းလမ်းခရီးမှတင်ဆောင်လာသော ကုန်ပစ္စည်းအမျိုးမျိုးတို့ကို လှေ၊ စက်လှေ၊ ဇက်၊ သင်္ဘောများတွင် ကုန်တင်ကုန်ချပြုလုပ်နိုင်ပြီး ကုန်းလမ်းခရီးနှင့်ယှဉ်လျှင်ရေလမ်းခရီးသည်ငွေအကုန်အကျလမ်းစရိတ်များသက်သာသည်ကို တွေ့ရသည်။ ကျုံ့ဒိုးမြို့ ရဲစခန်းထောင့်မှစ၍ ကမ်းနားလမ်းအထိ နှစ်ဖာလုံခန့်ရှိ ဟောင်သရောလမ်းသည် ယခင်က ကတ္တရာလမ်းဟုသာ နာမည်ကျန်ခဲ့ပြီး ယခုအခါ ပျက်စီးယိုယွင်းလျက်ရှိသည်မှာ ၁၀ နှစ် ကျော်ကြာခဲ့ပြီဖြစ်သည်။ ဤလမ်းကလေးသည် ကုန်တင်ကားကြီးများ၊ ဘီလပ်မြေကားကြီးများ၊ သစ်ကားကြီးများ နေ့စဉ်ဖြတ်သန်း မောင်းနှင်လျက်ရှိရာ ဟောင်သရောလမ်းသည် ကတ္တရာလမ်းမှ မြေနီလမ်း၊ မြေနီလမ်းမှ ချိုင့်ခွက်လမ်းအဖြစ်ပြောင်းလဲလာသည်ကို တွေ့ရသည်။ မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုဒဏ်ခံရသော စည်ပင်သာယာဈေးမှ ဈေးသူဈေးသားများသည် ဟောင်သရောလမ်းလေးကို အမှီပြု၍ ပြောင်းရွှေ့ဈေးရောင်းကြရသည်။ တဖြည်းဖြည်းဆိုးရွာလာသော လမ်းကလေးသည် မိဘပြည်သူများနှင့် ကျောင်းသားကျောင်းသူများ သွားလာမှုတွင် ခက်ခဲပြီး ချိုင့်ခွက်များဖြစ်ပေါ်နေခြင်းကြောင့် ယင်းနေရာများကို ရှောင်၍ လိုရာခရီးသို့ရောက်အောင် ဖြတ်သန်းသွားလာနေကြရသည်။

ဟောင်သရောလမ်းကလေး ပေါ်အမှီပြုရောင်းချနေသော ဈေးဆိုင်များသည် တစ်နှစ်လျှင်စည်ပင်ခွန်၊ အမြတ်တော်ခွန်နှင့် ခြောက်လတစ်ကြိမ် အညစ်အကြေးခွန်များကို ပေးဆောင်ကြရသည်။ ကျုံ့ဒိုးမြို့သည် ကော့ကရိတ်မြို့နယ်တွင် ကော့ကရိတ်မြို့ပေါ် ခုနစ်ရပ်ကွက်နှင့် ကျုံ့ဒိုးမြို့ပေါ် လေးရပ်ကွက် စုစုပေါင်း ၁၁ ရပ်ကွက်ဖြင့် ဖွဲ့စည်းထားသော မြို့နယ်ဖြစ်သည်။ ယခုဘဏ္ဍာရေးနှစ် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ပြုပြင်ရန်လိုအပ်လျက်ရှိသော နေရာများကိုတင်ထားရာတွင် မပါရှိကြောင်းလည်း သိရသည်။ ထို့ကြောင့် ဤလမ်းကလေးသွားလာမှု အဆင်ပြေစေရန်နှင့် မြို့အင်္ဂါရပ်နှင့်ညီညွတ်စေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးပြင်ဆင်ဆောင်ရွက်ပေးစေချင်ကြောင်း ကျုံ့ဒိုးမြို့ဒေသခံပြည်သူများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ မျှော်လင့်တောင့်တလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**နိုင်နိုင်ထွန်း(ကျုံ့ဒိုး)**

# အင်းစိန်မြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစည်းဝေး

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအစည်းအဝေးကို စက်တင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူး ဦးနုက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် ဒေသတွင်း ဖြစ်ပေါ်နေသည့် အခက်အခဲများအား ဆွေးနွေးပြောကြားသည်။ အင်းစိန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး (စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ) ဦးကျော်တင့်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်တင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးတင်လှိုင်၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်လွင်နှင့် ရပ်ကွက် ၂၁ ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများကလည်း ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးတွင် ဆွေးနွေးတင်ပြချက်များကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူးတို့က ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၆၈၄)

## အစိုးရ/စီးပွားရေးကြော်ငြာ

### စက်မှုဝန်ကြီးဌာန
### အထည်အလိပ်လုပ်ငန်း
### အိတ်ဖွင့်အဆိုပြုလွှာခေါ်ယူပြီး ငှားရမ်းခြင်းဆောင်ရွက်မည့် စက်ရုံ/စက်ရုံခွဲများ၏ တင်ဒါပိတ်ရက်ပြင်ဆင်ခြင်း

၁။ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ စက်ရုံ/စက်ရုံခွဲများအား ပုဂ္ဂလိကသို့ ငှားရမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ၁၉-၈-၂၀၁၃ ရက်မှ ၂၅-၈-၂၀၁၃ ရက်အထိ နေ့စဉ်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် အိတ်ဖွင့်တင်ဒါ ခေါ်ယူခဲ့ပါသည်။

၂။ အောက်ဖော်ပြပါ စက်ရုံ/စက် ရုံခွဲများအား ပုဂ္ဂလိကသို့ ငှားရမ်းခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် တင်ဒါပိတ်သိမ်းမည့်ရက်များအား ယှဉ်တွဲဖော်ပြပါအတိုင်း ပြင်ဆင်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

| စဉ် | စက်ရုံ | ယခင်တင်ဒါပိတ်သိမ်းမည့်ရက် | ပြင်ဆင်သည့်တင်ဒါပိတ်ရက် |
|---|---|---|---|
| (က) | အမှတ်(၃) အထည်စက်ရုံ (စစ်ကိုင်း) | ၁၈-၉-၂၀၁၃ | ၂၇-၉-၂၀၁၃ |
| (ခ) | အမှတ်(၃) အထည်စက်ရုံခွဲ(စစ်ကိုင်း) | ၁၈-၉-၂၀၁၃ | ၂၇-၉-၂၀၁၃ |
| (ဂ) | အမှတ် (၁၁) အထည်စက်ရုံ(ပခုက္ကူ) | ၁၈-၉-၂၀၁၃ | ၂၇-၉-၂၀၁၃ |

၃။ လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်နှင့် လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ထပ်မံဖြည့်စွက်ထားသော တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် အောက်ဖော်ပြပါ လိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ဆက်သွယ်ရမည့်လိပ်စာ - ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန၊ အထည်အလိပ်လုပ်ငန်း
အပြည့်အစုံ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း - ၀၆၇-၄၀၈၁၅၆/၄၀၈၃၃၈/၄၀၈၁၈၅

### စက်မှုဝန်ကြီးဌာန
### အထည်အလိပ်လုပ်ငန်း
### အိတ်ဖွင့်အဆိုပြုလွှာခေါ်ယူပြီး ငှားရမ်းခြင်းဆောင်ရွက်မည့် စက်ရုံ/စက်ရုံခွဲများ၏ တင်ဒါပိတ်ရက်ပြင်ဆင်ခြင်း

၁။ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ စက်ရုံ/စက်ရုံခွဲများအား ပုဂ္ဂလိကသို့ ငှားရမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ၂၆-၈-၂၀၁၃ ရက်မှ ၁-၉-၂၀၁၃ ရက်အထိ နေ့စဉ်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် အိတ်ဖွင့်တင်ဒါ ခေါ်ယူခဲ့ပါသည်။

၂။ အောက်ဖော်ပြပါ စက်ရုံ/စက် ရုံခွဲများအား ပုဂ္ဂလိကသို့ ငှားရမ်းခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် တင်ဒါပိတ်သိမ်းမည့်ရက်များအား ယှဉ်တွဲဖော်ပြပါအတိုင်း ပြင်ဆင်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

| စဉ် | စက်ရုံ | ယခင်တင်ဒါပိတ်သိမ်းမည့်ရက် | ပြင်ဆင်သည့်တင်ဒါပိတ်ရက် |
|---|---|---|---|
| (က) | အမှတ်(၅) အထည်စက်ရုံခွဲ(မြင်းခြံ) | ၂၅-၉-၂၀၁၃ | ၃၀-၉-၂၀၁၃ |
| (ခ) | အမှတ်(၉) အထည်စက်ရုံ(ကျောက်ဆည်) | ၂၅-၉-၂၀၁၃ | ၃၀-၉-၂၀၁၃ |
| (ဂ) | အမှတ် (၁၀) အထည်စက်ရုံ(တောင်သာ) | ၂၅-၉-၂၀၁၃ | ၃၀-၉-၂၀၁၃ |

၃။ လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်နှင့် လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ထပ်မံဖြည့်စွက်ထားသော တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ဆက်သွယ်ရမည့်လိပ်စာ - ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန၊ အထည်အလိပ်လုပ်ငန်း
အပြည့်အစုံ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း - ၀၆၇-၄၀၈၁၅၆/၄၀၈၃၃၈/၄၀၈၁၈၅

### စက်မှုဝန်ကြီးဌာန
### ဝင်းသူဇာအရောင်းဆိုင်များအား ပုဂ္ဂလိကအရောင်းဆိုင်အဖြစ် ငှားရမ်းရေးတင်ဒါခေါ်ယူမှုအတွက် သတိပြုရန်အချက်များ ကြော်ငြာခြင်း

၁။ ယခုအိတ်ဖွင့်တင်ဒါပေးသွင်းရန်အဆိုပြုဈေးနှုန်းဖိတ်ခေါ်ထားခြင်းသည် **တင်ဒါကြော်ငြာတွင်ပါရှိသော စာချုပ်သက်တမ်းကုန်ဆုံးသည့် ဝင်းသူဇာအရောင်းဆိုင်(၃၈)ဆိုင်အတွက်သာ ဖြစ်ပါသည်။**

၂။ တင်ဒါကြော်ငြာတွင် ဖော်ပြထားသော **ကျန်ရှိသည့် ဝင်းသူဇာအရောင်းဆိုင်(၁၃)ဆိုင်မှာ လက်ရှိငှားရမ်းမှု သက်တမ်းကုန်ဆုံးပြီးမှသာ အိတ်ဖွင့်တင်ဒါဈေးနှုန်းကို ထပ်မံဖိတ်ခေါ်မည်ဖြစ်ပြီး ကြိုတင်သိရှိနိုင်ရန် အသိပေးထားခြင်းသာဖြစ်ပါသည်။**

၃။ **ရန်ကုန်တိုင်းဒေသကြီး**နယ်မြေအတွင်းရှိ ဝင်းသူဇာအရောင်းဆိုင်များ ငှားရမ်းခြင်းအတွက် တင်ဒါစပေါ်ငွေကျပ်၅၀သိန်း(ကျပ်ငါးဆယ်သိန်းတိတိ)အစား **တင်ဒါစပေါ်ငွေကျပ် ၅၀၀သိန်း(ကျပ်ငါးရာသိန်းတိတိ)တင်သွင်းရန် ပြင်ဆင်သတ်မှတ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဝင်းသူဇာအရောင်းဆိုင်များအတွက် မူလအတိုင်း တင်ဒါစပေါ်ငွေကျပ် ၅၀ သိန်း(ကျပ်ငါးဆယ်သိန်းတိတိ)သာဖြစ်ပါသည်။**

၄။ **တင်ဒါပိတ်ရက်အား ၁၆-၉-၂၀၁၃ရက်(တနင်္လာနေ့) ၁၆း၀၀နာရီအစား ၁၇-၉-၂၀၁၃ ရက်(အင်္ဂါနေ့) နံနက် ၉း၀၀နာရီဟု ပြင်ဆင်သတ်မှတ်ပါသည်။**

၅။ **တင်ဒါဖွင့်ပွဲအား ၁၇-၉-၂၀၁၃ ရက်(အင်္ဂါနေ့) ၁၀း၀၀ နာရီတွင် ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ တင်ဒါပေးသွင်းသူများ၏ ရှေ့မှောက်တွင် ဆက်လက်ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။**

၆။ **တင်ဒါစည်းကမ်းအပိုဒ်(၁၀)**တွင် ဖော်ပြထားရှိသည့် "ဌာနမှသတ်မှတ်ထားသော ကြမ်းခင်းဈေးနှုန်းမီသော ဈေးနှုန်းအဆိုပြုလွှာများအား ဌာနမှဖိတ်ခေါ်၍ နောက်ဆုံးအကြိမ်ဈေးပြိုင်အဆိုပြုလွှာများ ပေးသွင်းခြင်းကို ဆောင်ရွက်မည်ဖြစ်ပြီး အများဆုံးပေးသွင်းသူသည် တင်ဒါအောင်မြင်မည်ဖြစ်သည်"ဆိုသည့်စာသားအစား အောက်ပါအတိုင်းပြင်ဆင်သတ်မှတ်ပါသည်-

**"တင်ဒါဖွင့်ပွဲနေ့တွင် ဝင်းသူဇာအရောင်းဆိုင် တစ်ဆိုင်ချင်းအလိုက် ဌာနမှသတ်မှတ်ထားသော ကြမ်းခင်းဈေးနှုန်းမီသော ဈေးနှုန်းအဆိုပြုလွှာများအနက်မှ အမြင့်ဆုံးဈေးနှုန်းအဆိုပြုလွှာ ပေးသွင်းထားသူကို တင်ဒါဈေးနှုန်းအမြင့်ဆုံးတင်သွင်းသူအဖြစ် တစ်ပါတည်း ကြေညာပေးသွားမည်ဖြစ်ပါသည်"**

၇။ တင်ဒါအောင်မြင်သူစာရင်းအား စက်မှုဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်ပေးပြီးမှသာ နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာပေးသွားမည်ဖြစ်ပါသည်။

၈။ တင်ဒါအောင်မြင်သူအား ဌာနမှ(၁)နှစ်အငှားစာချုပ်ချုပ်ဆိုငှားရမ်းပေးမည်ဖြစ်ပြီး၊ တစ်နှစ်တစ်ကြိမ် သက်တမ်းတိုးမြှင့်ဈေးနှုန်းညှိနှိုင်း၍ စုစုပေါင်း(၁၀)နှစ် ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသည်။

၉။ **သို့ပါ၍ တင်ဒါတင်သွင်းမှု နောက်ဆုံးနေ့ရက်ပြောင်းလဲမှုသိရှိစေရန်နှင့် တင်ဒါဖွင့်ပွဲပြုလုပ်မည့်နေ့ရက်၊ အချိန်များသို့ တက်ရောက်ပေးနိုင်ရန် ဖိတ်ကြားအပ်ပြီး၊ တင်ဒါ စည်းကမ်းပြင်ဆင်မှုအရ အမြင့်ဆုံးဈေးနှုန်းများဖြင့် အဆိုပြုဈေးနှုန်းကို တစ်ကြိမ်တည်း တင်သွင်းယှဉ်ပြိုင်ကြရန် အသိပေးကြော်ငြာအပ်ပါသည်။**

**စက်မှုညွှန်ကြားရေးဦးစီးဌာန**
**စက်မှုဝန်ကြီးဌာန**

**NEO-Japanese Language School**

- ဂျပန်လူမျိုးဆရာများကိုယ်တိုင် သင်ကြားပေးမည်။
- ဂျပန်နိုင်ငံသို့ သွားရောက်ကျောင်းတက်လိုသူများ မြန်မာနိုင်ငံရှိ ဂျပန်ကုမ္ပဏီများတွင် အလုပ်လုပ်ကိုင်လိုသူများ ဆက်သွယ်ပါ။
- ဂျပန်စာသင်တန်းများလည်း စတင်လက်ခံနေပါပြီ။
- အခြေခံသင်တန်း (၃-လပြတ်) စနေ၊ တနင်္ဂနွေ (၁း၃၀မှ ၃း၃၀) ၂၁-၉-၂၀၁၃ (စနေနေ့စမည်)
- အခြေခံသင်တန်း (၃-လပြတ်) ဗုဒ္ဓဟူး၊ သောကြာ (၃း၃၀ မှ ၅း၃၀) ၂၅-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့ စမည်)။

လိပ်စာ - အမှတ်-၁၀(ဘီ)၊၄လွှာ၊ နတ်စင်လမ်းနှင့် နိဗ္ဗာန်လမ်းကြား၊ ကြည့်မြင်တိုင်မြို့နယ်။

**ဖုန်း-၀၉-၅၀၁၈၇၅၈၊ ၀၉-၅၀၈၁၂၇၃**

**တစ်ဦးတည်းဖြစ်ကြောင်း**

ဘားအံမြို့၊ အထက(၃)၊ ဒသမတန်း(C)တွင် ပညာသင်ကြားနေသော (အဖ) ဦးခင်မောင်၏ သမီးဖြစ်သူ မခင်လဲ့လဲ့ရွှေ(ခ)မခင်ထွန်းအေးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မခင်လဲ့လဲ့ရွှေ(ခ)မခင်ထွန်းအေး**
**[၃/ဘအန(နိုင်)၁၅၇၄၅၆]**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်(၃၈၇)၊ မြေကွက်တည်နေရာအမှတ်(၃၈၇)၊ အေးမြသာယာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးကျော်သန်း(MMN-၀၁၀၆၁၁)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်သန်း ကွယ်လွန်သဖြင့် ဒေါ်သန်းရီ၁၂/လမန(နိုင်)၀၀၉၅၀၀|က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

☎:01-512443, 09-73017656
သန့်စင်ပြီး ပွဲတော်အုပ် အရောက်ပို့
အသစ်မပေါ်ခင် အဟောင်းဝယ်ထားနော် ဗျာပုံပေါ် ဆန်းမွှေးကောင်းကောင်းလေး
တစ်အိတ် - Ks 32000/

ပြည်တွင်းရေးရာ

# သစ်တစ်ပင်ကောင်းပါမှ

မောင်မောင်ထွေး

ရန်ကုန်မိုးက နေ့စဉ်ရက်ဆက်ကောင်း၏။ သို့ဖြင့် အားလပ်ချိန်များတွင် စာဖတ်၍အလွန်ကောင်း၏။ ယခုရက်ပိုင်းအတွင်း အတ္ထုပ္ပတ္တိစာပေများကို ပို၍ဖတ်ဖြစ်သည်။ ကြီးကျယ်ထင်ရှားသည့် လူပုဂ္ဂိုလ်ကြီးများ၏ ကြီးကျယ်ခမ်းနားသော အောင်မြင်မှုများကို ဖတ်ရှုရခြင်းအားဖြင့် သူတို့လျှောက်လှမ်းခဲ့ရသည့်ဘဝမှတ်တိုင်များနှင့် အောင်မြင်မှု၏ လျှို့ဝှက်ချက်များကို တစ်ထိုင်တည်း တွေ့မြင်ရရှိနိုင်ပေသည်။

ဖတ်လိုက်ရသည့် အတ္ထုပ္ပတ္တိစာပေများအနက် ဖတ်ပြီးအတုယူဖွယ်ရာ၊ စဉ်းစားတွေးခေါ်ဖွယ်ရာများ ရရှိလိုက်သည့် စာအုပ်ကတော့ ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီးယား) သမ္မတအီမြောင်ဘတ်၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိကို ဆရာမြတ်ငြိမ်းဘာသာပြန်ဆိုရေးသားထားသည့် "ခယောင်းလမ်းမှသည်" စာအုပ်ပင်ဖြစ်သည်။

ဆန်အရက်ချက်ရာတွင် အရက်ချက်ပြီး ကျန်နေသည့် ကစော်ဖတ်များကို ဆန်ထမင်းအဖြစ် စားခဲ့ရသည့် ငယ်ဘဝ၊ အစဉ်အမြဲဆာလောင်မွတ်သိပ်ခြင်းနှင့် ဆင်းရဲမွဲတေခြင်းများဖြင့် ဖြတ်သန်းခဲ့ရသည့်ငယ်ဘဝ၊ တက္ကသိုလ်ပညာသင်ကြားနိုင်ရေးအတွက် အမှိုက်လှည်းကျုံးပြီး ပညာရှာမှီးခဲ့ရသည့် ကျောင်းသားလူငယ်ဘဝ။

ထို့နောက် ဟွန်ဒိုင်းကုမ္ပဏီ၏ စာရင်းကိုင်ဘဝမှသည် အမှုဆောင်အရာရှိချုပ် (CEO) ဘဝ။ထိုမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဆိုးလ်မြို့ မြို့တော်ဝန်၊ တစ်ဖန် ၂၀၀၈ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ၏ သမ္မတကြီးအထိ အဆင့်ဆင့်တက်လှမ်းနိုင်ခဲ့မှုတို့ကို အားကျအတုယူဖွယ်ရာ ရသစုံလင်စွာဖြင့် ရေးဖွဲ့ထားခြင်းဖြစ်၍ လက်ထဲက မချနိုင်ဖြစ်ရသည်။

ထို့ပြင် အီမြောင်ဘတ်၏ ရုန်းကန်လှုပ်ရှားမှုနှင့်အတူ ယနေ့ကမ္ဘာကျော် ဟွန်ဒိုင်းကုမ္ပဏီကြီး၏ ရုန်းကန်လှုပ်ရှားမှုဖြစ်စဉ်များကိုလည်း တစ်ဆက်တည်း ယှဉ်တွဲလေ့လာခွင့်ရခဲ့၏။

သို့မို့ကြောင့် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ရာတွင် ပုဂ္ဂလိကကုမ္ပဏီများ၏ အရေးပါမှုအပေါ် စဉ်းစားဆင်ခြင်စရာများဖြစ်ရ၏။ ကိုရီးယားသမ္မတနိုင်ငံ၏ သမိုင်းကြောင်းနှင့် မိမိတို့နိုင်ငံ၏သမိုင်းကြောင်းမှာလည်း အတော်ပင် ဆင်လှ၍ နှိုင်းယှဉ်သုံးသပ်ဖွယ်ရာ အတွေးစများကိုလည်း ဖြစ်ပေါ်စေ၏။

ကိုရီးယားသမ္မတနိုင်ငံ၏ အတိတ်သမိုင်းကြောင်းတွင်လည်း နိုင်ငံ့စီးပွားရေးအတွက် ပုဂ္ဂလိကကုမ္ပဏီများ၏ အပြုသဘောဆောင်သည့် အခန်းကဏ္ဍကို သိပ်အလေးမပေးခဲ့ချေ။ အမြတ်အစွန်းရရေးကိုသာ ဦးထိပ်ထားသည့် စီးပွားရေးလောကမှ စီးပွားရေးသမားများအဖြစ်သာ မှတ်ယူခဲ့ကြ၏။

သမ္မတချန်ဒူးဝမ်လက်ထက် ၁၉၈၀ ပြည့်လွန်နှစ်များတွင်မူ အစိုးရက ယှဉ်ပြိုင်မှုပိုမိုအားကောင်းလှရေးအတွက် အဓိကစက်မှုလုပ်ငန်းကြီးတစ်ခုတွင် ကုမ္ပဏီတစ်ခုသာလိုအပ်သည်ဟုဆိုကာ မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် အကြီးစားဓာတုဗေဒလုပ်ငန်းများ၊ သင်္ဘောကျင်းလုပ်ငန်းနှင့် အကြီးစားစက်မှုလုပ်ငန်းများကို နယ်ပယ်အလိုက် ကုမ္ပဏီများပေါင်းစပ်၍ ကုမ္ပဏီတစ်ခုအဖြစ်သာ ပေါင်းစည်းရေးစီမံကိန်းကို အကောင်အထည်ဖော်ခဲ့၏။

သို့သော် ဟွန်ဒိုင်းကုမ္ပဏီသူဌေးချောင်ဂျူယောင်နှင့် CEO အီမြောင်ဘတ်တို့က တင်းခံခဲ့ကြ၏။ အီမြောင်ဘတ်က "ပြိုင်ဆိုင်မှုက ဆန်းသစ်တီထွင်ခြင်းကို နှိုးဆွပေးပြီး စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပေါ်ပေါက်လာစေသည်။ ပြိုင်ဆိုင်မှုအားကောင်းသည့် ကမ္ဘာထဲမှာမှ ကုမ္ပဏီများကို တကယ်တမ်းကြီးပွားတိုးတက်စေခြင်း ဖြစ်သည်။ စီးပွားရေးဈေးကွက်ထဲတွင် အကျိုးအမြတ်ရရှိအောင် အားထုတ်မှုအနေဖြင့် ပြိုင်ဆိုင်မှုကို ဖယ်ရှားရှင်းလင်းပစ်ခြင်း၊ စက်မှုလုပ်ငန်းများကို တစ်ခုတည်းချုပ်ကိုင်ပစ်လိုက်ခြင်းသည် တိုးတက်မှုဆိတ်သုဉ်းအောင် လုပ်ပစ်ခြင်းဖြစ်သည်။ ကမ္ဘာ့ဈေးကွက်ကို မည်သည့်အခါမျှ တိုးဝင်ယှဉ်ပြိုင်နိုင်မည် မဟုတ်။ ကြီးပွားတိုးတက်မှု ဖြစ်ထွန်းစေရန် အရေးပါသည့်အချက်မှာ လုပ်ငန်းချင်းယှဉ်ပြိုင်မှုကို တည်ဆဲဥပဒေများအရ ယှဉ်ပြိုင်စေခြင်း ဖြစ်သည်"ဟု ဆိုကာ အခြေအတင်ပြောဆိုနိုင်ခဲ့၍ ဟွန်ဒိုင်းကုမ္ပဏီကြီးသည် ကမ္ဘာ့ဈေးကွက်တွင် အခြေခိုင်ခဲ့သည့် ကုမ္ပဏီကြီးအဖြစ်လည်းကောင်း၊ ကိုရီးယားနိုင်ငံသားများအတွက် သစ်တစ်ပင်ကောင်းငှက်တစ်သောင်းနားခိုနိုင်သည့် ကုမ္ပဏီကြီးအဖြစ်သို့ လည်းကောင်း ဆက်လက်ရှင်သန်ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

သို့ဆိုလျှင် ကျွန်တော်တို့ မြန်မာကုမ္ပဏီများအနေဖြင့်လည်း ကုမ္ပဏီအချင်းချင်း ပြိုင်ဆိုင်မှုဖြင့် ဆန်းသစ်တီထွင်ခြင်းကို နှိုးဆွပေးရန်လိုအပ်လာပါပြီ။ ဟွန်ဒိုင်းကုမ္ပဏီသည် ၁၉၇၀ ပြည့်လွန်နှစ်များတွင် အဏုမြူစွမ်းအင်၊ အဏုမြူဓာတ်အားပေးစက်ရုံအကြောင်း နာကန်းတစ်လုံးမျှ နားမလည်ခဲ့သော်လည်း တစ်ဆင့်ခံကုမ္ပဏီကလေးအဖြစ် စတင်လျှောက်လှမ်း ပညာယူခဲ့ပြီး နောက်ပိုင်းတွင် ဘေးကင်းလုံခြုံရေးစံနှုန်းအသစ်များနှင့် ကိုက်ညီစွာ တည်ဆောက်နိုင်စွမ်းရှိသည့် တစ်ခုတည်းသောကုမ္ပဏီအဖြစ် နိုင်ငံအတွင်း ရပ်တည်လာနိုင်ခဲ့မှုအပေါ်ကိုလည်း မြန်မာပုဂ္ဂလိကကုမ္ပဏီများ အားကျအတုယူဖို့လိုအပ်သည်။

ယနေ့အချိန်အခါသည်ကား မြန်မာပုဂ္ဂလိကကုမ္ပဏီများအတွက် ရေကန်အသင့်ကြာအသင့် အချိန်အခါပေတည်း။ ခေတ်ပြောင်းစနစ်ပြောင်းချိန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အလုံးအရင်းဖြင့် စီးဝင်နေချိန်ဖြစ်ရကား အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နည်းပညာများကို လေ့လာရှာမှီးရယူနိုင်ပေသည်။ မြန်မာအမျိုးသားများအတွက် သစ်တစ်ပင်ကောင်းငှက်တစ်သောင်းနားခိုနိုင်ရာ ကမ္ဘာ့အဆင့်မီ မြန်မာအမျိုးသားပိုင် ပုဂ္ဂလိကကုမ္ပဏီကြီးများအဖြစ် အခြေခိုင်ခံ့စွာ တည်ဆောက်နိုင်ဖို့ တွေးခေါ်တီထွင်ကြံဆကြရမည့် အချိန်ကောင်းပေတည်း။ ကမ္ဘာ့ဈေးကွက်ကို တိုးဝင်ယှဉ်ပြိုင်နိုင်ဖို့ မျက်စိတစ်ဆုံးကြည့်နိုင်ရန်လည်း လိုအပ်ပေသည်။

ထိုနည်းတူ နိုင်ငံတော်အပိုင်းကလည်း ကြီးပွားတိုးတက်မှုဖြစ်ထွန်းလာစေရန် သော့ချက်ပမာဖြစ်သည့် လုပ်ငန်းချင်းယှဉ်ပြိုင်မှုကိုတည်ဆဲဥပဒေများအရ ယှဉ်ပြိုင်စေရန် လမ်းဖွင့်ဆောင်ရွက်ပေးရပါမည်။ မလိုအပ်တော့သည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို တစ်ဆင့်ထက်တစ်ဆင့် ပိုမိုဖြေလျှော့ပေးရပါမည်။

ဆရာမြတ်ငြိမ်း၏" ခယောင်းလမ်းမှသည် "အတ္ထုပ္ပတ္တိစာအုပ်ကား ကျွန်တော်၏မျက်စိတိမ်သလ္လာကိုလည်း တစ်မုဟုတ်ချင်းဖယ်ရှားနိုင်စွမ်း ရှိခဲ့ပါသည်။ ပုဂ္ဂလိကကုမ္ပဏီများသည် စီးပွားရေးလောကတွင် အမြတ်အစွန်းရရှိရေးကိုသာ ဦးထိပ်ထားသည့် စီးပွားရေးသမားများအဖြစ်သာ မှတ်ယူထားခဲ့သော တိမ်သလ္လာများကို ဖယ်ရှားနိုင်ခဲ့၍ဖြစ်၏။

ပြည်သူများအနေဖြင့်လည်း လက်ရှိပစ္စက္ခတွင် အိမ်နီးချင်းနိုင်ငံများ၌ ကျွန်တော်တို့နိုင်ငံသား ရွှေ့ပြောင်းလုပ်သားများသိန်းနှင့်ချီ၍ ရှိနေသေးချိန်တွင် နိုင်ငံ့စီးပွားရေးအတွက် အရေးပါသည့် မြန်မာ့ပုဂ္ဂလိကကုမ္ပဏီများ၏ အခန်းကဏ္ဍကို အပြုသဘောဆောင်သည့် အမြင်များဖြင့် ရှုမြင်ကြည့်ရပါလိမ့်မည်။ သစ်ပင်ကောင်းတစ်ပင်နှင့်တူသည့် မြန်မာအမျိုးသားများပိုင် ပုဂ္ဂလိကကုမ္ပဏီကြီးများ ပိုမိုအောင်မြင်ပါမှ ငှက်အပေါင်းနှင့်တူသည့် မြန်မာအမျိုးသားများ နားခိုနိုင်ပါလိမ့်မည်ဟု ဆိုပါရစေ။

## ကျေးလက်ဖွံ့ဖြိုးရေးတံတားအောက်၌ ဒိုက်များပိတ်နေ၍ ဒေသခံများရေကြောင်းသွားလာရေးအခက်အခဲကြုံတွေ့

**မင်းရွာ စက်တင်ဘာ ၁၄**

သနပ်ပင်မြို့နယ် မင်းရွာကျေးရွာနှင့် တာဝကျေးရွာအုပ်စုတို့ကို ဆက်သွယ်ဆောက်လုပ်ထားသော ချောင်းဖြတ်တံတားအောက်ရှိ ရေယာဉ်သွားလမ်းကြောင်းများတွင် တောင်သူများက လယ်မြေအတွင်းမှဖြတ်ထုတ်မျှောလွှတ်လိုက်သော ဒိုက်၊ မြက်ရိုင်းများမှာ ရေယာဉ်သွားလမ်းကြောင်းများတစ်လျှောက် လုံးဝပိတ်ဆို့နေ၍ မင်းရွာကျေးရွာမှတစ်ဆင့် သနပ်ပင်မြို့သို့သွားရောက်သည့် ရေယာဉ်အစင်း ၅၀ ကျော်ခန့် နေ့စဉ်အခက်အခဲများဖြင့် ကြုံတွေ့နေရသည်။

လွန်ခဲ့သည့်နှစ်က ယခုကဲ့သို့ ဒိုက်၊ မြက်ရိုင်းများပိတ်ဆို့ပြီး ရေစီးလိုက်စားမှုကြောင့် တံတားကမ်းကပ်ဘက်အပိုင်း ပြိုကျပျက်စီးခဲ့ရ၍ ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေကျပ်သိန်းနှစ်ရာကျော်နှင့် တိုင်းဒေသကြီးအစိုးရမှပံ့ပိုးငွေကျပ် ၁၆၈ သိန်းတို့ဖြင့် အဆိုပါတံတားအား ပြန်လည်တည်ဆောက်ပြီးစီးခဲ့ပြီး စက်တင်ဘာ ၁၁ ရက် နံနက်က ပိတ်ဆို့နေသော ဒိုက်များအား ဓားဖြင့်ခုတ်ဖြတ်ခြင်း၊ ကြိုးဖြင့်ဆွဲချခြင်းတို့ကို အချိန်ကြာမြင့်စွာ လုပ်ဆောင်ပြီးမှ သွားလာနေရသဖြင့် ခရီးသွားဒေသခံပြည်သူများ အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။ **(အောက်ပုံ)**

**ရဲထွန်း(မင်းရွာ)**

## အလုပ်အကိုင်အခွင့်အလမ်းကြော်ငြာ


**Tamarind Travel**

**Job vacancy (Urgently required)**

Tamarind Travel is Myanmar National owned travel agency and tour operator who works with international standard management. We are seeking for **highly qualified** staff for following positions.

(1). Assistant Reservation Manager (F) 1 Position
1. Minimum degree from a university.
2. Must be able to communicate in English.
3. Minimum (3) years experience at reservation tasks & currently work.
4. Be able to operate a PC of Microsoft word and excel.
5. Be able to work to a good quality results.
6. Be knowledgeable and have an experience of working with luxury hotels.

(2). Assistant Quotation Manager/ Quotation Executive (F) 1, 3 Position
1. Minimum degree from a university.
2. Be able to quote with excel, at least 2-3 years experience with tour quotation, be knowledgeable about luxury hotels and resorts in major tour sites, Currently work.

(3). Reservation Executive (F) 3 Positions
1. Minimum degree from a university.
2. Minimum (1) year experience the tasks of hotel reservations, domestic flight, cruise, and car bookings.
3. A good skill at telephoning.

For vacancy (1) – (3), the candidates must have personal skills of; be understandable of work ethics, trust worthy, motivate, honest to the management and hard working, polite and hospitality, able to communicate in courteous manners, must be focus on work. We are pleased to invite the candidate who has a real experience of our above requirements.

Interested persons are invited to submit C.V with recent photo, describe working experience from graduation till present and expected salary. Not later than 15 October 2013. Only a short notice candidates will be called for interview.

**99, 2nd floor, Rm C, Dhamazedi Road, Bahan T/S, Yangon**
**Tel: 524 108, 09 540 5046, 09 49 313 035**
**(Please contact 9:00 AM — 5:00 PM, Monday to Friday, 9:00 AM to 1:00 PM on Saturday)**
**Or email to tamarindtravel@gmail.com**



**U.S.O & Associate Construction Co., Ltd**

(အဆင့်မြင့် အိမ်ရာစီမံကိန်းများတွင်တာဝန်ထမ်းဆောင်ရန်)

**Site Store Supervisor** ကျား(၁) ဦး

ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ Store အတွေ့အကြုံအနည်းဆုံး (၂)နှစ်ရှိရမည်၊
စာရင်းပိုင်းဆိုင်ရာ စေ့စပ်သေချာသူဖြစ်ရမည်၊
ပစ္စည်းအဝင်အထွက် ကျွမ်းကျင်စွာကိုင်နိုင်ရမည်၊
ကွန်ပျူတာဖြင့် (Microsoft Word, Excel ) စာရင်း အဝင်/အထွက်ပြုစုနိုင်ရမည်၊
အသက် (၂၅)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်၊
LCCI Level-2 အောင်မြင်ပြီးသူဖြစ်ရမည်၊

**Accountant** မ (၁) ဦး

Projects များနှင့် ပတ်သက်သည့် Accounting ကျွမ်းကျင်ရမည်၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီး LCCI Level-3 အောင်မြင်ပြီးသူဖြစ်ရမည်၊
လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်၊
စာရင်းချုပ်နိုင်သည်အထိ တာဝန်ယူနိုင်ရမည်၊
Accounting Software အသုံးပြုနိုင်သူဖြစ်ရမည်၊
အသက် (၂၅)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်၊
အရည်အချင်း၊ လုပ်ငန်းကျွမ်းကျင်မှု၊ အတွေ့အကြုံပေါ်မူတည်၍ထိုက်တန်သောလစာပေးမည်၊

လျှောက်ထားလိုသူများသည် လိုအပ်သည့်စာရွက်စာတမ်းအပြည့်အစုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ (၂)ပတ်အတွင်းအောက်ပါလိပ်စာအတိုင်း (ရုံးချိန်အတွင်း) လာရောက်လျှောက်ထားနိုင်ပါသည်၊

အမှတ်(၆)၊ ကီလီရိပ်သာလမ်းသွယ်၊ အထက်ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်

အမြတ်ဆုံး သိမ်ဒကာ၊ ဘုရားဒကာ၊ ကျောင်းဒကာခံယူပါ ရေစက်ချ လှူမည်

နိုင်ငံကျော်ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရအရှင်သူမြတ်တည်ဆောက်သော ဝိပဿနာတောစခန်းရိပ်သာအတွက် (၁)မြေငါးပေပတ်လည် ငါးသောင်း ကျပ်၊ (၂)ကျောင်း ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၃)သိမ် ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၄)ဘုရားစေတီ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၅)အုတ်တံတိုင်း ဆယ်ပေတစ်ခန်း ငါးသောင်းကျပ်၊ (၆)ပစ္စည်းလေးပါးပဒေသာပင် ငါးသောင်းကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပြီး ရန်ကုန်တိုင်း အတွင်းရှိ တရားပွဲကျင်းပလိုသော ဂေါပကအဖွဲ့များလည်း ယခုစက်တင်ဘာလအတွင်း တရားပွဲ ပင့်လျှောက်လွှာများ ကြိုတင်ပေးပို့နိုင်ကြပါပြီ။

**ကိုးဘွဲ့ရသာသနာပြုကျောင်းတိုက်၊ (၄၂)ရပ်ကွက်၊**
**ဗိုလ်မှူးဗထူးလမ်း၊ မြောက်ဒဂုံ၊ ရန်ကုန်၊**
**ဖုန်း-၀၉၄၂၁၁၄၃၃၈၆၊ ၀၉၂၁-၁၀၃၀၅**


အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းရှင်များနှင့် ရောင်း/ဝယ်/ပေါင်နှံလိုသူများ လက်ကိုင်ထားရမည့်

အကျိုးရှိအောင်

**အကျိုးဆောင်**

ဂျာနယ်ကိုဖတ်လိုက်ပါ .....

City Mart များတွင်လည်း ရရှိနိုင်ပါသည်

Ph : 01-387127, 375537 (အသုံးမလိုဝိုလျှံပစ္စည်း။ အခမဲ့ကြော်ငြာကဏ္ဍပါသည်)

စက်တင်ဘာလ (၁၅) ရက်၊ တနင်္ဂနွေနေ့

■ မန္တလေးဝန်းကျင် အိမ်၊ ခြံ၊ မြေ ဈေးကွက် ■ မန္တလေးတွင် တည်ဆောက်မည့် တန်ဖိုးနည်းအိမ်ရာကို လာမည့် ဘတ်ဂျက်နှစ်အတွင်း အပြီးတည်ဆောက်မည် ■ ကျောက်ဖြူ အထူးစီးပွားရေးဇုန် လုပ်ကိုင်ရန် အိတ်ဖွင့် တင်ဒါခေါ်ယူ ■ ကိုရီးယားနိုင်ငံမှ အစာစပ်စက်ရုံတစ်ခု လာရောက်တည်ဆောက် ■ လာမည့်နှစ်နှစ်အတွင်း ပြည်တွင်းလူဦးရေ၏ ၈၀ ရာခိုင်နှုန်းအထိ မိုဘိုင်းဖုန်း အသုံးပြုနိုင်ရန် ဆောင်ရွက် ■ သနပ်ခါးခြံပျက် ရောင်းချလိုသူများရှိလာ ■ ရွှေဈေးကွက်အခြေအနေ ■ ရန်ကုန်ကားဈေးကွက် အခြေအနေ ■ စမတ်အိမ်နဲ့ နေလျှပ်စစ်ကားစီးရမယ့်ခေတ်သို့ ■ လိုက်တမ်း ပြေတမ်းကစားနေသည့် မြေကွက်မျက်လှည့်ပြပွဲ... အပါအဝင်ပါနေကျ ကဏ္ဍများစွာဖြင့် ထွက်ပြီ


# Happy Birthday မောင်ကျော်ကိုကိုဆက်နိုင်

## (Grade-1 အောင်ဆန်းသူရိယလှသောင်း၊ မင်္ဂလာဒုံ)

ဘိုးဘိုးကြီး မုံရွာဆရာမိုးရဲ့ မြေးဦးရတနာလေးဖြစ်သော **မောင်ကျော်ကိုကိုဆက်နိုင်** ရဲ့ ၁၅-၉-၂၀၁၃ ရက်မှာ ကျရောက်မည့် (၅)နှစ်ပြည့် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် မိသားစုနှင့်အတူ ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာဖြင့် အမျိုး၊ ဘာသာ၊ သာသနာအကျိုး သယ်ပိုး ထမ်းဆောင်နိုင်သော နိုင်ငံသားကောင်းရတနာလေးဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

| | | |
|---|---|---|
| **ဘိုးဘိုးကြီး** | - | **မုံရွာဆရာမိုး** |
| **ဖေဖေ** | - | **ဗိုလ်ကြီးကျော်ကိုကိုရှိန်း** |
| **မေမေ** | - | **ဒေါ်မိုးပြည့်ပြည့်ဖြိုး** |
| **ညီလေး** | - | **သုဝေယံရှိန်း(ခ)သုသု** |
| | | **(BRAIN-Champs-Aplomb Total Parami)** |
| **ညီငယ်လေး** | - | **မိုးပြည့်စုံဟိန်း(ခ) စုစု** |

**မဂျူးခင်- (အထက-၁၊ မ/ဥက္ကလာ)နှင့် မေသက်၊ မေမော်**
**(မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု)**

# တိုက်ကြီးမြို့ လယ်တီအနာဂါမ် ဆရာသက်ကြီး (၇) ရက် တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ မြန်မာကန်ကုန်းကျေးရွာ၊ ဓမ္မရောင်ခြည်သာသနာ့ရိပ်သာ၌ လယ်တီမူ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ရှုမှတ်နည်းဖြင့် တော်သလင်းလပြည့်ကျော်(၈)ရက် (၂၇.၉.၂၀၁၃)နေ့မှစ၍ (၇)ရက်တရားစခန်း ကျင်းပမည်ဖြစ်ပါသည်။ တရားစခန်းဝင်လိုသူယောဂီများ မင်္ဂလာဗျူဟာအသင်းချုပ်မှ (၂၇.၉.၂၀၁၃) ရက် နေ့လည်(၂:၀၀)နာရီတွင် (ကြို/ပို့)ကားများ ထွက်ခွာပါမည်။

<u>ယောဂီများအား (အသွားအပြန်)ကားအလှူရှင်</u>

**ဦးဝင်းနိုင်ဦး+ဒေါက်တာမျိုးမြင့်စီ မိသားစုမှ လှူဒါန်းပါသည်။**

◆ စာရင်းပေးသွင်းရန် ◆

(၁) မင်္ဂလာဗျူဟာအသင်းချုပ်၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်။ ၀၁ - ၃၇၀၉၅၈
(၂) တိုက်ကြီးမြို့၊ ဓမ္မရောင်ခြည်သာသနာ့ရိပ်သာ၊ ဖုန်း-၀၉၅၁၉၉၀၇၀၊ ၀၉၄၃၀၅၂၃၀၀
(၃) ဦးလှမင်းထိုက် (ဖုန်း ၀၉-၅၀၁၈၂၁၂)
(၄) ဦးတင်ဝင်းမောင် (ဖုန်း ၀၉-၇၃၀၀၆၃၇၆)

# "မီး" သတိပြု

# အလှူရှင်များဖိတ်ခေါ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကျေးရွာတွင် ဖွင့်လှစ်လျက်ရှိသော မြန်မာပြည်ချစ်ခြင်းမေတ္တာ လူငယ်ဖွံ့ဖြိုးရေးဂေဟာသည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ မိမဲ့၊ ဘမဲ့၊ မိဘမဲ့နှင့် မရှိဆင်းရဲ ကျောင်းမတက်နိုင်သူများကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရန် ပြုစုစောင့်ရှောက်ထားသော ဂေဟာဖြစ်ပြီး လက်ရှိလူဦးရေ (၁၃၀)ကျော်ရှိပါသည်။

ထိုကလေးများ၏ စားဝတ်နေရေးနှင့် ပညာရေးအတွက် အောက်ပါဖုန်းနံပါတ်များဖြင့် ဆက်သွယ်ပြီး ပါဝင်လှူဒါန်းကောင်းမှုကုသိုလ် ပြုလုပ်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

**ဖုန်း-၀၉-၇၃၁၀၁၃၉၉၊ ၀၉-၇၃၁၀၁၃၇၅၊ ၀၉-၄၉၅၇၀၂၇၅**
**ကျောင်းအုပ်ကြီး**


**အင်းလေးချစ်သူ (Travels & Tours)**

● ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ (Sep 20, Oct 4) (ပြည့်ငါးပြည့်) အာအာထွက်ပွဲ **70000**

● တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်း၊ ကလော (Oct 4) ပင်းတယ၊ ကုံလုံ **85000**

အဆင့်မြင့်ဟိုတယ်၊ စားသောက်ဆိုင်၊ စက်ခေလေ၊ ခေတ္တာဝင်တက် ကားစင်းမီး၊

အောက်တိုဘာလမှစ၍ သောကြာနေ့တိုင်းထွက်မည်။

Ph:09-312 44088, 09-730 85550


# ကိုရီးယားဘာသာသီးသန့်သင်တန်းကျောင်း

### ကိုရီးယားသို့ သွားရောက်အလုပ်လုပ်ကိုင်ချင်သူများအတွက်

- ကိုရီးယားလူမျိုး ဆရာ Dany Kim ကိုယ်တိုင်ဦးစီး၍ EPS-TOPIK အတွက် မေးခွန်းများကို စနစ်တကျ ပြည့်စုံစွာသင်ကြားပေးမည်။
- ပညာအရည်အချင်းမလို ကြိုးစားရန်သာလိုသည်။

### ပြည်တွင်းကုမ္ပဏီသာ အလုပ်လုပ်ကိုင်ချင်သူများအတွက်

- ကိုရီးယားဘာသာစကားကိုအခြေခံမှစ၍ 4 Skills အလေးထားပြည့်စုံစွာ သင်ကြားပေးမည်။
- ကိုရီးယားကုမ္ပဏီများတွင်လည်း အလုပ်ချိတ်ဆက်ပေးမည်။

**သင်တန်းနေရာ - အမှတ်(၁၄)၊ ချင်းတွင်းရိပ်မွန်အိမ်ရာ၊ ရတနာလမ်း၊ ယုဇနဥယျာဉ်မြို့တော်။ ဖုန်း-၀၉-၄၂၁၀၀၃၃၉၇၊ ၄၂၅၀၂၀၃၀၃**

# လူမှုကြော်ငြာကွန်ယက်ကုမ္ပဏီလီမိတက်

**တိုက်-၄၊ အခန်း-၆၊ မြေညီထပ်၊ နေကြာသာယာကုန်းလမ်း၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၈၆၁၀၅၉၉၊ ၀၉-၅၄၁၃၅၃၆**

1. **Account Executive** — မ (၁) ဦး
   * B.Com, CPA (OR) LCCI LEVEL III အောင်မြင်ပြီးသူ။
   * အသက် (၂၅)နှစ်မှ (၃၅)နှစ်အတွင်း။
   * လုပ်ငန်းအတွေ့အကြုံ (၅)နှစ်ရှိပြီးသူ
   * ACCOUNTING SOFTWARE (သို့) COMPUTERIZE ACCOUNTING ကျွမ်းကျင်ရမည်။
2. **Marketing Executive (Media & Advertising)** — ကျား/မ (၅) ဦး
   * ဘွဲ့တစ်ခုခုရပြီးသူ၊ အိမ်ထောင်မရှိသူ။
   * MARKETING နှင့် ပတ်သက်သော သင်တန်းတက်ရောက်ဖူးသူ ဦးစားပေးမည်။
   * သက်ဆိုင်ရာနယ်ပယ်တွင် အတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။
   * ရုပ်ရည်ပြေပြစ်ပြီး ချိုသာစွာ ပြောဆိုဆက်ဆံတတ်သူ ဖြစ်ရမည်။
   * ဝန်ဆောင်မှုလုပ်ငန်းကို စိတ်ဝင်စားပြီး၊ တိုးတက်အောင်မြင်လိုသော လူငယ်များဖြစ်ပါက အသက်၊ ပညာအရည်အချင်း၊ အလုပ်အတွေ့အကြုံကို လျှော့ပေါ့စဉ်းစားပေးမည်။
3. **Office Staff** — မ (၁) ဦး
   * ရုပ်ရည်ပြေပြစ်ပြီး ချိုသာစွာပြောဆိုဆက်ဆံနိုင်သူ၊ အိမ်ထောင်မရှိသူ ဖြစ်ရမည်။
   * အသက် (၂၀)နှစ်နှင့် (၃၀)နှစ်အကြား။
   * ဖုန်း၊ FAX နှင့် အင်တာနက် အီးမေး သုံးစွဲနိုင်ရမည်။
   * ရုံးလုပ်ငန်းနှင့်ပတ်သက်သော အတွေ့အကြုံရှိသူ DATA BASE တတ်ကျွမ်းသူ ဦးစားပေးမည်။
   * တယ်လီဖုန်းဖြေကြားမှုများကို ရှင်းလင်းပီသပြီး ချိုသာစွာ ပြောဆိုနိုင်သူဖြစ်ရမည်။
   * ကွန်ပျူတာကျွမ်းကျင်စွာ ကိုယ်တွယ်နိုင်ပြီး MYANMAR/ENGLISH ကျွမ်းကျင်စွာ ရိုက်နိုင်သူဖြစ်ရပါမည်။ MICROSOFT WORD, EXCEL, POWERPOINT သုံးစွဲနိုင်ရမည်။
4. **English စကားပြန်** — မ (၁) ဦး
   * ENGLISH စာ အရေး/အဖတ်/အပြော နားထောင်နိုင်စွမ်း၊ စကားပြန်နိုင်စွမ်း မြင့်မားရမည်။
   * အချိန်ပိုင်းလုပ်ကိုင်လိုသူများလည်း လျှောက်ထားနိုင်ပါသည်။
5. **Driver** — ကျား (၁) ဦး
   * လိုင်စင် အနီ(သို့) အနက်ရှိရမည်။
   * အော်တိုဂီယာကို ကျွမ်းကျင်စွာ မောင်းနှင်နိုင်ပြီး မြို့တွင်းလမ်းများကို ကျွမ်းကျင်စွာ သွားလာနိုင်ရမည်။
   * ယာဉ်မောင်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။

**(ကောင်းမွန်သောလစာနှင့် အကျိုးခံစားခွင့်များရှိသည်။**
**မိမိတို့အလုပ်အတွေ့အကြုံနှင့် အရည်အချင်းပေါ်မူတည်၍ မျှော်မှန်းလစာကို ပိုင်ရှင်နှင့်တိုက်ရိုက်ညှိနှိုင်းနိုင်သည်။)**

လျှောက်ထားလိုသူများသည် မိမိလျှောက်ထားလိုသော ရာထူးအားဖော်ပြ၍ ကိုယ်ရေးရာဇဝင်(CV FORM)၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာ၊ ဘွဲ့လက်မှတ်(သို့) သင်တန်းဆင်းအောင်လက်မှတ်မိတ္တူ၊ ပတ်(စ်)ပို့ဓာတ်ပုံ(၂)ပုံ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်တို့နှင့်အတူ ၂၇-၉-၂၀၁၃ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂X၂၊ မြေကွက်အမှတ် V 98+99 B၊ မြေကွက်တည်နေရာအမှတ်-၆၀၄၊ ကမ်းနားလမ်း (ဒေါ်တင်ကြည်)အမည်ပေါက် နှစ်(၃၀)မြေငှားဂရန်(သက်ကုန်)မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်(၁၆၃၄/၁၂-၁၂-၁၉၅၂)ဖြင့် ဦးကျော်သောင်း၊ ဒေါ်မြင့်မြင့်တို့ဝယ်ခဲ့ပြီးနောက် အမွေဆက်ခံပိုင်ဆိုင်စာချုပ်(၁၄၈၆/၂၇-၁၁-၁၉၉၀)ဖြင့် ဒေါ်မြင့်မြင့် ပိုင်ခဲ့ပါသည်။ ယခုအခါ ဒေါ်မြင့်မြင့်ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်(၂၃၅၉/၂၇-၆-၂၀၁၃)ဖြင့် ပိုင်ဆိုင်သည့် ဒေါ်အေးမြင့်သောင်း[၁၂/စခန(နိုင်) ၀၂၁၈၅၇၇]ကိုယ်စား ၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာ(၄၀၈၈/၈-၃-၂၀၁၃)ရရှိသူ ဦးဟန်ထွန်းဦး[၈/ပခက(နိုင်)၀၀၀၆၂၃]က ဖော်ပြပါမြေ၏ နှစ်(၃၀)မြေငှားဂရန် မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံချက်များနှင့်အတူ ဂရန်သက်တမ်းတိုးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေကွက်အမှတ် ဥ-၆၂၇၄၊ မြေကွက်နှင့်၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးသိန်းပိုင် အမည်ပေါက်ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးသိန်းပိုင် မှ အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်တော် ဦးကျော်အေးမှ ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဦးကျော်အေး**
**၁၃/သပန(နိုင်)၀၂၃၂၈၅၊ အမှတ်(၉)၊ သီရိမင်္ဂလာလမ်း၊**
**(၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့**

# ဝန်ထမ်းအလိုရှိသည်

## (ပြည်တွင်း၌သာခန့်ထားရန်)

**(1) Driver** — ကျား(၂၀) ဦး

တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး၊ အသက်(၃၂)နှစ်အောက်၊ ယာဉ်မောင်းလိုင်စင် (ဃ)ရရှိထားပြီး ကားမျိုးစုံကျွမ်းကျင်စွာ မောင်းတတ်သူဖြစ်ရမည်။

**(2) Sales Promoter** — ကျား(၂၀) ဦး

တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး အသက်(၂၅)နှစ်အောက်ဖြစ်ရမည်။

**(3) Sales Representative** — ကျား(၂၀) ဦး

တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး၊ အသက်(၃၀)နှစ်အောက်၊ Marketing အတွေ့အကြုံအနည်းဆုံး(၂)နှစ် ရှိရမည်။

**(4) Sales Supervisor** — ကျား(၅) ဦး

တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး၊ အသက်(၃၅)နှစ်အောက်ဖြစ်ရမည်၊ Distribution & Marketing အတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိပြီး၊ Leadership Skill နှင့် စီမံခန့်ခွဲနိုင်သည့် အရည်အချင်းရှိရမည်။

**အမှတ်စဉ်အားလုံးအတွက်သွက်လက်တက်ကြွ၍ အကျင့်စာရိတ္တအထူးကောင်းမွန်ရမည်။**

အထက်ပါရာထူး စိတ်ဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်၊ ပညာအရည်အချင်းထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ (၆)လအတွင်းဓာတ်ပုံ(၃)ပုံ၊သန်းခေါင်စာရင်း၊ ရဲစခန်းထောက်ခံစာမိတ္တူများနှင့်တကွ အထက်ပါလိပ်စာသို့ နှစ်ပတ်အတွင်း အောက်ပါလိပ်စာအတိုင်းလာရောက် လျှောက်ထားနိုင်ပါသည်။

အမှတ်(၅၂၀)၊ အခန်း(၇၀၁)၊ (၇)လွှာ(Excel Tower)
ကမ္ဘာအေး**စေတီ**လမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

# ဝန်ထမ်းအလိုရှိသည်

**အထွေထွေဝန်ထမ်း ကျား(၁၀)ဦး — အသက်(၂၀-၃၅) နှစ်**
**ယာဉ်မောင်း(ကျွမ်းကျင်) ကျား(၃)ဦး — အသက် (၂၅-၄၀) နှစ်**
**အမှတ်(၄၅)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်။ ဖုန်း-၀၉ ၇၃၀၂၇၇၃၃**

# ဝန်ထမ်းအလိုရှိသည်

အရည်အသွေးမြင့် အလှကုန်၊ လူသုံးကုန်၊ စားသောက်ကုန်များ ဖြန့်ဖြူးရန်အတွက် အရည်အချင်းရှိ အောက်ပါဝန်ထမ်းများအလိုရှိသည်။ အရည်အချင်း အတွေ့အကြုံပေါ်မူတည်၍ လစာနှင့် အခြားအခွင့်အရေးများ ခံစားခွင့်ရှိသည်။ နိုင်ငံခြားသို့ လေ့လာရေးခရီးစဉ်များရှိသည်။

| | | |
|---|---|---|
| 1. Sales Manager | ကျား/မ | (၃)ဦး |
| 2. Sales Supervisor | ကျား/မ | (၅)ဦး |
| 3. Sales Rep/Sales Man | ကျား/မ | (၆)ဦး |
| 4. Sales Drive/Driver | ကျား | (၅)ဦး |
| 5. Senior Accountant | မ | (၂)ဦး |
| 6. Sale Admin Supervisor | ကျား/မ | (၂)ဦး |

လျှောက်ထားလိုသူများသည် CV Form ဓာတ်ပုံ(၁)ပုံနှင့်အတူ လိုအပ်သော စာရွက်စာတမ်းများနှင့်-NO.(S/B) 4)၊ အောင်ဇေယျာအိမ်ရာ၊ ကမ်းနားလမ်းနှင့် အလုံလမ်းထောင့်၊ (ဆင်မင်းဈေးမှတ်တိုင်အနီး)၊ အလုံမြို့နယ်သို့ လာရောက်လျှောက်ထားနိုင်သည်။ **Email-hrintermedimd @ gmail.com**

## GEO-TECH PILE CO.,LTD

### ဝန်ထမ်းဖိတ်ခေါ်ခြင်း (ပြည်တွင်း၌သာခန့်ထားရန်)

ISO-9001:2008, ISO -14001-2004 & ISO : 18001-2007 နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်များရ ကုမ္ပဏီအဖွဲ့အစည်း GEO-TECH PILE CO.,LTD တွင် ဖော်ပြပါရာထူးနေရာများ လစ်လပ်လျက်ရှိပါသဖြင့် အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။

1. **Admin & HR Manager** — **M/F (1) Post**
   (ဒဂုံဆိပ်ကမ်းတွင် တာဝန်ထမ်းဆောင်ရန်)
   - တက္ကသိုလ်မှ ဘွဲ့တစ်ခုခု (သို့) MBA/MPA (သို့) Management နှင့် ပတ်သက်သော Diploma / Certificate ရရှိထားသူဖြစ်ရမည်၊
   - အသက် ၃၅ နှစ်နှင့် အထက်ဖြစ်ရမည်၊
   - သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၅)နှစ်ရှိသူ ဖြစ်ရမည်၊
2. **Financial Controller/Finance Manager** — **F (1) Post**
   - B.Com (သို့) CPA (သို့) ACCA ရရှိထားသူဖြစ်ရမည်၊
   - သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ (၁၀)နှစ်ရှိရမည်၊
   - Finance Report နှင့် Financial Analysis ရေးဆွဲတင်ပြနိုင်ရမည်၊
3. **Admin Executive** — **F (1) Post**
   - တက္ကသိုလ်မှ ဘွဲ့တစ်ခုခု (သို့) Management နှင့် ပတ်သက်သော Diploma Certificate ရရှိထားသူဖြစ်ရမည်၊
   - အသက်(၂၅)နှစ် နှင့်အထက်ဖြစ်ရမည်၊
   - သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိရမည်၊
   - ကွန်ပျူတာ(DTP)ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်၊
4. **Site Engineer /Site Supervisor (Bore Pile)** — **M (2) Post**
   - B.E (Civil)/A.G.T.I/Mechanical နှင့်ဆက်စပ်သောဘွဲ့ရရှိသူဖြစ်ရမည်၊
   - အသက် (၂၅)နှစ်နှင့် အထက်ဖြစ်ရမည်၊
   - သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ (၂)နှစ်နှင့် အထက်ရှိရမည်၊
   - Daily Report , Pile Installation Record များ ရေးဆွဲတင်ပြနိုင်ရမည်၊
   - Safety နှင့် ပတ်သက်သော ဗဟုသုတရှိရမည်၊
   - Computer ကျွမ်းကျင်ရမည်၊
5. **Electrician(EP)** — **M (1) Post**
   - B.E (EP) (သို့) A.G.T.I(EP) ဘွဲ့ရရှိသူ ဖြစ်ရမည်၊
   - အသက် (၃၀)နှစ်နှင့် အထက်ဖြစ်ရမည်၊
   - သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ (၃)နှစ်နှင့် အထက်ရှိရမည်။
   - Motor Control ပိုင်းကို ကျွမ်းကျင်ပိုင်နိုင်ရမည်၊
   - မီးစက်၊ Car Crane, Wirring ပိုင်းကျွမ်းကျင်ရမည်၊

လျှောက်ထားလိုသူများသည် အလုပ်သမားမှတ်ပုံတင်၊ CV Form၊ ဘွဲ့လက်မှတ်၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူအတူ ရုံးချိန်အတွင်း လူကိုယ်တိုင် တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ် (၅၂/၆၀) မြေညီထပ်၊ ပိုလ်အောင်ကျော်လမ်း၊ အောက်ဘလောက်၊ ပိုလ်တထောင်မြို့နယ်၊
ဖုန်း - ၀၁- ၃၈၈၄၂၈၊၀၁- ၃၈၀၃၀၉

---

## "ကျန်းမာရေးအဆောင်ကျောက်လက်စွပ်"

သွေးတိုး၊ကိုလက်စထရောကျစေခြင်း၊ရောဂါကိုကြိုတင်သိနိုင်စေခြင်း
မိမိနှင့် အပ်စပ်သော သမားတော်ကို တွေ့နိုင်ခြင်း။

(မွေးသက္ကရာဇ်ဖြင့်သာ)

[17-10-2013 နံနက် ၁၀နာရီ ၂၅မိနစ် နဝရတ်ကိုးပါး ပွဲတင်စိမ်မည် ]

မိုးကုတ်ဦးသန်းမောင် နေလနစ်ပါး သိဒ္ဓိရတနာဆိုင်
ဆိုင်(၁)အမှတ်-(15)၊ ဝေဇယန္တာရွှေပင်းစင်တာ(Orange)(ပ)ထပ်(ဝဲ)
Ph- 09-513-0974, 09-73205028, 573600 Ext-115,
ဆိုင်(၂)၊ ယုဇနပလာဇာ(ပ)ထပ် 01-705070

---

## ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး

အလုပ်တစ်ခုတစ်ကယ်လိုအပ်ပြီဆိုရင်.........
ခိုင်မာ၊ မှန်ကန်တဲ့လုပ်ငန်းတွေမှာ မြန်မြန် အလုပ်ရဖို့လာရောက်
ဆက်သွယ်ကြည့်လိုက်ပါ။ **CRANE**

တိုက်(၁၆၆၊ ခ)၊ စမ်းချောင်းလမ်း၊ မြေနီကုန်း။
0973216922,095094914,518474

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့ ၊ **ရန်ကင်းမြို့နယ်**၊ မြေတိုင်းရပ်ကွက်(၃၂-က်ဘဲ့) မြေကွက်အမှတ်(**၈/က-၄**)၊ ဧရိယာ( ၀. ၀၃၂ )ဧကရှိမြေကွက်( အရပ်အခေါ် အမှတ်(၃၂)၊ အောင်ချမ်းသာလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ် )ဟုခေါ်သော မြေကွက်ကို အမည်ပေါက်လျက် လက်ရှိထားပိုင်ဆိုင်ပါကြောင်းအဆိုပြုဝန်ခံသူ **ဦးမျိုးဝင်း(ခ)ဦးလိုကင်စွန်း**(၁၂/ရကန(နိုင်)၀၂၈၂၈၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွဲပြောင်းဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသ (စရန်ငွေ)ပေးချေထားခဲ့ပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးစိုးဝင်းစိုး** ( စဉ်-၇၁၈၂ ) | **ဦးသန့်ဇင်** ( စဉ်-၂၅၀၆၈ ) |
| **ဦးအောင်မျိုးသိန်း** ( စဉ်-၇၈၃၃ ) | **ဒေါ်ဟန်နွေနိုင်** ( စဉ်-၂၇၅၄၄ ) |
| တရားလွှတ်တော်ရှေ့နေများ | အထက်တန်းရှေ့နေများ |
| Ph-09 50 80432 , 09 855 0254 | 09-731 70516 , 09-4200 73685 |

အမှတ်( ၅၀ )၊ ပထမထပ်၊ အခန်း( D-2 ) ၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။

---

## သုဒ္ဓဝိပဿနာရိပ်သာ(၉)ကြိမ်မြောက်ဝါတွင်းတရားစခန်းပွဲ

မေတ္တာရှင်(ရွှေပြည်သာ)ဆရာတော် တည်ထောင်ဖွင့်လှစ်သော သုဒ္ဓဝိပဿနာရိပ်သာ (၇)ရက်တရားစခန်းဝင်လိုသောယောဂီများသည် (၃-၁၀-၂၀၁၃)နေ့တော်သလင်းလပြည့်ကျော် (၁၄)ရက်တွင် သုဒ္ဓဝိပဿနာရိပ်သာ၊ ဖန်ခါးကုန်းကျေးရွာ၊ မှော်ဘီသို့ အရောက်လာကြရပါမည်။ တရားစခန်းပွဲကို (၁၁-၁၀-၂၀၁၃) သီတင်းကျွတ်လဆန်း(၇)ရက်နေ့ နံနက်တွင် တရားစခန်းပွဲပိတ်သိမ်းမည် ဖြစ်ပါကြောင်း တရားစခန်းဝင်လိုသော ယောဂီများသည် မိမိတို့၏နိုင်ငံသားစိစစ်ရေးကတ်၊ အိပ်ရာလိပ်နှင့် မိမိသုံးဆောင်တတ်သော ပစ္စည်းများကို တစ်ပါတည်းယူဆောင်လာကြပါရန် နှင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးသွင်းကြပါရန်အသိပေး အကြောင်းကြားအပ်ပါသည်။

| ဆက်သွယ်ရန်ဖုန်း | တရားစခန်းဖြစ်မြောက်ရေးအကျိုးဆောင်အဖွဲ့ |
|---|---|
| ၀၉၇၃၀၉၈၀၈၆ | သုဒ္ဓဝိပဿနာရိပ်သာ |
| ၀၉၇၃၀၄၅၂၇၄ | ဖန်ခါးကုန်းကျေးရွာ၊ မှော်ဘီမြို့ |

---

## ပုပ္ပါးကျောင်း အစိဋ္ဌာန်အောင်ပွဲ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်ပုပ္ပါးကျောင်းတွင် တော်သလင်းလပြည့်ကျော် ၂ရက်မှ ၁၂ရက်အထိ စက်တင်ဘာ ၂၁ ရက်မှ ၃၀ ရက်အထိ (၆၁)ကြိမ်မြောက် အနန္တောအနန္တငါးပါး ပူဇော်ပွဲ၊ ခင်ပွန်းကြီးဆယ်ပါးပူဇော်ပွဲ၊ ဒုလ္လဘရဟန်းခံပွဲ၊ သက်ကြီးပူဇော်ပွဲ၊ သတ္တဝါဘေးမဲ့လွှတ်ပွဲ၊ သတိပဋ္ဌာန် ဝိပဿနာတရားစခန်းပွဲကြီးသို့ လာရောက်ပူဇော်နိုင်ရန် ဖိတ်ကြားအပ်ပါသည်။

အဓိဋ္ဌာန်အောင်ပွဲကြီးတွင် ကန်တော့ပွဲတစ်ပွဲ(၃၀၀၀)ကျပ်၊ တရားစခန်းဝင်ယောဂီများအတွက် အသက်လွတ် အရှုဏ်ဆွမ်းတစ်ရက် (၂၀၀၀၀) ကျပ်၊ နေ့ဆွမ်း(၃၀၀၀၀)ကျပ်၊ အချိုပွဲ(၂၀၀၀၀)ကျပ်ဖြင့် ဖုန်း-၆၀၀၀၂၈၊ ၀၉-၄၂၅၀၂၅၈၆၈၊ ၀၉-၄၂၀၇၄၂၄၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

---

## သင့်ကလေးကိုသီတင်းကျွတ်ကျောင်းပိတ်ရက်မှာ ပျော်ရွှင်ဖွယ်အတွေ့အကြုံသစ်လေးတွေပေးရအောင်

| | |
|---|---|
| ဟောင်ကောင်၄ရက်ခရီးစဉ် | - ၁၂သိန်းခွဲ |
| တရုတ်ပြည် ၉ရက်ခရီးစဉ် | - ၁၄သိန်း |
| ဖူးခက် ၄ရက်ခရီးစဉ် | - ၈သိန်းခွဲ |
| စင်ကာပူ-မလေးရှား- ဗန်ကောက် | - ၁၄သိန်း |
| ဗီယက်နမ်၆ရက်ခရီးစဉ် | - ၉သိန်း |
| ဗန်ကောက်-ပတ္တရား | - ၆သိန်းခွဲ |

Myanmar Golden Image မှာ
အမြန်စာရင်းပေးသွင်းကြပါစို့။
အမှတ်(၁၃)ပဒုမ္မာလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၁-၅၁၀၃၅၈၊ ၅၃၅၉၄၄၊ ၀၉-၄၂၁၁၃၉၂၅၉

---

## အများသိစေရန်အသိပေးကြေညာခြင်း

"ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ ပြည်သာယာလမ်း၊ တိုက်အမှတ်(၅၇)၊ (၄)ခန်းတွဲ(၇)ထပ်တိုက်မှ (၂)ထပ် (C+D)ဘက်ခြမ်း (၂)ခန်း၊ ဧရိယာ(၁၆၀၀)စတုရန်းပေခန့် အကျယ်အဝန်းရှိ ရေ၊ မီးစုံပါဝင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး" ကို တရားဝင်ပိုင်ဆိုင်ပြီး လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်မြင့်[၁၂/ မဂတ(နိုင်)၀၄၉၂၄၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် တရားဝင် နည်းလမ်းတကျ စာချုပ်စာတမ်းများဖြင့် ဝယ်ယူရာ၌ အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်း၏တန်ဖိုးငွေများအား အပြေအကျေ ပေးချေခဲ့ပြီး တိုက်ခန်းအား လက်ရောက်ရရှိပြီး ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးသီတာမော်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၈၄၂၉)**
**THAN THAN WIN & ASSOCIATES(LAW FIRM)**
**အမှတ်-၁၀၅၊ ပထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၄၃၁၂၄၊ ၀၉-၅၀၄၈၂၂၁၊ ၀၁-၃၇၇၇၅၈**

---

## သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

### ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ်(၁၈၁) အမည်ပေါက် ဒေါ်မြသင်၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ဆွေမာသန်း[၁၂/လမတ(နိုင်)၀၂၂၆၇၃] မှ မြေကွက်စလစ်(မူရင်း)များနှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ်(၁၂၈၄) အမည်ပေါက် ဦးထွန်းဝေ၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်ဆွေမာသန်း[၁၂/လမတ(နိုင်)၀၂၂၆၇၃]မှ မြေကွက်စလစ်(မူရင်း)များနှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန်လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

---

ဆင်းရဲခြင်းဒုက္ခ၊ ပူလောင်ခြင်းသောကဆိုသည့် အဆိုးလောကဓံနှင့် တွေ့ကြုံနေချိန်သည် ပန်းပဲဆရာ၏ မီးဖုတ်ခြင်း၊ ရေစိမ်ခြင်း၊ ပေပေါ်တင်ထုနှက်ခြင်း စသည့်ချယ်လှယ်မှုများ ခံနေရချိန်ဖြစ်ပြီး ထိုအချိန်များ ကုန်ဆုံးလွန်မြောက်သွားသည်နှင့် --------

### "မေတ္တာရှင် + သံခဲနှင့်ပန်းပဲဆရာများ"

(ရွှေပြည်သာ) ညီမေတ္တာ

ရွှေပြည်သာစာပေမှထွက်နေပါပြီ။ ရွှေပြည်သာစာပေ
တန်ဖိုး- ၅၀၀/- ဖုံး-၀၁ ၆၁၀၆၂၂၊ ၆၁၀၄၅၇

---

## GOLDEN SPIDER ရွှေပင့်ကူ

**အာဘွားကျိပ်ခွဲ၊ ပုဂံ၊ ညောင်ဦး**
(စက်လှေ၊ တစ်သင့်ကား၊ တည်းခို၊ စားစရိတ် နံနက်စာ၊ နေ့ခင်းစာ၊ ညစာငြိမ်း)
၄-ည ၅-ရက် **ခရီးစဉ်ဦး (၅၀၀၀၀၀ / -) ၁၉-၉-၂၀၁၃**
09-73130346/ 73218579/ 423720047

---

## မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း(MIEGA)

ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွှေရတုအကြို)
(၄၉) နှစ်မြောက် တည်ထောင်သောနေ့ အထိမ်းအမှတ်

### (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ကျင်းပမည့်နေ့ရက် – ၂၉.၁၂.၂၀၁၃ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် – နံနက် (၈:၃၀) နာရီ
ကျင်းပမည့်နေရာ – ရန်ကုန်စီးပွားရေးတက္ကသိုလ် (ပင်မ) မြတ်ခင်းမြင် (တာမွေမြို့နယ်)

စီးပွားရေးတက္ကသိုလ်များ ( ရန်ကုန်၊ မှော်ဘီကြီး၊ မုံရွာ၊ မိတ္ထီလာ ) တို့မှ အငြိမ်းစားဆရာကြီး / ဆရာမကြီး (၂၀၀)ကျော်တို့အား ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ၊ စီးပွားရေးတက္ကသိုလ်များမှဘွဲ့ / ဒီဂရီ / ဒီပလိုမာ အောင်လက်မှတ်ရရှိပြီးသူများ၊ စီးပွားပညာရပ်ဆက်သစ်များ၊ စီးပွားရေးစာပေးစာယူ / အဝေးသင် ကျောင်းသား / ကျောင်းသူများအားလုံး ပူးပေါင်းပါဝင်ကန်တော့ပန်းဆင်နိုင်ရန်ဖိတ်ကြားအပ်ပါသည်။

**အလှူငွေနှင့်ပစ္စည်းများ ဆက်သွယ်လှူဒါန်းရန်**

ဦးတင်ဝင်းအောင် ၀၉ ၅၀၅ ၈၁၁၃၊ ဦးရဲမြင့် ၀၉ ၄၉၃ ၁၅၆ ၃၀၊ ဦးမြင့်မောင်ထွန်း ၀၉ ၅၁၈ ၃၀၀၆
ဦးတင်အောင် ၀၉ ၄၃၀ ၇၄၃၀၃၊ ဦးတင်လှိုင် ၀၉ ၇၃၀ ၉၀၄၃၀၊ ဒေါ်နန့်မေစန်း ၀၉ ၅၁၈ ၅၁၁၀
ဒေါ်ခင်စိုးအောင် ၀၉ ၇၃၁ ၆၉၄၁၁၊ ဦးချစ်ထွန်း ၀၉ ၄၉ ၂၃ ၂၉၀၀၊ ဦးကျော်ဆန်းဦး ၀၉ ၄၂၅၆၇၄၂၂၄
ဒေါ်သော်သော်ထွေး ၀၉ ၅၄၃ ၂၁၁၁၊ ဒေါ်ကြိုင်ကြိုင်ထွန်း ၀၉ ၅၁၀ ၆၃၅၅၊ ဒေါ်သန်းသန်းဝင်း ၀၉ ၅၀၀ ၆၉၂၀
ဒေါ်ချိုချိုအေးကျော် ၀၉ ၅၀၃ ၇၂၃၂၊ ဒေါ်တင်တင်စိုး ၀၉ ၅၀၀ ၂၇၁၂၊ ဒေါ်သက်သက်ရွှေ ၀၉ ၅၁၁ ၇၆၈၃

အလှူငွေများတိုက်ရိုက်ပေးပို့လှူဒါန်းလိုပါလျှင်ဘဏ်စာရင်းအမှတ်၊ မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်ခွဲ (၃)
CURRENT ACCOUNT CF 000056 သို့ပေးသွင်းနိုင်ပါသည်။
မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း(MIEGA)

---

## ဆောက်လုပ်ရေး Engineer များအတွက် "လုပ်ငန်းခွင်ဆောက်လုပ်ရေးနည်းပညာ"

Construction Management PE?
(R.C)Standard Code of Practice QA & QC?
မည်သူမဆိုအလွယ်တကူတွက်ချက်နိုင်သော
QSSoftware BQ?
Skyscrapers (Super high-rise) များမှ Prestress Precast, Post-tension Flat Slab,Mega Steel Composite Column,Corewall, Curtain Wall....etc ...? များကို Projector Slideshow နှင့်အလွယ်ကူဆုံး မြန်မာဘာသာဖြင့်ပြသပေးပါမည်....

၁- ၁၀ - ၂၀၁၃ → ၅- ၁၀ - ၂၀၁၃
(5 : 30 PM - 7 :00 PM)

သင်တန်းနေရာ → အမှတ်(၁၂၄)(တတိယထပ်)၊ Top English
ခန်းမ၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ ၂၄၅၇၀၂၊ ၀၉ ၅၁၁ ၂၅၆၄

TIN MAUNG HTWE

---

### ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ်(၁၆၂) အမည်ပေါက် ဦးအုန်းချို၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ဆွေမာသန်း[၁၂/လမတ(နိုင်)၀၂၂၆၇၃] မှ မြေကွက်စလစ်(မူရင်း)များနှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈-U ၁၀)၊ မြေကွက်အမှတ်(၁၇၆/၁၇၇)၊ မြေကွက်တည်နေရာအမှတ်(၁၇၆/၁၇၇)၊ (၄၈-U ၁၀)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် (ဒေါ်ရှီလင်စီ(ခ)ဆွေလင်စီ)[၉/မရမ(နိုင်)၀၉၂၆၇၄]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ရှီလင်စီ(ခ)ဆွေလင်စီ (ကွယ်လွန်သဖြင့်) ဦးလီလီချင်(ခ)ဦးမြင့်အောင်[၉/မရမ(နိုင်)၀၉၂၃၅၇]က တစ်ဦးတည်းသောခင်ပွန်း တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# နီလာ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

ရည်ရွယ်ချက်

နီလာဘုရားဖူးအဖွဲ့သည် "ဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓဂယာသို့ရောက်ရှိဖူးမျှော်နိုင်ရမည်" ဟုဆန္ဒဖြင့် ပို့ဆောင်ခြင်းဖြစ်ပါသည်၊

**ဗုဒ္ဓဂယာခရီးစဉ် –(၇)ရက်ခရီး - ၈.၅ သိန်း၊ (၁၂)ရက်ခရီး - ၉ သိန်း၊ (၁၅)ရက်ခရီး -၁၀သိန်း**

အောက်တိုဘာလဆန်းမှ မေလအထိ တနင်္လာ ၊ ဗုဒ္ဓဟူး ၊ သောကြာ ၊ စနေ အပတ်စဉ် ထွက်ရှိပါမည်။

**သီရိလင်္ကာ + ဗန်ကောက်ခရီးစဉ် (၇) ရက်ခရီး – (၁၂.၅) သိန်း (၃၀.၉.၂၀၁၃) ထွက်မည်။**

(၈)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးပါမည်။

ခရီးစဉ်အားလုံးသည် စရိတ်ငြိမ်းဖြစ်ပါသည်၊ ဘုရားဖူးများဘက်မှ လျှာခါန်းရန်နှင့်ဈေးဝယ်ရန်အတွက်သာကုန်ကျမည် ဖြစ်ပါသည်။

မည်သည့် ခရီးစဉ်မဆို ဟိုတယ်(အိပ်/စား) သီးသန့် သွားရောက်လိုသူများကိုလည်း အထူး စီစဉ်ပေးပါသည်။

**နယ်မှဘုရားဖူးခရီးသည်များကိုရန်ကုန်နှင့်မန္တလေးမြို့များတွင် တည်းခိုနိုင်ရန် ကုမ္ပဏီမှ အခမဲ့ဝန်ဆောင်မှုပေးပါမည်။**

ရန်ကုန်ရုံးချုပ် အမှတ်-၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ဒုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉၊

မန္တလေးရုံးခွဲ - အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊ မင်းကွန်းတိုက်တန်း၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊ ၀၉-၄၀၃ ၇၄၄၄၀၄ ၊ ၀၉-၄၂၈ ၂၁၇၂၅၁

# မြတ်ဓမ္မ

အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်

ဒေါ်ညွန့်ညွန့်ဌေး (မဌေး) ဦးစီးသော **ဗုဒ္ဓဂယာ ဘုရားဖူး ပို့ဆောင်ရေးအဖွဲ့**

- (၇) ညအိပ် - (၈) ရက် ခရီး — သံဝေဇနီယလေးဌာန (ဖွား + ပွင့် + ဟော + စံ)
- (၁၄) ညအိပ် - (၁၅) ရက်ခရီး — သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ (မဟာသတိပဋ္ဌာန်) တပ်ရှိမဟာ၊ အာဂရာ
- ဘုရားဖူးခရီးစဉ်များကို ၂၀၁၃ အောက်တိုဘာလမှ စ၍ ၂၀၁၄ ဧပြီလအထိ ပို့ဆောင်ပေးနေပါပြီ။ ဘုရားဖူးသူတော်စင်များအား (သင့်တင့်သောဈေးနှုန်း)ဖြင့်ဝိုင်ရှင်ကိုယ်တိုင် လိုက်ပါ၍ ဝန်ဆောင်မှုပေးပြီး (နယ်မှခရီးသည်များ အတွက်) ကြို/ပို့/တည်းခိုနေထိုင်ရေး အတွက် လိုလေသေးမရှိ ကူသိုလ်ယူ ပို့ဆောင်ပေးနေပါပြီ။
- မိသားစု / ကုမ္ပဏီများ / အဖွဲ့အစည်းများ အတွက် သီးသန့်စီစဉ်ဆောင်ရွက်ပေးပါမည်။

နေရာစုံရောက်၍ စိတ်ချမ်းမြေ့စေရမည်။

လိပ်စာ - အမှတ်၅၆(မြေညီ)၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၀၈၅၈၁၀၊ ၀၉ ၄၂၀ ၂၅၆၆၈၅၊ ၀၉ ၄၃၀၃၀၂၉၀၊ ၀၉ ၄၉၃၂၆၇၅၈၊ ၀၁ ၅၂၂၈၃၅

**စာအုပ်စာပေလှူမိတ်ဆွေ**

# ဒဂုံမြို့သစ် အရှေ့ပိုင်း တောင်ပိုင်း ဆိပ်ကမ်း

မြေကွက်များအထူး
ဈေးကောင်းပေးဝယ်သည်
09-73005053
09-5122010

# မြေကွက်ဝယ်လိုသည်

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များဝယ်လိုသည်။
09 31268183
09 31589922

# ရွှေမဟာ

SMH SMH

အပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း

ဗုဒ္ဓဂယာ၊ ဗာရာဏသီ၊ အာဂရာ၊ ဒေလီ၊ သင်္ကဿ၊ သာဝတ္ထိ၊ နီပေါ(လုမ္ဗိနီ)၊ ကုသိနာရုံ၊ ဝေသာလီ၊ ပတ္တနား၊ နာလန္ဒာ၊ ရာဇဂြိုလ်၊ ကိုးလ်ကတ္တား(၁၄)ညအိပ်(၁၅)ရက်ခရီး။ (အိန္ဒိယလေကြောင်းလိုင်း–AI)၄င်းခရီးစဉ်အပြင် (၇)ညအိပ်(၈)ရက်ခရီး၊(၁၁)ညအိပ်(၁၂)ရက်ခရီး၊(၁၄)ညအိပ်(၁၅)ရက်ခရီး(MAI) ခရီးစဉ်များကိုလည်းပို့ဆောင်ပေးနေပါသည်။အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာများတွင်စုံစမ်း နိုင်ပါသည်။

အမှတ်(၆၃) ဧယျာဝတီ(ဗဟို)လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၅၁၈၁၃၉၆၊ ၀၁–၅၃၂၀၈၆၊ ၀၉–၅၁၈၈၁၃၇၆၊
အမှတ်(၁၄) လမ်း(၃၀)(၆၇× ၆၈)ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း–၀၂–၇၃၆၇၇၊ ၀၉–၅၁၃၄၀၄၄၊ ၀၉–၈၇၄၁၆၃၆၊
အမှတ်(၁) စကားဝါလမ်း၊ မြစ်ငယ်ရပ်၊ မြိတ်မြို့။ ဖုန်း–၀၅၉–၄၂၂၈၉၊ ၀၅၉–၄၂၀၀၃၊

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

မင်းဘူးမြို့၊ အထက(၁)၊ ဒသမတန်း(F)မှ မောင်ကိုဇင်၏ဖခင် ဦးစိုင်းအိုက်ရွှေနှင့် ဦးကောလိန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးစိုင်းအိုက်ရွှေ(ခ)ဦးကောလိန်[၈/ငဖန(နိုင်)၀၂၄၉၈၄]**

# KMD Computer Centre

Since 1986

NCC education

2012-2013ခုနှစ်တွင်ထူးချွန်စွာအောင်မြင်ခဲ့ကြသောကျောင်းသား/သူများအတွက်
**KMD Education** မှနှစ်စဉ်ပေးအပ်လျက်ရှိသောပညာသင်ထူးချွန်ဆုများ
အကန့်အသတ်မရှိပေးအပ်နေပါပြီ။

(UK)အသိအမှတ်ပြု ကွန်ပျူတာ သိပ္ပံဘွဲ့များကို အထူးပညာတော်သင်ဆု ဖြင့် KMD တွင်တက်ရောက်နိုင်သည်။

| (49 Street စင်တာ) | (မြေနီကုန်း စင်တာ) |
|---|---|
| **21 - Sep - 2013** (Sat & Sun) **10:00am - 5:00pm** | **23 - Sep - 2013** (Mon to Fri) **8:30am - 1:00pm** |

တက္ကသိုလ်ဝင်တန်းဖြေဆို အောင်မြင်ပြီးသူတိုင်း တက်ရောက်နိုင်ပါသည်။

တန်းခွဲသစ်များစာရင်းပေးသွင်းနိုင်ပါပြီ။
- 331, Pyay Rd., Myaynigone, Sanchaung Tsp. **Tel: 527436, 534170, 502233.**
- No.75, 49 Street (Middle Block),Pazundaung Tsp. **Tel: 700895, 397944.**

# GALLANT

အမှတ်(၅)၊ဘီ(၂)၊ ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊
01-532420, 01-537710
09 730 32670

အချိန်တို! သက်သာ! နိုင်ငံတကာအသိအမှတ်ပြု အင်ဂျင်နီယာဒီပလိုမာ

- ⇨Mechanical & Electrical (M&E)
- ⇨Mechanical Power ( MP )
- ⇨Electrical ( EP ) ⇨Electronic ( EC )
- ⇨Civil (Construction)

စက်တင်ဘာတန်းခွဲစပြီ။ 20% Off

# မြေကွက်ကျယ်ရောင်းမည်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ မြယမုံစမ်းရိပ်မြိုင်အဆင့်မြင့်အိမ်ရာ (Sony)အတွင်းရှိ(8050)Sqf မြေကွက်ကျယ်ရောင်းမည်။ **1Sqf=70000**

**ဖုန်း-၀၉-၅၁၇၄၂၁၉**

**ဟိုက်ဒြောလစ်/လေဖိအား**
**Fully Auto အုတ်ရိုက်စက်**
ဘိလပ်မြေစက်၊ အုတ်ပျိုးစုံ(ရောင်း/ငှား)
(၆၇)၊ သံသုမာလမ်း၊ သုဝဏ္ဏသွားဆေးတက္ကသိုလ်အနီး
**Ph:09 731 99 410**
**09420035882, 73199257**

# ယတြာဆရာမ

ဖြစ်ချင်တာတွေ မဖြစ်သေးရင်၊ မဖြစ်ချင်တာတွေဘဲ ဖြစ်နေတယ်ဆိုရင် အဆင့်မြင့်ယတြာများ ဆောင်ရွက်ပေးပါသည်။ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

**ဖုန်း-၀၉-၅၀၇၅၈၂၇**

# ခြံရောင်းမည်

မင်္ဂလာဒုံ၊ ကာယရပ်ကွက်(၃)လမ်း၊ ပါမစ်မြေ ပေ(၁၆၀×၂၀၀)၊ ပေ(၂၀၀×၁၀၀)၊ ပေ(၁၀၀×၁၀၀) မီတာပါ ပျဉ်ထောင်အိမ်ပါနှင့်

မင်္ဂလာဒုံ၊ ကုန်းတလပေါင်းရွာ ရွှေနှင်းဆီလမ်းကျယ်၊ အမှတ်(၃)လမ်းမအနီး ပေ(၉၀×၃၁၇) အဆောင်များပါသည်။

တစ်လလျှင် (၁၂)သိန်းခန့် ဝင်ငွေရှိ အကျိုးဆောင်ခ ၂% ပေးမည်။

**ဖုန်း-၀၉-၈၆၁၁၁၄၀၊ ၀၉-၅၀၉၂၄၆၇**

# MIC

Myanmar Imperial College

နိုင်ငံတကာအသိအမှတ်ပြုစီးပွားရေးဆိုင်ရာ
Diploma၊ Bachelor နှင့် MBA
ရယူလိုသူများအတွက်

- Diploma in Business (HND)
- Diploma in Media & Marketing (HND)
- Bachelor of Business

STUDY UK-MBA in Myanmar

MBA

edexcel
Approved Centre No. 93679

အမှတ်(၆၂)(C) အင်းလျားလမ်း၊ ကမာရွတ်၊ ရန်ကုန်။ 0973210001 /537562

# ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ **ရာမနီတောင်ကွင်း၊** ကွင်းအမှတ်( ၆၆၄/A)အတွင်းရှိ ဦးပိုင်အမှတ်( ၁၉၂/၁ )( ၁. ၂၁-ဧက )+ဦးပိုင်အမှတ်( ၁၉၂/၂ )( ၁. ၂၀-ဧက )+ဦးပိုင်အမှတ်( ၁၉၂/၃ )( ၀. ‥၅၁-ဧက )+ဦးပိုင်အမှတ်( ၁၉၁/၆ )( ၀. ၄၀-ဧက )စုစုပေါင်း(၃. ၆၂)ဧကရှိ ဥယျာဉ်ခြံမြေကွက်ကို အမည်ပေါက်လုပ်ကိုင်ခွင့်ရရှိကာ လက်ရှိထားပိုင်ဆိုင်ပါကြောင်းအဆိုပြုဝန်ခံသူ ဦးတင်ကြည်(၁၂/သလန(နိုင်)၀၇၃၅၂၇)ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေပေးချေထားခဲ့ပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးစိုးဝင်းစိုး** ( စဉ်-၇၁၈၂ ) | **ဦးသန့်ဇင်** ( စဉ်-၂၅၀၆၈ ) |
| **ဦးအောင်မျိုးသိန်း** ( စဉ်-၇၈၃၃ ) | **ဒေါ်ဟန်နွေနိုင်** ( စဉ်-၂၇၅၄၄ ) |
| တရားလွှတ်တော်ရှေ့နေများ | အထက်တန်းရှေ့နေများ |
| Ph-09 50 80432 , 09 855 0254 | 09-731 70516 , 09-4200 73685 |

အမှတ်( ၅၀ )၊ ပထမထပ်၊ အခန်း( D-2 ) ၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရန်ကုန်စတိုနှင့် ဘီလပ်မြေစက်ရုံတို့မှ စီမံကိန်းနေရာအသီးသီးသို့ ပစ္စည်းများအားသယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၁၆-၉-၂၀၁၃ ရက်

၃။ တင်ဒါပိတ်မည့်ရက် - ၂၀-၉-၂၀၁၃ ရက်

၄။ တင်ဒါပိတ်မည့်အချိန် - ၁၂ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

**အမည်ပြောင်း** အဖဦးဇော်သန်း၏သား အထက(၅)၊ တောင်ဒဂုံ၊ ဒသမတန်း(B) မှ မောင်ဇော်ထက်အောင်အား မောင်ကျော်သူဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်သူ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
## ရန်ကုန်ပညာရေးတက္ကသိုလ်
## (၄၆)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၂၀၁၁-၂၀၁၂ ပညာသင်နှစ်နှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင်၊ ရန်ကုန်ပညာရေးတက္ကသိုလ်မှ Ph.D၊ M.Ed၊ M.Phil၊ M.A (TEFL)၊ B.Ed (စာပေးစာယူ)၊ B.Ed(စတုတ္ထနှစ်) အမှတ်စဉ်(၁၃)၊ B.Ed(စတုတ္ထနှစ်) ၂၀၀၈ အောင်၊ PGDMA အမှတ်စဉ်(၁၃)နှင့် Dip(ELTM)၊ သင်တန်းအောင်မြင်ခဲ့ကြသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

ကျင်းပမည့်နေ့ - ၁၈-၁-၂၀၁၄ ရက်(စနေနေ့)နှင့် ၁၉-၁-၂၀၁၄ ရက်(တနင်္ဂနွေနေ့) နံနက်ပိုင်း

ကျင်းပမည့်နေရာ - ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်

ကျင်းပမည့်အချိန် - စနေနေ့၊ နံနက်ပိုင်း ၉း၀၀ နာရီ
- စနေနေ့မွန်းလွဲပိုင်း ၁၄း၀၀ နာရီ
- ၁၉-၁-၂၀၁၄ ရက်(တနင်္ဂနွေနေ့)နံနက်ပိုင်း

အစမ်းလေ့ကျင့်မည့်ရက် - ၁၇-၁-၂၀၁၄ ရက်(သောကြာနေ့)

အစမ်းလေ့ကျင့်မည့်အချိန် - နံနက် ၁၁း၀၀ နာရီ Ph.D,M.Ed,M.phil,M.A(TEFL),B.Ed, Dip(ELTM)၊ PGDMA(13), B.Ed (စာပေးစာယူ)ဘွဲ့များ
- အစမ်းလေ့ကျင့်သည့်နေ့တွင် တက်ရောက်ရမည့် ဘွဲ့နှင်းသဘင်အစီအစဉ်ကို အသိပေးကြေညာပါမည်။

ဘွဲ့နှင်းသဘင်ကြေး - ၁၅၀၀ိ/(ကျပ်တစ်ထောင့်ငါးရာတိတိ)

အဝေးရောက်ဘွဲ့ကြေး - ၁၀၀၀ိ/(ကျပ်တစ်ထောင်တိတိ)

လျှောက်လွှာပိတ်ရက် - ၈-၁၁-၂၀၁၃ ရက်(သောကြာနေ့)

မှတ်ချက်။ ။(၁) လျှောက်လွှာပုံစံများကို ရန်ကုန်ပညာရေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန်အတွက် (၁)လအတွင်း မြန်မာဝတ်စုံဖြင့် ရိုက်ကူးထားသော (၂×၁½)လက်မ ဓာတ်ပုံ(၂)ပုံ ပူးတွဲလျှောက်ထားရမည်။ နောက်ခံအပြာနုဖြစ်ရမည်။ သတ်မှတ်ချက်နှင့် ညီညွတ်သော ဓာတ်ပုံ(၂)ပုံ၏ နောက်ကျောတွင် အမည်၊ခုံအမှတ်၊ မှတ်ပုံတင်အမှတ် ပီသစွာရေး၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူနှင့်အတူ သတ်မှတ်သော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(၂) နှစ်ဟောင်းမှ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက် **(၄၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် မပျက်မကွက် နောက်ဆုံးထား၍ လျှောက်ထားရမည်။**

(၃) ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

(၄) နယ်မှ လျှောက်ထားသူများသည် ဘွဲ့နှင်းသဘင်ကြေးများကို ရန်ကုန်ပညာရေးတက္ကသိုလ် ငွေလက်ခံဌာနသို့ စာတိုက်ငွေပို့ လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ၏ အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးဟု ဖော်ပြရမည့်အပြင် လျှောက်ထားသူ၏ အမည်၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ လ၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာရပ်၊ နေရပ်လိပ်စာအပြည့်အစုံစသည်တို့ကို တိကျစွာ ဖော်ပြရပါမည်။

(၅) အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ယူမည့် အမျိုးသားများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံပြည့်နှင့် အမျိုးသမီးများသည် မြန်မာ့ယဉ်ကျေးမှုနှင့် ကိုက်ညီသော မြန်မာထဘီ၊ အင်္ကျီနှင့် တိုင်းရင်းသားဝတ်စုံကို ဝတ်ဆင်ခွင့်ပြုသည်။

(၆) ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၁၃-၁-၂၀၁၄ ရက်(တနင်္လာနေ့)မှ စတင်၍ ရန်ကုန်ပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် ထုတ်ပေးပါမည်။

(၇) အသေးစိတ်ကိုဘွဲ့နှင်းသဘင်ဌာနစိတ်တွင် စုံစမ်းနိုင်ပါသည်။

ဖုန်း-၅၃၄၂၇၃

**တင်ချိုဦး**
**မော်ကွန်းထိန်းအဆင့်(၁)**
**ရန်ကုန်ပညာရေးတက္ကသိုလ်**


**ဦးဘိုးသာ**
**( English )**
IGCSE,(၄-ယောက်ဝိုင်း)
ADVANCED SKILLS & WRITING
GRAMMAR & WRITING
Ph: 09-31135513


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၄၄)၊ မြေကွက်တည်နေရာအမှတ်(၄၄)၊ သုခမ္မာလမ်း၊ (၅)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ် (ဒေါ်တင်နွဲ့)[၁၂/တမန(နိုင်)၀၃၃၅၆၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်တင်နွဲ့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၆၄၁၀/၈-၉-၂၀၁၁)ဖြင့် SP ရရှိသူ ဦးမင်းဟန်[၁၂/လမန(နိုင်)၀၁၂၈၃၉]က ၂၀၁၁ ခုနှစ်၊ အရောင်းမြေပုံပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြခြင်း၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်း၊ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ် ၇/B၊ မြေကွက်အမှတ်-၁၁၊ ဧရိယာ (၀. ၃၇၃) ဧက၏အစိတ်အပိုင်း (၁၀၀'/၁၀၂' ×၃၄'/၃၃') မြေကွက်တည်နေရာအမှတ်-၂၅၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်၊ မလော်ကီ အမည်ပေါက် B- လ/န အိမ်ရာမြေ သတ်မှတ်မြေအား အမည်ပေါက် မလော်ကီထံမှ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးတရားမကြီးမှုအမှတ်(၂၉၉/၁၁)၊ ဇာရီမှုအမှတ်(၁၀၈/၁၁) အိမ်နှင့်မြေ အရောင်းအဝယ် စာချုပ်အမှတ်-၂၈၂၅/၁၃ (၅-၈-၁၃)တို့တင်ပြ၍ ဒေါ်ခင်ဖြူဝင်း+ ၂ တို့ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ်- ၅၀၀၆/၁၂ ဖြင့် SP- ရသူ ဒေါ်ခင်ဖြူဝင်းမှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဗုဒ္ဓဂယာမြေမြတ်မဟာ၌ သာသနာရောင်ဝါထွန်းလင်းစေဖို့ သာသနိကအဆောက်အအုံလှူကြစို့

ဗုဒ္ဓဘာသာဝင် သူတော်စင်များအတွက် ဗုဒ္ဓဂယာဒေသသည် ကမ္ဘာ့အမြင့်မြတ်ဆုံး နေရာတော်မြတ်ပါဖြစ်သည်။ နောင်ပွင့်မည့် အရိမေတ္တယျဘုရားရှင်သည်လည်း၎င်းနေရာတော်၌ပင် ပွင့်ထွန်းတော်မူဦးမည်ဖြစ်ပါသည်။

၂၀၁၂ခုနှစ်တွင်အိန္ဒိယနိုင်ငံ၊ကိုးလ်ကတ္တားမြို့၊ဗောဓိသုခပရဟိတမြန်မာကျောင်းဆရာတော် ဒေါက်တာနန္ဒာဘာသာ အရှင်မြတ်ဦးဆောင်၍ဗုဒ္ဓဂယာမြေမြတ်မဟာ၌(၃၂၄၀၀)စတုရန်းပေအကျယ်ရှိသောမြေကွက်ကြီးကိုမြန်မာနိုင်ငံနှင့်ပြည်ပနိုင်ငံများရောက်သာသနာ့ဒါယကာ၊ဒါယိကာမအပေါင်းတို့ကသဒ္ဓါတတ်စွမ်းသရွေ့စုပေါင်းပါဝင်လှူဒါန်းခဲ့ကြသောကြောင့် အောင်မြင်စွာဝယ်ယူနိုင်ခဲ့ပြီးဖြစ်ပါသည်။

ဝယ်ယူပြီးစီးပြီးဖြစ်သောအဆိုပါသာသနမြေကြီးပေါ်၌ ဗောဓိရက္ခမူလအမည်ရှိ (၅)ထပ်ကျောင်းဆောင်တော်ကြီးကို မြန်မာနိုင်ငံမှ ဗိသုကာပညာရှင်အင်ဂျင်နီယာဦးသိန်းထူးအေးဦးစီး၍ စတင်ဆောက်လုပ်နေပြီဖြစ်ပါသည်။

မြေညီထပ်မှနေ၍ငါးထပ်အထိစုစုပေါင်း(၃၁၅၀၀)စတုရန်းပေရှိမည်ဖြစ်ပါသည်။

စေတနာရှင်များအနေဖြင့်(၁၅ × ၁၉)ပေကျယ်အခန်းတစ်ခန်းလျှင်အမေရိကန်ဒေါ်လာ(**၇၀၀၀**)၊စတုရန်းပတ်လည်တစ်ပေလျှင် မြန်မာငွေ(**၂၂၀၀၀**) ကျပ်ဖြင့် **ကမ္ဘာ့အမြင့်မြတ်ဆုံးသောနေရာ၌ အမြတ်ဆုံးကျောင်းဒါန** ကို အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနိဗ္ဗာန်ကိုအကျိုးမျှော်၍တိုက်တွန်းနှိုးဆော်အပ်ပါသည်။

#### အထူးအလှူခံဌာနများ

၁။ဆရာတော် ဒေါက်တာနန္ဒာဘာသ(M.A.,Ph.D)
Visiting Professor(New Age International University.USA)
မဟာဗောဓိပရဟိတမြန်မာကျောင်း
(ဗုဒ္ဓဂယာ၊ဂယာမြို့၊ဗီဟာပြည်နယ်၊အိန္ဒိယနိုင်ငံ)ဖုန်း-၀၀၉၁-၉၈၃၀၀၅၉၃၅၃
Email-ndbatha@gmail.com,web-www.bmission.net;

၂။ဆရာတော် ဒေါက်တာနန္ဒာဘာသကိုယ်စား ဆရာတော်ဦးဉာဏဝရဘိဝံသ ပရိယတ္တိသာသနာ့ဟိတဓရက္ခိတဗိသိဋ္ဌမဟာဂန္ဓာဝါစကပဏ္ဍိတ၊သ.သ.အ ဓမ္မာစရိယ၊ဓာတ်မီး(ဓမ္မပါလ)ကျောင်း၊ဗိုလ်တထောင်ဘုရား၊ဝင်း၊ရန်ကုန်
ဖုန်း ၀၁- ၂၉၁၈၆၅၊၀၉-၅၀၂၄၆၅၃

၃။ဆရာတော်ဒေါက်တာနန္ဒာဘာသကိုယ်စားဦးနန္ဒဝံသ
ဖုန်း-၀၉-၄၉၂၈၀၉၀၆၊၀၉-၄၃၁၆၆၄၅၀

၄။ဒေါ်သီတာ (မဇ္ဈိမဂုဏ်ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့) (မင်္ဂလာတောင်ညွန့်မြို့နယ်)
(ရန်ကုန်ရုံးချုပ်)ဖုန်း-၀၁-၂၉၆၄၄၆၊၀၁-၃၉၄၈၈၉၊၀၉-၅၀၁၃၅၂၂
(မန္တလေးရုံးခွဲ)...ဖုန်း-၀၉-၄၂၀၁၀၉၉၄၊၀၉-၀၉၄၂၅၀၂၈၁၀၂

၅။ဒေါ်တင်တင်ကြည်-ခင်နှာပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း
(ရန်ကုန်ရုံးချုပ်)..ဖုန်း-၀၁-၆၅၅၅၂၀၊၀၉-၅၀၄၂၄၃၉
(မန္တလေးရုံးခွဲ)...ဖုန်း၀၂-၇၁၄၂၇၊၀၉-၄၄၄၀၀၂၀၂၆

၆။ဒေါ်ကြည်ကြည်မြင့်-ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့
(ရန်ကုန်ရုံးချုပ်)..ဖုန်း-၀၁-၅၁၈၁၉၆၊၀၉-၅၁၈၈၃၇၆
(မန္တလေးရုံးခွဲ)...ဖုန်း-၀၂-၇၃၆၇၇၊၀၉-၃၄၀၇၀၂၆၄

၇။မေသူမောင်-ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့
ဖုန်း-၀၉-၅၁၉၂၄၈၊၀၉-၅၀၁၂၄၇၀၊၀၉-၇၃၂၄၁၆၈၇

၈။သမားတော်ဦးဘိုကြီး(အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ)
ဒေါ်သန်းသန်း(သီရိသုဓမ္မသီဂီ)(ပြည်လုံးချမ်းသာဆေးတိုက်)
(ဗဟန်း)....ဖုန်း-၀၁-၅၄၉၀၄၅၊၀၉-၅၄၁၇၅၃၊
၉။ဦးအောင်သန်း (တာမွေ)....ဖုန်း-၀၁-၅၅၇၆၄၉၊၀၉-၄၃၀၂၄၀၈၃
၁၀။ဒေါ်ခင်ခင်ဦး (တာမွေ)....ဖုန်း-၀၉-၅၀၈၂၄၈၉
၁၁။ဒေါ်မာမာချို (လှိုင်)......ဖုန်း-၀၁-၅၂၁၀၄၈
၁၂။ဦးသန်းအောင်(အောင်ကားအလှနှင့်ကားအပိုပစ္စည်းဆိုင်)
(ကျွန်တောလမ်း၊စမ်းချောင်း)......ဖုန်း-၀၉-၅၀၂၀၂၆၄
(ဝင်းသီတာအောင် ကားအလှဆင်ပစ္စည်းနှင့်မော်တော်ယာဉ်အပိုပစ္စည်းဆိုင်)
(ဘုရင့်နောင်ဈေးကြီး၊ရန်ကုန်မြို့)..ဖုန်း-၀၉-၇၃၁၀၀၇၄၆၆
၁၃။ ကိုရဲထွဋ်စိုး၊ဒေါ်မြမြစိုး(ရန်ကင်း) ဖုန်း-၀၉-၅၀၂၆၅၆၇
၁၄။ ဦးတင်ဦး+ဒေါ်ခင်ဖေးမူ(ပန်းလှိုင်အိမ်ယာ)
(စမ်းချောင်း)ဖုန်း-၀၉-၈၆၃၄၁၆၇၊၀၉-၅၁၆၆၅၇၈
၁၅။ ဦးတိုး (ပဲခူး)..........ဖုန်း-၀၉-၅၃၀၀၆၉၇
၁၆။ ဦးစိုးမြင့် (မန္တလေး)......ဖုန်း-၀၂-၆၆၉၁၂
၁၇။ ဦးအောင်ကြည်လှိုင် (မန္တလေး)......ဖုန်း-၀၉-၂၀၆၀၉၃၅
၁၈။ ကိုနေဇော်လင်း (မန္တလေး)......ဖုန်း-၀၉-၆၅၀၄၄၄၅
၁၉။ ဒေါ်ကြည်မြ (မန္တလေး)......ဖုန်း-၀၂-၆၁၆၈၆
၂၀။ ကိုနေဝင်းမောင် (မန္တလေး)......ဖုန်း-၀၉-၆၄၆၃၁၀၄
၂၁။ ဒေါက်တာဝင်းအောင်(ဒု-ညွှန်ကြားရေးမှူး/ငြိမ်း)
(နန်းတော် သက်နှင်းတိုက်)(မန္တလေး) ဖုန်း-၀၉-၂၀၀၁၁၅၀၊၀၂-၇၈၇၇၁
၂၂။ ဒေါ်ခင်သန်းညွန့်(မိုးမခစတိုး)(မိတ္ထီလာ)..ဖုန်း-၀၆၄-၃၅၀၈၃
၂၃။ ဒေါ်နွဲ့နွဲ့ဝင်း (မုံရွာ).........ဖုန်း-၀၉-၅၁၉၈၀၇၅
၂၄။ ဒေါ်သန်းစိန် (ဦးငြိမ်းနှင့်သားများစက်နှင့်စက်ပစ္စည်းရောင်းဝယ်ရေး) (မုံရွာ).........ဖုန်း-၀၇၁-၂၁၄၁၃
၂၅။ဒေါ်ရီရီတင် (မုံရွာ).........ဖုန်း-၀၉-၂၁၃၀၀၉၃
၂၆။ ကိုရှုမောင် (မြင်းခြံ).......ဖုန်း-၀၉-၂၂၁၆၂၂၀
၂၇။ ဒေါ်လှလေး (အောင်လံ).....ဖုန်း-၀၉-၅၃၃၀၇၆၉
၂၈။ ဒေါ်မြင့်မြင့်ဆွေ (ပြည်).........ဖုန်း-၀၅၃-၂၄၂၀၈
၂၉။ ဦးကျော်မြင့်-ဒေါ်ရီရီမြင့်(ပခုက္ကူ)......ဖုန်း-၀၆၂-၂၁၂၄၃
၃၀။ ဦးကျော်မိုး-ဒေါ်သန်းသန်းဆွေ(ပခုက္ကူ)..ဖုန်း-၀၉-၂၃၀၁၃၃၀
၃၁။ ဦးစံကုလား-ဒေါ်မိုးမိုး(ကျောက်ပန်းတောင်း)ဖုန်း-၀၆၁-၅၀၇၃၀
၃၂။ ကိုညီညီလွင်(ပီတောက်ပါ လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး) (ပြင်ဦးလွင်).....ဖုန်း-၀၉-၂၀၄၅၅၁
၃၃။ ဒေါ်စိုးစိုးနိုင်(စာပန်းအိမ်)(ပြင်ဦးလွင်)...ဖုန်း-၀၉-၄၇၁၂၉၅၉၇
၃၄။ ဦးဇော်ထွန်း+ဒေါ်မိုးမိုးနှင်း(နေပြည်တော်) ဖုန်း-၀၉-၄၃၀၃၇၂၉၃
၃၅။ ဒေါ်အေးမာလာလွင် (နေပြည်တော်)..ဖုန်း-၀၉-၄၉၂၉၉၆၅
၃၆။ ဦးမောင်အိုက် (မူဆယ်).......ဖုန်း-၀၉-၅၂၃၀၇၇၃
၃၇။ မနန်းထွေးခမ်း (မူဆယ်). ဖုန်း-၀၉-၄၀၃၇၁၂၆၇၅၀၈၂-၅၂၈၀၁
၃၈။ ဦးဝင်းလွင်(ရွှေသံလွင်စည့်ရိပ်မွန်)(ပုသိမ်) ဖုန်း-၀၄၂-၂၂၉၅၄
၃၉။ ဒေါ်မြထွေး (ပုသိမ်)........ဖုန်း-၀၉-၄၉၇၁၆၆၀၈
၄၀။ မခင်သိန်းဌေး(ခ)မငယ်(စိန်ဆေးဆိုင်)(မော်လမြိုင်)
ဖုန်း-၀၉-၈၇၀၁၆၈၂၊ ၀၅၇-၂၄၃၆၈၊ ၀၅၇-၂၆၁၆၆၊လိုင်းခွဲ ၁၁၅၁။
၄၁။ ဦးဂျာနူ+ဒေါ်ဥမ္မာမောင်(ဂျာနူဆေးဆိုင်)M.O.M(ကချင်ပြည်နယ်) (မိုးကောင်းမြို့နယ်)ဖုန်း-၀၉-၄၇၀၂၄၆၂၅၀၇၄-၄၀၅၂၂
၄၃။ ဦးစင်္ဂလွင် အမှတ်(၇)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး (ဘားအံ).......ဖုန်း-၀၉-၃၁၄၁၇၁၆၈
၄၄။ ဒေါ်စန်းစန်းမြင့်(သန့်ဝင်စတိုး)(အင်းစိန်) ဖုန်း-၀၁-၆၄၂၅၅၂။

*မြေအလှူရေစက်ချအနုမောဒနာတရားပွဲတွင်သီတဂူဆရာတော်ကြီး ဟောကြားတော်မူခဲ့သောသာသနာတော်တွင်ကျောင်းများဖြစ်ပေါ်လာရခြင်းအကြောင်းများ တရားတော်အခွေကို မဇ္ဈိမဂုဏ် ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့ မှဓမ္မဒါနလှူဒါန်းမည်ဖြစ်ပါသောကြောင့်အလှူခံဌာနများတွင်ရယူမှုဖော်နိုင်ပါသည်။*

## ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်းအများပိုင်ကုမ္ပဏီလီမိတက်
## RAKHINE DEVELOPMENT CORPORATION LIMITED (PUBLIC COMPANY)

### ဥပဒေအရ အစည်းအဝေး နှင့် ပထမအကြိမ်နှစ်ပတ်လည် စုံညီအစည်းအဝေး ကျင်းပရန် ကြေညာခြင်း

**ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း အများပိုင်ကုမ္ပဏီလီမိတက်** (RAKHINE DEVELOPMENT CORPORATION LIMITED) သည် တရားဝင်လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ် အမှတ်(၃၀/၂၀၁၃-၂၀၁၄) ကို (၃-၄-၂၀၁၃) နေ့ကရရှိခဲ့ပြီး မြန်မာနိုင်ငံ ကုမ္ပဏီ များ အက်ဥပဒေ ပုဒ်မ-၇၇။(၁) အရ ကျင်းပရမည့် "ဥပဒေအရ အစည်းအဝေး Statutory Meeting" နှင့် "ပထမအကြိမ် နှစ်ပါတ်လည် စုံညီအစည်းအဝေး 1st Annual General Meeting" ကို အောက်ပါ အစီအစဉ်အတိုင်းကျင်းပ ပြုလုပ် မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ အားလုံးမပျက်မကွက် တက်ရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**(ဖိတ်စာရရှိသည်ဖြစ်စေ မရရှိသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။)**

နေ့ရက် - ၂၉-၉-၂၀၁၃(တနင်္ဂနွေနေ့)

အချိန် - မွန်းလွဲ (၁)နာရီ

နေရာ - MICT Park၊ အခန်း (၂၀၅) ပင်မဆောင် လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့.

ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်းအများပိုင်ကုမ္ပဏီလီမိတက်
အမှတ်(၂၂၀)၊ ခရေမြိုင်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့.
Ph: 01-578237, 09-420090856 Fax: 01-578237

### ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ အထက (ကံပေါက်) စတုတ္ထတန်း(A)မှ မထက်ထက်သူ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးထွန်းနောင်ဦးဖြစ်ပါကြောင်း။

**ဦးထွန်းနောင်ဦး[၆/ရဖန(နိုင်)၀၁၉၄၆၇]**


ဓါတ်ပုံပြုပြင်၊ ဓါတ်ပုံဒီဇိုင်းသင်တန်း
Photoshop သီးသန့် သင်တန်း (၁လ)
၀၉-၄၉၆၆၀၅၄၅၊ ၀၉-၄၂၅၂၈၉၆၉၃
အမှတ်(၂၂)၊ ချမ်းသာလမ်း၊ (ရွှမ်းလမ်းမှတ်တိုင် အနီး)၊ စမ်းချောင်းမြို့နယ်၊


## သွေးသည်အသက်

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၁၊ မြေကွက်အမှတ်-၁၈၅၀၊ မြေကွက်တည်နေရာအမှတ်(၁၈၅၀)၊ လှော်ကားလမ်း၊ (၇၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (ဒေါ်စိန်စိန်လေး(ခ)ဒေါ်ကုလားမ)[၁၂/တမန(နိုင်)၀၅၃၃၀၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စိန်စိန်လေး(ခ)ဒေါ်ကုလားမ ကွယ်လွန်သဖြင့် ဒေါ်တင်တင်ရီ[၁၂/တမန(နိုင်)၀၈၀၃၈၆]၊ ဒေါ်သန်းသန်းဦး[၁၂/တမန(နိုင်)၁၀၀၂၂၀]တို့က အမွေစားအမွေခံကိတ္တိမသမီးအဖြစ်မွေးစားခြင်း စာချုပ်-၃၉၅၃/၂၄-၁၂-၉၃ အရ ကိတ္တိမသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၃၊ မြေကွက်အမှတ်- ၉၅၊ ဧရိယာ- ၀. ၀၅၅ ဧက (၂၄၀၀ စတုရန်းပေ) ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၃) ရပ်ကွက်၊ ကံ့ကော်မြိုင် (၂) လမ်း၊ အမှတ်- ၉၅ ဟုခေါ်တွင်သည့် ရေ၊ မီး အစုံ တစ်ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမြတ်အောင် (၁၂/သဃက (နိုင်) ၀၆၁၇၈၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်ရောင်း ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား၊ မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

**သင်းကြူစိုး (LL.B., LL.M.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
အမှတ်- ၅၅၊ အခန်း- ၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၃၁-၃၅၀၀၁။

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒုတိယဗိုလ်မှူးကြီး မောင်မောင်လေး (ငြိမ်း)**
**(ဟသ်ာတ)**

**စစ်ဦးစီးမှူး (ပထမတန်း) ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ရန်ကုန်မြို့၊လှိုင်မြို့နယ်၊အေးရိပ်မွန် (၃)လမ်း၊ အမှတ် (၁၂) နေ ဒုတိယ ဗိုလ်မှူးကြီးမောင်မောင်လေး(ငြိမ်း) သည် ၄-၉-၂၀၁၃ တွင် ကွယ်လွန်ကြောင်းကြားသိရသဖြင့် မိသားစု နှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။**

ပြည်ပရောက် ညီအကိုမောင်နှမများကိုယ်စား
(Capt; Johnခင်လှ) လင်ဒါလှ(ခ)ကြာညိုသွယ် (ဟောင်ကောင်)
**သုဓမ္မသိင်္ဂီဒေါ်လယ်လယ်အောင်**

**Capt; Johnခင်လှ**
**မတည်မြဲသောထာဝရ**

**ချစ်သောလေးလေး**
**ထွက်ခွါသွားတာနှစ်ပါတ်လည်ခဲ့ပေမဲ့ မနေ့တနေ့ကလိုပါပဲ။ အိမ်မက်မဟုတ်မှန်းသိပေမယ့် လက်တွေ့ဆုံးရှုံးမှုကိုခံနိုင်ရည် ရှိအောင် ကြိုးစားနေတုန်းပါ။မတည်မြဲတဲ့ သခ်ါရလောကမှာ ထာဝရ ရှင်သန်နေမယ့် ကျေးဇူးတွေနဲ့ မေတ္တာတရားတွေကို လေးလေး မရှိတော့ပေမဲ့ အေးမြနွေး ထွေးစွာ မေတ္တာနဲ့ ကျေးဇူးတရားတွေဟာ ကျန်ရစ်ခဲ့သူ တွေရဲ့ နှလုံးသားထဲမှာ ထာဝရရှင်သန်နေဆဲပါ။ လေးလေး ပြုခဲ့တဲ့ ကောင်းမှုစေတနာ တွေကြောင့် မြင့်မြတ်တဲ့ဘဝကို အေးချမ်း စွာရောက်ရှိသွားပြီ ဆိုတာ သိနေပေမဲ့ ထပ်ဆင့်ပြီး ကုသိုလ် ပြုပေးပါရစေ။ လေးလေးနဲ့အတူလှူဒါန်းခဲ့တဲ့ဗဟန်းကြားတောရ စံပါယ်ရုံ ကျောင်းဆောင်သစ်ရယ်၊ မင်္ဂလာဒုံ အာယုဒီဃပျိုးဥယျာဉ် ဆွမ်းစားဆောင်နဲ့ မအူပင်ပရိယတ္တိ စာသင်ကျောင်းတိုက် ကြီးတို့ကို အောင်မြင်ပြီးစီးသည်အထိ လေးလေးကိုယ်စား ဆက်လက် လှူဒါန်းနေ ပါတယ်။ ဒီပြုသမျှကုသိုလ် အားလုံးကို ကျေးဇူးရှင် လေးလေး ရောက်လေရာ ဘုံဘဝမှ ကြားသိသာခု ခေါ်ပြီး နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ပါစေ။**

**လေးလေးရဲ့ ထာဝရ လှဲ့ (ဟောင်ကောင်)**
**သုဓမ္မသိင်္ဂီဒေါ်လယ်လယ်အောင်**

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးလှိုင်ဝင်း(စန္ဒရားနီနီ)**
**အသက်(၇၈)နှစ်**
**(တီးဝိုင်းအဖွဲ့ဝင်-ငြိမ်း)**
**မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့**

ဦးလှိုင်ဝင်း(စန္ဒရားနီနီ)သည် ၁၂-၉-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**ဝန်ထမ်းဟောင်းများအသင်း**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါက်တာဦးမိုးစိန်**
**အသက်(၇၆)နှစ်**

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း၏ အသင်းဝင် Dr. ဦးမိုးစိန် (1st Batch B.D.S)သည် ၁၀-၉-၂၀၁၃(အင်္ဂါနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း**
**(ဗဟို)**

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်တင်မြ(မြလေး) (သံတွဲ)**
**အသက်(၇၀)**

သံတွဲမြို့၊ မေတ္တာဝတီဘိုးဘွားရိပ်သာကော်မတီဥက္ကဋ္ဌ၊ သီတဂူမေတ္တာ စက္ခုဒါနဆေးရုံ ကော်မတီဥက္ကဋ္ဌ ဦးတင်လေး-ဒေါ်နွယ်နွယ်ဦးတို့၏ အစ်မ သည် ၉-၉-၂၀၁၃ရက် မွန်းလွဲ ၂း၂၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန် ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါ ကြောင်း။

**မေတ္တာဝတီဘိုးဘွားရိပ်သာကော်မတီ**
**သီတဂူမေတ္တာစက္ခုဒါနဆေးရုံကော်မတီ**
**သံတွဲမြို့**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်ယုယုကြည်**
**အသက်(၅၄)နှစ်**
**ဦးစီးအရာရှိ၊ မန္တလေးသန့်စင်စက်ရုံ**
**စိုက်ပျိုးရေးဦးစီးဌာန**

သူငယ်ချင်း ဒေါ်ယုယုကြည်သည် ၁၃-၉-၂၀၁၃ ရက်တွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါသည်။

**B.Ag (၁၉၈၅) သူငယ်ချင်းများ**

**(၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း**
**ဗိုလ်ကြီးမောင်မြိုင်(ငြိမ်း) ကြည်း(၁၁၇၄၃)**
**အသက်(၈၃)နှစ်**
**၁၅-၉-၂၀၁၁-၁၅-၉-၂၀၁၃**

ဖေကြီး မိသားစုနှင့် ခွဲခွာသွားသော်လည်း တစ်နေ့မှမေ့မရ သတိရဆဲပါ။ ဖေကြီးအတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှုများ နေ့စဉ်၊ လစဉ်ပြုလုပ် လျက်ပါ။ ဆရာတော် အရှင်သူမြတ်တို့အား ဆွမ်း၊ ခဲဖွယ်၊ ဝတ္ထုများဖြင့် ဆက်ကပ်လှူဒါန်းပါသည်။ ရောက်ရာဘုံဘဝမှ သာခုခေါ်ဆိုနိုင်ပါစေ--

ဖေကြီးရေ အမျှ--အမျှ-အမျှ

**ချစ်ဇနီး-ဒေါ်မြစိန်**
**သားသမီးမြေးများ**
**ရွှေပင်လုံအိမ်ရာ**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးမြသောင်း (၈၇)နှစ်**

တောင်ငူမြို့၊ (၂၀)ရပ်ကွက်၊ ဆက်ရှင်လမ်း၊ အမှတ်(၅၄)နေ (ဦးမွေး- ဒေါ်ပု)တို့၏သား၊(ဦးချစ်တင်-ဒေါ်ငယ်)တို့၏သားသမက်၊ ဒေါ်ရွှေ၏ခင်ပွန်း၊ ဦးမြစိုး-ဒေါ်စန္ဒာဦး(National Sales Manager, Royal Ruby Co., Ltd.)၊ ဦးငွေအောင်-ဒေါ်ရွှေမြကြီး၊ ဦးမြင့်ဇော်ဦး-ဒေါ်ဝင်းဝင်းသောင်းတို့၏ဖခင်၊ အိသဥ္ဇာအောင်၊ ဇူလိုင်နှင်းတို့၏ အဘိုးသည် ၁၂-၉-၂၀၁၃ (ကြာသပတေး နေ့) ည ၈း၀၅ နာရီတွင်အထက်ပါနေအိမ်၌ ကွယ်လွန်သွားကြောင်းကြားသိ ရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Royal Ruby Co., Ltd.**
**ရွှေရီဝင်းပတ္တမြားတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်သန်းနု**
**အသက်(၈၁)နှစ်**

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဖေနှင့် ဇနီး ဒေါက်တာ ဒေါ်စန်းစန်းလွင်တို့၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်သန်းနု အသက် (၈၁)နှစ်သည် ၁၀-၉-၂၀၁၃ (အင်္ဂါနေ့) နံနက် ၁၁း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာနှင့် ဝန်ထမ်းမိသားစုများ**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း**

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်သန်းနု**
**အသက်(၈၁)နှစ်**

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဖေနှင့်ဇနီး ဒေါက်တာဒေါ်စန်းစန်းလွင်တို့၏မိခင် ဒေါ်သန်းနု အသက် (၈၁)နှစ်သည် ၁၀-၉-၂၀၁၃ ရက် တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးသိန်း-ဒေါ်ခင်အေးဝင်းမိသားစု**
**ရန်ကုန်မြို့**

**အယူတော်ခံမှုဆိုင်ရာ ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားခံသို့ ကြားသိစေသည့် အကြောင်းကြားစာ**
**(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၃ခုနှစ်၊ တရားမအယူခံမှုအမှတ်-၈၆**

| | | |
|---|---|---|
| ဦးဇော်ဝင်း | နှင့် | ဦးကျော်ဝင်း ပါ-၂ |
| အယူခံတရားလို | | အယူခံတရားပြိုင်များ |

၂၀၁၃ခုနှစ်၊ ဇွန်လ(၂၁)ရက်နေ့စွဲပါ မဟာအောင်မြေမြို့နယ် တရားမရုံးတော်မှ စီရင်ချက်နှင့် ဒီကရီကို အယူတော်ခံမှု။

အယူတော်ခံတရားပြိုင် ဒေါ်ငွေငွေရင်(ခ)ဒေါ်ဝင်းမေ အကွက်(၅၀၀)၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာ မသိ)သိစေရသည်။

ယခုအမှုတွင် မဟာအောင်မြေမြို့နယ် တရားမရုံးတော်က ချပေးသည့် ဒီကရီကို ဦးဇော်ဝင်းက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၊ ထိုအယူခံ မှုကို ၂၀၁၃ခုနှစ် စက်တင်ဘာလ (၂၀)ရက်၊ ၁၃၇၅ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁)ရက် တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့ နေ ဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ရွက်ဆောင်ရန် တရားဥပဒေခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်- ၄၁၊ နည်းဥပဒေ- ၂၂အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ ၂၂အရ ချိန်းဆိုထားသည့် အချိန်တွင်း ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၃ခုနှစ် ၊ စက်တင်ဘာလ (၃)ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မြင့်မြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၁)၊ မန္တလေးခရိုင်တရားရုံး**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
**ဒေါ်အုန်းမြိုင် (၇၉)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၂၈၆)နေ ဦးထွန်းတင်-(ဒေါ်မြ)တို့၏ သမီးကြီး၊ [ဦးကြင်သန်း(ပုသိမ်အသင်းနာယက)]၏ဇနီး၊ (ဦးစိုးထွန်း)-ဒေါ်အေးရှိန်၊ ဦးသိန်းဇံ-ဒေါ်တင်ရှိန်၊ (ဦးတင်စိုး)တို့၏အစ်မကြီး၊ (ဦးတင်မောင်သန်း)၊ ဦးခင်မောင်သန်း [အုပ်ချုပ်ရေးမှူး၊ (၇)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်]၊ ဦးသန်းဝင်း-ဒေါ်တင်မေသန်း(စွမ်းအင် ဝန်ကြီးဌာန၊ နေပြည်တော်)၊ ဒေါ်ငွေငွေအောင် (ငွေရတနာ မြို့မဈေး)၊ ဦးရဲမင်း၊ ဒေါ်ဝင်းဝင်းမာ (မြန်မာ အရှေ့တိုင်းဘဏ်လီမိတက်)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မောင်ဝေယံမင်း (ဆဋ္ဌမတန်း၊ စိုးစံပညာရေးအထက်တန်းကျောင်း၊ နေပြည်တော်)၏ ဘွားဘွားကြီးသည် ၁၃-၉-၂၀၁၃ (သောကြာနေ့) နံနက် ၉း၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
**ဦးအေးစိုးမြင့် @**
**Alphonso စိုးမြင့် (၈၈)နှစ်**
**(ကရင်ပြည်နယ်)တောင်ငူအသင်းဝင်**
**နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ မစိုးရိမ်ကျောင်းလမ်း၊ အမှတ် (၅-B)နေ (ဦးဖဲ- ဒေါ်ဆားမို)တို့၏သား၊ (ဦးဟင်နရီခရာစူး- ဒေါ်ငြိမ်းဇံ)တို့၏သားသမက်၊ (ဒေါ်ဒေါ်လီစိုးမြင့်)၏ခင်ပွန်း၊ (ဦးအောင်ညွှန့်-ဒေါ်ဟင်လင်)၊ (စည်သူ စော Samuel ရှိုးရှိုး-ဒေါ်လှဒေါင်း)၊ (ဦး James ကျော်မြင့်)တို့၏ ညီ/မောင်၊ (ဗိုလ်မှူးဒေါ်သန်း မြင့်)၊ (Vincent အောင်မြင့်)၊(Graciano ကံမြင့်)၊ ဒေါက်တာခင်ထွေးမြင့်-ဒေါက်တာဝင်းကြည် တို့၏ အစ်ကို၊ ဦးValention စိုးမြင့်-ဒေါ်အေး ကလျာဝင်း၊ ဦးJamesစိုးမြင့်-နော်လူးဝစ်ထွန်း၊ ဒေါ်Annette စိုးမြင့်- Ole Theil၊ ဒေါက်တာ Valentina စိုးမြင့်၊ ဒေါ်Caroline စိုးမြင့်- ဦး Leslie စိုးလှိုင်၊ ဦး Alphonso စိုးမြင့်၊ ဦး Vincent စိုးမြင့်-ဒေါ်နန်းစိုး၊ ဒေါ် Freeda စိုးမြင့်- ဦးချားလ်ဖရင်ကီလီ၊ ဒေါ် Flavia စိုးမြင့် တို့၏ ချစ်လှစွာသောဖခင်၊ မ Alexandra ရူပါမြင့်၊ စောဂွယ်ဝါး၊ မောင် Adrian စိုးမြင့်၊ Anne Theil၊ Melissa စိုးလှိုင်၊ မောင် Andy စိုးမြင့်၊ Timothy စိုးလှိုင်၊ Henrik Theil တို့၏ အဘိုး ဦးအေးစိုးမြင့် @ Alphonso စိုးမြင့်သည် ၁၂-၉-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၄ နာရီ တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅- ၉-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အမှတ်(၆၄)၊ အင်းလျားလမ်း St. Augustine ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေး ဂိုဏ်းပေါင်းစုံ ခရစ်ယာန်ဥယျာဉ်တော်၌ ဂူသွင်း သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး**
**ဦးထွန်းကြူ (ရွှေဘို) (၈၂)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ထန်းပင်ကောင်းကျေးရွာနေ (ဦးကျောက်လုံး- ဒေါ်ရွှေစု)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ တောင်မြင်းပြိုင်ကွင်း လမ်း၊ ခြံအမှတ်(၁၃)နေ (ဦးစိန်ဗန်း-ဒေါ်ရင် မေ)တို့၏သားသမက်၊ဒေါ်ညိမ်းတင်(ကုန်သွယ်/ ပုံနှိပ်-ငြိမ်း)၏ခင်ပွန်း၊ ကိုမင်းထွန်းဦး (Chief Mate)-မလေးနိုင်၊ မခင်သက်(Finance Dept; Myanmar Brewery Ltd.)တို့၏ ဖခင်သည် ၁၃-၉-၂၀၁၃(သောကြာနေ့) နံနက် ၆း၂၀ နာရီ တွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွား ပါသဖြင့် ၁၅-၉-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း ဒါယကာကြီး**
**ဦးကျော်သောင်း (၈၁)နှစ်**
**(လျှပ်စစ်ငွေစာရင်းဌာန-ငြိမ်း၊ မန္တလေးမြို့)**
**(သုဓမ္မာနတ်နန်း၊ မဟာဂန္ဓာရီ အရိယာဝိဇ္ဇာဂိုဏ်းတော်ကြီး၊ပျဉ်းမနားမြို့)**
**(လှိုင်မြို့နယ်၊ နယ်စီး)**

ရန်ကုန်မြို့၊ကြည့်မြင်တိုင်မြို့နယ်နေ(ဦးဘစိန်- ဒေါ်အုံးကြည်)တို့၏သား၊ (ဦးသန်းညွန့်- ဒေါ်သန်းရှင်)တို့၏ သားသမက်၊ ဒေါ်ယဉ်ကြည် ၏မောင်၊ ဦးထွန်းမြင့်-ဒေါ်ချိုချို၊ ဦးသန်းဝင်း- ဒေါ်ကြည် ကြည်မြတို့၏အစ်ကို၊ ဦးခင်သောင်း- ဒေါ်ခင်စန်းဝင်းတို့၏မွေးသဖခင်၊ ကိုဇော်မင်းဦး- မခင်စိုးမော်၊ ကိုကျော်ဇင်ဦး-မဖြိုးအိထွေးတို့၏ အဘိုး၊ မောင်ဇင်မောင်မောင်ထက်၏ဘိုးဘိုး၊ တူ/တူမ ရှစ်ယောက်တို့၏ဦးလေး၊ ဒေါ်စောဥ ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၁-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၁၃-၉-၂၀၁၃ (သောကြာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၉-၂၀၁၃(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ သံလမ်း၊ အမှတ်(၁၆၉)၊ သံပုံးစက်ဝန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဦးလှကြည် (၅၃)နှစ်**
**(ကျားခေါင်းကော်လုပ်ငန်း)**
**တောင်/ဒဂုံ(၅၅)ရပ်ကွက် ဥက္ကဋ္ဌဟောင်း**

ရန်ကုန်မြို့၊ တောင်/ဒဂုံ (၁၄၄) စက်မှုဇုန်၊ အမှတ် (၆၄၅/၆၄၆)၊ ရတနာပုံလမ်းနေ ဒေါ်စန်း စန်းမြင့်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၁-၉- ၂၀၁၃ ရက် ည ၁၀း၄၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၅-၉-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
**ဒေါ်အုန်းမြိုင် (၇၉)နှစ်**
**(သက်ကြီးကန်တော့ခံ)**
**(မော်လမြိုင်၊ ချောင်းဆုံ)**

မော်လမြိုင်၊ ချောင်းဆုံ၊ ဘီလူးကျွန်းမြို့နယ် နေ ဦးထွန်းတင်-(ဒေါ်မြ)တို့၏သမီးကြီး၊ ပုသိမ် မြို့နယ်အသင်း(ရန်ကုန်)၏ နာယကကြီး ဦးကြင်သန်း၏ ဇနီး၊ အမှတ်(၂၈၆)၊ သုံးလွှာ၊ ရွှေဘုံသာလမ်းနေ ဦးခင်မောင်သန်း[(၇)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူး၊ ပန်းဘဲတန်းမြို့နယ်]၊ ဦးသန်းဝင်း (စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်)- ဒေါ်တင် မေသန်း (စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်)၊ ဒေါ်ငွေငွေအောင် (ငွေရတနာမြို့မဈေး၊ သန်လျင်)၊ ဦးရဲမင်း၊ ဒေါ်ဝင်းဝင်းမာ (မြန်မာ အရှေ့တိုင်းဘဏ်လီမိတက်)တို့၏ ချစ်လှစွာ သောမိခင်ကြီး ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီး ကန်တော့ခံ ဒေါ်အုန်းမြိုင်သည် ၁၃- ၉-၂၀၁၃ ရက် နံနက် ၉း၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါ ပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီထွက်ပါမည်။) အမှုဆောင်အဖွဲ့

**ဦးမောင်မောင်(ခ)ဝမ်းကို့ဟွာလ်**
**အသက်(၇၅)နှစ်**
**(အာလာဒင်စတိုး၊ ဗိုလ်ချုပ်ဈေး)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၆)လမ်း၊ အမှတ်(၄၇)၊ လေးလွှာနေ ဒေါ်ကျင်ရှီ၏ ခင်ပွန်း၊ ဦးမောင်ရှိန်-ဒေါ်ယဉ်ယဉ်လွင်၊ ဦးသန်းစိန်- ဒေါ်တင်တင်နုတို့၏အစ်ကို၊မပုလဲရီမောင်ကျော် ဇင်ဦး၊ မအိအိခိုင်တို့၏မွေးသဖခင် ဦးမောင် မောင်(ခ)ဝမ်းကို့ဟွာလ်သည် ၁၃-၉-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၂း၃၅ နာရီတွင် ရန်ကုန် ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၉- ၂၀၁၃ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ် နှင့် ဗိုလ်ချုပ်ဈေးတို့မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဦးလှကြည် (တာမွေ) (၅၃)နှစ်**
**(ကျားခေါင်းကော်လုပ်ငန်း)**

ရန်ကုန်မြို့၊ တောင်/ဒဂုံ (၁၄၄) စက်မှုဇုန်၊ အမှတ် (၆၄၅/၆၄၆)၊ ရတနာပုံလမ်းနှင့် အမှတ် (၃၅)၊ သမိန် ဗရမ်းလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးလင်ကီးကီး)-ဒေါ်ရင် (ကျားခေါင်းကော်လုပ်ငန်း)တို့၏ သားသမက်၊ ဒေါ်စန်းစန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်လွင်-ဒေါ်ကြင်မွေး၊ ဦးကြင်ဆိုင်- ဒေါ်တင်တင်မီ၊ ဦးသန်းစိန်(ရွှေမြင့်မိုရ်ဆန်စက်၊ ကျိုက်ပိ)-ဒေါ်စမ်းစမ်းအေးတို့၏ အစ်ကို၊ ဒေါက်တာမေသက်နိုင်၊ မောင်ဗိုလ်လတ် (ခေတ္တ-အင်္ဂလန်)၊ မောင်သီဟန်ဝင်း(ခ)သားချို (ရေကြောင်းတက္ကသိုလ်၊ သန်လျင်)၊ မောင်ကျော် ဇင်သန့်၊ မောင်ကျော်ဇင်လင်း၊ မယွန်းမီမီသန့် တို့၏ဦးလေးသည် ၁၁-၉-၂၀၁၃ ရက် ည ၁၀း၄၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါ ၍ ၁၅-၉-၂၀၁၃(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။ [အမှတ် (၃၅)၊ သမိန်ဗရမ်း လမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ် နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

**ဦးလှကြည်**
**အသက် (၅၃)နှစ်**
**(မော်ကျွန်း၊ ကျိုက်ပိ)**
**(ကျားခေါင်းကော်လုပ်ငန်း)**

ကျိုက်ပိမြို့၊ ကမ်းနားလမ်းနေ (ဦးအာလု ကာ-ဒေါ်အောင်မေ)တို့၏သား၊ (ကိုမိုးကြည်)၏ ညီ၊ ဦးကျော်ဝင်း (အထက၊ ကျိုက်ပိ-ငြိမ်း)- ဒေါ်ဖြူဖြူအေး(မော်ကျွန်းထွေ/အုပ်)၊ ဦးအောင် မြင့်-ဒေါ်မြင့်မြင့်အေး၊ ဒေါ်မြသန်း(အထပြ၊ ကျိုက်ပိ)တို့၏မောင်၊ ဦးခင်ဦး-ဒေါ်လှ လှဝင်း တို့၏အစ်ကို၊ကိုကျော်ဇင်ထွန်း(DYAYANG)- ဒေါ်လေးလေးသော်(DYAYANG)၊ဦးဝင်းကို- ဒေါ်ပြည့်စုံသိမ့် (စွမ်းထက်ပရိဘောဂ၊ နေပြည် တော်)၊ ကိုထွန်းထွန်းဝင်း (DYAYANG)၊ မခိုင်အိမွန်ကျော်(အလပြ၊ ကျိုက်ပိ)၊ မောင်သီဟ ကျော်၊ ကိုစိုးမင်းအောင်(ခေတ္တ-စင်ကာပူ)၊ မနှင်း ဝတ်ရည်(ခေတ္တ-စင်ကာပူ)၊ မောင်ဟိန်းထက် အောင်၊ မောင်ဟိန်းထက်ဦးတို့၏ ဦးလေးသည် ၁၁-၉-၂၀၁၃ ရက် ည ၁၀း၄၀နာရီတွင် ပင်လုံ ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၅-၉-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ကျီစု သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [တောင်/ဒဂုံ (၁၄၄)စက်မှုဇုန်၊ အမှတ် (၆၄၅/ ၆၄၆)၊ ရတနာပုံလမ်းနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်မြင့် (၈၅)နှစ်
**(ဌာနခွဲမှူး၊ ဘဏ္ဍာရေး-ငြိမ်း)၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်းဝင် သက်ကြီးကန်တော့ခံပုဂ္ဂိုလ် ဦးတင်မြင့် (ဌာနခွဲမှူး၊ ဘဏ္ဍာရေး-ငြိမ်း)သည် ၁၁-၉-၂၀၁၃(ဗုဒ္ဓဟူးနေ့) ည ၁၁း၃၀ နာရီတွင် အမှတ်(၃၈)၊ ရဲဘော်(၄)လမ်း၊ အင်းစိန်မြို့နယ် နေအိမ်၌ ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းနု (၈၁)နှစ်

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဖေနှင့် ဇနီး ဒေါက်တာဒေါ်စန်းစန်းလွင်တို့၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်သန်းနု အသက် (၈၁)နှစ်သည် ၁၀-၉-၂၀၁၃(အင်္ဂါနေ့) နံနက် ၁၁း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာနှင့် ဝန်ထမ်းမိသားစုများ**
**ASIA WORLD PORT TERMINAL**

### ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)
### ဒေါ်ခွေး (၁၀၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အနောက်ရန်ကင်း၊ (၅)ရပ်ကွက်၊ ဝါဝါဝင်းအိမ်ရာ၊ တိုက်(၃)၊ အခန်း (၁၀၁)နေ (ဦးရှောင်ပ-ဒေါ်လှပို)တို့၏ သမီး၊ (ဦးခင်ငန်း)၏ဇနီး၊ ဒေါ်သဲစိန်၏အစ်မ၊ ဒေါ်ခင်မိမိဆိုင်(ဒုတိယဗိုလ်မှူးကြီး-ငြိမ်း)၊ ဦးတိတ်လှိုင် [လ/ထ ညွှန်မှူး-ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်အမာကြည်(အထက-ကျောင်းအုပ်)တို့၏ မိခင်ကြီးသည် ၁၁-၉-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

### မန်းစိန်လှိုင်(ခ)ဦးကြီး (၈၂)နှစ်
**(ချောင်းကြီး)**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာ၊ ရွာသစ်ကုန်းနေ (ဖူးစံရှား-ဖီရွှေထား)တို့၏ စတုတ္ထမြောက်သား၊ (ဒေါ်ဂုဏ်)၊ ဒေါ်ကြွက်၊ (ဒေါ်ခင်ကြည်)တို့၏မောင်၊ (ဒေါ်သဲစိန်)၊ ဒေါ်ခင်ရွှေ Rev. မန်းထွန်းလွင် (အင်းစိန်ဂေသရေမန်အသင်းတော်)၊ မန်းဂျိုးဇက်တို့၏ အစ်ကိုကြီး မန်းစိန်လှိုင်သည် ၁၄-၉-၂၀၁၃(စနေနေ့) နံနက် ၇ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၆-၉-၂၀၁၃(တနင်္လာနေ့) နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ရွှေဘိုမြို့နယ်အသင်း(ရန်ကုန်)
### ဦးထွန်းကြူ (၈၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ ခြံအမှတ်(၁၃)နေ ဒေါ်ညိမ်းတင်၏ ခင်ပွန်း၊ အမှုဆောင်နာယကအဖွဲ့ဝင် ဦးထွန်းကြူ (၈၂)နှစ်သည် ၁၃-၉-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၁၃ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

### မြို့မကျောင်းသား/ ကျောင်းသူဟောင်းအသင်း
### ဦးသောင်းဝင်းဗိုလ် (၆၇)နှစ်
**အထွေထွေအတွင်းရေးမှူးဟောင်း**

မဲဆောက်တွင်နေထိုင်သော ယခင်အထွေထွေအတွင်းရေးမှူး ဦးသောင်းဝင်းဗိုလ်(ခ)စာရေးဆရာ စိန်သုံးလုံးသည် ၂၃-၈-၂၀၁၃ ရက် နံနက် ၆ နာရီတွင် မဲဆောက်၌ ကွယ်လွန်သွားပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားသိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

### မဇင်မာအေး (၃၆)နှစ်
**B.A (Geo;)**

ရန်ကုန်မြို့၊ တိုက်(၅)၊ အခန်း(၂)၊ နဝဒေးလူနေဆိုင်ခန်း၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်နေ [ဗိုလ်ဇင်ယော်(ရဲဘော်သုံးကျိပ်)-ဒေါ်တင်ဥ] တို့၏မြေး၊ (ဦးအေးကို)-ဒေါ်ကြည်ကြည်ဇင်တို့၏ သမီးကြီး၊ မဝင်းလဲ့လဲ့၊ မောင်ပြည့်ဖြိုးအောင် (မန်နေဂျာ၊ 23 Masala)-မခင်ခင်စန်း (Yunikko Hair Style)တို့၏ အစ်မ၊ မောင်ဟိန်းထက်ဇင်၊ မောင်အောင်ဇင်ကိုတို့၏ ကြီးကြီး၊ ဦးကျော်ခိုင်၏ဇနီး မဇင်မာအေးသည် ၁၄-၉-၂၀၁၃ ရက် နံနက် ၈း၁၃ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၃ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယကာ
### ဦးတင်အောင် (၈၈)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ဇောတိကအိမ်ရာ၊ တိုက်(A-၄)၊ အခန်း(၂၀၃)နေ (ဦးဘသိန်း-ဒေါ်မြယုံ)တို့၏ သား၊ (ဦးချို-ဒေါ်စိန်)တို့၏ သားသမက်၊ (ဒေါ်ခင်ကြည်)၊ (ဒေါ်တင်ရီ)တို့၏ အစ်ကို၊ ဒေါ်ချို၏ခင်ပွန်း၊ ဦးတင်ချိုဦး-ဒေါ်နီနီဝင်း၊ ဦးရွှေဝင်း-ဒေါ်စန်းခင်ခင်ကျော်၊ ဦးစိန်ငွေ-ဒေါ်အေးအေးကြည်၊ ဦးသိန်းဆောင်-ဒေါ်အေး၊ ဦးလှဝင်း-ဒေါ်ရီဝေချို (အထက-၄၊ သင်္ဃန်းကျွန်း)၊ ဦးဇေယျာထွန်း-ဒေါ်ဝေဝေချိုတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၁ ယောက်တို့၏ အဘိုးသည် ၁၄-၉-၂၀၁၃(စနေနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်ရီရီလှ(ခ)လင်ချိုက်လို
**အလယ်တန်းပြဆရာမ(ငြိမ်း)**
**အထက(၅) ဗိုလ်တထောင်**
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဘိုကလေးဈေးလမ်း (အထက်)၊ အမှတ်(၁၀၈)နေ (လင်ချိန်ကက်-ခူဂိတ်ကြူ)တို့၏သမီး၊ ဦးမောင်ကြည်၏ ဇနီး၊ ဒေါ်ခင်ယု၏ ညီမ၊ လင်စိန်ဟိုး၊ လင်ချိုက်ပို့၊ စိန်ကျိုင်းတို့၏ အစ်မ၊ ကိုအောင်ကျော်ဇော(ခ)ရှိုးတီ၏ မွေးသမိခင်ကျေးဇူးရှင်သည် ၁၃-၉-၂၀၁၃ (သောကြာနေ့) ည ၈း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### မင်းပြားမြို့နယ်အသင်း(ရန်ကုန်)
### ဦးအောင်ထွန်းသာ (၇၄)နှစ်
**MEIS-ငြိမ်း**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ ဗညားဒလလမ်း၊ တိုက်(A-1)၊(107)နေ (ဦးပန်းဘော်သူ-ဒေါ်မေတင်)တို့၏သား ဦးအောင်ထွန်းသာသည် ၁၄-၉-၂၀၁၃ ရက် နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၃ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။

မင်းပြားမြို့နယ်အသင်း(ရန်ကုန်)

### ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မြသီ အသက်(၆၀)
**(အထက-၂၊ လသာ၊ ကျောင်းသူဟောင်း)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ စမ်းရေတွင်းလမ်း၊ (၃၄-K-9)နေ (ဦးသောင်းစိန်-ဒေါ်သိန်းညွန့်)တို့၏သမီးကြီး၊ (ဦးစိုးမိုး)၏ဇနီး၊ ဦးသိန်းအောင်-ဒေါ်မြခင်၊ (ဦးဝင်းနိုင်)-ဒေါ်ဝင်းကြည်၊ ဦးထွန်းလင်း-ဒေါ်ခင်ဝင်း၊ (ဦးသောင်းညွန့်)၊ ဦးသန်းဆွေ-ဒေါ်မြထွေးငယ်တို့၏အစ်မကြီး၊ (မောင်အောင်ချမ်းညိမ်း)၊ မအိချိုဇင်ညိမ်း၊ မောင်ညီညီငွေး-မအိကေခိုင်ညိမ်း၊ မောင်မိုးသီဟထွန်းတို့၏မိခင်၊ တူ/တူမ ကိုးယောက်၊ မြေးနှစ်ယောက်တို့၏အဒေါ်သည် ၁၄-၉-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အနိစ္စ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခွေး (၁၀၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အနောက်ရန်ကင်း၊ (၅)ရပ်ကွက်၊ ဝါဝါဝင်းအိမ်ရာ၊ တိုက် (၃)၊ အခန်း(၁၀၁)နေ (ဦးရှောင်ပ-ဒေါ်လှပို)တို့၏သမီး၊ (ဦးခင်ငန်း)၏ဇနီး၊ ဒေါ်သဲစိန်၏အစ်မ၊ (ဦးကျန်းနား-ဒေါ်စောကျင်)၊ (ဦးထိုင်ကြုံ)-ဒေါ်ကျင်မြိုင်၊ (ဦးတင်ဝှက်)-ဒေါ်ကျင်ဝမ်း၊ (ဦးတိတ်စိန်)-ဒေါ်နွဲ့၊ ဦးစံမာန်-ဒေါ်ကျင်ထွေး၊ ဒေါ်ခင်မိမိဆိုင် (ဒုတိယဗိုလ်မှူးကြီး-ငြိမ်း)၊ ဦးတိတ်လှိုင် [လ/ထ ညွှန်မှူး-ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်အမာကြည် (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း၊အထက-၂ပန်းဘဲတန်းမြို့နယ်)တို့၏ မိခင်ကြီးသည် ၁၁-၉-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဒေါ်အုံးသွင် (၈၃)နှစ်
**အလယ်တန်းပြဆရာမ(ငြိမ်း)**
**အထက(ကတိုး/ကော့နှပ်)မော်လမြိုင်**

(ဦးသောင်းဖေ-ဒေါ်တင်)တို့၏သမီး၊ (ဦးအုန်းသွင်-ဒေါ်ဖွားတင်)တို့၏ သမီးချွေးမ၊ [ဦးမြသောင်း (အလယ်တန်းပြ-ငြိမ်း)၏ဇနီး၊ ဦးပေါ်ထွန်း-ဒေါ်နန်းငွေငွေရီတို့၏အစ်မ၊ ဦးသိန်းဦး(သစ်လုံးရောင်း-၂မြန်မာ့သစ်လုပ်ငန်း)-ဒေါ်မြစိန်၊ ဦးအေးကိုသောင်း (အရှေ့ဦး ဆောက်လုပ်ရေးကုမ္ပဏီ)-ဒေါ်စန်းစန်းဝင်း၊ ဦးထွန်းထွန်းဦး၊ ဦးမြင့်လွင်-ဒေါ်ညိုညိုသောင်း၊ ဦးထွဋ်ထွဋ်သောင်းတို့၏မိခင်၊ မြေး ၁၃ ယောက်၊ မြစ်ကိုးယောက်တို့၏ အဘွားသည် ၁၄-၉-၂၀၁၃ (စနေနေ့) နံနက် ၂း၃၀နာရီတွင် အမှတ်(၁၆-က)၊ ကံကော်လမ်း၊ မြို့ဟောင်းအလယ်၊ အောင်သုခရပ်ကွက်၊ သန်လျင်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၉-၂၀၁၃ (သောကြာနေ့) နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးပညာ (၆၂)နှစ်

(ဦးအုန်းဖေ-ဒေါ်ကြည်)တို့၏သား၊ ဦးထွန်းသီ-(ဒေါ်ထွေးကြည်)တို့၏ သားသမက်၊ ဦးကန်ကြည်-ဒေါ်မြစိန်၊ [ဒေါ်လှနှစ်(ခ)ဒေါ်ပု]တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ ဝေဘာဂီလမ်းမကြီး၊ အမှတ်(၃၇၀)နေ ဒေါ်လှလှသန်း၏ ခင်ပွန်း၊ မောင်ဇော်အေးထွန်း-မသီတာလှိုင်(ခေတ္တ-စင်ကာပူ)၊ မနီနီလှိုင်(ခေတ္တ-စင်ကာပူ)၊ ဗိုလ်ကြီးအောင်ဝင်းသူ-မခိုင်သက်ဇင်(အလပြ ထ-၂၊ ပန်းစုံပျော်ဘွယ်)၊ မောင်ငြိမ်းအေးထွန်း (B Tech)တို့၏ မွေးသဖခင်၊ မောင်ရဝေထွန်း၊ မသီရိထွန်းတို့၏အဘိုးသည် ၁၄-၉-၂၀၁၃(စနေနေ့) နံနက် ၄း၃၀ နာရီတွင် ရေဖြူမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၃ ရက်တွင် တလိုင်းဝချောင်းရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၉-၂၀၁၃(သောကြာနေ့) နံနက်ပိုင်းတွင် မြောက်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### မဇင်မာအေး (၃၆)နှစ်
**B.A (Geo;)**

ရန်ကုန်မြို့၊ တိုက်(၅)၊ အခန်း(၂)၊ နဝဒေးလူနေဆိုင်ခန်း၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်နေ [ဗိုလ်ဇင်ယော်(ရဲဘော်သုံးကျိပ်)-ဒေါ်တင်ဥ] တို့၏မြေး၊ (ဦးအေးကို)-ဒေါ်ကြည်ကြည်ဇင်တို့၏ သမီးကြီး၊ (ဗိုလ်ကြီးအေးမြင့်)၊ ဦးဇော်မြင့်-ဒေါ်ခင်အေးမြင့်၊ ဦးမြင့်စိုး-ဒေါ်ရီရီဇင်၊ ဒေါ်သီသီဇင်၊ ဦးမြင့်ဇင်-ဒေါ်လဲ့လဲ့ဝင်း၊ (ဦးအောင်ဇင်)-ဒေါ်ခင်စန်းမြင့်၊ ဦးမြတ်စိုး-ဒေါ်သန်းသန်းဇင်တို့၏ တူမ၊ မောင်နှမ ၁၃ ယောက်တို့၏ အစ်မ/ညီမ မဇင်မာအေးသည် ၁၄-၉-၂၀၁၃ ရက် နံနက် ၈း၁၃ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၃(တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယကာ
### ဦးသန်းလှိုင် (၇၇)နှစ်
**(ကြေးမုံသတင်းစာတိုက်၊ စက်ခန်းမှူး-ငြိမ်း)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေ/မြောက်ရပ်ကွက်၊ ဦးရွှေမှန်လမ်း၊ အမှတ်(၁၆၂)နေ (ဦးဖိုးစီ-ဒေါ်ကျင်ညွန့်)တို့၏သား၊ ဦးပေါက်ကျော်-ဒေါ်ငွေညွန့်တို့၏ သားသမက်၊ ဒေါ်ခင်ရွှေ၏ခင်ပွန်း၊ ဦးတင်မော်-ဒေါ်ဝါနု၊ ဦးတင်ရွှေ-(ဒေါ်စန်းမြင့်)၊ (ဦးပွ)-ဒေါ်တင်မြင့်၊ (ဦးထွေးချစ်)-ဒေါ်အေးအေးသန်းတို့၏ အစ်ကို၊ (ဦးသိန်းဖေ-ဒေါ်ကျင်ထွေး)၊ ဆရာတော်ဦးတေဇ၊ ဦးစိုးလှိုင်တို့၏အစ်ကို၊ ကိုမောင်စိုး-မအိအိခိုင်၊ ဦးမိုးကျော်သူ-ဒေါ်စန်းစန်းဝင်း၊ ဦးစန်းလွင်-ဒေါ်သန္တာကြည်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၂-၉-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၁၃(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

### ဦးသိန်းဇံ (B.Sc, Geol)
### အသက် (၆၃)နှစ်
**ကုံကော်ရွှေဆိုင် (ကျောက်တန်း)**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ ဆင်ကန်ရပ်ကွက်၊ ဆင်ကန်လမ်း၊ အမှတ်(၆၄)နေ (ဦးကောက်)-ဒေါ်အေးတို့၏သား၊ ကော့ကရိတ်မြို့နေ ဦးရော်ကျွမ်း-(ဒေါ်မိန်းဝီ)တို့၏ သားသမက်၊ ဒေါ်ငွေငွေဝင်း၏ ခင်ပွန်း၊ မအိမ့်မျက်ခြယ်(ခေတ္တ-USA)၊ မဆုရတနာ(ခေတ္တ-USA)၊မသီရိဝင်း(Grade-5၊ မြို့မ အလက)တို့၏ဖခင် ဦးသိန်းဇံသည် ၁၂-၉-၂၀၁၃ရက် နံနက် ၆း၄၀ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၄-၉-၂၀၁၃ (စနေနေ့) တွင် မီးသင်္ဂြိုဟ်ပြီး အရိုးပြာကို ၁၆-၉-၂၀၁၃ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ကျောက်တန်းမြို့ အနောက်ပိုင်းတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

### ဦးဝင်းချို (၆၉)နှစ်
**(မြေစမ်းသုတေသနရုံး)**
**ဆောက်လုပ်ရေး-ငြိမ်း၊ သုဝဏ္ဏ**
**TTC ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ကမာကြည်လမ်း၊ မြေစမ်းသုတေသနရုံးဝင်းနေ (ဦးစံတင်-ဒေါ်မြသွင်)တို့၏သားကြီး၊ (ဦးအေးစော-ဒေါ်ဝင်းမူ)၊ (ဦးဘုန်းမြင့်)-ဒေါ်နုနုအုန်း၊ ဒေါ်သန်းသန်းကြူ (ဦးလှအောင်)-ဒေါ်သီသီစိုး၊ ဦးသန်းစိုး-ဒေါ်ဥမ္မာသိန်း၊ ဦးလင်းကျော်-ဒေါ်ဖြူဖြူအေး၊ ဦးမျိုးကျော်-ဒေါ်မြင့်မြင့်ဝင်းတို့၏ အစ်ကိုကြီး၊ ဒေါ်တင်တင်အေး၏ခင်ပွန်း၊ မသီရိဝင်း (City FM Studio)၊ မပိုးသီရိတို့၏ဖခင်၊ တူ/တူမ ၁၇ ယောက်တို့၏ ဘကြီး ဦးဝင်းချိုသည် ၁၄-၉-၂၀၁၃ (စနေနေ့) နံနက် ၁၂း၃၀ နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၃(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးမျိုးသောင်း (၅၉)နှစ်
**(စက်မှုလယ်ယာ)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ (၅၄)လမ်း(လယ်)၊ (No.17 A)၊ ပထပ်နေ ဦးဘသောင်း-ဒေါ်ညွန့်ညွန့်တင်တို့၏သားကြီး၊ ဦးအေးသောင်း၊ ဒေါ်နွယ်နွယ်သောင်းတို့၏ အစ်ကို၊ နေမျိုးဦး-မေမျိုးဦး၊ မောင်ဝဏ္ဏမျိုးထူးတို့၏ဖခင်၊ မောင်ခန့်ဘုန်းသန့်၏ အဘိုး ဦးမျိုးသောင်းသည် ၁၃-၉-၂၀၁၃ (သောကြာနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးမောင်မောင်လွင်အေး
### အသက်(၄၈)နှစ်
**မော်လမြိုင်**
**(အထက-၆၊ ကျောင်းသားဟောင်း)**

မော်လမြိုင်မြို့နေ ဦးခင်မောင်အေး (ရဲမှူး၊ ငြိမ်း)-ဒေါ်ကြည်ကြည်စိန်တို့၏ သား၊ [ဦးမျိုးအောင်(ရဲမှူး-ငြိမ်း)]-ဒေါ်အမာစိန်တို့၏ သားသမက်၊ ဦးကျော်သူရ-ဆရာမ ဒေါ်ကြည်အေးချို (အထက၊ ကျောက်တံတား)၊ (ဦးကြည်စိုးအေး-ဒေါ်မာလာဦး)၊ (ဦးသက်နိုင်အေး)-ဒေါ်ခိုင်ခိုင်ရွှေ၊ ဦးညွန့်ဝင်း-ဒေါ်စံပယ်အေး (ဌာနခွဲစာရေး၊ ဝက်ထိန်းကန်)တို့၏ ညီ/မောင်၊ (ဒေါ်ရွယ်ရွယ်အောင်)၏ ချစ်လှစွာသောခင်ပွန်း၊ မစန္ဒီလွင်အေး (အမရာဘဏ်၊ တာမွေဘဏ်ခွဲ)၊ မဆုလွင်အေး(2nd Year, AGTI)တို့၏ ချစ်လှစွာသောဖခင်၊ တူ/တူမ ခြောက်ယောက်တို့၏ လေးငယ်၊ မြေးသုံးယောက်တို့၏ ဘိုးငယ်လေး ဦးမောင်မောင်လွင်အေးသည် ၁၄-၉-၂၀၁၃ ရက် နံနက် ၁၀း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၃ ရက် ညနေ ၅ နာရီတွင် ကျိုက်စုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။ [ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (A) ၉ လမ်း၊ တိုက်(၇)၊ အခန်း(၃၀၄) နေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
### Rev. Mang Sian Thang
### (ခ) Sia Mang Sian
### (Word of Faith Church, Senior Pastor)
### အသက်(၅၃)နှစ်
### PHAI PI BEH
**(လိုင်တွိုးကျေးရွာ)**

တီးတိန်မြို့နယ်၊ လိုင်တွိုးကျေးရွာနေ U Khual Za Gin - (Nu Ciang Khan En) တို့၏သားကြီး၊ (Pu Thuam Kam- Pi Niing Do Kim) တို့၏သားသမက်၊ Nu Awi Deih Kin- (Pa Thawng Khen Thang), Nu Ciang Deih Man- (ဒုရဲအုပ် Cin Khan Go)၊ ဆရာမ Zam Deih Lun (ခေတ္တ-ဖိလစ်ပိုင်)၊ ဆရာမ Do Lam Cing-Pastor Nung Khan Mang, Tg. Khen Lian Mang တို့၏အစ်ကိုကြီး၊ အမှတ် (၁၄၈)၊ အလုံလမ်းနှင့် ငုဝါလမ်းထောင့်၊ ရှစ်လွှာ(B)နေ (Tg. Gin Tung Mung), ဆရာမ En Lawh Dim, ဆရာမ Kiim Ngaih Lian, Lia Kam Sawm Vung, Lia Mang Sian Muang တို့၏ ဖခင်၊ ဆရာမ En Za Ning ၏ ချစ်လှစွာသောခင်ပွန်း၊ Rev. Mang Sian Thang သည် ၁၂-၉-၂၀၁၃ရက် နံနက် ၁၁း၃၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ခရစ်တော်တွင်အိပ်ပျော်သွားပါသဖြင့် ၁၆-၉-၂၀၁၃ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်သို့ ပို့ဆောင်ဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ဧမာနွေလဘုရားကျောင်းရှေ့၊ ပိတောက်ကွေ့၊ ယုဇန၊ ဝါယာလက်ဈေးရှေ့၊ ရွှေပြည်သာ ထန်းခြောက်ပင်မှတ်တိုင်နှင့် နေအိမ်တို့မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ တန်ဆောင်း ဒါယကာကြီး
### ဦးအောင်မြင့်(ခ)ကိုတူး
### အသက်(၅၂)နှစ်
**Fitter (CDC-15743)**
**SR. Shipping Co., Ltd.**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဝါဦး(၄)လမ်း၊ အမှတ် (၆၇/က)နေ (ဦးကျင်ရွှေ-ဒေါ်မယ်အိမ်)တို့၏သား၊ ဦးခင်အေး-ဒေါ်ရှုကြည်တို့၏သားသမက်၊ ဦးလှမြိုင်-ဒေါ်တင်တင်ရွှေတို့၏ ညီ/မောင်၊ ဦးသန်းထိုက်အောင်-ဒေါ်မေရီထွန်း၊ ဦးထွန်းလင်းအောင်-ဒေါ်ရည်ရည်မွန်၊ ဦးငြိမ်းချမ်းအောင်-ဒေါ်လင်းလင်းဖြူတို့၏အစ်ကို၊ ကိုနေလင်းထွန်း-မအေးအေးခိုင်၊ မဇော်ချိုတို့၏ဦးလေး၊ မောင်ခန့်ညားလင်း၊ မောင်ခန့်ညားအောင်၊ မမြမှူးဟေသီတို့၏ ဘကြီး၊ မစုစန္ဒာလင်း၊ မခင်ဆုလာဘ်တို့၏ အဘိုးလေး၊ ဒေါ်မာစီဦး၏ ချစ်လှစွာသောခင်ပွန်း ဦးအောင်မြင့်သည် ၁၂-၉-၂၀၁၃ ရက် နံနက်ပိုင်းတွင် တူရကီနိုင်ငံ မာစင်မြို့ (MV Pacific Voyger) သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၃(တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ဇံ(ခနောင်တို) (၉၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်း၊ ကမ်းသာယာပလာဇာ၊ အခန်း(၁၀၄)နေ ဦးအောင်သန်းဦး(လ/ထ-ထွေ/ဂျာ-ငြိမ်း၊ ကုန်သွယ်လယ်ယာ) (အာကာဦးကုမ္ပဏီ)-ဒေါ်နွဲ့နွဲ့ဝင်း(တွံတေးသမဦးစီးဌာန)တို့၏ မိခင်၊ ဗိုလ်အောင်ဘုန်းမြတ် (ခနဖြူ)၊ မမေမိုးဦး(ဆေးဝါးတက္ကသိုလ်)၊ မောင်သူရိန်ဝင်းထွဋ်(ဆေး-၁)တို့၏အဘွား ဒေါ်ဇံသည် ၁၄-၉-၂၀၁၃(စနေနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၃(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပြီး ကြွင်းကျန်ရစ်သောအရိုးပြာကို မွန်းလွဲ ၁၂း၃၀ နာရီတွင် ဆိပ်ကြီးခနောင်တို၊ သံဝေဂသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးမြင့်သန်း (၉၁)နှစ်
**လွှတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)**
**ဂျပန်ခေတ်ဒုတိယပတ် ဗိုလ်သင်တန်းဆင်း**
**မန်နေဂျာ(ငြိမ်း)(စား/ထွေ)**

မြင်းခြံမြို့နေ (ဦးမောင်လေး-ဒေါ်မင်းမိ)တို့၏ သား၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ အမှတ်(၉)နေ ဒေါ်မြင့်မြင့်ရွှေ၏ ခင်ပွန်း၊ ဒေါ်ဖြူဖြူမြင့်၊ ဒေါ်လင်းသင်းမင်း၊ ဦးမင်းသင်းကို၊ ဒေါ်မော်ဇော်ကျော်၊ ဒေါ်ကေခိုင်မြင့်၊ ဦးလင်းမင်းကိုတို့၏ ဖခင်၊ မချမ်းမြေ့ဝင်းထွန်း-ကိုစည်သူဇော်၊ ဒေါက်တာမေသူနေဝင်း၊ မရွှေစင်ဝင်းထွန်း၊ မမေသင်းကို၊ မောင်အောင်ကောင်းမင်း၊ မယုကိကို၊ မောင်အောင်သင်းကိုတို့၏ အဘိုးသည် ၁၃-၉-၂၀၁၃ ရက် ညနေ ၃း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၁၃ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးရွှေဝ(ခ)ဦးလှကြည် (၇၃)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်သင်း-ဒေါ်စိန်မျှင်)တို့၏ သား၊ (ဒေါ်ခင်ကြည်)၊ (ဦးလှဖေ-ဒေါ်မြငွေ)၊ (ဦးညွန့်မောင်-ဒေါ်မြကျွေ)၊ ဦးအုန်းမြိုင်-ဒေါ်တင်ထွေးတို့၏ အစ်ကို/မောင်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းဘူတာရုံလမ်း၊ အမှတ်(၁၁၂/D)နေ (ဒေါ်ထွေးတင်)၊ ဒေါ်နွဲ့နွဲ့ရီတို့၏ ခင်ပွန်း၊ ဒေါ်နီလာ၊ ဦးကျော်မြင့်-ဒေါ်သီတာကြည်၊ ဦးဇော်မင်း၊ ဦးထွန်းကျော်လင်း-ဒေါ်ကြည်ပြာ၊ ဦးဉာဏ်လင်းအောင်-ဒေါ်ခင်သီတာ၊ မောင်ထွန်းမင်းဇော်၊ မောင်အောင်ဇော်မျိုးသစ်-မဝင်းမာလာနွယ်၊ မဝင်းသူဇာနွယ်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၁ ယောက်တို့၏ အဘိုးသည် ၁၃-၉-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၉-၂၀၁၃(ကြာသပတေးနေ့) နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ်၊ သမိုင်းဘူတာရုံလမ်း၊ အမှတ်(၁၁၂/D) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်စန်းရီ (၈၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၈၉၅)၊ ခရေလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ [ဗိုလ်ကြီးအေးကြည် (လေ့ကျင့်ရေးရုပ်ရှင်)]၏ ဇနီး၊ ဒေါ်ခင်သန်း၏ ညီမ၊ ဒေါ်သန်းသန်း၏ အစ်မ၊ ဦးဝင်းလှိုင်-ဒေါ်ကြည်ကြည်စန်း၊ ဦးမျိုးညွန့်-ဒေါ်တင်တင်အေး၊ ဒေါ်သန်းသန်းအေး၊ ပန်းသာဦးမြင့်အေး-ဒေါ်တင်တင်ညွန့်၊ [ဦးဝင်းအောင်(ခ)မာလကျစ်]၊ ဒေါ်အေးအေးစန်း၊ ဒေါ်မိုးမိုးကြည်၊ ဦးမျိုးဝင်းဇော်-ဒေါ်အိအိခင်၊ ဦးဇော်ဟိန်း-ဒေါ်လှလှထွေးတို့၏ မိခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၄-၉-၂၀၁၃(စနေနေ့) နံနက် ၄း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသူသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးအောင်ထွန်းသာ (၇၄)နှစ်
**MEIS-ငြိမ်း**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ ဗညားဒလလမ်း၊ တိုက် (A-1)၊ (107)နေ (ဦးပန်းဘော်သူ-ဒေါ်မေတင်)တို့၏ သား၊ ဒေါ်ညို၏ခင်ပွန်း၊ ဦးအောင်ကိုကို-ရဲအုပ်ခင်မိုးအေး (အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး)၊ ဒေါ်မင်းမင်းသူ၊ ဦးရဲထွဋ်-ဒေါ်ရတနာ(ခေတ္တ-စင်ကာပူ)၊ မောင်တက်ထွန်းတို့၏ ဖခင်သည် ၁၄-၉-၂၀၁၃ ရက် နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၃ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
### Pi Ning Hau Man
**TBC-Y, Yangon**
### အသက်(၈၇)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ Tualzang ကျေးရွာနေ Gualnam-Munsuang မျိုးနွယ်စု၊ (Pu Luan Ngul-Pi Pau Ciin) တို့၏ သမီးထွေး၊ ကလေးမြို့နယ်၊ စော်ဘွားရေရှင်ကျေးရွာနေ (Pu Pum Lam, 1989) ၏ဇနီး၊ (Pu Gin Khua Tual-Pi Luan Lang Cing) , (Pi Niang Zen Cing- Pu Tun Tuang), (Pu Tual Khai- Pi Ciin Sial Thang), (Pi Ngaih Lian-Pu Vung Go), (Pu Suan Khan Nang-Pi Vung Zam Khup) တို့၏ ညီမ/အစ်မ၊ ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ်(၂၄၇)၊ မင်းစုလမ်းနေ Rev. Ngul Cin Thang (MEGST)-Nu Malsawmi, (Pi Ciin Do Cing)-Pu Zam Khaw Lian (တီးတိန်)၊ Pu Pau Khaw Kam-Pi Zam Khan Man(Indianapolis), (Pu Khai Za Cin-Pi Ning Do Cing)-Nu Cing Suan Vung, Rev. Lian Za Vung-Rev. S. Tual Za Pau (ကလေးမြို့)၊ Prof Nang Suan Kham-Nu Cin Khan Niang(Ygn), Sya Ngul Khan Hau-Nu Cing Khan Lun (တီးတိန်)၊ Sgt. Pau Khan Thawng (Rtd)-Nu Sen Mung (မုံရွာ)၊ Pa Nang Sian Thang-Nu Cin Sian Vung(Tualzang) တို့၏ အရီး Pi Ning Hau Man သည် ၁၃-၉-၂၀၁၃ ရက်တွင် မြောက်ဒဂုံအရှေ့-အနောက် ပါရမီဆေးရုံ၌ ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် ၁၆-၉-၂၀၁၃ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ် ဗိမာန်တော်၌ ဝတ်ပြုစည်းဝေးပြုလုပ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [အရှေ့ဒဂုံနေအိမ်၊ TBC-Y ဘုရားရှိခိုးကျောင်း (စမ်းချောင်း)၊ ဆူးလေဧမာနွေလဘုရားကျောင်းရှေ့နှင့် ယုဇနဥယျာဉ်မြို့တော် ပိတောက်ကွေ့မှတ်တိုင်တို့မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူ တူ/တူမ မိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး နိုင်ငံရေးပါတီများနှင့် မီဒီယာနှီးနှောဖလှယ်ပွဲ (၂၀၁၃) တွင် တက်ရောက်အမှာစကားပြောကြား

**ရန်ကုန်    စက်တင်ဘာ    ၁၄**

"ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုဖြစ်သကဲ့သို့ ဒီမိုကရေစီဖော်ဆောင်ရေးတွင် အရေးပါလှသည့် ရွေးကောက်ပွဲများ ကျင်းပပေးခြင်း၊ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ရသည့် ဥပဒေနှင့်အညီဆောင်ရွက်ရသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုလည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ကော်မရှင်၏ ဆောင်ပုဒ်ကို ဒီမိုကရေစီအစစ်အမှန် ရွေးကောက်ပွဲတွင် အခြေခံလွတ်လပ်မျှတဆောင်ရွက်ရန် ဟူ၍ ချမှတ်ထားတာဖြစ်ကြောင်း" ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ အင်းယားကန် ဟိုတယ်၌ ကျင်းပသည့် မြန်မာပါတီစုံဒီမိုကရေစီနှင့် နိုင်ငံတကာမီဒီယာ ထောက်ပံ့ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် နိုင်ငံရေးပါတီများနှင့် မီဒီယာနှီးနှောဖလှယ်ပွဲ(၂၀၁၃)၌ ထည့်သွင်းပြောကြားသည်။**(ဝဲပုံ)**

အခမ်းအနားအစီအစဉ်အရ နိုင်ငံတကာမီဒီယာထောက်ပံ့ရေးအဖွဲ့ (International Media Support) မှ Project Coordinator (Myanmar) Mr. Glen Swanson က **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

## ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၄**

ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့၌ စက်တင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၄၆ စင်တီမီတာ (၁ပေခွဲခန့်) ကျော်လွန်နေကာ နောက်နှစ်ရက်အတွင်း ၂၀ စင်တီမီတာ (သုည ဒသမ ၆ပေခန့်) ကျဆင်းနိုင်ပြီး စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့၌ ယနေ့နံနက် ၀၀း၃၀ နာရီမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၅ စင်တီမီတာ (သုည ဒသမ ၈ ပေခန့်) ကျော်လွန်နေကာ နောက်နှစ်ရက်အတွင်း ၄၀ စင်တီမီတာ(၁ ဒသမ ၃ ပေခန့်) ဆက်လက်မြင့်တက်လာနိုင်၍ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

### ယနေ့မာတိကာ


တစ်လဝင်ငွေဒေါ်လာ ၅၀၀၀၀ ရှိ ဟက်ကာ အာဂျင်တီးနားရဲတပ်ဖွဲ့ ဖမ်းဆီး
စာမျက်နှာ » ၄

တစ်နာရီလျှင် မိုင် ၃၁၀ နှုန်းဖြင့် အမြန်ရထားပြေးဆွဲမည့် ဂျပန်နိုင်ငံ
စာမျက်နှာ » ၁၁

ကျရာဇာတ်ရုပ်ကို အပီပြင်ဆုံးဖြစ်အောင် သရုပ်ဆောင်နိုင်ခဲ့သည့် မြန်မာ့ရုပ်ရှင်လောက၏ နာမည်ကျော် ရုပ်ရှင်သရုပ်ဆောင် ဒေါ်မြလေး
စာမျက်နှာ » ၁၂


## သင်္ဘောတူးလုပ်ငန်းများအပါအဝင် မြစ်ကြောင်းထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ရန်လိုအပ်

သတင်း စာမျက်နှာ » ၇

### တနင်္ဂနွေအထူးထုတ် ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် တနင်္ဂနွေအထူးထုတ် ရှစ်မျက်နှာ ပါရှိပါသည်။

## ညောင်ဦးတွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေဘေးသင့်ကျေးရွာတွင် ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်လျက်ရှိ

**ညောင်ဦး စက်တင်ဘာ ၁၄**

ညောင်ဦးမြို့ တောင်ဘီကျေးရွာအုပ်စု ဆယ်လံကျေးရွာတွင် စက်တင်ဘာ ၁၃ ရက် နံနက်က ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် စိုးရိမ်ရေမှတ်အထက်ကျော်လွန် ရောက်ရှိလာသဖြင့် အဆိုပါ ကျေးရွာနေပြည်သူများအား ရေလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။**(ဝဲပုံ)** ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့၏ ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်သူ ရပ်ကွက်သားများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ကျန်းမာရေး ဝန်ထမ်းများ၊ ကြက်ခြေနီ၊ အရန်မီးသတ်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၂၀၀ ခန့်ဖြင့် စက်လှေ ၁၈ စင်း၊ ကား ခုနစ်စီး၊ **စာမျက်နှာ ၇ ကော်လံ ၄ သို့ ○**

## မဖြစ်မနေသုံးရရင် မာလာသီးယွန်သုံး

စိုက်ပျိုးရေး စာမျက်နှာ - ၂ »

## မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်း

ကျန်းမာရေး စာမျက်နှာ - ၃ »

## ရွှေကိုမလို ရေကိုလိုသည့် ကျေးရွာများ ရှိနေဆဲ

ပြည်တွင်းရေးရာ စာမျက်နှာ - ၄ »

## မြန်မာနိုင်ငံကို ဖြတ်သန်းမည့် အာဆီယံ အမြန်လမ်းများ

ပို့ဆောင်ရေး စာမျက်နှာ - ၇ »

## စေတနာဝေဖြာ ရှမ်းပြည်နယ် တစ်ဝန်းမှာ

ကျေးလက်ဒေသဖွံ့ဖြိုးရေး စာမျက်နှာ - ၆ »


# ကြေးမုံ တနင်္ဂနွေအထူးထုတ်

The Mirror Sunday Special

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်။ တနင်္ဂနွေနေ့



PREMIER® COFFEE

သဘာဝကော်ဖီစစ်စစ်အရသာ... ပရီမီယာ


**သဘာဝပတ်ဝန်းကျင်**

# နိုင်ငံတကာရေပျော်ငှက်များ ခိုလှုံကျက်စားရာ မိုးယွန်းကြီးအင်း၏ သဘာဝအလှရှုခင်းများ ခံစားနိုင်ပြီ

သတင်းမှတ်တမ်း - မင်းခန့်စိုး(ကြေးမုံ)

မိုးယွန်းကြီးအင်းသည် ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း) ပဲခူးမြို့နယ်အတွင်း တည်ရှိပြီး မြောက်ဘက်တွင် ဒိုက်ဦးမြို့နယ် အရှေ့တောင်ယွန်းယွန်းတွင် ဝေါမြို့နယ်တို့နှင့် အနီးစပ်ဆုံး တည်ရှိသည့် အင်းကြီးဖြစ်သည်။ ပဲခူးမြို့နှင့် ၁၆မိုင်ကွာဝေးသည့် ရန်ကုန်-မန္တလေး အဝေးပြေး လမ်းမကြီးဘေးတွင် တည်ရှိသည့် ပျဉ်ပုံကြီး စံပြကျေးရွာ၏ အရှေ့ဘက် ခြောက်ဖာလုံခန့်သာဝေးသည်။ အင်းကြီး၏ အနောက်ဘက်တွင် ပဲခူးရိုးမတောင်တန်းကြီးကို ခံ့ညားထည်ဝါစွာ တွေ့မြင်ရသည်။

မိုးယွန်းကြီးအင်းသည် မန္တလေးမြို့မှ မိုင် ၃၃၀၊ နေပြည်တော်မှ မိုင် ၁၈၀၊ ရန်ကုန်မြို့မှ မိုင် ၇၀ ကွာဝေး၍ ရထား၊ ကားဖြင့် သွားနိုင်ပြီး ရေတိမ်ဒေသဂေဟစနစ်၊ ရေပျော်ငှက်များနှင့် ဆောင်းခိုငှက်များကို လေ့လာနိုင်သည်။

ဌာနေငှက်များ၊ ရွှေ့ပြောင်းကျက်စားသည့် ရေပျော်ငှက်များနှင့် ၎င်းတို့၏ ကျက်စားနားခိုသည့် နေရာများကို ထိန်းသိမ်းကာကွယ်ရန် ၎င်းရေပျော်ငှက်များနှင့် ပတ်သက်၍ သိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ရေတိမ်ဒေသထိန်းသိမ်းကာကွယ်ရေးဆောင်ရွက်ရာတွင် ပြည်သူလူထု ပါဝင်ရေးနှင့် ရေတိမ်ဒေသဂေဟစနစ်၏ အရေးကြီးမှုနှင့်ပတ်သက်၍ ပြည်သူလူထုကို အသိပညာပေးရေးအစီအစဉ်များ တိုးမြှင့်လုပ်ဆောင်ရန်အတွက် ရည်ရွယ်၍ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၁၉၈၆ ခုနှစ်က တည်ထောင်ခဲ့သည်။

မိုးယွန်းကြီးအင်း ဘေးမဲ့တောသည် စတုရန်းမိုင် ၄၀ (ဧရိယာ ၂၅၆၀၀ ဧက) ကျယ်ဝန်းသည်။ မိုးယွန်းကြီးအင်း၏ သက်တမ်းသည် နှစ် ၁၄၀ နီးပါးရှိပြီဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၃၅ ခုနှစ် ဗြိတိသျှ ဘားမားသစ်ကုမ္ပဏီက စစ်တောင်းမြစ်လက်တက်မှ ပဲခူးတာဝရေထိန်းတံခါးအထိ ၃၈ မိုင်ရှည်လျားသည့် ပဲခူး-စစ်တောင်း တူးမြောင်းကြီးကို ဖောက်လုပ်ခဲ့သည်။ ယင်းတူးမြောင်းကြီးမှတစ်ဆင့် ရန်ကုန်မြို့သို့ သစ်မျိုးစုံသယ်ယူရန် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ထို ပဲခူး-စစ်တောင်းတူးမြောင်းကြီးနှင့် ဆက်နွယ်ပြီး မိုးယွန်းကြီးရေလှောင်ကန်ကြီးကို တည်ထောင်ခဲ့ခြင်းဖြစ်ပြီး နှစ်ကြာလာသောအခါ သဘာဝအင်းကြီးတစ်အင်းအဖြစ် မြန်မာနိုင်ငံတွင် ထင်ရှားလာသည်။

မိုးယွန်းကြီးအင်းသည် မြန်မာနိုင်ငံ၏ ရမ်ဆာဆိုက် (Ramsar Sites)ခေါ် နိုင်ငံတကာ ရေပျော်ငှက်များ လာရောက်ကျက်စားနားခိုရာ အရေးပါသည့် ရေတိမ်ဒေသတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာ ရေတိမ် ဒေသထိန်းသိမ်းရေးနှင့်ပတ်သက်၍ ရမ်ဆာအဖွဲ့ဝင်တစ်နိုင်ငံအဖြစ် ၂၀၀၄ ခုနှစ် နိုဝင်ဘာလက ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ ပထမဆုံးသော စာမျက်နှာ ၅ သို့ »

# မိုးရာသီ ဖရဲစိုက်တောင်သူများ အမြတ်နည်း

လှိုင်သန်းတင့်

**ရမည်းသင်း စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် တောင်ဘိုအုပ်စု ပျဉ်းမတောကျေးရွာ၊ ဓမ္မပါလကျေးရွာ၊ ကမ်းရိုးကြီးကျေးရွာတို့တွင် ဖရဲကို နှစ်စဉ်စိုက်ပျိုးကြပြီး ပျဉ်းမတောကျေးရွာတွင် အများအပြား စိုက်ပျိုးကြသည်ဟု သိရသည်။

ယင်းဒေသများတွင် ဖရဲကို တစ်နှစ် နှစ်ကြိမ်စိုက်ပျိုးပြီး နွေရာသီတွင် တစ်ကြိမ်၊ မိုးရာသီတွင် တစ်ကြိမ် စိုက်ပျိုးကြသည်။ နွေရာသီတွင် သီးနှံများရောဂါအကျများ၍ မိုးရာသီတွင် သီးနှံများ ရောဂါအကျ နည်းသည်ဟု သိရသည်။

ဖရဲစိုက် မြေတစ်ဧကလျှင် မျိုးစေ့ငါးထုပ်ဝန်းကျင် ကုန်ကျပြီး မျိုးစေ့တစ်ထုပ်လျှင် ကျပ် ၈၀၀၀ ပေးရ သည်။ မျိုးစေ့ဖိုး၊ မြေဩဇာဖိုး၊ အပင်အားဆေး၊ ပိုးသတ်ဆေး၊ အလုပ်သမားခ စုစုပေါင်း ဖရဲစိုက် တစ်ဧက လျှင် ကုန်ကျစရိတ် ကျပ်လေးသိန်းကျော်ရှိသည်။

တစ်ပင်လျှင် တစ်လုံးနှုန်းသာ ယူသော်လည်း သတ်မှတ်စံမီအသီးဖြစ်မှသာ ဈေးကွက်အရ ဝင်ငွေအမြတ်များမည်ဖြစ်သည်။ ယင်းဒေသတွင် ဖရဲသီးအစောစိုက် တောင်သူများမှာ ဝင်ငွေအကျိုးအမြတ်ရှိသော်လည်း မိုးရွာသွန်းမှုနည်းခြင်း၊ သီးလုံးမလှခြင်း၊ ဈေးနှုန်းကျဆင်းခြင်းတို့ကြောင့် ဖရဲစိုက် တောင်သူတို့မှာ အရှုံးမရှိသော်လည်း အမြတ်နည်းသည်ဟု သိရသည်။

# မဖြစ်မနေသုံးရရင် မာလာသီယွန်သုံး

**တင်မြင့်(ညောင်ကန်)**

Hemiptera, Homopetra, Orhtopetra, Lepidopetra, Arthropoda, Coleoptera, Diptera စာရေးသူသည် နှုတ်တိုက်ရရှိနေသော အထက်ပါ အင်းဆက်မျိုးစဉ်စာများကို ရွတ်ဆိုနေမိသည်။ အချိန်မှာ ၃ နာရီ။ ဘုရားရင်ပြင်တော်ဝတ္တကမြေပေါ်ရှိမြက်ခင်းများကို အလုပ်သမားနှစ်ဦးက မြက်ဖြတ်စက်ဖြင့် မြက်ဖြတ်နေကြသည်။ အလုပ်သမားတစ်ဦးက မြက်မှိုက်များအား တံမြက်လှည်း၊ အလုပ်သမားငါးဦးက မြက်ခင်းအနားသတ်၊ မောင်သူရက ကြီးကြပ်သူ၊ စာရေးသူ အပင်အောက်မှာထိုင်ရင်း ရွတ်ဆိုနေသောစာကို စိတ်ဝင်စားဟန်တူသည်။ "အဘ ဘာတွေဆိုနေတာလဲ"ဟုမေးရာ "အေး. . . ဒါအဘကျောင်းသားဘဝကတည်းက ရခဲ့တဲ့စာ၊ ခေါင်းထဲမှာပေါ်လာလို့ဆိုကြည့်တာ"၊ ခေါင်းထဲပေါ်လာတာကလည်း ဂျပန်ပုဏ္ဏရိပ်ပင်ပေါ်မှာ လိပ်ပြာလေးတွေ နားနေတာတွေ့လိုက်ရလို့ပါ။ လိပ်ပြာမျိုးစဉ်က Lepidoptera လေ၊ အဲဒီလိပ်ပြာတို့၊ ဖလံတို့ဆိုတာ သူတို့ရဲ့ Ovipositor လို့ခေါ်တဲ့ ဥဥတန်ကလေးတွေနှင့် အရွက်၊ အကိုင်းတွေမှာ ဥကလေးတွေ ဥထားခဲ့ကြတယ်။ အဲဒီ ဥကနေပြီး Lava လို့ခေါ်တဲ့ လောက်ကောင်ကလေးတွေပေါက်လာပြီး အရွက်တွေ၊ အကိုင်းနုတွေကို ကိုက်ဖြတ်စားသောက်ကြတယ်၊ ဖျက်ဆီးကြတယ်။ သူတို့ရဲ့ပါးစပ်ပုံစံကိုလိုက်ပြီး ထိုးဖောက်စုပ်စား၊ ကိုက်ဖြတ်ဝါးစား၊ ခြစ်စား၊ ယက်စားဆိုပြီး ပုံစံအမျိုးမျိုးဖျက်ကြတယ်။ အတောင်ပေါ်မူတည်ပြီး အတောင်ဖြောင့်အဖွဲ့၊ အတောင်မာအဖွဲ့၊ အကြေးနုကလေးများအဖွဲ့ဆိုပြီး အမျိုးအစားခွဲထားတဲ့ ဖျက်ပိုးမျိုးစဉ်စာတွေပါ။ Diptera ဆိုတာ ခြင်၊ ယင်အုပ်စု Coleopetra ဆိုတာ အတောင်မာအဖွဲ့၊ အုန်းပင်တွေဖျက်တဲ့ ဖျက်ပိုးအုပ်စုပေါ့။

အဘ အဲဒါတွေရဲ့အသုံးဝင်ပုံကို ပြောပြပါလားလို့ မောင်သူရက တောင်းဆိုပါတယ်။ အေး ဒါတွေသိတော့ အဲဒီအင်းဆက်ဖျက်ပိုးတွေရဲ့ ဖျက်ဆီးထားတဲ့အပင်မှာ ဖျက်ဆီးထားတဲ့လက္ခဏာကြည့်ပြီး ပိုးသတ်ဆေးကို ဘယ်လိုဆေးမျိုးသုံးဆိုပြီး ဆုံးဖြတ်ရတာပဲ။

အခုတစ်လော အိမ်ရှင်မတွေချက်ပြုတ်ပြီးစားသောက်ရတဲ့အစားအစာတွေမှာ ဘေးအန္တရာယ်များလွန်းလို့ စိတ်ပျက်ရတဲ့အကြောင်းရေးထားတဲ့ ဆောင်းပါးကို ဖတ်လိုက်ရတယ်။ ဒါကြောင့် မောင်သူရလည်း စိတ်ဝင်စားရင်ဖတ်ကြည့်ပါ။ မသုံးမဖြစ်သုံးရရင် မာလာသီယွန်ကိုသုံးဆိုပြီး ရေးထားတယ်။

အဲဒီမှာ ဆေးဆိုင်တွေသွားပြီး ဆေးဝယ်ရင် ဟင်းသီးဟင်းရွက်အတွက် သုံးမယ့် မာလာသီယွန်အုပ်စုလို့ပြောပြီးဝယ်ရင် သူတို့ပြောပြပါလိမ့်မယ်။ ကုမ္ပဏီတွေက မာလာသီယွန်အစား နာမည်အမျိုးမျိုးနဲ့ ထုတ်ထားကြတာ တွေ့မယ်။ ဒါဆိုလည်းရတယ်။ ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်တဲ့ ခရမ်းချဉ်နဲ့ ပိုးသတ်ဆေးကို ဆက်စပ်ပြီးရေးထားတာ ဖတ်ကြည့်ပါ။

ခရမ်းချဉ်နဲ့ ပတ်သက်ပြီး စာရေးသူတို့နိုင်ငံမှာ ယနေ့အချိန်အခါ စိုက်ပျိုးတိုးတက်မှုအခြေအနေအရ ရေးသားစရာအချက် နှစ်ချက်ရှိပါတယ်။ ပထမတစ်ချက်ကတော့ ကျယ်ကျယ်ပြန့်ပြန့်သိုလှောင်တဲ့စနစ်ဖြစ်ပြီး နောက်တစ်ချက်ကတော့ ဒေသမျိုးလို့ခေါ်ရတဲ့ မြန်မာခရမ်းချဉ်မျိုးကိုလည်း တိုင်ထောင်စိုက်ပျိုးစနစ်နဲ့ စိုက်ပျိုးပါက လူကြိုက်များပြီး ဈေးကောင်းရတဲ့အကြောင်းပါ။

ခရမ်းချဉ်စိုက်ပျိုးထုတ်လုပ်သူများ၊ စားသုံးသူများ၊ စားသောက်ဆိုင်တွင် ချက်ပြုတ်ပြင်ဆင်သူများ အပိုင်းသုံးပိုင်း ရှိပါတယ်။ စားသုံးသူများအပိုင်းက အာဟာရတန်ဖိုးတွက်ချက်ပြီး စားသောက်လာကြတာဖြစ်တော့ အသီးအနှံထဲမှာ ခရမ်းချဉ်သီးက ရှေ့တန်းကပါပါတယ်။ ချက်ပြုတ်ပြင်ဆင်သူများကလည်း အရသာရှိတဲ့ပစ္စည်းကို စားချင်စဖွယ်ဖြစ်အောင် အလှအပပြင်ဆင်ပေးကြတာကို တွေ့ရပါတယ်။

မြန်မာအိမ်ရှင်မများဟာ ခရမ်းချဉ်သီးမပါရင် ဟင်းမချက်တတ်အောင်ပါပဲ။ ပထမဆုံး ငရုတ်သီး၊ ကြက်သွန်တို့ နဲ့ ဆီသတ်ပြီး ခရမ်းချဉ်သီးလေးထည့်ပြီးမှ ချက်လိုရာ သားငါး၊ သီးနှံတို့ထည့်ပြီး ချက်ကြပါတယ်။ အညာဒေသမှာတော့ ခရမ်းချဉ်သီးနဲ့ ငရုတ်သီးတောင့်အရှည်ကို မီးဖုတ်၊ ငါးပိလေးနဲ့ ပန်ထွေဖျော်ဆိုပြီး ထောင်းချက်တာ ကောင်းချက်ကတော့ မပြောပါနဲ့တော့။ ဟင်းချက်ရာမှာ ဆားမပါမပြီးဆိုသလို ခရမ်းချဉ်ကလည်း မပါမပြီးပါဘူး။

ခရမ်းချဉ်ကို အင်္ဂလိပ်လို Tomato လို့ဆိုရင် ယနေ့ကလေးတွေက စသိကြပါတယ်။ ရုက္ခဗေဒအမည်ကတော့ Lycopersicom esculentum ဆိုတာကို စာအုပ်ပြန်မကြည့်ဘဲ ရနေတုန်းပါပဲ။ ခရမ်းချဉ်စိုက်ပျိုးခြင်း တိုးတက်လာပုံအဆင့်ဆင့်ကိုလည်း သမိုင်းကြောင်းဖော်ပြီး မှတ်တမ်းအဖြစ် ရေးသားလိုပါတယ်။

ခရမ်းချဉ်စိုက်ပျိုးထုတ်လုပ်သူတောင်သူများအနေနဲ့ တောင်သူတိုင်း စိုက်တတ်ကြပါတယ်။ "ကြက်မွေး၊ အလွယ်လေး၊ စပါးပက်လို့ကျွေး"ဆိုတာကို သမားရိုးကျစိုက်စနစ်ကို စိုက်တတ်ကြတာပါ။ တောင်သူတိုင်းစိုက်တတ်ကြတဲ့ နည်းနှင့်စိုက်ကြတော့ ခရမ်းချဉ်ပေါ်တဲ့အချိန်မှာ ပြိုင်ပြီးပေါ်ပါတယ်။ ဒီတော့ တစ်ပိဿာမှ ဆယ်ပြား၊ ဆယ့်ငါးပြား ခေတ်ဖြစ်ပြီး ဈေးပတ်ဝန်းကျင်မှာလည်း မရောင်းရတဲ့ခရမ်းချဉ်သီးတွေဟာ အမှိုက်သရိုက်အဖြစ် သန့်ရှင်းရေးသမားများကို ဒုက္ခပေးတော့တာပါပဲ။

နွေကာလ ခရမ်းချဉ်သီးရှားချိန်ဆိုရင်တော့ ပန်းသီးဈေးနဲ့ အပြိုင်ပါပဲ။ ဒါကြောင့် ခရမ်းချဉ်သီးရှားချိန်ပေါ်အောင် စိုက်တာဟာ ပညာပါပဲ။ ယနေ့အချိန်မှာတော့ အစ္စရေးပြန်စိုက်ပျိုးရေးပညာရှင်များ၏ ဆင့်ပွားသင်ကြားပြီး လက်တွေ့စိုက်ပျိုးကြခြင်းကြောင့် တော်တော်များများ စိုက်တတ်နေကြပါပြီ။ စိုက်ပျိုးရေးပညာကလွယ်ပါတယ်၊ မခက်ပါဘူး။ သို့သော် ခရမ်းချဉ်စိုက်ရာမှာ ပွဲရုံသို့သွင်းသည့်အချိန် ခရမ်းချဉ်သီးများ၏အရည်အသွေး၊ အရေအတွက်နှင့်

ရရှိသည့်ဝင်ငွေ အနည်းအများ နှိုင်းယှဉ်ချိန်ရောက်မှသာ စာရေးသူတို့ ပြောစကားလေးတွေကို နားဝင်အောင်ပြောရပါတော့တယ်။ သိပြီး၊ တတ်ပြီးသားတွေကို ဆရာကြီးမလုပ်ပါနဲ့ ဆိုသူများရှိလေတော့ အသာလေးငြိမ်နေရပါတယ်။

သို့သော် မသိသေးသူများ၊ အသေးစိတ်သိလိုသူများအတွက်တော့ ပြည့်စုံအောင် မှတ်တမ်းပြုစုရေးသားပါမယ်။ မြန်မာပြည်မှ ခရမ်းချဉ်သီးပန်းထွေဖျော်လေးနှင့် ယိုးဒယားမှလာတဲ့ ပုလင်းလှလှလေးနဲ့ Tomato Souce ပုလင်းတို့ကိုလည်းနှိုင်းယှဉ်ပြီး သတိထားမိကြပါလိမ့်မယ်။ အဓိကကတော့ စားသုံးသူတွေ စားသုံးလိုသည့်အချိန် အဆင်သင့်လတ်လတ်ဆတ်ဆတ် လှလှပပ ပြည့်ပြည့်စုံစုံ အဆင့်မီမီရှိနေဖို့ဖြစ်ပါတယ်။ ဒါကို (Utility)အလိုဖြည့် စွမ်းအင်လို့ခေါ်တဲ့ စီးပွားရေးအဓိပ္ပာယ်ဖော်ဆောင်မှုတစ်ခုပင် မဟုတ်ပါလား။

တိုးတက်မှုဟူသည် ဆုံးခန်းတိုင်ခြင်းမရှိဟူသော ပညာရေးဆိုင်ရာ သဘောတရားအရ ဆင့်ကဲဆင့်ကဲတိုးတက်မှု များကို ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ဖို့ အမီလိုက်ကြရမှာပါ။

ယနေ့ စိုက်ပျိုးထုတ်ကုန်များမှာ ခေတ်စားလာတာကတော့ ဓာတုကင်းလွတ်တဲ့ စားသုံးသီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်းပါပဲ။ Chemical များဖြစ်တဲ့ ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ၊ မှိုသတ်ဆေးများ၊ ဟော်မုန်းဆေးအမျိုးမျိုးတို့၏ နောက်ဆက်တွဲဆိုးကျိုးများကို သိရှိသူတို့မှာ လူများတွင် ဖြစ်ပေါ်လာကြတဲ့ ရောဂါဆိုးများ၊ ရောဂါဆန်းများကို ကြောက်ရွံ့လာကြပါတယ်။ ဒီတော့ စားသုံးသီးနှံများမှာ လှသည်ဖြစ်စေ၊ မလှသည်ဖြစ်စေ ပိုးထိုးထိုး၊ လောက်ကိုက်ကိုက်၊ ပိုးလောက်ကိုဖယ်ပြီးစားမည်၊ ဓာတုဆေးသုံး သီးနှံများကို မစားလိုကြတော့။

Organic Farming များ တည်ထောင်ခြင်းဟာ ဓာတုပစ္စည်း Chemical များမသုံးဘဲ စိုက်ပျိုးထုတ်လုပ်ခြင်း ဖြစ်ပါတယ်။ ဓာတုပစ္စည်းများ သုံးရသည်မှာလည်း သုံးချင်လွန်း၍ သုံးရသည်မဟုတ်ပါ။ နေ့စဉ်နှင့်အမျှ တိုးတက်များပြားလာသောလူဦးရေ၏ စားသုံးမှုဖူလုံရေးအတွက် သုံးကြရပါတယ်။ တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားရေးအတွက် မသုံးမဖြစ်သုံးကြရပါတယ်။

သဲကန္တာရများတွင် အိုအေစစ်ခေါ် စိမ်းစိုအေးမြသာယာလှသည့်နေရာများတွင် နွေခို၊ ဆောင်းအောင်းနည်းများဖြင့် ခိုအောင်းကာ ဒုနှင့်ဒယ်နှင့်စုဆောင်းပေါက်ဖွားလာကြတဲ့ (Locust)မုံတိုင်းခေါ် ဖျက်ပိုးများမှာ တစ်ဟုန်ထိုးအလင်းရောင်ပျောက်ကွယ်လုဖွယ် တိမ်တောင်များဖုံးအုပ်သွားသည့်အလား ဖြစ်ပေါ်လာကြပါတယ်။ စိမ်းစိမ်းမြင်လျှင် အပင်ကြီး၊ အပင်သေးအားလုံး ဖျက်ဆီးစားသောက်သွားသည့် မှတ်တမ်းများလည်းရှိပါတယ်။ ကမ္ဘာတွင် စားနပ်ရိက္ခာပြတ်လပ်သွားသည့် ကပ်ဆိုးနှင့် ကြုံကြိုက်ခဲ့ရသည့်အတွက် သီးနှံဖျက်ပိုးများကာကွယ်နိုင်ရန် ဒုတိယကမ္ဘာစစ်ပတ်ဝန်းကျင်ကာလတွင် တရားဥပဒေအရ တားမြစ်ပိတ်ပင်ထားတဲ့ ပိုးသတ်ဆေးများကို ပြန်လည်သုံးစွဲခွင့်ပြုခဲ့ရပါတယ်။

ပိုးသတ်ဆေးကိုသုံးစွဲခွင့်ရလို့ သုံးပြီဆိုပြန်တော့လည်း ပိုးသတ်ဆေးရဲ့ ကြွင်းကျန်အာနိသင် (Resedual Effect) ဟာ တော်တော်ဆိုးတာပဲ။ ပါရာ၊ မာကာ၊ ဂီနီ စတဲ့ နွားစားကျက်မှာ DDT ပိုးသတ်ဆေးဖျန်းတော့ နို့စားနွားတွေရဲ့ ခန္ဓာကိုယ်ထဲရောက်၊ နို့စားနွားနို့ထဲက ပိုးသတ်ဆေးအာနိသင်ဟာ နွားနို့သောက်သုံးတဲ့ လူ့ခန္ဓာကိုယ်ထဲရောက်တာပဲ။ ဒါကို Accumulation လို့ခေါ်တယ်။ နွားနို့ကို အာဟာရဖြစ်အောင်သောက်ပေမယ့် ပိုးသတ်ဆေးရဲ့ရိုက်ခတ်မှုဆိုးကျိုးကတော့ သက်ရောက်တုန်းပါပဲ။ ဒီတော့ ကြောက်မယ်ဆိုလည်း ကြောက်ထိုက်ပါတယ်။ ဒါခရမ်းချဉ်နဲ့ဆက်နွှယ်ပြီး ပြောပြရတဲ့ ပိုးသတ်ဆေးအန္တရာယ်အကြောင်းပါ။

စာရေးသူပင်စင်မယူမီကရော ယခုအချိန်ထိပါ လက်လှမ်းမီသမျှ ပိုးသတ်ဆေးဗဟုသုတ၊ သုံးစွဲပုံသုံးစွဲနည်း လိုရင်းကိုတော့ ပြောခဲ့ရပါတယ်။ အရင်က နွေရာသီစိုက်ပျိုးမွေးမြူရေးသင်တန်းတို့၊ တပ်တွင်းသင်တန်းတို့၊ ပြည်ခိုင်ဖြိုးစိုက်ပျိုးရေးသင်တန်းတို့မှာဆိုရင် အချိန်တိုတိုအတွင်း လိုရင်းကိုဒီလိုပြောပါတယ်။

ဟင်းသီးဟင်းရွက်စားသုံးပင်တွေမှ ပိုးသတ်ဆေးကို မသုံးမဖြစ်လို့ သုံးရပြီဆိုရင် မာလာသီယွန်အုပ်စုဝင်ဆေးကို သုံးပါ၊ ဒီဆေးဟာ ဖျန်းပြီးလို့ ခုနစ်ရက်ကြာရင် အာနိသင်မရှိတော့တဲ့အတွက် စားသုံးလို့ရပါတယ်။ အခြား အင်ဒရင်းအုပ်စုဆေးမျိုးဆိုရင် တစ်လလောက်ကြာမှ အာနိသင်ပျက်ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မသုံးသင့်တဲ့ ဆေးပါ။ တွေ့တဲ့စိုက်ပျိုးသူတောင်သူကြီးများကိုလည်း အဲဒီလိုပြောရပါတယ်။

မြန်မာပြည်ရဲ့ ခရမ်းချဉ်စိုက်ပျိုးတိုးတက်မှုသမိုင်းမှာတော့ ၁၉၇၂ ခုနှစ် စိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာဒေါက်တာ မျိုးအောင်နဲ့ ကျောင်းဆင်းဦးထွန်းလှိုင်၊ ဦးကျော်ညဏ်တို့ဟာ မှတ်တမ်းတင်ရမယ့်သူတွေဖြစ်ပါတယ်။ ဆရာဒေါက်တာမျိုးအောင်ဆိုတာ ခရမ်းချဉ်ကို တစ်ဆင့်ပျိုး၊ နှစ်ဆင့်ပျိုးနည်း၊ တိုင်ထောင်စိုက်ပျိုးနည်းတွေကို စတင်နည်းပေး သင်ပြသူဆရာဖြစ်ပါတယ်။ ခရမ်းချဉ်မျိုးစေ့ (Best of All)ဆိုတဲ့မျိုးကိုလည်း စတင်စိုက်ပျိုးခဲ့တဲ့ဆရာဖြစ်ပါတယ်။ နောက်တော့ မေမြို့သီးဆိုပြီးခေါ်ကြပါတယ်။ အသားများတယ်၊ အချဉ်ဓာတ်နည်းတယ်၊ အသီးလှတယ်၊ ထွက်နှုန်းကောင်းတယ် စတဲ့အရည်အချင်းများဖြစ်ပါတယ်။

အဲဒီအချိန်မှာ ခရမ်းချဉ်ကို စိတ်အားထက်သန်ကြတဲ့ ဦးထွန်းလှိုင်၊ ဦးကျော်ညဏ်တို့ဟာ မေမြို့မှာစိုက်ပျိုးမြေ တစ်ဧကကို ငွေကျပ် ၃၀၀၀ နှုန်းနဲ့ ငါးဧကဝယ်လို့ရခဲ့ပါတယ်။ ဒါကလည်း အဲဒီမြေအတွင်းမှာ သီးနှံဖျက် (Nematode) များ ရှိနေတော့ တောင်သူများအနေနဲ့ ဘယ်လိုသီးနှံမှဖြစ်ထွန်းအောင် မစိုက်နိုင်ကြတဲ့အတွက် လက်လျှော့ပေးပြီး ဈေးချိုချိုနဲ့ ရောင်းခဲ့ကြခြင်းဖြစ်ပါတယ်။ အဲဒီမြေမှာ (Nematicide)သုံးပြီး ခရမ်းချဉ်မျိုးသစ်၊ နည်းပညာသစ်ကို အောင်မြင်အောင်စိုက်ခဲ့ကြတဲ့ ဆရာဒေါက်တာမျိုးအောင်နဲ့ ဦးထွန်းလှိုင်၊ ဦးကျော်ညဏ်တို့ကိုတော့ ဂုဏ်ပြုသင့်ပါတယ်။

ယခုအပတ်မှာတော့ လိုရင်းဖြစ်တဲ့အချက် တစ်ချက်ကို အသိပေးရေးသားပြီး အဆုံးသတ်ပါမယ်။ အဲဒါကတော့ ခရမ်းချဉ်စိုက်ပျိုးသူတောင်သူများအတွက် ပထမအချက်က ရှားတဲ့အချိန် ခရမ်းချဉ်ပေါ်အောင်စိုက်မှ ဈေးကောင်းကောင်းရပါမယ်။ စိုက်တဲ့အခါ တိုင်ထောင်စနစ်နဲ့စိုက်ကြရပါမယ်။ အရေးကြီးတဲ့အချက်မှာ ခရမ်းချဉ်မျိုးကို ဒေသမျိုးကိုပင် အဓိကထား၍စိုက်ပျိုးပါ၊ ဒေသမျိုးဟာ ဒေသနှင့် (Adaptable)(အသားကျ) ဖြစ်တဲ့အတွက် ရောဂါပိုးမွှားဒဏ်ခံနိုင်စွမ်းပိုရှိပါတယ်။ ပိုးသတ်ဆေး၊ မှိုသတ်ဆေးလွတ် စိုက်ပျိုးနိုင်ပါတယ်။ ဈေးကောင်းပိုရပြီး ကြာရှည်အထားခံနိုင်ပါမယ်။ ခရမ်းချဉ်စိုက်ပျိုးပြီးဝင်ငွေတိုးကြပါစေ။

**ဆက်လက်ဖော်ပြပါမည်»»»**

---

## ချင်းပြည်နယ်ရှိစိုက်ပျိုးရေးအထက်တန်းကျောင်းကို စိုက်ပျိုးရေးသိပ္ပံကျောင်းအဖြစ် ဖွင့်လှစ်ရန်စီစဉ်

**နိုင်ဟောဆာ (ချင်းတောင်ခြေ)**

**ဖလမ်း စက်တင်ဘာ ၁၄**

ချင်းပြည်နယ် ဖလမ်းမြို့အနီး လုံပီးကျေးရွာရှိ စိုက်ပျိုးရေးအထက်တန်းကျောင်းကို နှစ်ပေါင်းများစွာ ပိတ်ပင်ထားရာမှ ယခုအခါ စိုက်ပျိုးရေးသိပ္ပံကျောင်းအဖြစ် ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်နေပြီဖြစ်ကြောင်း ချင်းပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးဗန်ထောင်း၏ ပြောကြားချက်အရ သိရသည်။

ချင်းပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးက "ကျောင်းဖွင့်လှစ်ဖို့ နိုင်ငံတော်သမ္မတကလည်း ချင်းပြည်နယ် ပြည်သူများနဲ့တွေ့ဆုံတဲ့အချိန်မှာ ပြန်လည်ဖွင့်လှစ်ဖို့ ပြောခဲ့ပါတယ်။ ပြန်လည်ဖွင့်လှစ်နိုင်ဖို့အတွက် လာမယ့် ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းပေးမယ်လို့ ပြောထားပါတယ်။ ဒီစိုက်ပျိုးရေးကျောင်းသာဖွင့်လှစ်နိုင်ခဲ့မယ်ဆိုရင် ပြည်နယ်အတွက် စိုက်ပျိုးရေးပညာရှင်တွေ အများကြီးထွက်ပေါ်လာနိုင်မှာပါ။ စိုက်ပျိုးရေးဘာသာရပ်တက်ချင်သူတွေ တစ်နှစ်ထက်တစ်နှစ် ပိုများလာတယ်။ ဖွင့်မယ်ဆိုရင်ကျောင်းကြီးက အရင်အတိုင်းပဲရှိတယ်။ အနည်းငယ်ပြင်လိုက်တာနဲ့ အဆင်ပြေသွားမှာပါ။ တက်ချင်တဲ့သူတွေကလည်း တခြားတစ်နေရာမှာ အဝေးကြီးသွားတက်စရာ မလိုတော့ဘူး" ဟု ပြောကြားခဲ့သည်။

ချင်းပြည်နယ်တွင် ယခင်နှစ်များက စိုက်ပျိုးရေးတက္ကသိုလ်တက်ရောက်လိုသူ ဆယ်ဂဏန်းသာ အဆိုပြုကြသော်လည်း ယခုနှစ်တွင် အဆိုပြုသူပေါင်း ၁၅၀ ခန့် ရှိလာကြောင်း၊ လက်ရှိအချိန်တွင် အဆိုပါ ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ဘတ်ဂျက်တောင်းခံထားပြီး ရရှိသည်နှင့် လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရန် စီစဉ်နေကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ချင်းပြည်နယ်သည် ရွှေ့ပြောင်းတောင်ယာစနစ်ကိုသာ အဓိကစိုက်ပျိုးကျင့်သုံးနေရသဖြင့် သစ်တောပြုန်းတီးမှုများလည်း ဖြစ်ပေါ်လာပြီး နောက်ပိုင်းတွင် မြေဆီလွှာပျက်သုဉ်းမှု အများဆုံးဖြစ်နေသည့် ဒေသတစ်ခုဖြစ်လာသောကြောင့် ဒေသခံပြည်သူများအတွက် စားဝတ်နေရေး အခက်အခဲများ ဖြစ်ပေါ်နေကြောင်း အိမ်နီးချင်းနိုင်ငံများရှိ နယ်စပ်ဒေသတွင် နေထိုင်ကြသူများအား သက်ဆိုင်ရာအစိုးရများက စိုက်ပျိုးရေးအတွက် ထောက်ပံ့ပေးမှုများ ပြုလုပ်နေသဖြင့် မိမိနိုင်ငံတော်အစိုးရအနေဖြင့်လည်း တိုင်းရင်းသားဒေသများရှိ ဒေသခံများအတွက် စိုက်ပျိုးမြေများ ဖော်ထုတ်ပေးသင့်ကြောင်း၊ ထို့ကြောင့် နည်းလမ်းတကျစိုက်ပျိုးနိုင်မည့် ပညာရှင်များစွာ လိုအပ်နေကြောင်း စိုက်ပျိုးရေးပညာရှင်များက ပြောကြသည်။

အဆိုပါ အထက်တန်းကျောင်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စိုက်ပျိုးရေးအထက်တန်းကျောင်းများ ပိတ်သိမ်းလိုက်ချိန်တွင် ပါဝင်ခဲ့ခြင်းဖြစ်သော်လည်း ယနေ့အချိန်အထိ ပြန်လည်ဖွင့်လှစ်နိုင်ခြင်း မရှိခဲ့ကြောင်း သိရသည်။

# မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးစီမံကိန်း ဒေါက်တာခင်ငြိမ်းလင်း (ဒုတိယညွှန်ကြားရေးမှူး) နှင့်တွေ့ဆုံခြင်း

**မေး ။ ။ မျက်စိအတွင်းတိမ်ဆိုတာ ဘာလဲ ရှင်းပြပေးပါ ဆရာ။**

ဖြေ ။ ။ မျက်စိထဲတွင် ကြည်လင်နေသောမှန်ဘီလူးကလေး ရှိပါတယ်၊ အဲဒီ မှန်ဘီလူးကလေးက အရာဝတ္ထုတွေမှလာသော အလင်းတန်းတွေကိုစုပေးပြီး အမြင်အာရုံကြောလွှာ(**Retina**)ပေါ်တွင်ပုံရိပ်ဖြစ်ပေါ်စေပါတယ်။ အဆိုပါကြည်လင်နေသော မှန်ဘီလူးကလေးသည် အသက်အရွယ်ကြီးရင့်လာခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ ဆီးချိုရောဂါရခြင်းနှင့် အခြားအကြောင်းများကြောင့် မှုန်လာခြင်းကို မျက်စိအတွင်းတိမ်ရောဂါလို့ ခေါ်ဆိုပါတယ်။

**မေး ။ ။ မျက်စိအတွင်းတိမ်ရောဂါကို ကာကွယ်လို့ရပါသလား။ ဘယ်လိုကုသရမည်လဲဆိုတာ ရှင်းပြပေးပါဆရာ။**

ဖြေ ။ ။ မျက်စိအတွင်းတိမ်ရောဂါကို ကာကွယ်လို့ မရပါဘူး။ ခွဲစိတ်ခြင်းဖြင့်သာ ကုသလို့ရပါတယ်။ အတွင်းတိမ်ကို ထုတ်ယူပြီး အလင်းတန်းများကို စုစည်းပုံရိပ်ဖော်ပေးနိုင်ရန်အတွက် မျက်တွင်းမှန်ထည့်ပေးခြင်းဖြင့် အမြင်အာရုံကို ပကတိအတိုင်း ရာနှုန်းပြည့်နီးပါး ပြန်လည်ရရှိစေနိုင်ပါတယ်။ ယခုအခါ ရန်ကုန်မြို့ မျက်စိဆေးရုံကြီးနဲ့ မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီးတွေမှာ ခေတ်မီ Phacoemulsification နည်းဖြင့် အတွင်းတိမ်ကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနေပြီဖြစ်ပါတယ်။

**မေး ။ ။ အတွင်းတိမ်ခွဲစိတ်ကုသမှုဟာ အန္တရာယ်ရှိပါသလား။ အောင်မြင်မှုရာခိုင်နှုန်း ဘယ်လောက်ရှိပါသလဲ ဆရာ။**

ဖြေ ။ ။ လူကြီးတွေမှာ အတွင်းခွဲစိတ်မှုကို ထုံဆေးထိုးခြင်းဖြင့် လည်းကောင်း၊ ထုံဆေးမျက်စဉ်းဖြင့်လည်းကောင်း ခွဲစိတ်ခြင်းဖြစ်သဖြင့် မေ့ဆေးပေးခြင်းရဲ့ အန္တရာယ်များ လုံးဝမရှိပါ။ ကလေးများတွင်မူ မေ့ဆေးဖြင့် ခွဲစိတ်ရခြင်းဖြစ်သဖြင့် မေ့ဆေးအန္တရာယ်တွေ ရှိနိုင်ပါတယ်။ ယခုအခါတွင် ခေတ်မီခွဲစိတ်နည်းများ၊ ပဋိဇီဝဆေးများရဲ့ အကျိုးများကြောင့် ခွဲစိတ်ကုသခြင်းရဲ့ အန္တရာယ်တွေကို ကာကွယ်နိုင်ပြီ ဖြစ်ပါတယ်။ အောင်မြင်မှုရာခိုင်နှုန်းမှာ ၉၀ ရာခိုင်နှုန်းနဲ့အထက် ဖြစ်ပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံတွင် အတွင်းတိမ် ခွဲစိတ်ကုသပေးနိုင်တဲ့ဌာနပေါင်း ဘယ်လောက်ရှိတယ်ဆိုတာ ပြောပြပေးပါ ဆရာ။**

ဖြေ ။ ။ မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနလက်အောက်တွင် ရန်ကုန်နှင့် မန္တလေးမြို့များရှိ မျက်စိအထူးကုဆေးရုံကြီးများ၊ ခုတင်(၂၀၀)ဆံ့နှင့်အထက်ရှိ ဆေးရုံကြီးများရှိ မျက်စိကုဌာနများ၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနများ စုစုပေါင်း ၆၂ ဌာနနဲ့ အခြားကုသိုလ်ဖြစ်ဆေးရုံ အများအပြားရှိပါတယ်။ အဆိုပါ မျက်စိကုဌာနများအားလုံးတွင် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်တွင်းပြည်ပမှအစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် တစ်ဦးချင်းအလှူရှင်များမှ ထောက်ပံ့လှူဒါန်းသော အတွင်းတိမ်ခွဲစိတ်ပစ္စည်းကိရိယာများ၊ အဏုကြည့်ခွဲစိတ်မှန်ဘီလူးများ ပြည့်စုံစွာ တပ်ဆင်ထားပြီးဖြစ်ပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံရဲ့ မျက်စိကွယ်ခြင်းကိုဖြစ်စေတဲ့ အဓိကအကြောင်းအရင်း မျက်စိရောဂါတွေကို ပြောပြပါဆရာ။**

ဖြေ ။ ။ မြန်မာနိုင်ငံရဲ့ မျက်စိကွယ်ခြင်းကိုဖြစ်စေသော အဓိကအကြောင်းအရင်းများမှာ-

(၁) အတွင်းတိမ်ရောဂါ
(၂) ရေတိမ်ရောဂါ
(၃) မျက်စိအမြင်အာရုံကြောလွှာနှင့် မျက်လုံးအိမ်နောက်ပိုင်းရောဂါများ
(၄) မျက်ခမ်းစပ်ရောဂါနှင့် အပြင်တိမ်ရောဂါ
(၅) ထိခိုက်ဒဏ်ရာရခြင်း
(၆) ဗီတာမင်အေချို့တဲ့ခြင်းနဲ့ အခြားမျက်စိရောဂါတွေဖြစ်ပါတယ်။

**မေး ။ ။ ရေတိမ်ရောဂါအကြောင်း အနည်းငယ်ရှင်းပြပေးပါဆရာ။**

ဖြေ ။ ။ မျက်စိအတွင်း အရှေ့ပိုင်းတွင် လှည့်ပတ်လျက်ရှိသော (Aquaous Humour)လို့ ခေါ်တဲ့ အရည်ကြည်တစ်ခုရှိပါတယ်။ ယင်း အရည်ကြည်သွားရာလမ်းကြောင်းတွင် အကြောင်းတစ်မျိုးမျိုးကြောင့် ပိတ်ဆို့မှုဖြစ်တဲ့အခါ မျက်လုံးအတွင်းတွင် အရည်ကြည်များစုမိနေပြီး ရေဖိအားတိုးလာပါတယ်။ ဤသို့ ရေဖိအားတိုးလာတဲ့ အခြေအနေကို ရေတိမ်ရောဂါလို့ ခေါ်ပါတယ်။ ရေတိမ်ရောဂါရဲ့ သိသာထင်ရှားတဲ့လက္ခဏာတွေက မျက်စိနီရဲခြင်း၊ မျက်စိနှင့် ခေါင်း ကိုက်ခဲခြင်း၊ အမြင်မှုန်ဝါးခြင်းတွေဖြစ်ပါတယ်။ သို့ရာတွင် အဆိုပါ လက္ခဏာများမရှိသော ထောင့်ကျယ်ရေတိမ်လို့ခေါ်ဆိုတဲ့ ရေတိမ်ရောဂါတစ်မျိုးလည်း ရှိပါသေးတယ်။

**မေး ။ ။ ရေတိမ်ရောဂါကို ကာကွယ်နိုင်ပါသလားဆရာ။**

ဖြေ ။ ။ ရေတိမ်ရောဂါကို မကာကွယ်နိုင်သော်လည်း ရေတိမ်ရောဂါကြောင့် မျက်စိကွယ်ခြင်းကိုတော့ ကာကွယ်နိုင်ပါတယ်။ အထက်ဖော်ပြပါ ရေတိမ်လက္ခဏာများဖြစ်ပေါ်ပါက အနီးဆုံးအခြေခံကျန်းမာရေးဝန်ထမ်းများ၊ဆေးရုံဆေးခန်းများ၊ မျက်စိအထူးကုဌာနများသို့ အလျင်အမြန်သွားရောက်ပြသခြင်းဖြင့် လိုအပ်သောကုသမှုကို အချိန်မီရယူရန် လိုအပ်ပါတယ်။ ■

# အမြို့မြို့အနယ်နယ်တွင် ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်

## သဲကုန်း

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်တွင် ပြည်သူလူထုအား ကျန်းမာရေးကြိုတင်ကာကွယ်စောင့်ရှောက်မှုအဖြစ် ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်းကို စက်တင်ဘာ ၁၀ ရက်မှ ၁၅ ရက်အထိ အိမ်တိုင်ရာရောက် တစ်အိမ်တက်ဆင်း လိုက်လံတိုက်ကျွေးမည်ဖြစ်ကြောင်းသိရသည်။

*(မြို့နယ်ပြန်/ဆက်)*

## လှိုင်သာယာ

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၉)ရပ်ကွက် လူကုန်ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေးမှုအစီအစဉ်ကို စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ကလေးလူကြီးတစ်ယောက်မကျန် ကာကွယ်ဆေးတိုက်ကျွေးပြီး ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြုလုပ်၍ စနစ်တကျ ကာကွယ်ဆေးတိုက်ကျွေးသွားမည်ဟု သိရသည်။

*မင်းထက်ပိုင်(လှိုင်သာယာ)*

## ခရမ်း

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်တွင် ဆင်ခြေထောက်ရောဂါကင်းဝေးစေရေးအတွက် အိမ်တိုင်ရာရောက် ဆေးတိုက်ကျွေးခြင်းများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ကာကွယ်ဆေးတိုက်ကျွေးခြင်းများကို စက်တင်ဘာ ၉ ရက်တွင် မြို့ပေါ်ရပ်ကွက်အသီးသီးနှင့် ကျေးရွာအုပ်စု၊ ကျေးရွာအသီးသီးတို့၌ ဆောင်ရွက်ခဲ့ကြသည်။

*ကိုမင်း(ခရမ်း)*

## ဒဂုံမြို့သစ်(တောင်ပိုင်း)

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် တစ်နိုင်ငံလုံး ဆင်ခြေထောက်ရောဂါကင်းဝေးစေရေးအတွက် လူကုန်ဆေးတိုက်ကျွေးခြင်းများကို ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ် (၁၈) ရပ်ကွက်တွင် စက်တင်ဘာ ၁၀ ရက်က တစ်အိမ်တက်ဆင်း လိုက်လံ၍ ဆင်ခြေထောက်ရောဂါကာကွယ်ဆေးများ တိုက်ကျွေးကြကြောင်း သိရသည်။

*(သော်ဇင်ထက်)*

## မိတ္ထီလာ

မိတ္ထီလာမြို့နယ် ဇောင်းချမ်းကုန်းအုပ်စု မကျီးချောက်ကျေးရွာတွင် မြို့နယ်ကျန်းမာရေးဌာနမှ ဆင်ခြေထောက်ရောဂါ ကင်းဝေးရေးအတွက် လူကုန်ဆေးတိုက်ကျွေးခြင်းကို စက်တင်ဘာ ၁၂ ရက်က မြို့နယ်ကျန်းမာရေးဝန်ထမ်းများက အသက်အရွယ်အလိုက် ဆေးများတိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။ *(သိန်းမြင့်ကျော်)*

## သထုံ

တစ်မျိုးသားလုံး ဆင်ခြေထောက်ရောဂါ ကင်းဝေးနိုင်စေရေးအတွက် ဆင်ခြေထောက်ရောဂါကာကွယ်ဆေး လူကုန်ဆေးတိုက်ကျွေးခြင်းကို စက်တင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများတွင် ကျန်းမာရေးဝန်ထမ်းများက စေတနာရှင် ဆေးတိုက်အဖွဲ့များ ဖွဲ့စည်းသင်ကြားပေးကာ တစ်အိမ်တက်ဆင်း လိုက်လံတိုက်ကျွေးကြောင်း သိရသည်။ *သက်ဦး(သထုံ)*

## နတ္တလင်း

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ္တလင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးလှိုင်ဦး ဦးစီး၍ ဆင်ခြေထောက်ရောဂါကာကွယ်ဆေး လူကုန်တိုက်ကျွေးခြင်းကို စက်တင်ဘာ ၉ ရက် ညနေ ၅ နာရီမှ စတင်၍ ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ရွာမရပ်ကွက်မှ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဆင်ခြေထောက်ရောဂါကာကွယ်ဆေးများ တစ်အိမ်တက်ဆင်း တိုက်ကျွေးခဲ့ကြောင်း သိရသည်။

*တင်မြင့်(နတ္တလင်း)*

## ဖြူး

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် ဆင်ခြေထောက်ရောဂါကာကွယ်ဆေးများကို မြို့နယ်အတွင်း မြို့ပေါ် ၁၀ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၂ အုပ်စုအတွင်းရှိ ပြည်သူများအား စက်တင်ဘာ ၉ ရက်မှစတင်၍ အခမဲ့တိုက်ကျွေးလျက်ရှိကြောင်း သိရသည်။ *မြင့်ဦး(ဖြူး)*



ကြေးမုံ တနင်္ဂနွေအထူးထုတ်
The Mirror Sunday Special
စက်တင်ဘာ ၁၅ ရက်၊ ၂၀၁၂ ခုနှစ်



# တောင်သူတို့၏ယုံကြည်မှုကို လုပ်ငန်းရှင်များက ဓာတ်မြေဩဇာယှဉ်ပြိုင်ကွက်များဖြင့် ရယူကြိုးပမ်းသင့်

ရမည(သွေးမွှန်)

နိုင်ငံနှင့်အဝန်း တောင်သူတို့ စိုက်ပျိုးလျက်ရှိသော စပါးအပါအဝင် ဥယျာဉ်ခြံမြေ၊ စားဖိုဆောင်သီးနှံများ၏ အရည်အသွေးနှင့် အရေအတွက်ကို နိုင်ငံတကာ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးမှာ မိမိတို့၏ သွင်းအားစု ဓာတ်မြေဩဇာများ အချိုးကျသုံးစွဲနိုင်ရေးသာမက အရည်အသွေးပြည့်မီသော ဓာတုဓာတ်ပေါင်းစပ်မှန်ကန်မှုမှာ အခြေခံလိုအပ်ချက်ဖြစ်သည်။

ဓာတ်မြေဩဇာသည် လယ်ယာကဏ္ဍအတွက် အဓိက မဏ္ဍိုင်ကြီးဖြစ်ပြီး သီးနှံများစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရန်မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်ကို အလေးထားကြရပါမည်။ သဘာဝမြေဩဇာဖြစ်စေ၊ ဓာတ်မြေဩဇာဖြစ်စေ သုံးစွဲရာတွင် အမျိုးအစားမှန်ကန်သော မြေဩဇာကို ထည့်သွင်းနည်းစနစ်နှင့် ထည့်သွင်းချိန်မှန်ကန်ရမည်။ အပင်အာဟာရအမျိုးအစားအလိုက် လိုအပ်သောပမာဏအလိုက် အချိုးညီစွာသုံးစွဲနိုင်မှသာ သီးနှံမှာအရည်အတွက်၊ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် အကျိုးရလဒ်ကောင်းများ ရရှိခံစားရမည်ဖြစ်သည်။

ဥပမာ ဆန်စပါးစိုက်ဧက တစ်ဧကလျှင် ယူရီးယား ကီလို ၁၀၀၊ တီစူပါ ကီလို ၅၀ နှင့် ပိုတက်ရှ် ကီလို ၅၀ အချိုးလိုအပ်ကြောင်း ပညာရှင်များက တွက်ချက်ထားသည်။ ဤသည်ကိုပြည့်မီမှုမရှိပါက မျှော်မှန်းထားသော ရလဒ်မရနိုင်ပါ။ လမ်းညွှန်အတိုင်း ထည့်သွင်းသော်လည်း သုံးစွဲသည့် ဓာတ်မြေဩဇာများ စံချိန်စံညွှန်းမကိုက်ညီပါကလည်း အထွက်နှုန်းကျမည်သာဖြစ်သည်။ ယင်းသို့သော အခြေအနေနှင့်ပတ်သက်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် ပြည်တွင်းပြည်ပမှထုတ်လုပ်သော ဓာတ်မြေဩဇာများကို တောင်သူများက ဝယ်ယူသုံးစွဲကြသည်။ အချို့သော မြေဩဇာများမှာ အတုအပပါဝင်ခြင်းနှင့် အရည်အသွေး မမှန်ခြင်းတို့ကြောင့် တောင်သူများ များစွာထိခိုက်နစ်နာ ဆုံးရှုံးမှုဖြစ်ပေါ်လျက်ရှိကြောင်း ကြားသိရသည်။

မိမိတို့နိုင်ငံ၏ အဓိကသီးနှံဆန်စပါးလယ်ယာထွက်ကုန်များ အရည်အသွေးမီ၊ အရေအတွက်မြင့်မားစွာဖြင့် နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့နိုင်ရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တွန်းတွန်းတိုက်တိုက်ကြိုးပမ်းနေချိန်တွင် တောင်သူများအဖို့ “မြင်းကောင်းခွာလိပ်” ဖြစ်စေသော သွင်းအားစုဓာတ်မြေဩဇာအတုများ၊ အရည်အသွေး၊ အမျိုးအစား မမှန်ကန်မှုများ၊ မူလမှတ်ပုံတင်စဉ်က တင်ပြအစစ်ဆေးခံစဉ် စံချိန်စံညွှန်းများနှင့်မကိုက်ညီသော ဓာတ်မြေဩဇာအတုများ၊ ပိုးသတ်ဆေးအတုများ၊ ဥပမာ စံမမီစပါးမျိုးစေ့များ၊ သီးနှံမျိုးစေ့များကိုပါ မသမာသော နည်းလမ်းများဖြင့် ဖြန့်ဖြူးရောင်းချနေသဖြင့် တောင်သူတို့၏ ဓာတ်မြေဩဇာအပေါ် ယုံကြည်အားထားမှုလျော့ပါးလာသည်။

ယင်းသို့သော မသမာစီးပွားရှာမှုကြောင့် တောင်သူများ နစ်နာဆုံးရှုံးမှုရှိလာနေသည်။ ဤသည်ကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့၏ဒေသတွင်း ခရိုင်/မြို့နယ်များအလိုက် မသမာမှုများကို စောင့်ကြည့်ကာ တိကျစွာဖော်ထုတ်ပြီး ဥပဒေအရထိရောက်စွာအရေးယူနိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နှိုးဆော်တိုက်တွန်းထားကြောင်းသိရသည်။

မိမိတို့၏ လက်ရှိစိုက်ဧကနှင့် ဓာတ်မြေဩဇာသုံးစွဲမှုမှာ အိမ်နီးချင်းနိုင်ငံများနှင့်ယှဉ်က များစွာနည်းပါးနေကြောင်း အခြားသောဆောင်းပါးများတွင် မိမိအသေးစိတ်တင်ပြဖူးပါသည်။ ပုဂ္ဂလိကကဏ္ဍမှ ဓာတ်မြေဩဇာ ထုတ်လုပ်ဖြန့်ဖြူးခြင်းကိုလည်း လယ်/ဆည်ဝန်ကြီးကိုယ်တိုင် စက်ရုံများသို့ အရောက် သွားရောက်ကြည့်ရှုအားပေးခဲ့သည်။ ထိုထက်မက ပြည်ပကမှာယူတင်သွင်းခြင်းကိုလည်း လိုအပ်ချက်အရ အားပေးတိုက်တွန်းပါသည်။ မိမိတို့တောင်သူများ ဈေးနှုန်းမှန်ကန်၍ အရည်အသွေးပြည့်မီသော ဓာတ်မြေဩဇာများကိုသာ ရွေးချယ်သုံးစွဲတတ်စေရန် ပညာပေးလုပ်ငန်းအဖြစ် မြန်မာ့ရုပ်သံမှ (Farmer Channel)တွင်လည်း စဉ်ဆက်မပြတ် ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သို့ဖြစ်ရာ ပုဂ္ဂလိကစီးပွားရေးကို “ဘနဖူး၊ သိုက်တူး” သောအခြေအနေ၊ တောင်သူတို့ကို ကိုယ်ကျိုး နည်းစေသော တစ်ဘို့သမား ဝိသမလောဘသားမဖြစ်ရန် လုပ်ဆောင်သင့်ပါသည်။ ယခုအခါ တောင်သူတို့၏ ယုံကြည်စိတ်ချမှု အပြည့်အဝရရှိရေးကို ပြန်လည်အားထုတ်သင့်ကြပါသည်။ စံနမူနာပြဓာတ်မြေဩဇာ ယှဉ်ပြိုင်ကွက်များ ထူထောင်ကာ မိမိတို့၏ ထုတ်ကုန်ဓာတ်မြေဩဇာများကို တောင်သူတို့၏ ယုံကြည်အားထားမှုရရန် ပြသင့်ပါသည်။ လုပ်ငန်းရှင်များက တောင်သူများအပေါ် စိတ်ရင်းစေတနာကောင်းဖြင့် အရည်အသွေးကောင်းဓာတ်မြေ ဩဇာထုတ်လုပ်ခြင်းဖြင့် တောင်သူအကျိုး၊ နိုင်ငံအကျိုး၊ တစ်မျိုးသားလုံးအကျိုးမည်သော အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်ကြစေလိုကြောင်း ရေးသားရပါသည်။ ။

» နိုင်ငံတကာရေပျော်ငှက်မှ

ရမ်ဆာရေတိမ်ဒေသအဖြစ် မိုးယွန်းကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို သတ်မှတ်ခဲ့သည်။

အင်းကြီးအတွင်းရှိ ကုန်းမြေများ၊ မြေသားကောင်းများတွင် စိုက်ပျိုးထားသည့် အရိပ်ရပင်၊ စားသုံးပင်ပေါင်း ၁၀၄၈၅ ပင်ရှိကြောင်းသိရသည်။ အင်းကြီး၏ ဘေးမဲ့တောအတွင်း နေထိုင်နားခိုကြသည့်ငှက်မျိုးပေါင်း ၁၂၆ မျိုး၊ ငါးမျိုးစိတ်ပေါင်း ၄၆ မျိုးနှင့် အခြားသော သတ္တဝါများလည်း ကျင်လည်ကျက်စားနေထိုင်လျက်ရှိသည်။

ထို့ပြင် အင်းကြီး၏ မိုင် ၄၀ ပတ်လည်တွင် ရွာပေါင်း ၂၀ နီးပါးတည်ရှိပြီး လယ်မြေဧကများစွာရှိကာ မိုးစပါး၊ နွေစပါးနှင့် အခြားဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးရေးအတွက်ပါ မိုးယွန်းကြီးအင်းမှ အကျိုးပြုလျက်ရှိသည်။ မိုးယွန်းကြီးအင်းဘေးမဲ့တော၏သဘာဝဝန်းကျင်သည် ပြည်တွင်းအပန်းဖြေသူများသာမက ပြည်ပဧည့်သည်များ၏ နှလုံးသားကိုပါ ဖမ်းစားနိုင်သည့် အလှရှုခင်းများကိုလည်း တွေ့မြင်ရသည်။ ငှက်ကြည့်မျှော်စင်များမှဖြစ်စေ၊ ငှက်ကြည့်စခန်းမှဖြစ်စေ ဆောင်းခိုငှက်အပါအဝင် ငှက်မျိုးစုံတို့၏ သဘာဝအတိုင်း နေထိုင်ပုံ၊ ပျံသန်းကြပုံများကို အဝေးကြည့်မှန်ပြောင်းများဖြင့် ကြည့်ရှုနိုင်အောင် စီစဉ်ထားသည်ကိုလည်း တွေ့မြင်ရသည်။ ထို့ပြင် တစ်နေရာမှ တစ်နေရာအကူး သစ်သားတံတားလေးများ၊ အပန်းဖြေ ဘန်ဂလိုအိမ်လေးများမှာလည်း မိုးယွန်းကြီးအင်းဘေးမဲ့တော၏ သဘာဝအလှများကို တစ်ဝကြီးခံစားနိုင်ကြပြီဖြစ်သည်။

မိုးယွန်းကြီးအင်းသည် မြန်မာနိုင်ငံသို့ ဆောင်းခိုငှက်များ လာရောက်ကျက်စားချိန်၌ အဓိကရောက်ရှိသော နေရာတစ်ခုဖြစ်ပြီး ရေပျော်ငှက်များနှင့် ဇီဝမျိုးစုံမျိုးကွဲများစွာကို လေ့လာတွေ့ရှိနိုင်သည့် နေရာတစ်ခုဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

# ရခိုင်ပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကျင်းပ

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၃ ရက်မြောက်နေ့)ကို စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးသာညွှန့်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၁၀)ခု မေးမြန်းဖြေကြားခြင်း၊ ရခိုင်ပြည်နယ်လွှတ်တော်၏ ကြားနာစုံစမ်းစစ်ဆေးရေးအဖွဲ့ အစီရင်ခံစာအား သက်ဆိုင်ရာအဖွဲ့အစည်းမှ ရှင်းလင်းဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ ရခိုင်ပြည်နယ်လွှတ်တော်၏ စည်ပင်သာယာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စီးပွားရေးလုပ်ငန်းများအဖွဲ့ အစီရင်ခံစာနှင့် လယ်ယာ၊ သားငါး၊ သစ်တောနှင့် ဆည်မြောင်းလုပ်ငန်းများအဖွဲ့ အစီရင်ခံစာများအား သက်ဆိုင်ရာအဖွဲ့အစည်းများမှ ရှင်းလင်းဆွေးနွေးပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်အနေဖြင့် ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၁)နှင့် ပုဒ်မခွဲ (စ)အရ ရခိုင်ပြည်နယ်ဝန်ကြီးများအား ပြောင်းလဲတာဝန်ပေးအပ်ခြင်းသည် လျော်ကန်သင့်မြတ်သော လုပ်ဆောင်ချက်ဖြစ်သောကြောင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ယခုပြောင်းလဲတာဝန်ပေးအပ်သော နေရာများတွင် တာဝန်ထမ်းဆောင်သည့် ဝန်ကြီးများ၏ ရခိုင်ပြည်နယ် တိုးတက်ဖွံ့ဖြိုးအောင် စွမ်းဆောင်နိုင်မှုရှိ၊ မရှိကို အချိန်ကာလတစ်ခုအတွင်း လေ့လာသုံးသပ်ပြီး စွမ်းဆောင်မှု၊ စီမံခန့်ခွဲမှု ညံ့ဖျင်းသောသူများရှိလာပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၆၄ နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၃ တွင်ပါရှိသည့်အတိုင်း ဝန်ကြီးချုပ်အနေဖြင့် မိမိ၏လုပ်ပိုင်ခွင့်ကို အသုံးပြုပြီး ဆက်လက်ဆောင်ရွက်သွားပါရန် တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အဆိုအား မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး အစည်းအဝေးကို မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ရပ်နားလိုက်သည်။

အစည်းအဝေး (၁၄ ရက်မြောက်နေ့)ကို စက်တင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

[ပြည်နယ် ပြန်/ဆက်]

# ရွှေကိုမလို ရေကိုသာလိုသည့် ကျေးရွာများ ယနေ့တိုင်ရှိနေဆဲ

ပခုက္ကူအညာဒေသ ရှင်မတောင်တောင်ခြေရင်း ကျေးရွာအများစုတွင် ရွှေကိုမလို ရေကိုသာလိုသည့် ကျေးရွာများ ယနေ့တိုင် ဖြစ်နေဆဲရှိသည်ဟု သိရသည်။ တစ်နှစ်လျှင် မိုးရေချိန်လက်မ နှစ်လက်မ၊ သုံးလက်မသာရွာသွန်း၍ ဆည်မြောင်းတာတမံရေကန်များတွင် နှစ်ပတ်လည်အောင်ရေမရှိပေ။ မိုးခေါင်သည့်နှစ်တွင် နွေရောက်သည့်အခါ သောက်သုံးရေအတွက် ရတက်ပွေနေရကြောင်း ဒေသခံများထံမှ သိရသည်။ ရှင်မတောင် တောင်ခြေ ဝါးသုံးအိုင်ရွာကလေးတွင် ဇာတိရပ်ရွာမမေ့သာဆိုသည့်အတိုင်း ရန်ကုန်ရောက်နေသူများက ပြည်ပအလှူရှင်အဖွဲ့တစ်ဖွဲ့နှင့် ပေါင်းစပ်၍ ဝါးသုံးအိုင်ရွာတွင် ငွေကျပ်သိန်း ၁၁၀ တန်ဖိုးရှိ ရေတွင်း တစ်တွင်း၊ ဒေါင်အိုကြီးတွင် ငွေကျပ်သိန်း ၉၀ တန်ဖိုးရှိ ရေတွင်း တစ်တွင်းတူးဖော်အလှူဒါနပြုသွားကြောင်း သိရသည်။ “ရေတွင်းကို ကုန်းအမြင့်မှာ တူးထားတယ်၊ ရေကန်လည်း လုပ်ထားတယ်၊ အဲဒီကန်ကနေ ပိုက်နဲ့ဆက်ပြီး အိမ်ဝိုင်းထဲအရောက် ရေမီတာတွေနဲ့ အဆင့်မြင့်မြင့်လုပ်ကိုင်ထားပါတယ်၊ ရေတစ်မီတာ ကျပ် ၅၀ နှုန်းကျပါတယ်၊ သုံးမီတာကို ရေတစ်စည်နှုန်းရှိပါတယ်၊ သွားလည်းခပ်စရာမလိုတော့ဘူး၊ အချိန်လည်းသက်သာ လူလည်း မပင်ပန်းတော့ဘူး”ဟု ဝါးသုံးအိုင်ရွာသားတစ်ဦးက ဂုဏ်ယူစွာပြောပြသည်။ ၂၀၁၁ ခုနှစ်မတိုင်ခင်က ရေအတွက် လေးငါးမိုင်ဝေးကွာသော မန်ကျည်းစုရွာ၊ ပိုက်သင်ရွာအထိ သွားရောက်သယ်ယူကြကြောင်း ၎င်းက ဆက်လက်ပြောပြသည်။ ရှင်မတောင်တောင်ခြေကျေးရွာများသည် မိုးရေများကို ခံယူ၍ အုတ်ကန်ကြီးများဖြင့် သိုလှောင်ကြသည်။ သိုလှောင်ထားသောမိုးရေကိုသာ သောက်ရေအဖြစ်လည်းကောင်း၊ ရေနွေးကြမ်းအဖြစ်လည်းကောင်း သောက်သုံးကြရသည်။ မိုးခေါင်သည့်အခါတွင် ကျန်းမာရေးနှင့်မကိုက်ညီသော ကန်ရေကို အားထားသောက်သုံးကြရသည်။ ကျေးလက်နေတောင်သူများသည် ငွေကြေး ချေးငှားသည်ထက် ရေလုံလုံလောက်လောက်နှင့် စိုက်ပျိုးသီးနှံကောင်းအောင် ရေရရှိရေး လုပ်ဆောင်ပေးခြင်းကိုသာ လိုလားမျှော်လင့်နေကြကြောင်း သိရသည်။ [နေဦးမောင်-ပခုက္ကူ]

# စိုက်ပျိုးရေးထက် မွေးမြူရေးကို ပိုမိုအားထားလုပ်ကိုင်လာ

နေဦးမောင်(ပခုက္ကူ)

ပခုက္ကူအညာဒေသ၌ တစ်နှစ်ထက်နှစ်ထက် မိုးခေါင်လာသောကြောင့် စိုက်ပျိုးရေးထက်မွေးမြူရေးကို ပိုမိုအားထားလုပ်ကိုင်လာကြသည်။ ရေမြေတောတောင်သဘာဝနှင့် ဥတုရာသီနှင့်လိုက်ဖက်သော ဆိတ်မွေးမြူရေးကို ရွာတိုင်းအိမ်တိုင်းနီးပါးမွေးမြူလာကြကြောင်း သိရသည်။

စားကျက် မြေကျယ်ပြန့်သောရှင်မတောင်တောင်ခြေ ချင်းယားကုန်း၊ မြေခဲတောင်၊ ကံပေါက်၊ ဝါးသုံးအိုင်၊ လက်ဆယ်ကန်၊ ဒေါင်အိုကြီး၊ ကိုင်းမကြီး စသည့် ဒေသတစ်ခွင် ဆိတ်မွေးမြူ ရေးကို ပိုမိုအားထားလုပ်ကိုင်လာကြသည်။ “၂၀၀၀ ပြည့်နှစ်တုန်းက အင်ဒိုနီးရှားက ဆိတ်ကောင်ရေတစ်သိန်း မွေးမြူဖို့လာကြည့်သေးတယ်၊ သူတို့နဲ့ပါလာတဲ့သူ ပြောစကားအရ ဆိတ်သား တစ်ပိဿာ ကျပ် ၁၅၀၀၀ ဈေးပေါက်တယ်လို့ သိရတယ်၊ အခုအဲဒီစီမံကိန်း ဘာလို့ပျက်သွားတာလဲမသိဘူးဗျ” ဟု လက်ဆယ်ကန်(ကန်းနီ) ရွာသားတစ်ဦးက ပြောသည်။ ရှင်မတောင်တောင်ခြေ မြိုင်၊ ရေစကြို၊ ပခုက္ကူ တြိဂံနယ်မြေဒေသသည် သန်းဒဟတ်၊ ရှား၊ ဆီးတောများနှင့် ဆိတ်အကြိုက် စားကျက်မြေများစွာရှိသည့် ဒေသဖြစ်သည်။ ဆိတ်သည် တစ်နှစ်ကို နှစ်သားကျသည်။ တစ်ခါကျလျှင် သုံးကောင်အထိ ကျတတ်သည်။ ဆိတ်ခြောက်လသားဝယ်လျှင် ငါးသောင်း၊ ခြောက်သောင်းခန့်ပေါက်ဈေးရှိသည်။ ဆယ်လသားရလျှင် ရှစ်သောင်းကျော်ကျော်ဈေးရရှိသည်။ ဆိတ်မွေးသူသည် ကောင်ရေ ၃၀ နှင့်စတင်မွေးမြူကြသည်။ ဆိတ်ကျောင်းသူအား မွေးဖက်သဘောမျိုးဖြင့်ပေး၍ လုပ်ကိုင်ကြသည်။ ပျမ်းမျှအားဖြင့် ဆိတ်ကျောင်းသူသည် တစ်လ ငါးသောင်းခန့် ဝင်ငွေရှိသည်။ ပခုက္ကူဒေသတစ်ခွင် ရွာတိုင်းလိုလို အိမ်တိုင်းနီးပါး ဆိတ်ကောင်ရေ ၃၀ မှ ငါးဆယ်အထိ ရှိကြသည်။ ဆိတ်သည် အပင်မှန်သမျှ အကုန်စားသည်။ သိုးကမူ မြက်ခင်းစိမ်းစိမ်းနှင့် မြက်နုများကိုသာ စားသုံးသည်။ ရေလည်းချိုးပေးရသည်။ သိုးမှ တစ်နှစ်လျှင် နှစ်သားမကျ၍လည်းကောင်း၊ သိုးမွေးအရောင်းအဝယ်မရှိ၍ လည်းကောင်း၊ သိုးသားကိုအကြိုက်နည်း၍လည်းကောင်း၊ ရေရှားပါးသော အညာဒေသနှင့် မကိုက်ညီသောကြောင့် လည်းကောင်း သိုးထက် ဆိတ်မွေးမြူရေး အားကောင်းလျက်ရှိကြောင်း သိရသည်။

ပခုက္ကူ၊ ရေစကြို၊ မြိုင်နယ်တစ်ခွင်ပေါင်းလျှင် ရွာပေါင်း ၅၀၀ ခန့်ရှိသည်။ တစ်ရွာလျှင် အိမ်ခြေ ၁၀၀ မှ ၃၀၀ ကျော်အထိရှိသည်။ ရွာတစ်ရွာ အိမ်ခြေ ၁၀၀ နှင့်တွက်လျှင် မြိုင်၊ ပခုက္ကူ၊ ရေစကြိုနယ်ရှိ ဆိတ်ကောင်ရေ အနိမ့်ဆုံး တစ်သိန်းခွဲခန့်ရှိကြောင်း သိရသည်။

ရန်ကုန်၊မန္တလေး၊ မြင်းခြံ၊ မိတ္ထီလာ၊ ကလေး၊ တမူးမြို့မှ ကားကြီးများဖြင့် လည်းကောင်း၊ ဝယ်လက်များမှ လည်းကောင်း နေ့စဉ်အိမ်အရောက်ဝယ်ယူ၍ ဆိတ်အရောင်းအဝယ်ဖြစ်ထွန်းနေကြောင်း သိရသည်။ ■

# ရေဖြူမြို့နယ်၌ စေတနာရှင်၏လှူဒါန်းမှုဖြင့် စာပေရေချမ်းစင်အသစ်ဖွင့်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထားဝယ်ခရိုင်ရုံးမှ ဒေသတွင်း ပြည်သူများ စာပေနှင့် အစဉ်ထိတွေ့နေပြီး စာဖတ်သည့် အလေ့အထကောင်းများ ဖြစ်ပေါ်စေရန်၊ စာပေဖတ်ရှုနိုင်သည့် အခွင့်အလမ်းများ စဉ်ဆက်မပြတ်ရရှိစေရန် အများနှင့် သက်ဆိုင်သည့် နေရာများတွင် စာပေရေချမ်းစင်များကို ထားရှိပေးထားသည်။

ဒေသတွင်း ပြည်သူများ အနေဖြင့်လည်း ပြည်သူ့ဝန်ဆောင်မှု အသိပညာပေးရေး လုပ်ငန်းကို အားပေးကူညီမှုများ ရှိလာကြရာ ထားဝယ်ခရိုင် ရေဖြူမြို့နယ်မှ စေတနာရှင် ဦးတင်မင်းလွင်က နံရံကပ် စာပေရေချမ်းစင်တစ်ခုကို လှူဒါန်း၍ စက်တင်ဘာ ၁၁ ရက်က ရေဖြူမြို့နယ် စုပေါင်းရုံးအတွင်း၌ ထားရှိခဲ့သည်။

အဆိုပါ စေတနာရှင် ဦးတင်မင်းလွင်အနေဖြင့် နေထိုင်ရာ ရေဖြူမြို့ပေါ်တွင်လည်း ဤကဲ့သို့ နံရံကပ်စာပေရေချမ်းစင် ထားရှိပြီး ပြည်သူများအတွက် စာပေအလှူဒါန ပြုလိုသော ရည်ရွယ်ချက်ဖြင့် လူအများနှင့် ထိတွေ့နေသည့် စုပေါင်းရုံးတွင် ထားရှိလှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

[ခရိုင်ပြန်/ဆက်]

ကားဝယ်မယ်ဆိုရင် . . . လူကြီးမင်းတို့အတွက် ယုံကြည်စိတ်ချရမှုက အရေးကြီးဆုံးပါ . . .

ဇော်မျိုးထိန် စီးပွားရေးအကျိုးဆောင်ကုမ္ပဏီ

(ကြော်ငြာအမှတ် - Sa Ka-0038)
(ထုတ်ပေးသည့်ရက်စွဲ - ၂၅-၁၁-၂၀၁၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသိအမှတ်ပြု
စီးပွားရေးအကျိုးဆောင်ကုမ္ပဏီမှ လူကြီးမင်းတို့လိုအပ်သော Model စုံကားများကို တိုက်ရိုက်ဝယ်ယူနိုင်ရေးအတွက် လိုအပ်သောကိစ္စအဝဝကို
အထူးသက်သာသောဈေးနှုန်းဖြင့် အချိန်တိုအတွင်း လက်ဝယ်ရောက်ရှိအောင် အကောင်းဆုံးဝန်ဆောင်မှု ပေးနေပါသည်။

အထူးဝန်ဆောင်မှု
Saloon, Van, Wagon, Truck (1Ton), Canter Flat (10’,12’)
ယာဉ်များကို လေလံဆွဲ ဝယ်ယူမည်ဆိုပါက-
ကားလေလံအောင်ဈေး + ( 5% မယူပါ ) ရန်ကုန်ဆိပ်ကမ်းအရောက်
ဝန်ဆောင်ခ ကျပ် ၁၃သိန်း မှ ကျပ် ၂၀ သိန်းနှုန်းဖြင့် ဝန်ဆောင်မှုပေးနေပါသည်။

ဂျပန်ကားဝယ်မယ်ဆိုရင် ZMHမှာ စိတ်ချရပါတယ်။

* 359 Group International Japan Co.,Ltd. နှင့် မြန်မာနိုင်ငံရှိ ZAW MYO HTAIN Services Co., Ltd. တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် လူကြီးမင်းတို့ အချိန်ကုန်သက်သာခြင်း၊ ကုန်ကျစရိတ်သက်သာခြင်းနှင့် မှန်ကန်တိကျသောအကျိုးဆောင်မှုတို့ဖြင့်စိတ်ချမ်းသာမှုအပြည့်အဝရရှိအောင် ဆောင်ရွက်ပေးနေပါသည်။
* လူကြီးမင်းတို့လိုအပ်သော မည်သည့်ကားအမျိုးအစားကိုမဆို လေလံပွဲကို ZAW MYO HTAIN Services Co., Ltd. ၏ ရုံးခန်းမှကိုယ်တိုင်တိုက်ရိုက်ကြည့်ရှုပြီး လေ့လာဝယ်ယူနိုင်အောင်စီစဉ်ပေးခြင်း။
* ယာဉ်ပြောင်းအပ်နှံခြင်း ၊ သွင်းကုန်လိုင်စင်လျှောက်ထားခြင်း ၊ မော်တော်ယာဉ်သင်္ဘောတင်ခြင်းနှင့်ဆိပ်ကမ်းမှထုတ်ယူခြင်း ၊ ယာဉ်မှတ်ပုံတင်ခြင်းကိစ္စအဝဝတို့အား လူကြီးမင်းတို့လိုအပ်သည့်အပိုင်းအလိုက် စိတ်တိုင်းကျအောင် ဈေးနှုန်းမှန်ဖြင့်အမြန်ဆုံးရရှိအောင်ဆောင်ရွက်ပေးနေပါသည်။

ZAW MYO HTAIN Services Co., Ltd.
ZMH
N0.25, Lake Kan Street, 7ward, Pazundaung Township, Yangon,Myanmar.
Tel : 95-1-8610627, 8610628, 8610629, 8610630, 295121, 200621 (Ext : 501,502,503,504)
HP : 959-,49316271, 73216001, 73901201, 73901202, 5178750.
Fax : 951-291605, E-mail : zmhuniversal@gmail.com ,
Website : www.zmhuniversal.com , Facebook : www. facebook.com / zmhuniversal.

Show Room
ဖွင့်လိုသူများအတွက်
ကားများကို အထူးသက်သာသော
ဈေးနှုန်းဖြင့်ရောင်းချပေးနေပါပြီ။

AD Van1500cc
City Taxi BB
2007, 2008 Model Car
၉၅သိန်းဖြင့်
လက်ငင်း /အရစ်ကျငွေချေစနစ်နှင့်
ရောင်းချပေးနေပါသည်။
ဆက်သွယ်ရန်ဖုန်း -09-420048404 , 09-5178750

တစ်ရက်(၂)သိန်းကျပ်နှုန်းဖြင့်(၄၅)စီး အဆင့်မြင့်ခရီးသွားဘတ်စ်ကားများ ငှားရန်ရှိပါသည်။
ဆက်သွယ်ရန်ဖုန်း ။ ။ 09-420048416, 09-73216001, 01-291605

| No. | Type of car | Transfer | Half Day (5hours) | Full Day (10hours) | Kyaikhtiyo (2Days 1Night) | Chaung Thar (2Days 1Night) |
|---|---|---|---|---|---|---|
| 1 | Super Custom | 30,000 | 42,000 | 65,000 | 250,000 | 350,000 |
| 2 | Alphard | 40,000 | 65,000 | 100,000 | 400,000 | 500,000 |
| 3 | Hiace (15Seats) | 44,000 | 66,000 | 90,000 | 350,000 | 450,000 |
| 4 | (45 Seats) | 66,000 | 75,000 | 120,000 | 550,000 | 550,000 |

Over time=10% of Full day rate /

ရောင်းရန်ရှိသည်။
Ph : 09-420048404, 09-5178750

# စေတနာဝေဖြာ ရှမ်းပြည်နယ်တစ်ဝန်းမှာ

မြင့်စိုး(နတလ)

### ကျောင်း (၂၀၀)ပြည့် အင်းငယ်အမက

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၉ ရက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အင်းငယ်ကျေးရွာ အမက ကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သော နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာ)အဖွဲ့၏ ကျောင်းပေါင်း (၂၀၀) ပြည့် တည်ဆောက်လွှဲပြောင်းပေးခြင်းအခမ်းအနားသို့ တက်ရောက်ခွင့်ကြုံခဲ့သည်။ ယင်းအခမ်းအနားသို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr.Yohei Sasa Kawa၊ ဂျပန်နိုင်ငံသံအမတ်ကြီး Mr.Mikio Numata၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၁၀၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြသည်။ ကျောင်းအဝင်လမ်းတစ်လျှောက် ရွာလုံးကျွတ်ထွက်၍ ကြိုဆိုနှုတ်ဆက်ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာ)အဖွဲ့တို့ သဘောတူညီမှုစာချွန်လွှာ MoA လက်မှတ်ရေးထိုး၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်းစီမံကိန်း (Education for peace and Development-EPD) စီမံကိန်းဒုတိယအဆင့်အဖြစ် ၂၀၀၇ ခုနှစ် ဇွန်လမှ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်း စာသင်ကျောင်းပေါင်း ၁၀၀ တည်ဆောက်ပေးခဲ့သည်။ စီမံကိန်းပထမအဆင့်ကို ၂၀၀၂ ခုနှစ် ဇွန်လမှ ၂၀၀၇ ခုနှစ် မေလအထိ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် စာသင်ကျောင်းပေါင်း ၁၀၀ တည်ဆောက်ပေးပြီးဖြစ်ရာ စုစုပေါင်း ကျောင်းပေါင်း၂၀၀ ပြည့်ခဲ့ပြီဖြစ်၏။

### ကျောင်း (၁၀၀)ပြည့် အုမ္မသီး

နေပြည်တော်မှ လားရှိုးသို့သွားသည့်အခါတိုင်း ပြင်ဦးလွင်မြို့နှင့် နောင်ချိုမြို့အကြားရှိ အုမ္မတီးရွာကလေးသို့ ရောက်လျှင် ဤရွာကလေး၌ နိပ္ပွန်ဖောင်ဒေးရှင်း(စေတနာ) အဖွဲ့က ဆောက်လုပ်ပေးထားသော(၁၀၀)ပြည့်မြောက်ကျောင်းကလေးတစ်ကျောင်းရှိနေသည်ကို အမြဲတမ်းအမှတ်ရနေသည်။ လွန်ခဲ့သော ခြောက်နှစ်ခန့်ကာလ မိုးဖြိုင်ဖြိုင်ကျနေပြီဖြစ်သော ဇွန်၊ ဇူလိုင်လတွင် ကျောင်းတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးအောင်၊ ကျောင်းဆောက်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပနိုင်အောင် အခက်အခဲမျိုးစုံ ကြုံတွေ့ဖြေရှင်း ဆောင်ရွက်ခဲ့ရသည်ဟု ယင်းကျောင်းကိုကြီးကြပ်တည်ဆောက်ခဲ့သူ ဒုတိယညွှန်ကြားရေးမှူး ဦးညီညီလွင်က မကြာခဏပြောဖူးသည်။

### ထူးခြားလေးနက်သော စိတ်ရင်းစေတနာ

ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းအဖွဲ့မှ တာဝန်ရှိသူများက ဒုတိယကမ္ဘာစစ်ပြီးစ ဂျပန်နိုင်ငံကြုံတွေ့ခံစားခဲ့ရသော ဒုက္ခများအပေါ် စာနာစိတ်ဖြင့် ဆန်များပေးပို့ကူညီခဲ့သည့် မြန်မာနိုင်ငံ၏ ကျေးဇူးတရားများကို မကြာခဏထုတ်ဖော်ပြောကြားတတ်ကြသည်။ ယခုကဲ့သို့ စာသင်ကျောင်းများလာရောက်တည်ဆောက်လှူဒါန်းပေးခြင်းသည် နှစ်နိုင်ငံသဘောတူညီမှုစာချွန်လွှာအရ ကူညီခြင်းသာမဟုတ်ဘဲ တင်ရှိခဲ့ဖူးသည့် ကျေးဇူးတရားများကို ပြန်လည်ပေးဆပ်ခြင်းလည်းဖြစ်ကြောင်း သိခွင့်ရခဲ့ပါ၏။ သို့တစေ စာသင်ကျောင်းတစ်ကျောင်းကိုဖြင့် ငွေကြေးအပြည့်အဝ စိုက်ထုတ်တည်ဆောက်ပေးပြီး ရော့---အင့် ယူပေတော့ဟုဆိုကာ လွယ်လွယ်ကူကူပေးခြင်းမျိုးတော့ မဟုတ်ခဲ့ပါ။

ကျောင်းဆောက်လုပ်ပေးရန် အမှန်တကယ်လိုအပ်သော ကျေးရွာဖြစ်ရပါမည်။ ဒေသခံပြည်သူလူထုအနေဖြင့် ပညာရေးအပေါ်စိတ်အားထက်သန်မှုရှိပြီး ကျောင်းဆောက်သစ်ဆောက်လုပ်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကာ တတ်စွမ်းသမျှ ပူးပေါင်းပါဝင်ရပါမည်။ များသောအားဖြင့် ကျောင်းအုတ်မြစ်ချတည်ဆောက်ခြင်းအပိုင်းကို ရပ်ရွာလူထုက အားကြိုးမာန်တက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရပြီး ယင်းလုပ်ငန်းအတွက် စိုက်ထုတ်သုံးစွဲခဲ့ရသော

ကွတ်ခိုင်မြို့နယ် ပန်လော့အခြေခံပညာမူလတန်းကျောင်း(၂၀၁၁-၂၀၁၂ ပညာသင်နှစ်)။

ငွေကြေးပမာဏ၊ လုပ်အားခတန်ဖိုးပမာဏတို့အား ပြန်လည်တွက်ချက်ကာ ကျောင်းဆောင်သစ်လွှဲပြောင်းပေးချိန်တွင် ကျောင်းရန်ပုံငွေအဖြစ်(စေတနာ)အဖွဲ့က ပြန်လည်စိုက်ထူပေးလေ့ရှိပါသည်။ ကျောင်းဆောင်က အသစ်၊ စာရေးစားပွဲနှင့်ထိုင်ခုံပရိဘောဂများကလည်း အပြည့်အစုံ၊ ငွေကြေးရန်ပုံငွေကလည်း သိန်း ၃၀၊ သိန်း ၄၀ စသည်ဖြင့် ထူထောင်ပေးပြီး ဖြစ်နေလေရာ နိပ္ပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့၏ ထူးခြားလေးနက်သော စိတ်ရင်းစေတနာကို ဒေသခံတိုင်းရင်းသားများက သိရှိနားလည်ကျေးဇူးတင်ခဲ့ကြသည်။

ထို့အပြင် စေတနာအဖွဲ့သည် ကျောင်းဆောင်ဟောင်းများကို ပြုပြင်ပေးခြင်း၊ ဆရာ ဆရာမများကို ထောက်ပံ့ပေးခြင်း၊ ဒေသအခြေအနေနှင့် ကိုက်ညီသော ကျေးရွာဖွံ့ဖြိုးရေး ဝင်ငွေတိုးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးပေးခြင်း၊ စိုက်ပျိုးရေးကို အခြေခံသော ဒေသခံပြည်သူများအတွက် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ အရည်အသွေးမြင့်ထုတ်လုပ်နိုင်ရေး ဖန်တီးဖော်ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

### စီမံကိန်းတတိယအဆင့်

နိပ္ပွန်ဖောင်ဒေးရှင်းနှင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းတတိယအဆင့်တွင် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီး၊ ကလော၊ ပင်လောင်း၊ ဆီဆိုင်၊ ညောင်ရွှေ၊ ဖယ်ခုံ၊ ရပ်စောက်၊ ပင်းတယ၊ ရွာငံ၊ ဟိုပုံးမြို့နယ်များတွင်လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး၊ သိန္နီ၊ ကျောက်မဲ၊ နောင်ချို၊ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်နှင့် သီပေါမြို့နယ်များတွင် လည်းကောင်း၊ ကွင်းဆင်းကြည့်ရှု၍ စာသင်ကျောင်းဆောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းနှင့် နည်းပညာပြန့်ပွားစေရေးလုပ်ငန်းများအား စေတနာအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စီမံကိန်း ငါးနှစ်တာကာလအတွင်း တစ်နှစ်လျှင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ၁၀ ကျောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၌ ၁၀ ကျောင်း စုစုပေါင်း ကျောင်း ၂၀ စီဆောက်လုပ်ပေးသွားမည်ဖြစ်ပြီး နှစ်စဉ်စာသင်ကျောင်း ငါးကျောင်းစီကိုလည်း ပြုပြင်မွမ်းမံပေးသွားမည်ဖြစ်ရာ စီမံကိန်းပြီးဆုံးချိန်တွင် ကျောင်းဆောင်သစ် ၁၀၀ ပြုပြင်မွမ်းမံပေးပြီး ကျောင်း၅၀ ကို လက်ခံရရှိမည်ဖြစ်ပေသည်။

### လက်တွေ့အကျိုး စေတနာမိုးသို့ရွာ

ကျောင်းဝင်နှုန်းမြင့်မားရေးနှင့် သင်ကြားရေးကဏ္ဍတို့တွင် များစွာအထောက်အကူပြုဖြစ်စေခဲ့သည့် စီမံကိန်းမှ ကျေးရွာသို့ ပြန်လည်ပေးအပ်ခဲ့သော ကျောင်းရန်ပုံငွေသည် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေလည်းဖြစ်သဖြင့် ကျေးရွာကော်မတီ၏ကြီးကြပ်မှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစားရေအားလျှပ်စစ်၊ အသေးစားစိုက်ပျိုးစရိတ်၊ အမတော်ကြေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူဖြစ်စေခဲ့ပါသည်။ ကျောင်းများ ဥပဓိရုပ်ကောင်းမွန်ခြင်း၊ ကျောင်းဆောင်သစ်များ တိုးပွားလာခြင်း၊ ကျောင်းသားဦးရေတိုးတက်လာခြင်းတို့က ကျောင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို များစွာအကျိုးပြုခဲ့သည်။ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုအင်အားကိုရယူပြီး တည်ဆောက်ခဲ့ခြင်းဖြစ်၍ စည်းလုံးညီညွတ်မှုနှင့် ရပ်ရေးရွာရေးစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ကျွမ်းကျင်လာပြီး လူနေမှုအဆင့်အတန်းများလည်း ပိုမိုမြင့်မားလာကာ စံပြကျေးရွာများအဖြစ်သို့ တစ်စတစ်စ ကူးပြောင်းရောက်ရှိလာမည့် အခြေခံကောင်းများ ရရှိခဲ့ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရွာငံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(၂၀၁၂-၂၀၁၃ ပညာသင်နှစ်)။

» ကမ္ဘာ့စီးပွားရေးနှင့် ဘဏ္ဍာရေးစနစ်မှ

**G-20 Chairs**

| Period | Country |
|---|---|
| 1999-2001 | Canada |
| 2002 | India |
| 2003 | Mexico |
| 2004 | Germany |
| 2005 | China |
| 2006 | Australia |
| 2007 | South Africa |
| 2008 | Brazil |
| 2009 | United Kingdom |
| 2010 | South Korea |
| 2011 | France |
| 2012 | Mexico |
| 2013 | Russia |
| 2014 | Australia |
| 2015 | Turkey |

ဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ် အုပ်ချုပ်သူများအနေဖြင့် ထိပ်သီးခေါင်းဆောင်များအား ပံ့ပိုးသည့် လုပ်ငန်းစဉ်များအား ဆောင်ရွက်ကာ ပုံမှန်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ G20 အလုပ်သမားဝန်ကြီးများ၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ ဖွံ့ဖြိုးမှုနှင့် နိုင်ငံခြားရေးဝန်ကြီးများ အနေဖြင့်လည်း အလျဉ်းသင့်သလို တွေ့ဆုံဆွေးနွေးလေ့ရှိပါ သည်။ G20 တွင် ဥက္ကဋ္ဌတာဝန်ကို အောက်ပါ နိုင်ငံများမှ အလှည့်ကျ လက်ခံကျင်းပခဲ့ကြပြီး ၂၀၁၄ ခုနှစ်တွင် ဩစတြေးလျနှင့် ၂၀၁၅ ခုနှစ်တွင် တူရကီနိုင်ငံတို့မှ အလှည့်ကျ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်မည်ဖြစ်ပါသည်။

### G20 ၏ အောင်မြင်မှုများ

G20 ၏ အောင်မြင်မှုများအနေဖြင့် ကမ္ဘာ့ဖွံ့ဖြိုးမှု မူဝါဒများ တိုးတက်ကောင်းမွန်လာစေခြင်း၊ ဘဏ္ဍာရေး စနစ်တွင် အလွဲသုံးစားမှုများ၊ အဂတိလိုက်စားမှုများ လျော့ပါးစေခြင်း၊ ဘဏ္ဍာရေး အကျပ်အတည်းများအား ဖြေရှင်းနိုင်ခြင်း၊ ဘဏ္ဍာရေးနှင့် ပတ်သက်သော အကြမ်းဖက်မှုများအား တိုက်ဖျက်နိုင်ခြင်း၊ ဖွံ့ဖြိုးမှုတို့ အပါအဝင် ကိစ္စရပ်များကို ပါဝင်ဖြေရှင်းနိုင်ခဲ့သည်။ G20 သည် အဖွဲ့ဝင်နိုင်ငံများအား ဘဏ္ဍာရေးမူဝါဒ ပွင့်လင်းစေခြင်း (Transparency of Fiscal Policy)၊ ငွေကြေးခဝါချမှုကို တိုက်ဖျက်ခြင်း (Combating money laundering)၊ အကြမ်းဖက်မှုများတွင် ဘဏ္ဍာငွေကြေးထောက်ပံ့ခြင်း (Financing of terrorism) စသည်တို့တွင် အပြည်ပြည်ဆိုင်ရာမှ အသိအမှတ်ပြုသည့် စံချိန်စံညွှန်းများအား လက်ခံကျင့်သုံးစေရန် တွန်းအားပေးခြင်း၊ အကောက်အခွန်နှင့် စပ်လျဉ်း၍ ပွင့်လင်းထင်သာမြင်သာရှိစေသည့် စံချိန်မြင့်မားလာခြင်း၊ သတင်းအချက်အလက် ဖလှယ်မှု တိုးတက်လာမှု၊ အပြည်ပြည်ဆိုင်ရာ ကော်ပိုရေးရှင်း၊ ကုမ္ပဏီများ၏ အခွန်ရှောင်ခြင်း (Tax Evasion) တို့ကို တိုက်ဖျက်ရန် တိုက်တွန်းဆောင်ရွက်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေး အဆောက်အအုံတည်ငြိမ်စေရန် ပြုပြင်ပြောင်းလဲမှုများ (Reform of the International Financial Architecture) ပြုလုပ်ခဲ့သည်။ အထူးသဖြင့် ကမ္ဘာ့ဘဏ္ဍာရေးဈေးကွက် တည်ငြိမ်စေရန်အတွက် စည်းမျဉ်းစည်းကမ်းများ၊ ကြီးကြပ်မှုများပြုလုပ်ရာတွင် နက်ရှိုင်းသော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ခဲ့ပါသည်။ G20 သည် ကမ္ဘာ့စီးပွားရေးနှင့် ဘဏ္ဍာရေးစနစ်အား ပိုမိုဖွံ့ဖြိုးစေရန်ဘုံအမြင် (Common view) ကိုဖွံ့ဖြိုးစေခဲ့သည်။

ယခုနှစ် ရုရှားနိုင်ငံတွင် ကျင်းပခဲ့သည့် St. Petersburg Action Plan အား ထုတ်ပြန်နိုင်ခဲ့သည်။ BRICS နိုင်ငံများ၏ အစည်းအဝေးကို Sideline အစည်းအဝေးအဖြစ် ကျင်းပခဲ့ရာ အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံ Currency Reserve Arrangement ဖြင့် BRICS Bank ကို ထူထောင်ရန် သဘောတူခဲ့ကြသည်။ ဖွံ့ဖြိုးမှုဖြစ်စဉ်များ ပိုမိုတိုးတက်လာစေရေးအတွက် ကမ္ဘာ့ဘဏ်မှ ကမ္ဘာ့အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးဘဏ္ဍာငွေရရှိရေး (World Infrastructure financing facility) ဆောင်ရွက်ပေးရန် ဆုံးဖြတ်ကြပါသည်။

တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် G20 နိုင်ငံများအနေဖြင့် ပိုမိုနီးကပ်သော ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ဖော်ပြပါမည်

# လှိုင်ကော်-ဒီမောဆို-ဖရူဆိုကားလမ်းမကြီး ဝဲ/ယာ တိုးချဲ့

**လှိုင်ကော် စက်တင်ဘာ ၁၄**
**ဖရူဆိုပြန်/ဆက်**

နိုင်ငံတော်အစိုးရသစ် တက်လာပြီးနောက်ပိုင်း ဒီမိုကရေစီစနစ်ကို ကျင့်သုံးလာခဲ့ရာ ကယားပြည်နယ်တွင် နိုင်ငံရေးတည်ငြိမ်အောင် ဆောင်ရွက်နေခြင်း၊ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များနှင့် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေခြင်း၊ လူမှုဘဝဖွံ့ဖြိုးရေးအတွက် အတိုးနှုန်း သက်သာသော ချေးငွေ၊ ထောက်ပံ့ငွေများရရှိအောင် ဆောင်ရွက်ခဲ့ခြင်းများစသည့် စီးပွားရေး၊ လူမှုရေးဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများတွင် ပြည်နယ်တွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ခဲ့ခြင်းသည် သိသာမြင်သာသောဆောင်ရွက်မှုတစ်ခုပင်ဖြစ်သည်။ ယခင်ကာလများက ယခုလို မိုးတွင်းအချိန်တွင် လမ်းများပျက်စီး၍ သွားလာရန်အဆင်မပြေသော်လည်း ယခုအချိန်တွင်သွားလာရသည်မှာ များစွာစိတ်ချမ်းသာရပါသည်ဟု ခရီးသွားပြည်သူများက ပြောကြားသည်။

ဆက်လက်၍လည်း ကယားပြည်နယ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်တော့မည်ဖြစ်ရာ ကုန်သွယ်ရေးလမ်းကြောင်း ကောင်းမွန်၍ ကုန်စည်စီးဆင်းမှုလျင်မြန်စွာလွယ်ကူစေရေးအတွက် လှိုင်ကော်-ဒီမောဆို-ဖရူဆိုမြို့နယ်ကားလမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာတိုးချဲ့ခြင်းလုပ်ငန်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။ ယခုလမ်းကြောင်းဖြင့် လှိုင်ကော်မြို့မှ မယ်စဲ့မြို့နယ်အထိ နယ်စပ်ကုန်သွယ်ရေးလမ်းမကြီးအဖြစ် မကြာမီ မြင်တွေ့ရတော့မည်ဖြစ်ပါသည်။ ■

# မြန်မာနိုင်ငံကို ဖြတ်သန်းမည့် အာဆီယံအမြန်လမ်းများ

**မန္တလေး စက်တင်ဘာ ၁၄**
**ဒီစီအီး(မန္တလေး)**

အာဆီယံအမြန်လမ်း(၁)သည် - နိုင်ငံတကာအမှတ်အသားလမ်းကြောင်းအဖြစ် AH(1) ဟုသတ်မှတ်ထားပြီး ခရီးမိုင် ၉၈၀ နှင့် လမ်းအကျယ် ၂၄ ပေ သတ်မှတ်ထားရှိ၍ လမ်းကြောင်း ဖြတ်သန်းသည့် မြို့များအနေဖြင့် တမူး-ကလေး-ဂန့်ဂေါ- ပုလဲ-ချောင်းဦး-အုန်းတော-စစ်ကိုင်း-မန္တလေး-မြစ်သား-မိတ္ထီလာ- ပျော်ဘွယ်-ပျဉ်းမနား-တောင်ငူ-ညောင်လေးပင်-ဘုရားကြီး-ကျိုက်ထို-သထုံ-ဘားအံ-ကော့ကရိတ်-သင်္ကန်းညီနောင်-မြဝတီ မြို့များအား ဖြတ်သန်းသွားကြောင်း သိရသည်။

အလားတူ အာဆီယံအမြန်လမ်း(၂)သည်- နိုင်ငံတကာအမှတ်အသားလမ်းကြောင်းအဖြစ် AH(2) ဟု သတ်မှတ်ထားရှိပြီး ခရီးမိုင် ၄၄၉ မိုင်၊ လမ်းအကျယ် ၂၄ ပေ သတ်မှတ်ထားရှိကာ လမ်းကြောင်းဖြတ်သန်းသည့်မြို့များအနေဖြင့် မိတ္ထီလာ-ကလော-တောင်ကြီး-လွိုင်လင်-တာကော-ကျိုင်းတုံ-တာချီလိတ် မြို့များအား ဖြတ်သန်းမည်ဖြစ်သည်။

အာဆီယံအမြန်လမ်း (၃) သည် - နိုင်ငံတကာအမှတ်အသားလမ်းကြောင်းအဖြစ် AH(3) ဟုသတ်မှတ်ထားရှိပြီး ခရီးမိုင် ၅၆ မိုင်၊ လမ်းအကျယ် ၂၄ ပေ သတ်မှတ်ထားရှိ၍ လမ်းကြောင်းဖြတ်သန်းသည့်မြို့များအနေဖြင့် ကျိုင်းတုံ-ဝမ့်ခါး-တာပင်-မိုင်းလား မြို့များအား ဖြတ်သန်းမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့တွင် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ပို့ဆောင်ဆက်သွယ် ဆောက်လုပ်ရေးရာ ကော်မတီဝင် ဦးတင်ဦး၏ မေးမြန်းချက်အပေါ် ပြန်လည်ဖြေကြားသွားခဲ့သည်။ ■

# အင်းစိန်မြို့တွင်းလမ်းများ ကွန်ကရစ်ခင်း

**ရန်ကုန် စက်တင်ဘာ ၁၄**
**ခင်မောင်အေး(အင်းစိန်)**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်အတွင်း လမ်းများသွားလာရေး လွယ်ကူချောမွေ့ကောင်းမွန်စေရေးနှင့် နှစ်စဉ်မြစ်ရေကြီးပြီး ရေလွှမ်းမိုးမှုကြောင့် ပျက်စီးမှုလျော့နည်းစေရန် ရည်ရွယ်လျက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနမှ မြို့တွင်းလမ်းများအား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၈ ရက်တွင် စတင်၍ ရွာမအနောက်ရပ်ကွက် မြို့ပတ်လမ်း ပေ ၃၁၆၆ အား အကျယ် ၁၈ ပေ၊ အမြင့် ကိုးလက်မနှင့် ဖွဲ့နဲ့ဆီစက်လမ်းပေ ၁၇၆၀ အား အကျယ် ၁၈ ပေ၊ အမြင့် ကိုးလက်မအထိ ကွန်ကရစ်လမ်းခင်းလျက်ရှိရာ ယနေ့အထိ ၅၀ ရာခိုင်နှုန်းသို့ ပြီးစီးနေပြီဖြစ်ကြောင်းနှင့် စည်ပင်ဝန်ထမ်းများ၊ ရပ်ကွက်သူ ရပ်ကွက်သားများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးကြကြောင်း သိရှိရသည်။ ■

Authorised Reseller

mDrive

First Authorised Reseller




Ready on September 28 @ Junction Maw Tin Ground Floor

FOLLOW US ON facebook

www.facebook.com/appleauthorizedreseller

# ကမ္ဘာ့စီးပွားရေးနှင့်ဘဏ္ဍာရေးစနစ်အား လွှမ်းမိုးနိုင်မှုဒီဂရီပိုမိုမြင့်မားစေသည့်အဖွဲ့

**ခင်ချင်းတွင်း**

၂၀၁၃ ခုနှစ် G20 ခေါင်းဆောင်များ၏ အဌမအကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို ၂၀၁၃ ခုနှစ် စက်တင်ဘာ ၅ ရက်မှ ၆ ရက်အထိ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့ Constantine Palace ၌ ကျင်းပခဲ့ပါသည်။ အဆိုပါ ထိပ်သီးအစည်းအဝေးတွင် ကမ္ဘာ့စီးပွားရေးပြန်လည်ဦးမော့လာစေရေး၊ ပိုမိုခိုင်မာသော စဉ်ဆက်မပြတ်ဖြစ်၍ ဘက်ညီသည့် စီးပွားရေးတိုးတက်မှုများ ဖြစ်ပေါ်စေရေး၊ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးပုံသဏ္ဌာန်နှင့် လုပ်ထုံးလုပ်နည်းများ ပြုပြင်ပြောင်းလဲမှု၊ ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းကို ကျော်လွှားရာတွင် အရေးပါသည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြပါသည်။ ထို့ပြင် လက်ရှိဖြစ်ပေါ်နေသည့် ဆီးရီးယားနိုင်ငံ၏ အရေးအခင်းမှာ G 20 ထိပ်သီးခေါင်းဆောင်တို့အကြား သဘောထား အငြင်းပွားဖွယ် ထိပ်တိုက်ရင်ဆိုင်မှုများ ပေါ်ပေါက် ခဲ့ပါသည်။ ဖိတ်ကြားထားသည့် ဧည့်သည်တော်များအနေဖြင့် စင်ကာပူ၊ ဆီနီဂေါ၊ ဘရူနိုင်း၊ စပိန်၊ အီသီယိုးပီးယား၊ ဆွစ်ဇာလန်နှင့် ကာဇက်စတန်နိုင်ငံတို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ ကမ္ဘာ့ထိပ်သီးခေါင်းဆောင်များအပြင် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ ကမ္ဘာ့ဘဏ်(WB)၊ ကမ္ဘာ့ဘဏ္ဍာရေး တည်ငြိမ်မှုဘုတ်အဖွဲ့၊ အိုအီးစီဒီ၊ ကမ္ဘာ့ကုလသမဂ္ဂ (UN)၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၊ ကမ္ဘာ့အလုပ်သမားအဖွဲ့ (ILO) တို့၏ အကြီးအကဲများ စသည်ဖြင့် ကမ္ဘာ့ခေါင်းဆောင် ၃၄ ဦးတို့ တစ်ပြိုင်တည်း တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးဖြစ်ပါသည်။

### G20 ၏ နောက်ခံသမိုင်း

G20 သည် ၁၉၉၉ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေး အဆောက်အအုံ၏ အဓိကကိစ္စရပ်များကို ဆွေးနွေးနိုင်ရန် ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံအချို့နှင့် အရေးပါသည့် ဖွံ့ဖြိုးဆဲနိုင်ငံအချို့တို့ စနစ်တကျ ပူးပေါင်းကာ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဌများ (Finance Ministers and Central Bank Governors) တို့ဖွဲ့စည်းထူထောင်ထားသည့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါသည်။ G20 သည် ၂၀၀၇-၂၀၀၉ ခုနှစ်များအတွင်း ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းကို ကျော်လွှားရာတွင် အရေးပါသည့် ဦးဆောင်ဦးရွက်မှုများ ပြုလုပ်နိုင်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။

G20 သည် ကမ္ဘာ့စီးပွားရေး အဆောက်အအုံအား တည်ငြိမ်မှုရရှိစေရန် စက်မှုနိုင်ငံများနှင့် တိုးတက်နေသည့် နိုင်ငံများ (Emerging-market countries) တို့အကြား အဓိကကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်းနှင့် အပေါင်းလက္ခဏာဆောင်သော (Open and Constructive Discussion) ပြုလုပ်သည့် Informal forum တစ်ခုဖြစ်ပါသည်။

G20အဖွဲ့ဝင်နိုင်ငံများအဖြစ် အာဖရိကဒေသမှ တောင်အာဖရိကနိုင်ငံ၊ မြောက်အမေရိကမှ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ မက္ကဆီကို၊ တောင်အမေရိကတိုက်မှ အာဂျင်တီးနားနှင့် ဘရာဇီး၊ အာရှဒေသမှ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဩစတြေးလျ၊ ဥရောပမှ ဂျာမနီ၊ ပြင်သစ်၊ ယူကေ၊ အီတလီ၊ ရုရှား၊ တူရကီ၊ ဥရောပသမဂ္ဂ၊ အရှေ့အလယ်ပိုင်းဒေသမှ ဆော်ဒီအာရေဗျတို့ ပါဝင်ပါသည်။ အဆိုပါ G20 အုပ်စုသည် စုစုပေါင်း ကမ္ဘာ့ထုတ်လုပ်မှု၏ ၈၅ ရာခိုင်နှုန်းရှိပြီး ကမ္ဘာ့ကုန်သွယ်မှု၏ ၈၀ ရာခိုင်နှုန်းနှင့် ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံသောဈေးကွက်ရှိခြင်းကြောင့် နိုင်ငံရေး၊ စီးပွားရေးအရ အင်အားကြီးမားသော နိုင်ငံများ ဖြစ်ပါသည်။

၂၀၀၈ ခုနှစ် ဝါရှင်တန်တွင် ဆောင်ရွက်ခဲ့သည့် G20ထိပ်သီးအစည်းအဝေးအနေဖြင့် စားသုံးသူများ၊ စီးပွားရေးလုပ်ငန်းများ ယုံကြည်မှုပြန်လည်ရရှိရေးအတွက် စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းကိုကျော်လွှားနိုင်ခဲ့ပြီး ၂၀၀၉ ခုနှစ် လန်ဒန်ထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်များအနေဖြင့် အဓိကကျသည့် ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်များအား အမေရိကန် ဒေါ်လာ ငါးထရီလီယံသုံးစွဲ၍ ကမ္ဘာ့စီးပွားကျဆင်းမှုကို ကာကွယ်ပေးနိုင်ခဲ့သည်။ G20 ၏ ပူးပေါင်းဆောင်ရွက်မှုများသည် ကမ္ဘာ့ကြီးမားသည့် စိန်ခေါ်မှုများ၊ ကမ္ဘာ့စီးပွားရေး မူဝါဒများ၊ စီးပွားရေးအသွင်ကူးပြောင်းမှုများအား G7-G8 တို့ဖြင့် ဖြေရှင်း မရတော့သည်ကို သရုပ်ပြသခဲ့ပါသည်။

### G20 ၏ ဆွေးနွေးသည့် မိတ်ဖက်အဖွဲ့အစည်းများ

G20 အစည်းအဝေးများအား မိတ်ဖက်အဖွဲ့အစည်း အမျိုးအစားအလိုက် အောက်ပါအတိုင်း ခွဲခြားဆောင်ရွက်ပါသည်-

(က) G-20 (G-20 အဖွဲ့ဝင်နိုင်ငံများ၏ ထိပ်သီးခေါင်းဆောင်များ၊ အစိုးရ ကိုယ်စားလှယ်များအတွက် အစည်းအဝေးဖြစ်ပါသည်။)

(ခ) T-20 (G-20 အဖွဲ့ဝင်နိုင်ငံများ၏ Think Tank အဖွဲ့များ၏ အစည်းအဝေးဖြစ်ပါသည်။)

(ဂ) B-20 (G-20 အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းခေါင်းဆောင်များ -Business Leaders များ၏ အစည်းအဝေး ဖြစ်ပါသည်။)

(ဃ) L-20 (G-20 အဖွဲ့ဝင်နိုင်ငံများ၏ အလုပ်သမား သမဂ္ဂ- Labour Union များ၏ အစည်းအဝေးဖြစ်ပါ သည်။)

(င) C-20 (G-20 အဖွဲ့ဝင်နိုင်ငံများ၏ လူမှုအဖွဲ့အစည်းခေါင်းဆောင်များ - Civil Society Organizations-CSOs များ၏ အစည်းအဝေးဖြစ်ပါသည်။)

(စ) Y-20 (G-20 အဖွဲ့ဝင်နိုင်ငံများ၏ လူငယ်ခေါင်းဆောင်များ -Young Leaders, Youth Organizations များ၏ လူငယ်ဖွံ့ဖြိုးမှုဆိုင်ရာ အစည်းအဝေးဖြစ်ပါသည်။)

G20 ဆွေးနွေးမှုအား Sherpa Track ပါဝင်ဖန်တီးခြင်းအားဖြင့် ဆွေးနွေးမှု အစီအစဉ်များအား ပိုမိုကျယ်ပြန့်စေခဲ့သည်။ စားနပ်ရိက္ခာလုံခြုံမှု၊ နိုင်ငံစုံ ကုန်သွယ်မှု၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှု၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ဘဏ္ဍာရေးဝန်ကြီးများအနေဖြင့် တွေ့ဆုံကာ ကမ္ဘာ့စီးပွားရေးမူဝါဒများ၊ ပိုမိုခိုင်မာသော စဉ်ဆက်မပြတ်ဖြစ်၍ ဘက်ညီသည့် စီးပွားရေးတိုးတက်မှုများ ဖြစ်ပေါ်စေရေး၊ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ပုံသဏ္ဌာန်နှင့် လုပ်ထုံးလုပ်နည်းများ ပြုပြင်ပြောင်းလဲမှုကိစ္စရပ်များအား ချဉ်းကပ်ဖြေရှင်းကြပါသည်။

### G20 အလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်မည့်နိုင်ငံများ

G20 ခေါင်းဆောင်များအနေဖြင့် ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း (၅)ကြိမ်တိုင် တွေ့ဆုံခဲ့ကြပြီး ၂၀၁၁ ခုနှစ်မှစတင်၍ ထိပ်သီးအစည်းအဝေးကို နှစ်စဉ်ကျင်းပခဲ့ကြသည်။

စာမျက်နှာ ၆ သို့ »